နိုင်မြင့်

# ပုံတောက်ကလေး ခုံးမောက်နှင့်

ကလေးဝတ္ထုတိုများ





ကလေးပြုစု ပျိုးထောင်ရေးကို နားလည်သည်။
ကလေးငယ်တစ်ဦးကို သူ ကြီးပြင်းလာသောအခါ
လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ဦးအဖြစ် ကြည်ဖြူစွာ
လက်ခံရေးကိုသာ ဦးတည်သည်။
သူ့တွင် စိတ်ကောင်းရှိ၍ သူ့စာများသည်လည်း
ကောင်းလိမ့်မည် ထင်ပါသည်။

- ဆရာတင့်ခိုင် အမှာစာမှ

# စုံထောက်ကလေး

ကလေးဝတ္ထုတိုများ

9 720171 771202

# [illegible]ကလေး

## သုံးယောက်နှင့်

### ကလေးဝတ္ထုတိုများ



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | လင်းလွန်းခင် စာပေတိုက် (၀၀၇၅၉)<br>တိုက်-D၊ ပထမထပ်(လယ်)၊<br>လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉ ၂၂၀၁၇၃၀၊ ၀၉ ၂၅၄၅၅၀၈၆၃ |
| ပုံနှိပ်သူ | - | ဒေါ်မျိုးမျိုးသန့်<br>(မျိုးမျိုးပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)<br>အမှတ်(၁၁)၊ ၅၆ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | - | ဖေသစ်တည် |
| အတွင်းသရုပ်ဖော် | - | ကာတွန်းဝင်းမြင့်အောင် |
| မျက်နှာဖုံးဖလင် | - | Eagle |
| အတွင်းအပြင်အဆင် | - | ပုံရိပ်ရှင် |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |

၈၀၈.၈၄

နိုင်မြင့်

စုံထောက်ကလေး သုံးယောက်နှင့် ကလေးဝတ္ထုတိုများ၊ နိုင်မြင့်၊ -ရန်ကုန်။

လင်းလွန်းခင် စာပေတိုက်၊ ၂၀၂၀။

စာ-၂၁၄၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) စုံထောက်ကလေး သုံးယောက်နှင့် ကလေးဝတ္ထုတိုများ။

# မာတိကာ


❧ ကြိုဆိုလိုက်ပါသည် (တင့်ခိုင်) ၇
၁။ ခရေပွင့်ချိန် ၉
၂။ ကြွက်ကလေး လာပြီ ၁၅
၃။ ပုစဉ်းကလေးတွေ ၁၉
၄။ ငကျားနဲ့ မိကျား ၂၅
၅။ အုန်းမှုတ်ခွက် သရဲ ၃၁
၆။ ကျောင်းတွင်း ဘောလုံးပွဲ ၃၉
၇။ လမိုက်ည စွန့်စားမှု ၄၇
၈။ နီလာနဲ့ သီတာ ၅၅
၉။ စားပွဲထိုးကလေး ၆၃
၁၀။ မာလကာပင် စိုက်ပျိုးရေး ၆၉
၁၁။ စောင်းလျားသီးယို ၇၅
၁၂။ ဘုရားပွဲက ဈောက်ဂျက်ဝိုင်း ၈၁
၁၃။ သန့်စင်နှင့် သဘော်ပျက်ကြီး ၈၉
၁၄။ အတွေ့အကြုံ ၉၉
၁၅။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်သည်ကြီး ၁၀၇

၁၆။ နှစ်ရာတန်လေး တစ်ရွက် ၁၁၅
၁၇။ ဖူးဖူးရဲ့ မွေးနေ့ပွဲ ၁၂၃
၁၈။ စိမ်းစားသီး သူခိုး ၁၃၁
၁၉။ ဓားကြီးပါတိတ် ပျောက်ဆုံးမှု ၁၄၁
၂၀။ မြကြာဖြူပုဆိုး ပျောက်ဆုံးမှု ၁၄၉
၂၁။ စုံထောက်ကလေးနှစ်ယောက်နှင့်
ရေမြောင်းထဲက အထုပ်တစ်ထုပ် ၁၅၉
၂၂။ စုံထောက်ကလေး သုံးယောက် ၁၆၇
၂၃။ ပိုက်ကျော်ခြင်းခတ်ပွဲ ၁၇၉
၂၄။ ညောင်ပင်ပေါ်က သရဲ ၁၈၇
၂၅။ ဝရန်တာက စိုက်ခင်းကလေး ၁၉၇
၂၆။ ခရီးသွားခြင်း အတွေ့အကြုံ ၂၀၃
၂၇။ ဆောင်းညချမ်းမှာ··· ၂၀၉

# ကြိုဆိုလိုက်ပါသည်

(၁)

'ကလေးဖတ်ဖို့စာ' ဟု ပြောလိုက်သည်နှင့် 'ကလေးကို ဘယ်လို ဆုံးမရမည်လဲ' ဟု စဉ်းစားကြသည်။ ကလေးသည် မိမိကဲ့သို့ လူသားတစ်ဦး ဖြစ်နေသည်ကို မေ့ထားလိုက်ကြသည်။ အင်အားကြီးသူက အင်အားနည်းသူ အပေါ် အနိုင်ယူ ဆက်ဆံခြင်းသည် ကလေး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို ဆွံ့အ,သွားစေသည်ဟု သူတို့ သတိမထားမိကြပါ။

ကလေးစာပေ ရေးသားပြုစုသူသည် ဟန့်တားပိတ်ပင်ခြင်းနှင့် ပြုစု ပျိုးထောင်ခြင်းကို ခွဲခြားသိရှိနားလည်ရန် လိုပါသည်။ သို့မှသာ သူ့စာလည်း ကွဲပြားခြားနားလာမည်။

(၂)

ကလေးစာပေ ဟူသည် ကလေး၏ စိတ်ကို သင်ကြားပေးသော စာ ဖြစ်သည်။ ကျွန်တော်တို့သည် ကလေး၏ စိတ်ကို သင်ကြားရာတွင် 'ဘာလုပ်ပါ၊ ညာလုပ်ပါ။ မခိုးနဲ့၊ မလိမ်နဲ့' ဟု ပြောနေသော 'အပြော' စာထက် အရေးအခင်း အဖြစ်အပျက်များဖြင့် ဖော်ပြသော 'အပြ' စာဖြင့် ကလေးကို သိစေခြင်းကသာလျှင် ပို၍ ထိရောက်မည် ဖြစ်ပါသည်။

(၃)

နိုင်မြင့်၏ 'စုံထောက်ကလေး သုံးယောက်နှင့် ကလေးဝတ္ထုတိုများ' တွင် ကလေးများ ဖတ်ဖို့ ဝတ္ထုတို ၂၅ ပုဒ် ပါသည်။ နိုင်မြင့်သည် အာရုံခံစားမှုအား ကောင်းသည်။ ရသကို ဖန်တီးနိုင်သည်။ သူသည် ဆရာကြီး မလုပ်။ သူ့စာများသည် ရိုးဂုဏ် ရှိသည်။

သူသည် ကလေးပြုစုပျိုးထောင်ရေးကို နားလည်သည်။ ကလေးငယ်တစ်ဦးကို သူ ကြီးပြင်းလာသောအခါ လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ဦးအဖြစ် ကြည်ဖြူစွာ လက်ခံရေးကိုသာ ဦးတည်သည်။ သူ့တွင် စိတ်ကောင်းရှိ၍ သူ့စာများသည်လည်း ကောင်းလိမ့်မည် ထင်ပါသည်။

(၄)

ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ပညာပေးရေး ပါမှ ကလေးစာပေဖြစ်သည်ဟု တချို့က ထင်နေကြသည်။ ကျွန်တော်ကတော့ ကလေးကို ဆိုဆုံးမသော စာပေများကို သိပ်မကြိုက်ပါ။ 'မဆုံးမ' ဟု ပြောလိုရင်း မဟုတ်။ ဆုံးမခြင်းသည် နက်ရှိုင်း သိမ်မွေ့လှသည်။ ကလေး၏ စိတ်ကို မိမိလိုချင်သော အကောင်းဘက်သို့ ပြောင်းလဲလာစေရန် ကလေး၏ နှလုံးသားကို ရသဖြင့် ထိတွေ့ပေးခြင်းမျိုးကိုသာ ပို၍ လိုလားသည်။

နိုင်မြင့်၏ 'စုံထောက်ကလေး သုံးယောက်နှင့် ကလေးဝတ္ထုတိုများ' သည် ထိုစံများဖြင့် ကိုက်ညီသည်၊ မကိုက်ညီသည်၊ သူ၏စာများသည် ကလေးများဖတ်ရန် သင့်တော်သည်၊ မသင့်တော်သည်တို့ကိုမူ စာဖတ်သူများကသာ ဆုံးဖြတ်ကြရန် ဖြစ်ပါသည်။ ။

**တင့်နိုင်**

✣

# ခရေပွင့်ချိန်



# ခရေပွင့်ချိန်

## (၁)

မိလုံးသည် စတုတ္ထတန်း ဖြေဆိုပြီးသည့် ကျောင်းသူလေးတစ်ယောက် ဖြစ်သည်။ နာမည်အရင်းမှာ ခင်သက်မာ ဖြစ်သည်။ သို့သော် ငယ်စဉ်ကတည်းက ဝဝလုံးလုံးလေး ဖြစ်သဖြင့် ဆွေမျိုးများက မိလုံးဟု ဝိုင်းဝန်းခေါ်ဆိုခဲ့ကြသည်။ ထို့ကြောင့် မိလုံး ဆိုသော နာမည် တွင်ခဲ့ရသည်။

မိလုံးတို့ မိသားစုသည် စုစုပေါင်း လေးယောက် ရှိသည်။ အဖေက ဆိုက်ကားနင်းပြီး အမေက ဈေးထဲတွင် ကုန်စိမ်း ရောင်းရသည်။ မိလုံးက သမီးကြီး ဖြစ်ပြီး မိလုံး၏ အောက်တွင် သုံးနှစ်ခန့် ငယ်သော မောင်လေး သက်ကို ရှိသေးသည်။ မိလုံးသည် နွေရာသီ ကျောင်းပိတ်ရက်အတွင်း သူ့သူငယ်ချင်းတွေလို ရေကူးသင်တန်း၊ ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်း အစရှိသော သင်တန်းများကို မတက်နိုင်ပေ။ ကျူရှင်လည်း ကြိုတင် မတက်နိုင်ပေ။

မိလုံး၏ အဖေသည် အသောက်အစား မရှိ၊ ဆိုက်ကားကို ကြိုးစားပြီး နင်းသည်။ သို့သော် မိလုံးတို့မှာ အိမ်ပိုင် မရှိပေ။ ဆယ်ပေအိမ်ကလေး တစ်လုံးကို ငှားရမ်းပြီး နေရသည်။ ထို့ကြောင့် အိမ်လခအလျှော် မီဖို့ပင် သူတို့ မိသားစုမှာ မနည်းရုန်းကန်ရသည်။ အထူးသဖြင့် ကျောင်းဖွင့်ချိန်နီးပြီဆိုလျှင် အဖေရော၊ အမေပါ စိတ်ညစ်ကြရသည်။ မောင်နှမနှစ်ယောက်စလုံး ကျောင်းတက်နေသဖြင့် ကျောင်းဖွင့်ခါနီးတွင် ကုန်ကျစရိတ်များအတွက် ငွေကြေး လိုအပ်လာသောကြောင့်ပင် ဖြစ်သည်။

(၂)

မိလုံးတို့ ရပ်ကွက်ထဲတွင် ပေတစ်ရာကျော် ကျယ်ဝန်းသော ခြံကြီးတစ်ခြံ ရှိသည်။ ထိုခြံကြီးထဲတွင် ရှေးဟောင်း တိုက်ခံအိမ်ကြီးတစ်အိမ်ရှိ၏။ ထိုအိမ်ကြီးသည် အမွေဆိုင်အိမ်ကြီးဟု သိရပြီး လက်ရှိတွင် ဘွားဘွားဒေါ်ခင်ရီ တစ်ယောက်တည်းပဲ အိမ်စောင့်သဘောမျိုးဖြင့် နေထိုင်သည်။ ဒေါ်ခင်ရီသည် မိလုံးအဖေ၏ ဆိုက်ကားကို စီးတတ်သဖြင့် မိလုံးနှင့်ပါခင်မင်ရင်းနှီးနေသည်။

အိမ်ကြီး၏ ပတ်ပတ်လည်တွင် သရက်ပင်၊ မရန်းပင်၊ အုန်းပင်၊ ပိန္နဲပင်များ ပေါက်ရောက်လျက် ရှိသည်။ ထို့ပြင် လမ်းနှင့်နီးသည့် ခြံစည်းရိုးအစပ်တွင် လူတစ်ဖက်စာမကရှိသော ခရေပင်ကြီးတစ်ပင် ရှိသည်။ မိုးဦးကျချိန်နီးပြီဆိုလျှင် ထိုခရေပင်ကြီးသည် ခရေပွင့်များ ကြွေကျသည်။ အပင်ကြီးက လမ်းမနှင့် နီးသဖြင့် ခြံစည်းရိုး အပြင်ဘက်ကိုလည်း ကြွေကျသော ခရေပွင့်တွေ ရှိသည်။

ခရေပွင့်များ ကြွေကျချိန်တွင် ထိုတိုက်ခံအိမ်ကြီး၏ ရှေ့တွင် ခရေပန်း လာကောက်သော ကလေးများ များပြားလှသည်။ ဒေါ်ခင်ရီက တခြားကလေးများကို ခြံထဲသို့ ဝင်ကောက်ခွင့် မပေးပေမယ့် မိလုံးကိုတော့ ခြံထဲဝင်၍ ခရေပန်း စိတ်တိုင်းကျ ကောက်ခွင့် ပေးတတ်သည်။ ထို့ကြောင့် ခရေပန်းကောက်သည့် တခြားဘဝတူ ကလေးများက မိလုံးကို မကျေနပ်ကြပေ။

"မိလုံးတို့များ ဘွားဘွားကြီးကို ဘယ်လို ဖားထားသလဲ မသိဘူး။ သူ့ကျတော့ ခြံထဲ ဝင်ကောက်လို့ ရတယ်။ ငါတို့ကျတော့ မဝင်ရဘူး"

ဟု ဂျမ်းပုံတို့ အုပ်စုက ပြောတတ်သည်။

"ဒါကတော့အေ ဘွားဘွားကြီးက ငါ့ကျ ပိုချစ်တာကိုး"

ဟု မိလုံးက အားကျမခံ ပြန်ပြောလိုက်သည်။

"အေးပေါ့လေ။ တို့က အပျော်ကောက်တာ၊ ဘယ်လောက်ပဲရရ ပြဿနာ မရှိပါဘူး။ တချို့သူတွေက ရောင်းစားတာ ဆိုတော့ များများစားစား ရမှ ဖြစ်မှာ။ ကောက်ကြပါစေ အေ"

ဟု ဂျမ်းပုံတို့က မကြားတကြား ပြောတတ်သည်။ သူတို့ ပြောတာလည်း မှန်နေသဖြင့် မိလုံး ပြန်မချေပတော့ပေ။

မိလုံးသည် ခရေပန်းများ ကောက်ပြီး အိမ်သို့ ပြန်ရောက်သောအခါ ခရေပန်းများကို နှီးကြိုးဖြင့် သီကုံးသည်။ တစ်ကုံးနှင့်တစ်ကုံး အရွယ်တူဖြစ်စေရန် နှီးကြိုးများ၏ အတိုအရှည် တူညီအောင် လုပ်ရသည်။ ခရေပန်းကုံးလေးများ ရပြီ ဆိုလျှင် လင်ပန်းကလေးတစ်ချပ် အထဲမှာ ထည့်သည်။ ထို့နောက် အဝတ်သန့်သန့်ကို ရေဆွတ်ကာ ပန်းကုံးလေးများ၏ အပေါ်မှာ ဖုံးအုပ်ရသည်။ သို့မှသာ ပန်းကုံးတွေ မညှိုးနွမ်းမှာ ဖြစ်သည်။

မနက်စောစော အမေ ဈေးထွက်သောအခါ အဖေက ဆိုက်ကားဖြင့် ဈေးသို့ လိုက်ပို့သည်။ ထိုအခါ မိလုံးပါ တစ်ပါတည်း လိုက်ပါသွားသည်။ သို့သော် အမေ့အနားတွင် မိလုံး ဈေးမရောင်းပေ။ လူသွားလူလာများသော ဈေးဝင်ပေါက်တွင် လင်ပန်းကလေး လက်ပေါ်တင်ကာ မတ်တတ်ရပ်ပြီး ရောင်းရသည်။

"ခရေပန်းကုံးတွေ ရမယ်၊ ခရေပန်းကုံးတွေ ရမယ်"

ဟု တရစပ် အော်ပြောနေရသည်။ မျက်မှန်းတန်းမိသော သူများကိုလည်း -

"အစ်မရေ ဝယ်သွားပါဦး၊ အန်တီရေ ဝယ်ပါလား"

ဟုလည်း ဈေးရောင်းကောင်းအောင် ချိုချိုသာသာ ပြောရသည်။ မနက်ခြောက်နာရီလောက်က စရောင်းလျှင် မနက်ခုနစ်နာရီခွဲလောက်ဆိုလျှင် ခရေပန်းကုံးတွေ ကုန်တတ်သည်။ ရောင်း၍ရသည့် ပိုက်ဆံများကို စုဘူး



ကလေးတစ်လုံးထဲတွင် မိလုံး ထည့်ထားသည်။ စုဘူးထဲတွင် ဘယ်လောက် ရနေပြီဆိုတာကို မိလုံး သိသည်။ သို့သော် ပိုက်ဆံရရလာတိုင်း စုဘူးထဲက ပိုက်ဆံအကြွေကလေးများကို ပြန်ပြန်ပြီး ရေတွက်ရတာ အမော ဖြစ်သည်။

(၃)

မိုးက တစ်ညလုံး သဲကြီးမဲကြီး ရွာသွန်းသည်။ မနက်ခင်းသို့ ရောက်သော်လည်း မိုးကမစဲသေးဘဲ တစိမ့်စိမ့် ရွာသွန်းနေတုန်းပင် ဖြစ်သည်။ တစ်နွေလုံး ပူအိုက်ခြောက်သွေ့ထားပေမယ့် တစ်ခဏအတွင်းမှာပင် မိုးတွင်းကြီး ဖြစ်သွားသည်။ မိုးသဲကြီးမဲကြီး ရွာသွန်းထား၍လား မသိ။ ဈေးထဲသို့ ဈေးလာဝယ်သော သူများ ခါတိုင်းထက်စာလျှင် နည်းပါးနေသည်။

မိလုံးသည် ထီးကလေးကို လက်တစ်ဖက်ဖြင့် ဆောင်းသည်။ ခရေပန်းကုံးများ ထည့်ထားသည့် လင်ပန်းကလေးကို ကျန်လက်တစ်ဖက် အပေါ်တွင် တင်ထားပြီး မိုးဖွဲဖွဲကလေးများ ရွာသွန်းနေသည့်ကြားက ဈေးဝတွင် မတ်တတ်ရပ်နေသည်။ ဈေးဝယ်လာသူများကလည်း ထီးတွေ ကိုယ်စီနှင့် ဖြစ်သဖြင့် မိလုံးဆီက ခရေပန်းကုံးများကို အလုပ်ရှုပ်ခံပြီး ဝယ်ချင်ပုံ မရကြပေ။ ခါတိုင်း ဝယ်နေကျ ဖောက်သည်များကို 'ခရေပန်းကုံးလေးတွေ ဝယ်ပါဦး' ဟု ပြောသော်လည်း သူတို့က 'နောက်မှပဲ ဝယ်တော့မယ်' ဟု ပြောသွားသည်။

ခြောက်နာရီထိုးလောက်ကတည်းက မတ်တတ်ရပ်ပြီး ရောင်းနေသည်မှာ တစ်နာရီကျော်ကျော်လောက် ကြာသွားပြီ။ သို့သော် ဈေးဦးက လုံးဝ မပေါက်သေးပေ။ နေ့တိုင်းလိုလို ရောင်းရသည့် ပန်းကုံးတွေက မိုးရွာတော့မှ မရောင်းရသည့် အဖြစ်နှင့် ကြုံတော့သည်။ မိလုံးသည် ညောင်းကလည်း ညောင်း၊ ချမ်းကလည်း ချမ်း၊ ဈေးကလည်း မရောင်းရသဖြင့် စိတ်ညစ်ပြီး မျက်ရည်တွေ ဝဲတက်လာသည်။ ထိုစဉ် ဖေဖေသည် ဈေးဝယ်သူ အဒေါ်ကြီး တစ်ယောက်ကို ဈေးသို့ ဆိုက်ကားနင်းပြီး လိုက်ပို့ရင်း မိလုံးကို တွေ့မြင်သွားသည်။

"သမီး ပန်းတွေ မကုန်သေးလည်း အိမ်ပြန်တော့လေ။ ဖေဖေ လိုက်ပို့ပေးမယ်။ မိုးရေထဲမှာ ကြာကြာမရပ်နဲ့။ ဖျားတာ နာတာတွေ ဖြစ်လိမ့်မယ်"

မိလုံးသည် ပန်းကုံးများ မရောင်းရသည့် အတူတူ ဖေဖေ၏ဆိုက်ကားနှင့်ပဲ အိမ်သို့ ပြန်လိုက်လာခဲ့သည်။ အိမ်သို့ ပြန်ရောက်လျှင် လင်ပန်းကို ပစ်ချလိုက်သည်။ ထို့နောက် ပြန်ပါလာသော ခရေပန်းကုံးများကို တစ်စစီ ဆွဲဖြတ်ကာ ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

ဖေဖေက မြင်တော့ -

"ဟဲ့ … သမီး မငိုနဲ့လေ။ သမီး တစ်နေ့လုံး ခရေပန်းတွေ ရောင်းပြီးပြီပဲ။ ပန်းဖိုးတွေ တော်တော်စုမိနေပြီ မဟုတ်လား။ မိုးက ရွာတော့ လူတွေလည်း ထီးကတစ်ဖက်၊ သူတို့အာရုံနဲ့ သူတို့မို့လို့ ပန်းတွေ မဝယ်တာနေမှာပေါ့"

ဟု ပြောသည်။

မိလုံးသည် ပထမတော့ အငိုမတိတ်သေး။ နောက်တော့ တဖြည်းဖြည်း အငိုတိတ်သွားသည်။ ထို့နောက် ဘုရားစင်ပေါ်တွင် တင်ထားသည့် သူ့စုဘူးကို ဖွင့်ကာ ပိုက်ဆံများကို ပြန်လည်ရေတွက်နေပြန်သည်။

ဖေဖေက ဆိုက်ကား ပြန်မထွက်သေးဘဲ မိလုံးကို ကြည့်နေသည်။

"သမီး၊ တော်တော်စုဖြစ်နေပြီ မဟုတ်လား"

မိလုံး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ဖေဖေ။ နှစ်သောင်းလောက် ရပြီ။ ကျောင်းဖွင့်ရင် လိုအပ်တာတွေ ဝယ်လို့ ရပြီပေါ့"

"ဒါပေါ့ သမီးရယ်၊ ကိုယ့်လုပ်အားနဲ့ ရတဲ့ ပိုက်ဆံက မွန်မြတ်ပါတယ်။ အခု မိုးဦးကျပြီ။ သမီး ကျောင်းတက်ရတော့မယ်။ နောက်နေ့ကစပြီး ဈေးမရောင်းနဲ့တော့။ မိုးဦးကျမှာ ဖျားတာ နာတာတွေ၊ တုပ်ကွေးမိတာတွေ ဖြစ်တတ်တယ်။ ကျောင်းဖွင့်ခါနီးမှာ ကျန်းမာရေးကို ဂရုစိုက်တော့"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဟု မိလုံးသည် မျက်ရည်စများကို လက်ခုံဖြင့် သုတ်ရင်း ပြန်ပြောလိုက်လေသည်။

တေဇရုပ်စုံ၊
၂၀၂၀၊ ဩဂုတ်လ။

✣

"ကြွက်ကလေး ဆိုပြီး အထင်မသေးရဘူးကွယ့်။
သူသာ မကယ်ရင် ခြင်္သေ့ကြီးကို မုဆိုးတွေက ဖမ်းတော့မှာ။
ကြွက်ကလေးက ခြင်္သေ့ကြီးထက် ပိုပြီးတော့ တော်တာပေါ့"

# ကြွက်ကလေး လာပြီ



# ကြွက်ကလေး လာပြီ

ဘုန်းမြတ်ခေါင်သည် ဂရိတ်ဝမ်း (Grade 1) တက်နေသော ကျောင်းသားလေး တစ်ယောက် ဖြစ်သည်။ တစ်ဦးတည်းသောသား ဖြစ်ပြီး ဖေဖေက နိုင်ငံခြားမှာ အလုပ်လုပ်နေသည်။ မေမေက အစိုးရရုံးဝန်ထမ်း ဖြစ်သည်။ ထို့ကြောင့် ဘုန်းမြတ်ခေါင်သည် အဘွားဖြစ်သူ ဒေါ်သန်းမြင့်နှင့်ပဲ အတူနေရချိန်က ပိုများသည်။ သူ့ကို မွေးတုန်းက ရိုးရိုးမမွေးဘဲ ဗိုက်ခွဲ၍ မွေးခြင်း ဖြစ်သည်။ မွေးသည့် နေ့ကလည်း ကြာသပတေးနေ့ ဖြစ်သဖြင့် နေ့သင့်နာမ်သင့် ဖြစ်အောင် 'ဘုန်းမြတ်ခေါင်' ဟု အဘွားဖြစ်သူက နာမည် ပေးထားခြင်း ဖြစ်သည်။

ဘုန်းမြတ်ခေါင် တက်သော ကျောင်းကလည်း အစိုးရကျောင်း မဟုတ်။ ကိုယ်ပိုင်ကျောင်းတစ်ကျောင်း ဖြစ်သည်။ ဘုန်းမြတ်ခေါင်သည် ကျောင်းကားစီးရင်း အတန်းဖော် သူငယ်ချင်းများနှင့် ပိုမိုခင်မင်လာခဲ့သည်။

ဘုန်းမြတ်ခေါင်တို့ ကျောင်းကားအပေါ်တွင် အတန်းတူ သူငယ်ချင်း လေးယောက် ပါသည်။ ကျော်သူရ၊ ထွန်းတေဇာ၊ အုံ့မင်းကျော်နှင့် ဇော်ရဲနောင် တို့ဖြစ်သည်။

တစ်နေ့တွင် ဘုန်းမြတ်ခေါင်တို့သည် ကျောင်းကားအပေါ်တွင် မွေးနေ့များ အကြောင်းကို ပြောဆိုလာခဲ့ကြသည်။ ဇော်ရဲနောင်က ပြောသည်။

"မနက်ဖြန် အင်္ဂါနေ့က ငါ့မွေးနေ့ကွ၊ မင်းတို့ကို ကြက်ဆီထမင်း ကျွေးမှာ"

"ဒါဆို မင်းမွေးနေ့က အင်္ဂါနေ့ဆိုတော့ ခြင်္သေ့ပေါ့"

ဟု ကျော်သူရက ပြောလိုက်သည်။

သူ့မွေးနေ့၊ ကိုယ့်မွေးနေ့ အချင်းချင်းပြောကြရာမှ တစ်ယောက်မွေးသည့် နေ့ တစ်ယောက် သိကုန်ကြသည်။ ကျော်သူရက တနင်္လာသား ဆိုတော့ ကျား၊ ထွန်းတေဇာက စနေသား ဆိုတော့ နဂါး၊ အံ့မင်းကျော်က တနင်္ဂနွေသား ဆိုတော့ ဂဠုန်နှင့် ဇော်ရဲနောင်က အင်္ဂါသား ဆိုတော့ ခြင်္သေ့တို့ ဖြစ်ကြသည်။ အံ့မင်းကျော်က ဘုန်းမြတ်ခေါင်က စလိုက်သည်။

"ဘုန်းမြတ်ခေါင်က ကြာသပတေး ဆိုတော့ ကြွက်ကလေးပေါ့၊ ကျားတွေ၊ ဂဠုန်တွေ၊ နဂါးတွေ၊ ခြင်္သေ့တွေရဲ့ကြားမှာ ကြွက်ကလေး ရောက်နေတာပေါ့"

ထိုအခါ ကျောင်းကားပေါ်ရှိ တခြားသူများကပါ ဝိုင်းရယ်ကြသည်။ ဘုန်းမြတ်ခေါင် ရှက်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသဖြင့် မျက်ရည်များပင် ဝိုင်းချင်လာသည်။ ကျောင်းကားက ဘုန်းမြတ်ခေါင်တို့ အိမ်ရှေ့အရောက်တွင် အဘွားဒေါ်သန်းမြင့်က အဆင်သင့် ဆီးကြိုနေသည်။ ဒေါ်သန်းမြင့်က ဘုန်းမြတ်ခေါင် မျက်နှာမကောင်းတာကို သတိထားမိသည်။

ထို့နောက် ဘုန်းမြတ်ခေါင်သည် ဒေါ်သန်းမြင့်ကို ပြဿနာ ရှာတော့သည်။ မေမေကလည်း အလုပ်မှ ပြန်မလာသေး။

"ဘွားဘွား၊ သားကို ဘာဖြစ်လို့ ကြာသပတေးနေ့မှာ မွေးရတာလဲ။ သူများတွေဆို တနင်္လာတို့၊ အင်္ဂါတို့ မွေးတော့ ခြင်္သေ့တွေ၊ ကျားတွေပေါ့၊ သားက ကြာသပတေး ဆိုတော့ ကြွက်ဖြစ်တာပေါ့။ ကျားတွေ၊ ခြင်္သေ့တွေနဲ့ ယှဉ်လိုက်ရင် ကြွက်က အကောင်သေးတာပေါ့"

ဒေါ်သန်းမြင့် အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ မြေးလေးရဲ့"

ဟု မေးလိုက်သည်။

"သားကို ကျောင်းကားပေါ်မှာ သူငယ်ချင်းတွေက ကြာသပတေးနေ့မှာ မွေးလို့ ကြွက်ကလေး ဆိုပြီး ဝိုင်းစကြတယ်"

ဘုန်းမြတ်ခေါင်သည် ပြောရင်းနှင့် မျက်ရည်များ ဝဲလာသည်။ ဒေါ်သန်းမြင့် သဘောပေါက်သွားသည်။

"မငိုနဲ့လေ မြေးလေးရဲ့၊ ကြွက်ကလေးဆိုတာ ရက်စရာမှ မဟုတ်တာ။ အဘွားဆိုရင် သောကြာနေ့မှာ မွေးတာ။ သောကြာ ပူးက ကြာသပတေး ကြွက်ထက်တောင် ပိုပြီးတော့ အကောင်သေးသေးတယ်"

ထို့နောက် ဒေါ်သန်းမြင့်သည် ဘုန်းမြတ်ခေါင်ကို ပုံပြင်တစ်ပုဒ် ပြောပြလိုက်သည်။ မုဆိုးတစ်ယောက် ထောင်ထားသည့် ကျော့ကွင်းမှာ မိနေသော ခြင်္သေ့ကြီးတစ်ကောင်ကို ကြွက်ကလေးက ကျော့ကွင်းကြိုးတွေ ကိုက်ဖြတ်ပြီး ကယ်တင်ပေးသော ပုံပြင် ဖြစ်သည်။

"ကြွက်ကလေး ဆိုပြီး အထင်မသေးရဘူးကွယ့်။ သူသာ မကယ်ရင် ခြင်္သေ့ကြီးကို မုဆိုးတွေက ဖမ်းတော့မှာ။ ကြွက်ကလေးက ခြင်္သေ့ကြီးထက် ပိုပြီးတော့ တော်တာပေါ့"

ဒေါ်သန်းမြင့်၏ စကားအဆုံးတွင် ဘုန်းမြတ်ခေါင်၏ မျက်လုံးမှာ မျက်ရည်စတွေ မရှိတော့။ ဒေါ်သန်းမြင့်က ဆက်ပြောသည်။

"မြေးလေးတို့ ကျောင်းတက်တယ် ဆိုတာ ပညာသင်တာ မဟုတ်လား။ ပညာသင်မှ အသက်ကြီးရင် ပညာတတ်ကြီး ဖြစ်လာမှာပေါ့။ နောက်ပြီး ပညာဆိုတာ ကြာသပတေးနာမ်ပဲလေ။ အဲသည်တော့ ကြာသပတေး ဆိုတာ ပညာပဲ မြေးလေးရဲ့။ ကြာသပတေးနေ့ မွေးတဲ့သူတွေက အသက်ကြီးလာရင် ပညာတတ်ကြီးတွေ ဖြစ်မှာ"

"ဒါဆို သားက ကြီးလာရင် ပညာတတ်ကြီး ဖြစ်မှာပေါ့"

ဟု ဘုန်းမြတ်ခေါင်က မေးလိုက်သည်။

"ဒါပေါ့ မြေးလေးရဲ့"

"သား ကြွက်ကလေး ဖြစ်ရတာ စိတ်မကောင်း မဖြစ်တော့ပါဘူး ဘွားဘွား"

ဟု ပြန်ပြောလိုက်သည်။

ထို့နောက် ဘုန်းမြတ်ခေါင်သည် မေမေ ရုံးမှ ပြန်လာသည်ကို မြင်လိုက်ရသည်။ ဘုန်းမြတ်ခေါင်သည် မေမေ့ဆီသို့ ပြေးသွားကာ -

"မေမေရေ၊ ကြွက်ကလေး လာပြီ"

ဟု ပြောပြီး မေမေ့ကို ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

မိုးသောက်ပန်းဂျာနယ်၊ အတွဲ ၂၃၊ အမှတ် ၄၄။

"လိပ်ပြာကလေးတွေ လှလိုက်တာ ဝေမာ"

ဟု ငှုရှုးက ပြောသည်။

"ဟုတ်တယ်၊ ပုစဉ်းကလေးတွေကလည်း ချစ်ဖို့ ကောင်းတယ်"

ဟု ဝေမာက ပြန်ပြောသည်။



# ပုစဉ်းကလေးတွေ

## ပုစဉ်းကလေးတွေ

ဖူးဖူးနှင့် ဝေမာတို့သည် စတုတ္ထတန်း ကျောင်းသူကလေးများ ဖြစ်ကြသည်။ သူတို့သည် အိမ်နီးနားချင်းများ ဖြစ်ကြသည်။ ညနေဘက်တွင် ကျောင်းမှ ပေးလိုက်သော အိမ်စာများ လုပ်ပြီးသောအခါ ဖူးဖူးသည် ဝေမာ၏ အိမ်သို့ လာပြီး ကစားလေ့ရှိသည်။ ဝေမာတို့ခြံသည် ပေတစ်ရာမျှ ကျယ်ဝန်းသော ခြံကြီးတစ်ခြံ ဖြစ်သည်။ ခြံစည်းရိုးက တခြားခြံကြီးတွေလို အုတ်တံတိုင်း မကာပေ။ ပုဏ္ဏရိုက်ပင်များကိုသာ ခြံစည်းရိုးအဖြစ် စိုက်ထားသည်။ ပုဏ္ဏရိုက်ပန်းများ ပွင့်ပြီဆိုလျှင် နီရဲရဲနှင့် ခြံစည်းရိုးတစ်ခုလုံး ပန်းပွင့်များနှင့် ဝေဆာနေသည်။ ဖူးဖူးက ပြောသည်။

"ဝေမာရေ၊ နင်တို့ခြံက ပုဏ္ဏရိုက်ပန်းတွေက အရမ်းလှတာပဲနော်"

"လှရုံတင် ဘယ်ကမလဲ၊ ပန်းသီးလေးတွေက စားလို့ ရတယ်။ အစိမ်းဆိုရင် မစူးနဲ့ ဖူးဖူးရဲ့၊ အစိမ်းတွေက စားလို့ မရဘူး၊ ဖန်တယ်။ အမှည့်ကမှ စားလို့ရတာ"

ဟု ဝေမာက ဖူးဖူးကို ရှင်းပြနေသည်။

ထိုစဉ် ဝေမာ၏ အဘွား အဘွားဒေါ်ဖြူက လှမ်း၍ သတိပေးသည်။

"ကလေးတို့ ပုဏ္ဏရိုက်ပင်တွေအနားကို သိပ်မကပ်နဲ့နော်။ ပုရွက်ဆိတ်တွေ ကိုက်တတ်တယ်။ သတိလည်း ထားဦး"

ထို့နောက် သူတို့သည် ပန်းပွင့်များ အပေါ်တွင် ပျံဝဲနေကြသော လိပ်ပြာကလေးများ၊ ပုစဉ်းကလေးများကို သတိထားမိကြသည်။

''လိပ်ပြာကလေးတွေ လှလိုက်တာ ဝေမာ''

ဟု ရှူးရှူးက ပြောသည်။

''ဟုတ်တယ်၊ ပုစဉ်းကလေးတွေကလည်း ချစ်ဖို့ ကောင်းတယ်''

ဟု ဝေမာက ပြန်ပြောသည်။

ထိုစဉ် ရှူးရှူးသည် အနီးရှိ ပန်းပွင့်တစ်ပွင့်အပေါ် လာနားသော ပုစဉ်းလေးတစ်ကောင်ကို ဖမ်းဖို့ ကြိုးစားလိုက်သည်။ သို့သော်လည်း ပုစဉ်းက လျင်သည်။ ရှူးရှူး ဖမ်းမိခါနီးသို့ ရောက်မှ လွတ်ထွက်သွားသည်။

''နင် ပြေးထားဦးပေါ့ဟာ၊ နောက်တစ်ခါ မိအောင် ဖမ်းဦးမယ်''

ဟု ရှူးရှူးက ကြုံးဝါးလိုက်သည်။ ထိုစဉ် ဝေမာက -

''ရှူးရှူး… နင် ပုစဉ်းဖမ်းနေတာလား။ အသာကလေး ဖမ်းတော့မှ ပုစဉ်းကို မိမှာပေါ့၊ ငါ ဖမ်းပြမယ်၊ နင် ကြည့်နေ''

ဟု ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ပန်းချုံတစ်လျှောက် လမ်းလျှောက်ကြရင်း ပန်းပွင့်တစ်ပွင့်အပေါ် နားနေသော ပုစဉ်းလေး တစ်ကောင်ကို တွေ့လိုက်ကြသည်။



ဝေမာက ပါးစပ်ကို လက်ညှိုးဖြင့် တေ့ပြီး ငြိမ်ငြိမ်နေရန် ရူးရူးကို အချက်ပြလိုက်သည်။ ရူးရူးက ဝေမာ၏ အမူအရာကို နားလည်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဝေမာသည် သူ၏လက်မနှင့် လက်ညှိုးကလေးကို ဖြည်းညင်းစွာ ဆန့်ထုတ်လိုက်ပြီး ပုစဥ်းကလေး၏ နောက်အမြီးကို ဆတ်ခနဲ ကိုင်လိုက်ပြီး ဖမ်းလိုက်သည်။ ပုစဥ်းလေးသည် အငိုက်မိသွားသဖြင့် မပြေး နိုင်တော့ဘဲ ဝေမာ၏ လက်ထဲတွင် ပါလာသည်။

"တွေ့လား၊ ငါဖမ်းတာ ဘယ်လောက်တော်သလဲ"

ဟု ဝေမာက ရူးရူးကို ဝင့်ကြွားစွာ ပြောလိုက်သည်။

"နေဦး ဝေမာ၊ ဖော်ဖော်တို့ လုပ်တာ ငါတစ်ခါ တွေ့ဖူးတယ်။ ပုစဥ်းရဲ့ ဖင်ကို ဖြတ်ပြီး ပုဏ္ဏာရိက်ပန်းကလေးကို ထည့်ပေးတာ"

ဟု ပြောသည်။

ထို့နောက် ရူးရူးသည် ဝေမာ့လက်ထဲရှိ ပုစဥ်းကလေးကို ယူလိုက်ပြီး နောက်အမြီးကို သူ့လက်သည်းများဖြင့် ဖြတ်လိုက်သည်။

"ဝေမာ ပုဏ္ဏာရိက်ပန်းအတံလေး တစ်ခုယူပြီး သူ့အမြီးထဲ ထည့်လိုက်"



ဝေမာသည် ဖူးဖူး ပြောသည့်အတိုင်း လုပ်သည်။ အနီရောင် ပုဏ္ဏရိက်အပွင့်ကြီးတစ်ပွင့်မှ ပန်းရိုးတံကလေး တစ်ခုကို ယူလိုက်သည်။ ထို့နောက် ဖူးဖူးက လက်သည်းဖြင့် ဖြတ်လိုက်သဖြင့် နောက်အမြီး ပွင့်သွားသော ပုစဉ်းလေးထဲသို့ ထိုပန်းရိုးတံကလေးကို ထည့်လိုက်သည်။ ဖူးဖူးက ပုစဉ်းလေးကို လက်မှ လွှတ်လိုက်ရာ ပုစဉ်းလေးက ပျံတက်သွားသည်။ သူ့နောက်ဘက်မှာ ပန်းရိုးတံကလေးပါ ပါသွားသည်။

"ဖြောင်းဖြောင်း ဖြောင်းဖြောင်း"

ဟု လက်ခုပ်လက်ဝါးတီးကာ သူတို့နှစ်ယောက်စလုံးက အားပေးကြသည်။

"ဟယ်ရီကော်ပတာ"

ဟု ဖူးဖူးက ပြောလိုက်သည်။

"အေး… ဟုတ်တယ်နော်"

ဟု ဝေမာက ပြောသည်။ ထိုစဉ် -

"ဟဲ့… ကလေးတွေ"

ဟူသော အသံကို ကြားလိုက်ရသဖြင့် သူတို့ ကြည့်လိုက်တော့ အဘွားဒေါ်ဖြူ ဖြစ်နေသည်။ အဘွားဒေါ်ဖြူ၏ မျက်နှာသည် ခပ်တည်တည် ဖြစ်ပြီး လေသံကလည်း မာသဖြင့် ဝေမာတို့ ကြောက်ရွံ့သွားကြသည်။

"ဒါ ဘာလုပ်တာလဲ"

ဟု အဘွားဒေါ်ဖြူက မေးသည်။

ထိုအခါ ဖူးဖူးနှင့် ဝေမာတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ကြောက်ရွံ့သွားကြသည်။ ဝေမာနှင့် ဖူးဖူးတို့၏ မျက်နှာလေးတွေကို ကြည့်ပြီး အဘွားဒေါ်ဖြူ၏ မျက်နှာ ပျော့ပျောင်းသွားကာ -

"သမီးတို့ ပုစဉ်းလေးတွေကို ဖင်ဖြတ်ပြီး ပုဏ္ဏရိက်ပန်းတွေ ထည့်ပေးနေတာ မဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်ပါတယ် အဘွား"

ဟု ဝေမာနှင့် ဖူးဖူးတို့ ဝန်ခံလိုက်ရသည်။

"ကိုယ်ချင်းစာစိတ် ထားရမယ် သမီးလေးတို့ရဲ့။ ကိုယ်ကတော့

ပုစဉ်းကို ပန်းကလေးနဲ့ လှအောင် လုပ်တာပဲ။ ဒါပေမဲ့ သူ့ခမျာ ဘယ်လောက် နာကျင်မယ်ဆိုတာ သမီးလေးတို့ မစဉ်းစားမိဘူး မဟုတ်လား။ နောက် ဒါမျိုး မလုပ်ရဘူးနော်။ ထပ်လုပ်ရင် ဖူးဖူးကို သမီးရဲ့ အမေနဲ့ တိုင်မယ်နော်။ ဝေမာလည်း အရိုက်ခံရမယ်နော်"

ဟု အဘွားဒေါ်ဖြူက ပြောတော့ -

"ဟုတ်ကဲ့ပါ အဘွား"


ဟု ဝေမာနှင့် ဖူးဖူးတို့ သံပြိုင်ပြောလိုက်လေသည်။

မိုးသောက်ပန်းဂျာနယ်၊
အတွဲ ၂၄၊ အမှတ် (၃)။

✣

"သံယောဇဉ်ပေါ့ သားရယ်။ အရင်တုန်းက မိကျားနဲ့ သူနဲ့
ထမင်းစားချိန်မှာ အတူတူ စားခဲ့ကြတာ မဟုတ်လား။
အခု မိကျား မရှိတော့လို့ သူတစ်ကောင်တည်း ကျန်ခဲ့ပြီး
စိတ်မကောင်း ဖြစ်နေလို့ပေါ့"

# ကျေားနဲ့မိကျား



# ကျားနဲ့ မိကျား

အောင်ထက်သည် အသက်ခုနစ်နှစ်ခန့် ရှိပြီ ဖြစ်သော Grade 2 ကျောင်းသားတစ်ယောက် ဖြစ်သည်။ အောင်ထက် ကျောင်းမှ ပြန်လာတိုင်း ငကျားသည် အောင်ထက်ကို အမြီးနှန့်၍ ကြိုဆိုလေ့ရှိသည်။ ငကျားက အောင်ထက်တို့ အိမ်မှာ မွေးထားသော ခွေးတစ်ကောင် ဖြစ်သည်။ အနီရောင် ပေါ်မှာ အဖြူကျားတွေ ရှိသဖြင့် ဖေဖေက ငကျားဟု ခေါ်ခြင်း ဖြစ်သည်။ ဖေဖေက အောင်ထက်ကို ပြောသည်။

"ငကျားက သားထက်တောင် အသက်တစ်နှစ်လောက် ကြီးဦး မယ်။ သားတောင် မမွေးသေးဘူး။ သူ တစ်နှစ်သားအရွယ် ခွေးပေါက်လေး လောက်မှာ တခြားခွေးတွေ လိုက်ကိုက်လို့။ အဲဒီခွေးတွေ လက်ထဲကနေ ဖေဖေ ကယ်လာတာ"

ငကျားက လိမ္မာသည်။ အိမ်နှင့် ဝေးဝေးလံလံသို့ မသွားတတ်ပေ။ ညဘက်သို့ ရောက်သည်နှင့် ဖေဖေသည် ခြံတံခါးကို ပိတ်လိုက်သည်။ ထိုအချိန်မှစ၍ ငကျားသည် တစ်ညလုံး ခြံထဲမှာပဲ နေသည်။ ဖေဖေက ငကျားအိပ်ရန် စောင်အဟောင်းတစ်ခုကို ခင်းပေးထားသည်။ ငကျား အိပ်နေ တုန်း ခြင်ကိုက်ခံရမှာကို စိုးရိမ်သဖြင့် ဖေဖေက ခြင်ဆေးခွေ ထွန်းပေးထား သည်။

အိမ်သို့လာသော ဧည့်သည်များသည် ငကျား အိပ်နေပုံကို မြင်သော အခါ အောင်ထက်ကို -

"မင်းတို့အိမ်က ခွေးက အဆင့်မြင့်လှချည်လား"

ဟု ပြောတတ်သည်။

တစ်နေ့တွင် အောင်ထက်တို့ ခေါင်းရင်းအိမ်သို့ အိမ်ရှင်အသစ်တွေ ပြောင်းလာသည်။ သူတို့နှင့်အတူ ခွေးတစ်ကောင် ပါလာသည်။ ထိုခွေးသည် ခွေးမတစ်ကောင် ဖြစ်ပြီး အသက်ကတော့ ငကျားထက်တောင် နည်းနည်း ကြီးဟန် တူသည်။ အရောင်ကတော့ မီးခိုးရောင် ခပ်မွဲခြောက်ခြောက် ဖြစ်သည်။ အိမ်ရှင်အသစ်များကလည်း အစိုးရဝန်ထမ်းများ ဖြစ်သဖြင့် အိမ်တံခါးပိတ်ပြီး ခရီးသွားလာနေရသည့် အခါမျိုးတွေလည်း ရှိသည်။ ထိုအခါမျိုးတွင် ထိုခွေးကို အစာကျွေးမည့်သူ မရှိပေ။ ဖေဖေက သတိပြုမိသောအခါ သူ့အတွက် အစာခွက်တစ်ခုကိုပါ သီးသန့်လုပ်ပေးထားသည်။ ထိုအခါ သူက လာစားသည်။ ခွေးမ ဖြစ်သည့်အတွက် 'မိကျား' ဟု နာမည်ပေးလိုက်သည်။ ငကျားနှင့် မိကျားသည် အစာစားတော့လည်း အတူတူ ဖြစ်သည်။

သူတို့ နှစ်ကောင် အစာစားတာကို အောင်ထက် သတိထား ကြည့်မိသည်။ တစ်ကောင်နှင့် တစ်ကောင် စောင့်ပြီးမှ အတူတူ စားကြတာကို တွေ့ရသည်။ ငကျား အိပ်နေကျ နေရာအနားမှာ ဖေဖေက တခြားစောင် အဟောင်းတစ်စောင်ကို ခင်းပြီး မိကျားအတွက် အိပ်ရာပြင်ဆင်ပေးထား သည်။



အရင်တုန်းက အောင်ထက် ကျောင်းဖယ်ရီအပေါ်မှ ဆင်းလာတိုင်း ငကျားကပဲ ကြိုသည်။ အခုတော့ ငကျားနှင့် မိကျား နှစ်ကောင်စလုံးက အောင်ထက်ကို ပြိုင်တူ ကြိုကြသည်။ ငကျားထက်စာလျှင် မိကျားက ပို၍ စွာသည်။ ခြံအနားသို့ တခြားခွေးတစ်ကောင် ရောက်လာတိုင်း သဲကြီးမဲကြီး ထိုးဟောင်တတ်သည်။ ငကျားက ဘယ်တော့မှ ဦးဆောင်၍ မဟောင်တတ်။ မိကျား ဟောင်မှသာ နောက်မှ လိုက်၍ ဟောင်တတ်သည်။

"မိကျားက ငကျားထက် ပိုသတ္တိရှိတယ်နော် ဖေဖေ"

ဟု အောင်ထက်က ပြောတော့ -

"မိကျားက ရန်ကုန်မှာ မွေးတဲ့ ခွေး မဟုတ်လောက်ဘူးကွ။ နယ်မှာ မွေးတဲ့ ခွေးဖြစ်လိမ့်မယ်"

ဟု ဖေဖေက ပြန်ပြောသည်။

ငကျားရော မိကျားပါ ခွေးရူးပြန်မှာကို စိုးရိမ်သဖြင့် ဖေဖေက သူတို့ကို ကာကွယ်ဆေး ပုံမှန်ထိုးပေးသည်။

နောက်တစ်နှစ်ခန့်ကြာတော့ မိကျား၏ မူလပိုင်ရှင်များကလည်း အိမ်ရောင်း၍ တခြားသို့ ပြောင်းသွားသည်။



မိကျားသည် သူတို့နှင့် လိုက်မပါသွားဖြစ်တော့ဘဲ အောင်ထက်တို့ အိမ်မှာသာ ကျန်ရစ်သည်။ ကျော့က သိပ်မပြောင်းလဲသော်လည်း မိကျားက အရင်ကလောက် ထမင်းသိပ်မစားနိုင်တော့ပေ။

"မိကျားကြီးက အိုပြီ သားရဲ့၊ သူ့ဗိုက်မှာလည်း ရေဖျဉ်းစွဲထားပုံရတယ်"

ဟု ဖေဖေက ပြောတော့ အောင်ထက်သည် မိကျားကို သနားသွားသည်။

"ဆေးကုလို့ မရဘူးလား ဖေဖေ"

ဟု မေးလိုက်သည်။

"သူတို့ ခွေးသက်တမ်းက ကိုးနှစ်၊ ဆယ်နှစ်ဆိုတာ အများဆုံးသားရဲ့၊ မိကျားက ခွေးသက်တမ်းနဲ့ဆို သက်တမ်းစေ့နေပြီ"

ဟု ဖေဖေက ရှင်းပြသည်။

နောက်တစ်လလောက် ကြာတော့ မိကျား သေသည်။ မသေခင် နှစ်ရက်၊ သုံးရက် အလိုကတည်းက အစားသိပ်မစားတော့ပေ။ သေတော့ အိမ်ရှေ့က ပန်းချုံတွေအကြားမှာ ဖြစ်သည်။ ဖေဖေက မိကျားကို ပီနန်အိတ်ဖြင့် ထုတ်ပြီး အမှိုက်ပုံ၌ သွားလွှင့်ပစ်သည်။ ကျော့က မိကျား သေသွားသည်ကို နားလည်၍လား မသိ။ ဖေဖေနှင့်အတူ အမှိုက်ပုံသို့ လိုက်ပါလာသည်။

မိကျား သေဆုံးပြီး နောက်နေ့တွင် ကျော့သည် တစ်နေ့လုံး အစားမစားပေ။ နောက်နေ့ကျတော့ နည်းနည်း စတင်စားသည်။ အရင်တုန်းက သူ့စားခွက်ထဲရှိ ထမင်းများကို ပြောင်စင်အောင် စားတတ်သည်။ အခုတော့ ကျော့၏ အစာခွက်ထဲမှာ ထမင်းတွေ အများကြီး ကျန်သည်။ ဖေဖေက ကျော့ ကြိုက်တတ်သော ဟင်းများဖြင့် နယ်ဖတ်၍ ကျွေးသော်လည်း ကျော့က တို့ကနန်း ဆိတ်ကနန်းပင် စားသည်။ အောင်ထက်က ဖေဖေ့ကို မေးကြည့်သည်။

"ကျော့က ဘာဖြစ်လို့ ထမင်းမစားတော့တာလဲ ဖေဖေ"

"သံယောဇဉ်ပေါ့ သားရယ်။ အရင်တုန်းက မိကျားနဲ့ သူနဲ့ ထမင်းစားချိန်မှာ အတူတူ စားခဲ့ကြတာ မဟုတ်လား။ အခု မိကျား မရှိတော့လို့ သူတစ်ကောင်တည်း ကျန်ခဲ့ပြီး စိတ်မကောင်း ဖြစ်နေလို့ပေါ့"

အောင်ထက်က ဖေဖေ့စကားကို နားထောင်နေမိသည်။ ဖေဖေက ဆက်ပြောသည်။

"ဒါတောင် တိရစ္ဆာန်အချင်းချင်းကြားက သံယောဇဉ်ပဲ ရှိသေးတယ်။ လူလူချင်းကြားက သံယောဇဉ် ဆိုရင်တော့ ခန့်မှန်းလို့ မရလောက်အောင်ပဲ သား"

အောင်ထက်သည် ကျေးကို ကြည့်လိုက်တော့ ကျေးသည် သစ်ပင်ရိပ်မှာ မှိုင်တွေနေသည်။ ကျေးသည် အရင်တုန်းကလို ပြည့်ပြည့်ဖြိုးဖြိုး မရှိလှဘဲ ပိန်နေသည်။ ကျေးကို ကြည့်ရင်း အောင်ထက် စိတ်မကောင်း ဖြစ်မိသည်။ ကျေး ထမင်းများများ ပြန်စားပါစေဟုပဲ ဆုတောင်းမိတော့သည်။

မိုးသောက်ပန်းဂျာနယ်၊
အတွဲ ၂၄၊ အမှတ် (၈)။

✣



"မင်းက အုန်းမှုတ်ခွက်သရဲကို ဘာခေါ်လုပ်မှာလဲ"
ဟု ကျော်ဇင်က မေးလိုက်သည်။
"အုန်းမှုတ်ခွက်သရဲ ရောက်လာရင် ထီဂဏန်းတွေ ဘာတွေ
မေးလို့ ရတာပေါ့ကွ၊ ထီပေါက်ရင် တို့တွေ ချမ်းသာပြီလေကွာ"

# အုန်းမှုတ်ခွက်သရဲ



# အုန်းမှုတ်ခွက်သရဲ

ဘုန်းခေါင်၊ မင်းသိုက်နှင့် ကျော်ဇင်တို့သည် ပဉ္စမတန်း ဖြေဆိုပြီးသော ကျောင်းသားလေးများ ဖြစ်ကြသည်။ သူတို့သည် ကျောင်းတူသော အိမ်နီးနားချင်းများ ဖြစ်ကြပြီး မြောက်ဒဂုံတွင် နေထိုင်ကြသည်။ တစ်ခုသော နွေရာသီ၏ နေ့လယ်ခင်းတွင် သူတို့သည် ဘုန်းခေါင်တို့ ခြံထဲတွင် လူစုမိကြသည်။ သူတို့သုံးယောက် စုမိတိုင်း ကစားနည်းများကို ကြံဖန်ကစားလေ့ရှိကြသည်။ ဖုန်းဖြင့် ဂိမ်းဆော့လျှင် မျက်စိထိခိုက်မည် စိုးရိမ်သဖြင့် သူတို့မိဘများက ဖုန်းပေး မဆော့ပေ။

ဘုန်းခေါင်၏ ဖေဖေနှင့် မေမေသည် အစိုးရဝန်ထမ်းများ ဖြစ်သည်။ ရုံးတက်ရန် မနက်စောစော အိမ်က ထွက်ရသည်။ ညနေ မိုးချုပ်မှ အိမ်သို့ ပြန်ရောက်သည်။ ထို့ကြောင့် ဘုန်းခေါင်တို့ အိမ်တွင် နေ့လယ်ခင်း၌ အဘွားဒေါ်သန်းမြင့် တစ်ယောက်တည်းသာ ရှိသည်။

ဘုန်းခေါင်တို့ ခြံရှေ့ရှိ ကုက္ကိုပင်ကြီးသည် အရိပ်အာဝါသ ကောင်းသည်။ ထို့ကြောင့် သူတို့သည် ကုက္ကိုရိပ်တွင် စုဝေးပြီး ခေါင်းချင်း ဆိုင်နေကြသည်။ ဘုန်းခေါင်က စတင်ပြောသည်။

"ငါတို့ကို ကျောင်းစောင့် ဦးသြကြီး ပြောတာ မှတ်မိသေးလား"

"ဘာပြောတာလဲ"

ဟု မင်းသိုက်က ပြန်မေးလိုက်သည်။

"အုန်းမှုတ်ခွက်သရဲ ခေါ်တာလေကွာ"

"မင်းက အုန်းမှုတ်ခွက်သရဲကို ဘာခေါ်လုပ်မှာလဲ"

ဟု ကျော်ဇင်က မေးလိုက်သည်။

"အုန်းမှုတ်ခွက်သရဲ ရောက်လာရင် ထီဂဏန်းတွေ ဘာတွေ မေးလို့ ရတာပေါ့ကွ၊ ထီပေါက်ရင် တို့တွေ ချမ်းသာပြီလေကွာ"

ဟု ဘုန်းခေါင်က ရှင်းပြလိုက်သည်။

"အေး၊ မင်းပြောတာ ဟုတ်တယ်ကွ"

ဟု မင်းသိုက်က ထောက်ခံလိုက်သည်။

ထို့နောက် သူတို့သည် အုန်းမှုတ်ခွက်သရဲကို ခေါ်ယူရန် တိုင်ပင်ကြသည်။ သူတို့ကို ကျောင်းစောင့် ဦးသြကြီး ပြောပြသော သရဲခေါ်နည်းက အုန်းမှုတ်ခွက်တစ်ခုကို ရှာရမည်။ အသားစိမ်း တစ်ခုခု၊ ကြက်သားပဲဖြစ်ဖြစ်၊ ဆိတ်သားပဲဖြစ်ဖြစ် ရှာရမည်။ ပြီးတော့ အသားစိမ်းကို အုန်းမှုတ်ခွက်ဖြင့် အုပ်ကာ အပေါ်က ဖယောင်းတိုင် ထွန်းရမည်။ အုန်းမှုတ်ခွက်ကို တုတ်ဖြင့် ခေါက်ကာ အုန်းမှုတ်ခွက်သရဲကို ခေါ်ရမည်။ သရဲရောက်လာပါက ကိုယ် သိချင်သော မေးခွန်းများကို မေးမြန်းနိုင်သည်။

ဘုန်းခေါင်က ပြောသည်။

"ငါက ကြက်သား ရှာပေးမယ်။ မနက်က ရေခဲသေတ္တာထဲမှာ မေမေ ကြက်သားစိမ်းတွေ ထည့်ထားတာ တွေ့လိုက်တယ်"

မင်းသိုက်က စဉ်းစားလိုက်ပြီး -

"ငါကတော့ အုန်းမှုတ်ခွက် တာဝန်ယူမယ်။ တို့အိမ်ဘေးက အန်တီကြီး မုန့်ဖက်ထုပ် ရောင်းတာကွ၊ သူ့ဆီမှာ အုန်းမှုတ်ခွက်တွေ ရှိလိမ့်မယ်"

ကျော်ဇင်ကလည်း -

"ငါကတော့ ဖယောင်းတိုင်နဲ့ မီးခြစ် ရှာပေးမယ်"

ဟု ပြောသည်။

သူတို့သည် တာဝန်ကိုယ်စီ ခွဲယူလိုက်ကြသည်။ ဘုန်းခေါင်သည် အိမ်ထဲသို့ ဝင်လိုက်သောအခါ အဘွားဒေါ်သန်းမြင့်သည် ဘုရားစာအုပ် ဖတ်နေသည်ကို တွေ့လိုက်ရသည်။ ဘုန်းခေါင်သည် ရေခဲသေတ္တာကို ဖွင့်လိုက်ရာ ဒေါ်သန်းမြင့်က လှမ်းမေးသည်။

"မြေးလေး ဘာလုပ်မလို့လဲ"

"ရေငတ်လို့ ရေခဲရေ လာသောက်တာ အဘွား"

ဘုန်းခေါင်သည် အဘွားဖြစ်သူအား လိမ်လည်ဖြေကြားလိုက်သည်။ ရေခဲသေတ္တာထဲရှိ မေမေ ခုတ်ထစ်ပြီး ထည့်ထားသော ကြက်သားစိမ်းတစ်တုံးကို ဘောင်းဘီအိတ်ထဲသို့ အသာထည့်လိုက်သည်။

မင်းသိုက်သည် သူတို့အိမ်ခြေရင်းရှိ မုန့်ဖက်ထုပ် ရောင်းသော ဒေါ်ပုံကြီးဆီသို့ သွားသည်။

ဒေါ်ပုံကြီးက မင်းသိုက်ကို မြင်တော့ -

"ဒီအချိန် မုန့်ဖက်ထုပ် မရသေးဘူး သားလေး"

ဟု ပြောသည်။

"မုန့်ဖက်ထုပ် ဝယ်မလို့ မဟုတ်ဘူး။ သားကို အုန်းမှုတ်ခွက် တစ်ခွက်လောက် ပေးပါလား"

ဒေါ်ပုံကြီးသည် မင်းသိုက်ကို စစ်ဆေးမေးမြန်းခြင်း မလုပ်တော့ဘဲ လောလောလတ်လတ် အုန်းသီးခြစ်ပြီးခါစ အုန်းမှုတ်ခွက် တစ်ခွက်ကို ပေးလိုက်သည်။



ကျော်ဇင်သည် အိမ်သို့ ပြန်ပြီး ဘုရားစင်အပေါ်ရှိ ဖယောင်းတိုင် တစ်တိုင်နှင့် ဂက်စ်မီးခြစ်တစ်ခုကို အောင်မြင်စွာ ယူဆောင်လာနိုင်ခဲ့၏။ သူ့အိမ်သားများကလည်း သူ့ကို ရုတ်တရက် တွေ့မြင်လိုက်သော်လည်း ဘာလာလုပ်သည်ကို ဘယ်သူမှ အကဲမခတ်လိုက်နိုင်ကြပေ။ ဤသို့ဖြင့် သူတို့သုံးယောက်သည် မိမိတို့၏ တာဝန်အသီးသီးကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ပူပြင်းခြောက်သွေ့သော နေပြင်းသည့်အချိန် ဖြစ်သဖြင့် ဘုန်းခေါင်တို့ အိမ်ရှေ့ရှိ လမ်းကလေးတွင် လူသွားလူလာ နည်းပါးလှသည်။ သူတို့သုံးယောက် ပြန်လည်ဆုံစည်းမိချိန်တွင် အသီးသီး ယူဆောင်လာခဲ့ကြသော အရာများကို သတင်းစာစက္ကူအဟောင်းတစ်ရွက်ကို ဖြန့်ခင်းလိုက်ပြီး တင်ထားလိုက်ကြသည်။ ဘုန်းခေါင်က -

"တခြားသူတွေကိုလည်း ကြည့်ဦးနော်။ တစ်ယောက်ယောက်က ချောင်းကြည့်လိုက်ရင် အုန်းမှုတ်ခွက်သရဲက လာမှာ မဟုတ်တော့ဘူး"

ဟု သူငယ်ချင်းနှစ်ယောက်ကို သတိပေးလိုက်သည်။

"တို့ ဘာလုပ်တယ် ဆိုတာ ဘယ်သူမှ မသိပါဘူးကွာ"

ဟု ကျော်ဇင်က ပြောလိုက်သည်။

ထို့နောက် သူတို့သည် ကြက်သားအစိမ်းအပေါ်တွင် အုန်းမှုတ်ခွက်ဖြင့် အုပ်လိုက်ကြသည်။ ဖယောင်းတိုင်ကို မီးညှိလိုက်ကာ အုန်းမှုတ်ခွက် အပေါ်တွင် တင်ထွန်းလိုက်သည်။ ရာသီဥတုပူပြင်းသည့် အချိန်ဖြစ်သည့် အပြင် ဖယောင်းတိုင်၏ လောင်ကျွမ်းမှုက ပုံမှန်ထက် ပိုသည်။ သူတို့သုံးယောက်စလုံးသည် သံပြိုင်ပြောလိုက်ကြသည်။

"အုန်းမှုတ်ခွက် သရဲကြီး၊ ကျွန်တော်တို့ ကြက်သားကို စားတော်မူပါ"

"သရဲမင်းကြီးရေ၊ ကျွန်တော်တို့ မေးခွန်းတွေ မေးချင်လို့ပါ"

"တိုးတိုးပြောရင် မကြားဘူး၊ ခပ်ကျယ်ကျယ် ပြောကွ"

ဟု ဘုန်းခေါင်က သတိပေးလိုက်သည်။

ကျော်ဇင် ယူဆောင်လာခဲ့သော ဖယောင်းတိုင်က ဖယောင်းတိုင် အတိုင်သေး မဟုတ်။ အတိုင်ကြီး ဖြစ်သည်။ ဖယောင်းတိုင်၏ မီးလောင်အား

ကလည်း ကောင်းသဖြင့် ဖယောင်းရည်များသည် အုန်းမှုတ်ခွက်အပေါ်သို့ စီးကျကုန်သည်။ သူတို့သုံးယောက်စလုံး အုန်းမှုတ်ခွက်သရဲမင်း အလာကို စောင့်နေကြသည်။ ဖယောင်းတိုင်က တဖြည်းဖြည်းအတိုမြန်ပြီး အုန်းမှုတ်ခွက်ကိုပင် လောင်တော့မည်။ အုန်းမှုတ်ခွက်စောင့်သရဲက အခုထိ ပေါ်မလာသေး။

"နေ့ခင်းဘက် ဖြစ်နေလို့ မလာတာများလားကွ"

ဟု ဘုန်းခေါင်က စိတ်မရှည်တော့ဘဲ ပြောလိုက်သည်။

"စောင့်ကြည့်ပါဦးကွာ၊ မင်းကလည်း"

ဟု မင်းသိုက်က ပြောသည်။

ထိုစဉ် 'ဖောင်း'ဟူသော အသံကို သူတို့ ကျယ်လောင်စွာ ကြားလိုက်ရသည်။ မထင်မှတ်ထားသော အချိန်တွင် ကြားလိုက်ရသော အသံဖြစ်သဖြင့် သူတို့ ကြောက်ရွံ့သွားကြသည်။ မေးခွန်းများ မေးမည်ဆိုသော အသိပင် ပျောက်ကွယ်သွားသည်။

"အမယ်လေး၊ အုန်းမှုတ်ခွက် သရဲကြီး လာပြီဗျ"

ဟု အော်ကာ ထွက်ပြေးကြလေသည်။

သူတို့ အော်ဟစ်လိုက်သည့် အသံက တော်တော်ကျယ်လောင်သွားသည်။ ထို့ကြောင့် ဘုန်းခေါင်၏ အဘွားဖြစ်သူ ဒေါ်သန်းမြင့်က ကြားသွားပြီး အိမ်ပေါ်ကနေ ပျာပျာသလဲ ဆင်းလာသည်။

"ဟဲ့… ကလေးတွေ ဘာဖြစ်ကြတာလဲ"

ထိုစဉ် နောက်ထပ် 'ဖောင်း' ဟူသော အသံကို ထပ်မံကြားလိုက်ရပြန်သည်။ ဘုန်းခေါင်တို့ သုံးယောက်စလုံး ခပ်လှမ်းလှမ်းမှနေ၍ -

"အုန်းမှုတ်ခွက် သရဲကြီး လာပြီ အဘွား"

ဟု လှမ်းပြောကြသည်။

ဒေါ်သန်းမြင့် ကြည့်လိုက်သောအခါ အုန်းမှုတ်ခွက်ကို မီးလောင်နေသည်ကို တွေ့လိုက်ရသည်။ မီးတောက်ကလည်း အတော်လေးကို အရှိန်ကောင်းနေသည်။

"တော်တော် ဒုက္ခပေးတဲ့ ကလေးတွေပါလား"

ဒေါ်သန်းမြင့်သည် ရေအိုးထဲရှိ ရေတစ်ဖလားကို အမြန်ခပ်ပြီး မီးလောင်နေသော အုန်းမှုတ်ခွက်အပေါ်သို့ လောင်းချလိုက်သည်။ 'ရှဲ' ခနဲ

မြည်သံနှင့်အတူ မီးသေသွားသည်။ သို့သော်လည်း စိတ်ချရအောင် နောက်ထပ် ရေနှစ်ခွက် ခပ်ခါ လောင်းချလိုက်သည်။

ဒေါ်သန်းမြင့်က ဘုန်းခေါင်တို့ သုံးယောက်စလုံးကို ခေါ်လိုက်သည်။

''ကဲ… ဒါက ဘယ်လိုဖြစ်တာလဲ၊ အဘွားကို ပြောပြစမ်း။ နွှဘက် ဒီလောက် ပူနေတာ အဘွား အသိမြန်လို့၊ အသိမမြန်ရင် ရပ်ကွက် မီးလောင်ပြီး အကုန်လုံး ထမင်းထုပ် စားရလိမ့်မယ်။ လူကြီးတွေလည်း ထောင်ကျကုန်မှာ''

ဘုန်းခေါင်၊ မင်းသိုက်နှင့် ကျော်ဇင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ နောက်ဆုံး၌ တစ်ယောက်တစ်မျိုးစီ အသီးသီး ရှင်းပြလိုက်တော့မှ ဒေါ်သန်းမြင့်သည် အကြောင်းစုံ သိရှိသွားတော့သည်။

''ကလေးဆိုတာ မီးနဲ့ မဆော့ရဘူး။ အန္တရာယ် သိပ်များတယ်။ ဖောင်းဆိုတဲ့ အသံကလည်း ဘာသရဲမှ လာတာ မဟုတ်ဘူး။ မင်းတို့ယူလာတဲ့ အုန်းမှုတ်ခွက်က အုန်းမှုတ်ခွက်အသစ်။ အသစ်ဆိုတာ အဆီ ဓာတ်တွေ မကုန်သေးဘူးလေ။ မီးရှို့တဲ့အခါ အခန့်မသင့်ရင် ပေါက်တတ်တယ်။ အခုဟာက အုန်းမှုတ်ခွက်က အဆီ မီးလောင်လို့ ပေါက်တာ''

ဟု ရှင်းပြလိုက်သည်။

ဘုန်းခေါင်တို့ သုံးယောက်သားသည် ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်သဖြင့် ငြိမ်သက်နေကြသည်။



"မင်းတို့က အုန်းမှုတ်ခွက်သရဲ ခေါ်နည်းကို ဘယ်သူ ပြောပြတာလဲ"

ဟု ဒေါ်သန်းမြင့်က မေးလိုက်သည်။

"သားတို့ကျောင်းက ကျောင်းစောင့် ဦးသြကြီး ပြောပြတာပါ"

ဟု ဘုန်းခေါင်က ပြောလိုက်သည်။

"လူကြီးတွေကလည်း တော်တော်ခက်တာပဲ။ ကလေးတွေကို မဟုတ်ကဟုတ်ကတွေ မပြောရဘူး။ ကလေးတွေက လျှောက်လုပ်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ။ ဒီတစ်ကြိမ်တော့ ရှိပစေတော့။ မင်းတို့ဖေဖေ၊ မေမေတွေကို အဘွား မတိုင်တော့ဘူး။ မင်းတို့သာ လိမ်လိမ်မာမာနေကြ၊ နောက် ဘယ်တော့မှ မီးနဲ့ မကစားကြနဲ့"

"ဟုတ်ကဲ့ပါ အဘွား"

ဟု ဘုန်းခေါင်တို့ သုံးယောက် အဘွားဒေါ်သန်းမြင့်ကို ကတိပေးလိုက်ကြသည်။

တောရေပိစုံ၊

၂၀၂၀၊ ဧပြီလ။

✣



ကျွန်တော်တို့အသင်း အမွှင့်ပွဲမှာပင် အင်အားအကောင်းဆုံး အသင်းကို
အနိုင်ယူလိုက်နိုင်ပြီ ဖြစ်သည်။
"ရှစ်တန်းအတော့ ရေမြှုကိုက်တာပဲ ဟေ့"
ဟု ပရိသတ်ထဲက ပြောသံကို ကျွန်တော် ကြားလိုက်ရသည်။

## ကျောင်းတွင်းဘောလုံးပွဲ



# ကျောင်းတွင်း ဘောလုံးပွဲ

(၁)

ကျွန်တော်တို့သည် တံတားမြို့ ဆင္ဆမတန်း တန်းခွဲ(အေ)တွင် ပညာသင်ယူနေကြသော ကျောင်းသားများ ဖြစ်ပါသည်။ ဆောင်းရာသီ ဒီဇင်ဘာလတွင် ကျောင်းတွင်း ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးလေ့ ရှိပါသည်။ ကျွန်တော်တို့၏ ကျောင်းဘောလုံးကွင်းသည် အနေအထားအရ ပုံမှန်ကွင်းများလောက် မကျယ်ဝန်းပါ။ အလျားပေ လေးဆယ်၊ အနံပေ တစ်ရာမျှသာ ရှိပါသည်။ ထို့ကြောင့် ကစားကွင်းတွင် ပုံမှန်အားဖြင့် ဆယ့်တစ်ယောက် မကစားရဘဲ ခုနစ်ယောက်မျှသာ ကစားရပါသည်။ ဘောလုံးကွင်း၏ ပတ်ပတ်လည် ကျောင်းခြံစည်းရိုးတွင် ခရေပင်များကို စိုက်ပျိုးထားသည်။

ကျွန်တော်တို့ကို တစ်နေ့တွင် အတန်းပိုင်ဆရာ ဆရာဦးဘိုဖြူက ရှင်းပြပါသည်။

"အထက်တန်းတွေ ဖြစ်တဲ့ ကိုးတန်းနဲ့ ဆယ်တန်းက ဒိုင်းတစ်ဒိုင်း။ တို့အလယ်တန်း အဆင့်တွေဖြစ်တဲ့ ငါးတန်း ခြောက်တန်း ခုနစ်တန်း ရှစ်တန်းက ဒိုင်းတစ်ဒိုင်း ရအောင် ကန်ရမှာကွ။ တို့ ခြောက်တန်း အေကတော့ ဘာနဲ့ကျမလဲ မသိဘူး။ မဲနှိုက်ပြီး ဆုံးဖြတ်မှာ"

ငါးတန်းမှနေ ရှစ်တန်းအထိ အတန်းတစ်တန်းစီတွင် နှစ်ခန်းစီ ရှိသဖြင့် စုစုပေါင်း ၁၆ သင်းတောင် ရှိပါသည်။ မဲနှိုက်ပြီး ဆုံးဖြတ်မှာ ဆိုတော့ ဘယ်အသင်းနှင့် ကျမလဲကို မဆုံးဖြတ်နိုင်။ ကိုယ့်ထက် ငယ်သော

ငါးတန်းနှစ်သင်း၊ ရှယ်တူ ခြောက်တန်း (ခ) အသင်းကိုတော့ ကျွန်တော်တို့ မမှုပါ။ သို့သော် ကိုယ့်ထက် အသက်ရော၊ အတန်းပါကြီးသည့် ခုနစ်တန်း၊ ရှစ်တန်း အသင်းများနှင့်တော့ မကြုံချင်ပါ။

ကျွန်တော်တို့ အသင်းတွင် ကျွန်တော်က ဂိုးဖမ်းရမည် ဖြစ်သည်။ ခုနစ်ယောက်တည်းသာ ရှိသဖြင့် ရှေ့တန်းနှစ်ယောက်၊ အလယ်တန်း နှစ်ယောက်နှင့် နောက်တန်းနှစ်ယောက်ပဲ ကစားရမှာ ဖြစ်သည်။ နောက်တန်း နှစ်ယောက်က အရပ်နည်းနည်းမြင့်ပြီး လူကောင်ကြီးသော သန်းနိုင်နှင့် ဝင်းကျော်တို့ကို ဆရာက ရွေးချယ်ထားသည်။ အလယ်တန်း နှစ်ယောက် ကတော့ အပြေးမြန်ပြီး ဘောလုံးအပေးအယူ ကောင်းသည့် ဆန်းအောင်နှင့် သူရ တို့ဖြစ်သည်။ ရှေ့တန်းနှစ်ယောက်ကတော့ အလိမ်အခေါက်ရပြီး အပြေး မြန်သော ကျော်ကျော်နှင့် ဇော်ထွန်း တို့ပဲ ဖြစ်ကြသည်။

ဘောလုံးပွဲများကို ဒီဇင်ဘာကျောင်းပိတ်ရက်မတိုင်မီ ကျင်းပမှာ ဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့အဖို့ ဒီဇင်ဘာလဆန်းကတည်းက လေ့ကျင့်ဖို့ လိုအပ်သည်။ ကျောင်းဘောလုံးကွင်းကို အမြဲတမ်းလိုလို ကိုးတန်း၊ ဆယ်တန်း၊ ကျောင်းသားကြီးများကပဲ သိမ်းပိုက်ထားတာ များသည်။ ထို့ကြောင့် ကျွန်တော်သည် သူငယ်ချင်းများနှင့် တိုင်ပင်လိုက်သည်။

"ကျောင်းဘောလုံးကွင်းက ဆယ်တန်းနဲ့ ကိုးတန်းက အစ်ကိုကြီး တွေပဲ ကန်နေကြတာ။ ငါတို့တွေအတွက် ဘယ်မှာ ကန်မလဲ"

ဟု ကျွန်တော်က ပြောတော့ သူငယ်ချင်းတွေ ငြိမ်သက်သွားသည်။

တစ်ခဏမျှကြာတော့မှ ဝင်းကျော်က -

"ဘုရားသုံးဆူဘက်မှာ သွားကန်ရင်ကော"

ဟု အကြံပေးသည်။

ဘုရားသုံးဆူ ဆိုသောအသံ ကြားသောအခါ ကျော်ကျော်နှင့် သူရတို့ ထိတ်လန့်သွားသည်။ ကျော်ကျော်က -

"ဘုရားသုံးဆူမှာ သရဲခြောက်တယ် ဆို"

"လျှောက်ပြောနေတာပါကွာ။ ဘုရားသုံးဆူအနားမှာ အိမ်လေးတွေ ရှိပါတယ်။ တို့ ဘောလုံးသွားကန်မှာလည်း ညနေပိုင်း ကန်မှာပါ။ မိုးချုပ် အောင် မကန်ပါဘူး"

ဘုရားသုံးဆူသည် တံတားမြို့ အရှေ့မြောက်ပိုင်း၊ မြို့အစွန်တွင် တည်ရှိသော ဘုရားပျက်သုံးဆူ ဖြစ်သည်။ အဘိုး၊ အဘွားများ၏ ပြောစကားအရတော့ အင်္ဂလိပ်ခေတ်ကတည်းက တည်ထားခဲ့သည်ဟု သိရသည်။ အခုတော့ ဘုရားသုံးဆူအပေါ်တွင် ညောင်ပင်များ ပေါက်နေပြီး ဘုရားပျက်များ ဖြစ်နေသည်။

သို့သော် ဘုရားသုံးဆူအနားရှိ မြေကြီးများသည် ညီညာပြန့်ပြူးနေပြီး ဆားမြေများလို ဖြစ်နေသည်။ ထို့ကြောင့် ဘောလုံး လေ့ကျင့်ဖို့ အဆင်ပြေသည်။

သို့ဖြင့် ကျွန်တော်တို့သည် ညနေ ကျောင်းဆင်းသောအခါ ဘုရားသုံးဆူဘက်သို့ သွား၍ ဘောလုံးကန် လေ့ကျင့်ကြသည်။ ကဏန်းကျစ်စာခဲများဖြင့် ဂိုးတိုင် ပြုလုပ်ပြီး ကျွန်တော်က ဂိုးဖမ်း ကျင့်ရသည်။ ဖြတ်သွားဖြတ်လာ လူတွေကတောင် -



"ဒီကလေးတွေလည်း ဘောလုံးကန်စရာ နေရာရှားလွန်းလို့၊ ဘုရားသုံးဆူနား လာပြီး ကန်ရတယ်လို့"

ဟု ပြောကြသည်။

မဲနှိုက်သည့်နေ့သို့ ရောက်တော့ ကျွန်တော်တို့ စိတ်ညစ်သွားသည်။ ကျွန်တော်တို့နှင့် ပထမဦးဆုံး ကန်ရမည့်အသင်းက ရှစ်တန်း (အေ) ဖြစ်နေသောကြောင့် ဖြစ်သည်။ ရှစ်တန်း(အေ)က လူကောင်လည်း ကြီးသည့်အပြင် ဘောလုံးကန်ကောင်းသည်ဟု နာမည်ကြီးသော အသင်းတစ်သင်း ဖြစ်သည်။ မကစားခင်ကတည်းက ကျွန်တော်တို့ စိတ်ဓာတ်ကျသွားသည်။ ထို့ကြောင့် ကျွန်တော်တို့ကို ဆရာဦးဘိုဖြူက အားပေးစကား ပြောသည်။

"စစ်မရောက်ခင် မြားမကုန်စေနဲ့ တပည့်တို့ရဲ့။ အရှုံးအနိုင် ဆိုတာ ကန်ကြည့်မှ သိတာ။ မင်းတို့ သူတို့ကို ရှုံးလို့ ဘယ်သူကမှ အပြစ်မတင်ဘူး။ နိုင်ရင်သာ နာမည်ကြီးသွားမှာ"

ဟု အားပေးစကား ပြောသည်။

ထို့နောက် ဆရာက ဆက်ပြောသည်။

"မင်းတို့ ညနေတိုင်း ဘုရားသုံးဆူဘက်ကို သွားပြီး ဘောလုံးကန်ကျင့်တယ် ဆိုတာ ဆရာသိထားပြီးပြီ။ သူတို့ကလည်း ဆရာ့ တပည့်ဟောင်းတွေပါပဲ။ ဒါပေမဲ့ မင်းတို့က အားနည်းတဲ့အသင်း ဖြစ်တော့ ဆရာမင်းတို့ဘက်က ရပ်တည်ပေးမယ်။ မင်းတို့အသင်းက သူတို့ အသင်းထက်သာတဲ့ အချက်ကတော့ ဂိုးသမားမောင်မောင်က သူတို့ဂိုးသမား သန့်စင်ထက်သာတယ် ထင်တာပဲ"

ဆရာဦးဘိုဖြူက ကျွန်တော့်ကို ချီးကျူးသဖြင့် စိတ်ကြီးဝင်ချင်သလိုလို ဖြစ်သွားသည်။ ဆရာက -

"အဲဒီတော့ မင်းတို့က သူတို့ကို ပယ်နယ်တီကန်တဲ့အချိန်အထိ သရေကျအောင် ကန်ပေါ့။ အဓိကကတော့ ခံစစ်နဲ့ကစားပေါ့။ တိုက်စစ်ချင်း ယှဉ်မကစားနဲ့၊ သူတို့က မင်းတို့ထက် တိုက်စစ်အား အများကြီး သာတယ်။ တစ်ခုတော့ရှိတယ် တပည့်တို့။ အလယ်တန်းအဆင့်မှာ သူတို့က အကောင်းဆုံးအသင်း၊ သူတို့ကို နိုင်ပြီ ဆိုတာနဲ့ မင်းတို့ ကျန်တဲ့ အသင်းတွေကို လွယ်သွားလိမ့်မယ်"

(၂)

ကျွန်တော်တို့အသင်း ကန်ရမည့်နေ့သို့ ရောက်လာပြီ။ မကန်ခင်ကတည်းက ကျွန်တော်တို့ စိတ်လှုပ်ရှားနေကြသည်။ လက်ရှိ ခုနစ်ယောက်အပြင် အရန်သုံးယောက်အဖြစ် မင်းဝေ၊ ကိုကိုနှင့် ကျော်ထက် တို့ကို ရွေးချယ်ထားသည်။ ကျွန်တော်တို့သာ စိတ်လှုပ်ရှားနေသော်လည်း ရှစ်တန်း (အေ) အသင်းသားများကတော့ ကျွန်တော်တို့ကို ဘယ်အချိန်ကန်ကန်နိုင်မည့်သူများလို သဘောထားပုံ ရသည်။

ကျွန်တော်တို့ ကျောင်းကွင်းသည် ကွင်းတစ်ကွင်း၏ အကျယ်အဝန်းမရှိပါ။ စည်းမျဉ်းကလည်း ထုံးစံအတိုင်း ပထမပိုင်း လေးဆယ့်ငါးမိနစ်၊ အားလပ်ချိန် ဆယ့်ငါးမိနစ်နား၊ ဒုတိယပိုင်း လေးဆယ့်ငါးမိနစ် မဟုတ်ပါ။ ပထမပိုင်းဆယ့်ငါးမိနစ်၊ ဒုတိယပိုင်း ဆယ့်ငါးမိနစ်နှင့် ကြားထဲတွင် အားလပ်ချိန် ငါးမိနစ်မျှသာ ပေးထားပါသည်။

ဘောလုံးပွဲ စတင်သည်နှင့် သူတို့အသင်းက ကျွန်တော်တို့ အသင်းကို ခြေအသာဖြင့် ကစားပါသည်။ ကျွန်တော်တို့အသင်းမှ တိုက်စစ်မှူးများမှာ တိုက်စစ်ဆင်ဖို့ ဝေးစွ၊ နောက်တန်းအထိဆင်းကာ ခုခံနေရပါသည်။ ကျွန်တော်တို့၏ ခြေထောက်နှင့် ဘောလုံး ထိသည်နှင့် ရောက်ချင်ရာရောက် ကန်ထုတ်နေရသည်။ ကျွန်တော်တို့ပွဲကို ကြည့်နေကြသော ကျောင်းသားများကတော့ အားနည်းသည့် ကျွန်တော်တို့ အသင်းကို အားပေးကြသည်။ ကျွန်တော်တို့အသင်း ဖျက်ထုတ်လိုက်သည်နှင့် လက်ခုပ် လက်ဝါးတီးကာ သောင်းသောင်းဖြဖြ အားပေးကြသည်။

သူတို့အသင်းဘက်က ကန်သော ဂိုးပေါက်တည့်သည့် ဘောလုံးများကို ကျွန်တော် တိုက်ရိုက်မဖမ်းရဲသဖြင့် လက်နှင့်သာ ပုတ်ထုတ် ကာကွယ်နေရပါသည်။ သူတို့ဘက်က ဂိုးသမားတစ်ယောက်တည်းသာ ချန်ထားခဲ့၍ တစ်သင်းလုံး တိုက်စစ်ဆင်နေပါသည်။ ပထမပိုင်း ဆယ့်ငါးမိနစ်ကုန်ဆုံးခါနီး အချိန်အထိ ကျွန်တော်တို့အသင်း၏ ညီတူညာတူ ဖျက်ထုတ်မှုကြောင့် တစ်ဂိုးမှမရဘဲ ဖြစ်နေပါသည်။ သို့ဖြင့် ပထမပိုင်း ပြီးခါနီး စက္ကန့်ပိုင်းအလို ရောက်လာသည်။ ထိုစဉ် မမျှော်လင့်ထားသော အဖြစ်အပျက်ကို ကြုံတွေ့လိုက်ရသည်။

ကျွန်တော်တို့ဘက်မှ နောက်တန်းသမား ဝင်းကျော်က သူ့ခြေထောက်ရှေ့သို့ ရောက်လာသော ဘောလုံးကို အားကုန် ဖျက်ထုတ်လိုက်သည်။ ဝင်းကျော်က ရည်ရွယ်ချက်မရှိဘဲ ကန်သော်လည်း ဘောလုံးက တစ်ဘက်ဂိုးပေါက်ဆီသို့ ကံကောင်းပြီး ဦးတည်သွားသည်။ ထိုအချိန်၌ တစ်ဘက်အသင်း ဂိုးသမားက ဘောလုံးမလာဘူး အထင်ဖြင့် ရေသန့်ဘူးကို မော့သောက်နေသည်။ ဘောလုံး လာတာကို မြင်တော့မှ ရေသန့်ဘူးကို ချပြီး ဖမ်းသော်လည်း ဘောလုံးက ဂိုးစည်းထဲသို့ ဝင်သွားပြီ။

'ဂိုး' ဟူသော ကျယ်လောင်စွာ အားပေးသံများ ပေါ်ထွက်လာသည်။ ကျွန်တော်တို့ အသင်းသားများလည်း ဝင်းကျော်ကို ပြေး၍ ဖက်ကြသည်။ ကျွမ်းထိုးသည့် သူက ထိုးကြသည်။ တစ်ဖက်အသင်းသား များကတော့ ဂိုးသမားကို အပြစ်တင်နေသည်ကို တွေ့နေရသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အသင်း တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း ပြန်စတော့ တစ်ဖက်အသင်းက ဖိကစားသည်။ ကျွန်တော်တို့အသင်းက တစ်သင်းလုံး ပိတ်ဆို့ခုခံ ကာကွယ်မှန်း သိသဖြင့် သူတို့က အဝေးကန်ချက်တွေဖြင့် ကန်ကြသည်။ ဒုတိယပိုင်းစ၍ ငါးမိနစ်အတွင်းမှာပင် ကွင်းတစ်ဝက်က ကျုံးကန်လိုက်သော ဘောလုံးတစ်လုံးက ကျွန်တော့်ဘယ်ဘက်ဂိုးတိုင် ထောင့်နားမှနေ၍ ဂိုးထဲသို့ ဝင်သွားသည်။

'ဂိုး'ဟူသော အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သူတို့ဘက်က ချေပဂိုးသွင်းပြီး၍ တစ်ဖက် တစ်ဂိုးစီဖြင့် သရေဖြစ်နေသည်။ ကျွန်တော်သည် သတိထား ကာကွယ်နေရင်း အချိန်မြန်မြန် ပြည့်ပါစေဟု ဆုတောင်းမိတော့သည်။ ကျွန်တော်တို့အသင်းက ကြုံသလို ဖျက်ထုတ်ရင်း နောက်ဆုံးတွင် ဒိုင်လူကြီး ဝီစီမှုတ်သဖြင့် အချိန်စေ့သွားပြီ ဖြစ်သည်။ သည်တော့မှ ကျွန်တော် နည်းနည်းရင်အေးသွားသည်။

သို့ဖြင့် ပယ်နယ်တီ ကန်ရတော့မည်။ ပယ်နယ်တီ အသီးသီး ကန်ကြရာ ကျွန်တော်တို့ဘက်က လေးလုံးဝင်၊ တစ်လုံးလွဲသည်။ သူတို့ဘက်က သုံးလုံးပဲ ဝင်သည်။ တစ်လုံးကို ကျွန်တော် ပုတ်ထုတ်နိုင်ပြီး တစ်လုံးက ဂိုးဘားတန်းပေါ် ကျော်သွားသည်။ ထို့ကြောင့် ကျွန်တော်တို့အသင်း တစ်ဂိုးအသာဖြင့် အနိုင်ရရှိသွားသည်။ ကျွန်တော့်အသင်းသားများက

ကျွန်တော့်ကို ပွေ့ချီပြီး အပေါ်သို့ မြှောက်တင်ကြသည်။ ဝိုင်းကြည့်နေကြသော ကျောင်းသားပရိသတ်ကလည်း ကျွန်တော်တို့အသင်းကို အားပေးကြသည်။ ကျွန်တော်တို့အသင်း အဖွင့်ပွဲမှာပင် အင်အားအကောင်းဆုံးအသင်းကို အနိုင်ယူလိုက်နိုင်ပြီ ဖြစ်သည်။

"ရှစ်တန်းအေတော့ ရေမြေကိုက်တာပဲ ဟေ့"

ဟု ပရိသတ်ထဲက ပြောသံကို ကျွန်တော် ကြားလိုက်ရသည်။

(၃)

ဆရာဦးဘိုဖြူက ကျွန်တော်တို့ကို ချီးကျူးသည်။

"မင်းတို့အသင်း အနိုင်ရတာ။ စုပေါင်းညီညွတ်ပြီး အသင်းစိတ်ဓာတ်ရှိလို့ နိုင်တာ။ ရှစ်တန်းက မင်းတို့ကို အထင်သေးလို့ ရှုံးသွားတာ။ သူတို့အနေနဲ့ မင်းတို့က ဘယ်လိုမှ ဂိုးသွင်းနိုင်မှာ မဟုတ်ဘူးလို့ ထင်ထားတာ။ ဂိုးသမားကလည်း ပွဲချိန် မစေ့သေးဘူး။ ဘောလုံးမကြည့်ဘဲ ရေသောက်နေတယ်။ ဝင်းကျော် ကျုံးကန်လိုက်တဲ့ ဘောလုံးက ဂိုးထဲ ဝင်သွားတော့ ဘာမှလုပ်လို့ မရဘူး ဖြစ်သွားတယ်။ မင်းတို့အနေနဲ့ကတော့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့ဦး။ တခြားအသင်းတွေနဲ့ ကုန်ရဦးမှာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တို့ နောက်ပွဲတွေလည်း အနိုင်ကန်ပြီး ခြောက်တန်းအေအတွက် ဒိုင်းဆုယူပေးပါ့မယ်"

ဟု ကျွန်တော်က အားလုံးကိုယ်စား ကတိပေးလိုက်သည်။

ကျွန်တော့်သူငယ်ချင်းများကလည်း ကျွန်တော့်ကဲ့သို့ပင် ယုံကြည်မှုအပြည့်ဖြင့် နောက်ဆက်ကန်ရမည့် ပွဲများကို အနိုင်ရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချထားကြပါသည်။

အလိမ္မာကလေးမဂ္ဂဇင်း၊

၂၀၂၀၊ ဧပြီလ။

✣



လမိုက်ည စွန့်စားမှု

# လမိုက်ည စွန့်စားမှု

မန်ကျည်းပင် ရွာကလေးသည် အိမ်ခြေတစ်ရာမျှသာ ရှိသော ရွာကလေး ဖြစ်သည်။ ရွာကလေးတွင် မူလတန်းကျောင်း တစ်ကျောင်းသာ ရှိသည်။ ထို့ကြောင့် ရွာရှိ စတုတ္ထတန်း အောင်မြင်ပြီးသော ကျောင်းသားများသည် အလယ်တန်းပညာ သင်ယူရန် မန်ကျည်းပင်ရွာနှင့် နှစ်မိုင်ခန့်ဝေးသော ညောင်ပင်ရွာသို့ ကျောင်းသွားတက်ရသည်။

မန်ကျည်းပင်ရွာကလေး၏ မူလတန်းကျောင်းတွင် ကျောင်းဆရာဟူ၍ ဆရာလေး ကိုစိုးနိုင်နှင့် ဆရာမကြီး ဒေါ်ထားရီသာ ရှိသည်။ ဆရာမကြီး ဒေါ်ထားရီက မန်ကျည်းပင်ရွာတွင် နေထိုင်သော ရွာခံဆရာမ ဖြစ်သည်။ ဆရာလေးကိုစိုးနိုင်ကတော့ မြို့ပေါ်မှနေ၍ လာရောက်တာဝန်ထမ်းဆောင်သော ကျောင်းအုပ်ဆရာ ဖြစ်သည်။ ဆရာလေးသည် ရွာထဲရှိ အိမ်တစ်အိမ်တွင် မနေထိုင်တော့ဘဲ ကျောင်းမှာပဲ နေထိုင်သည်။ ရွာရှိ ကျောင်းသားမိဘများက စတုတ္ထတန်းကျောင်းသား သုံးယောက်ကို ဆရာလေး အဖော်ရရှိစေရန် ညဘက်တွင် အတူအိပ်ခိုင်းသည်။ သူတို့၏ နာမည်မှာ အေးကျော်၊ မြသာနှင့် ကျော်ဦးတို့ ဖြစ်ကြသည်။ စတုတ္ထတန်းကျောင်းသားအရွယ် ဖြစ်သော်လည်း ကျောင်းထားနောက်ကျသဖြင့် သူတို့၏အသက်မှာ ဆဋ္ဌမတန်း အရွယ်လောက် ဖြစ်သည်။

မန်ကျည်းပင်ရွာလေးသည် လျှပ်စစ်မီးမရှိသော ရွာကလေး ဖြစ်သဖြင့် သူတို့သည် ညဘက်တွင် ဖယောင်းတိုင်မီး အလင်းရောင်ကိုသာ

အားကိုးရသည်။ ဆရာလေးသည် ညဘက် မအိပ်ခင် သူတို့အား ကျောင်းသင်ခန်းစာများကို ထပ်မံသင်ပေးသည်။ အခါအခွင့်သင့်သလို ဗဟုသုတရဖွယ်ရာ အကြောင်းအရာများကို ပြောပြတတ်သည်။

တစ်နေ့တွင် ဆရာလေးသည် အအေးမိပြီး ဖျားတော့သည်။ ဆရာဝန်မရှိသော ရွာဖြစ်သဖြင့် တိုင်းရင်းဆေးများကိုသာ ဆရာလေး မှီဝဲရသည်။ သို့သော်လည်း ဆရာလေး ခွင့်ယူ၍မရ။ ဆရာမဒေါ်ထားရီက ဆရာလေးကို နားခိုင်းသော်လည်း ဆရာလေးက ကလေးတွေကို စိတ်မချသဖြင့် ဖျားနေသည့်ကြားမှ အနွေးထည်ဝတ်ပြီး စာသင်သည်။ ညဘက်တွင် ဆရာလေး အဖျားတက်သည့်အခါ အဆင်သင့် သောက်နိုင်ရန် တပည့်သုံးယောက်က ရေနွေးအိုးကျိုပေးရသည်။

"ငါ့တပည့်တွေ မီးကိုတော့ သတိထားနော်။ တော်ကြာ ကျောင်းမီးလောင်လို့ စာသင်စရာမရှိ ဖြစ်လိမ့်မယ်"

ဟု ဆရာလေးက သတိပေးတတ်သည်။

"ဟုတ်ကဲ့ပါ ဆရာလေး"

နောက်သုံးရက်လောက် ကြာတော့ ဆရာလေး နေကောင်းစပြုလာပြီ။ သို့သော်လည်း ဖျားပြီးခါစ ဖြစ်သဖြင့် အားက နည်းနေသည်။

မုန့်စားကျောင်းဆင်းတွင် အေးကျော်တို့ သူငယ်ချင်းသုံးယောက်သားဆရာလေး အားနည်းနေသေးသည့်အကြောင်း ပြောဖြစ်ကြသည်။ ထိုအကြောင်းကို သူတို့သူငယ်ချင်း မိသင်းက ကြားသွားသည်။

"နင်တို့ ဆရာလေးကို ကြက်သားစွပ်ပြုတ် လုပ်တိုက်ပါလား"

ဟု မိသင်းက အကြံပေးသည်။

"ကြက်သားက ဘယ်က ရမှာလဲဟ"

ဟု မြသာက မိသင်းကို မေးသည်။

"နင်ကလည်း ငါတို့အိမ်မှာ ကြက်တွေ မွေးထားတယ်လေ။ ဒါပေမဲ့ ငါ့အဖေကို ငါမပြောရဲဘူး။ တို့တွေ ဆရာလေး ကြက်စွပ်ပြုတ်သောက်ရအောင် တိုင်ပင်ကြတာပေါ့"

ထို့နောက် မိသင်းနှင့် အေးကျော်တို့ သုံးယောက်သား တိုင်ပင်ကြသည်။ အစီအစဉ်က ညဘက် ကိုးနာရီတွင် မိသင်းက ကြက်ခြံတံခါးကို

သူ့အဖေ မသိအောင် ဖွင့်ပေးမည်။ အေးကျော်တို့က လာရောက်ပြီး ကြက်ခိုးရန် ဖြစ်သည်။ ကျော်ဦးက ချိုးကူသံဖြင့် သူတို့ ရောက်ပြီ ဆိုတာကို မိသင်းအား အသိပေးရမည် ဖြစ်သည်။

ညဘက်သို့ ရောက်တော့ သူတို့သုံးယောက် စိတ်လှုပ်ရှားနေကြသည်။ တစ်ခါမှ သူများပစ္စည်း မခိုးဖူးသဖြင့် ရင်တွေ တုန်နေသည်။ သို့သော် ဆရာလေး ကြက်စွပ်ပြုတ်သောက်ပြီး အားရှိစေဖို့ သူတို့စွန့်စားရမည်။ ဆရာလေးက ညရှစ်နာရီလောက်ကတည်းက အိပ်သွားပြီ။ အေးကျော်တို့က ဖယောင်းတိုင်ထွန်းပြီး စာကျက်ချင်ယောင် ဆောင်နေကြသည်။ ည ရှစ်နာရီခွဲသောအခါ ဖယောင်းတိုင်မီးမှုတ်ပြီး အိပ်ချင်ယောင်ဆောင်လိုက်ကြသည်။ သူတို့သာမဟုတ်။ မိသင်းကလည်း ကြက်ခြံတံခါးကို ဖွင့်ဖို့ စိတ်လှုပ်ရှားနေသည်။ မိသင်းက ကျော်ဦး၏ ချိုးကူသံကို နားထောင်ပြီး ကြက်ခြံတံခါးကို ဖွင့်ရမည် ဖြစ်သဖြင့် ချိုးကူသံကို နားစွင့်နေမိသည်။

ထို့နောက် အေးကျော်၊ မြသာနှင့် ကျော်ဦးတို့သည် ကျောင်းထဲမှ အသာကလေး ခိုးထွက်လာခဲ့ကြသည်။ မိုးရာသီ ဖြစ်သည့်အပြင် လမိုက်ညတစ်ညလည်း ဖြစ်သဖြင့် ရွာလမ်းမတွင် လူသွားလူလာ ပြတ်လပ်နေသည်။ မိသင်းတို့ အိမ်ကလေးက တခြားအိမ်တွေနှင့် မနီးဘဲ ကုန်းမြင့်ကလေးတစ်ခုအပေါ်မှာ ရှိသဖြင့် သူတို့ ချဉ်းကပ်ရာတွင် အဆင်ပြေသည်။ မိသင်းတို့အိမ်နားသို့ ရောက်သောအခါ ကျော်ဦးက ချိုးကူသံဖြင့် အချက်ပေးလိုက်သည်။ မိသင်းတို့အိမ်တွင် ခွေးကြီးငနီ မွေးထားသည်။ သို့သော်လည်း ငနီက အေးကျော်တို့ အုပ်စုနှင့် ယဉ်ပါးနေသဖြင့် ငနီက သူတို့ကို မဟောင်။ မိသင်းတို့ ခြံစပ်သို့ ရောက်တော့ အေးကျော်က -



"ငါ ဝင်ပြီး ကြက်တစ်ကောင်ကို ယူခဲ့မယ်။ မင်းတို့နှစ်ယောက်က ခြံပြင်ကနေ လူသွားလူလာ ကြည့်"

ဟု ပြောလိုက်သည်။

မြသာနှင့် ကျော်ဦးတို့က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် အေးကျော်သည် ခြံစည်းရိုး ဝါးတိုင်များအကြား အသာဝင်သွားကာ ကြက်ခြံအနီးသို့ ချဉ်းကပ်လိုက်သည်။ ကြက်ခြံတံခါးကို လက်ဖြင့် စမ်းလိုက်ရာ ပွင့်နေသည်ကို တွေ့ရသဖြင့် မိသင်း အချိန်မီ ဖွင့်ပေးလိုက်ပြီ ဆိုတာကို သိလိုက်သည်။ ထို့နောက် သူသည် အနီးဆုံး ကြက်တစ်ကောင်၏ ခြေထောက်နှစ်ချောင်းကို ဆွဲလိုက်ရာ ကြက်က လန့်ပြီး 'ကတော် ကတော်' နှင့် အဆက်မပြတ် အော်တော့၏။ ကြက်အော်သံကြောင့် မိသင်းတို့အဖေ ကိုစံရင်လည်း သိသွားသည်။ ထို့ကြောင့် 'သူခိုးဗျို့၊ သူခိုးဗျို့' ဟု အော်ဟစ်တော့သည်။

ထိုအခါ အေးကျော်သည် ဘာလုပ်ရမှန်း မသိတော့ဘဲ ကြက်၏ ခြေထောက်ကို ပြန်လွှတ်လိုက်ကာ ခြံပြင်သို့ ရောက်အောင် ပြေးထွက်လာခဲ့သည်။ အေးကျော်၏ အခြေအနေ မဟန်မှန်းသိသည်နှင့် မြသာနှင့် ကျော်ဦးတို့ကပါ တစ်ပြိုင်နက် ပြေးတော့သည်။ နောက်ဘက်က 'ကြက်သူခိုးဗျို့ .. ကြက်သူခိုး' ဟူသော အသံက ကြားနေရဆဲပဲ ဖြစ်သည်။ မြသာနှင့် ကျော်ဦးတို့က အေးကျော်ကို မစောင့်ဘဲ ပြေးသဖြင့် အေးကျော်က သူတို့ကို မီလာသောအခါ အပြစ်တင်တော့သည်။

"မင်းတို့နှစ်ကောင် တော်တော်ဟုတ်တဲ့ ကောင်တွေ၊ ငါ့တောင် မစောင့်ဘူး"

"ငါတို့လည်း ကြောက်တာကိုးကွ"

ဟု မြသာက ပြန်ပြောသည်။

ကံကောင်းတာက သူတို့သုံးယောက် မိသင်းတို့ အိမ်ကနေ ကျောင်းသို့ အပြန်လမ်းမှာ ဘယ်သူနှင့်မှ မတွေ့ဆုံတာပဲ ဖြစ်သည်။

သုံးယောက်သား ကျောင်းခြံဝင်းထဲသို့ ရောက်တော့မှပဲ သက်ပြင်းလုံးလုံး ချနိုင်တော့သည်။

"မောလိုက်တာကွာ"

ဟု မြသာက ရေရွတ်လိုက်သည်။

"တော်သေးတယ်၊ ငါတို့မှန်း မသိလို့၊ သိရင် ပြဿနာတက်ပြီ" ဟု ကျော်ဦးက ပြောသည်။

"မင်းတို့သာ မောနေ။ ငါက ကြက်ခြေထောက်ကို ကိုင်လိုက်တော့ ကြက်အော်တာနဲ့တင် လန့်သွားတာ။ အဲဒီမှာတင် မိသင်း အဖေက သူခိုး သူခိုးနဲ့ အော်တော့တာပဲ"

သူတို့သည် အသာဖွင့်ထားသော ကျောင်းတံခါးမှတစ်ဆင့် ကျောင်းထဲသို့ ချွတ်နင်း၍ ဝင်လိုက်ကြသည်။ သူတို့၏ အသံကြောင့် ဆရာလေး နိုးသွားမည်ကို သူတို့ စိုးရိမ်ကြသည်။

သူတို့သည် ကျောင်းထဲသို့ ရောက်သောအခါ ဖယောင်းတိုင်မီးရောင်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားကြသည်။ ဖယောင်းတိုင်ကို ကိုင်ထားသူက ဆရာလေး ဖြစ်သည်။

"မင်းတို့ ဘယ်က ပြန်လာကြတာလဲ"



ဆရာလေး ကိုစိုးနိုင်က သူတို့ကို မေးလိုက်သည်။

ဘာပြန်ပြောရမှန်း မသိဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ငါ ညဘက် ဆီးသွားချင်လို့ အိပ်ရာက ထလိုက်တော့ မင်းတို့ကို မတွေ့ရတော့ဘူး"

"ကျွန်တော်တို့ ရွာထဲ ခဏသွားတာပါ"

ဟု အေးကျော်က ဦးဆောင်ဖြေလိုက်သည်။

အေးနိုင်၏ လေသံမှာ မောသံပါနေသည်။

"ဒီအချိန် ရွာထဲကို သွားစရာ ဘာကိစ္စမှ မရှိဘူး။ မင်းတို့ အမှန်အတိုင်း ပြော။ မပြောရင် မင်းတို့ ငါနဲ့ လာမအိပ်နဲ့တော့။ ငါ့ဘာသာ ငါပဲ တစ်ယောက်တည်း အိပ်တော့မယ်"

ထို့ကြောင့် သူတို့သည် ဆရာလေးကို မလိမ်ညာရဲဘဲ အမှန်အတိုင်း ရှင်းပြလိုက်သည်။ ဆရာလေးက သူတို့ပြောစကားကို ဆုံးအောင် နားထောင် သည်။ ပြီးတော့မှ -

"အခုဟာက မင်းတို့ မှားတာက ဆရာ့အပေါ်ကို စေတနာကြောင့် မှားတာပဲ။ ဒါပေမဲ့ ဘာကြောင့်ပဲမှားမှား၊ အမှားက အမှားပဲ။ ကြက်သူခိုး ဆိုပြီး မိသင်းအဖေက မင်းတို့ကို မတော်တဆ လှံနဲ့ထိုးလိုက်ရင် ဘယ်လို လုပ်မလဲ။ နက်ဖြန်ခါကျမှ မိသင်းကို ခေါ်ပြီး ဆုံးမရမယ်။ မိသင်းအဖေ ကိုစံရင်ကိုလည်း မင်းတို့အစား တောင်းပန်ရမယ်။ မင်းတို့မိဘတွေကိုလည်း ပြောပြရမယ်။ တပည့်မကောင်း ဆရာ့ခေါင်းဆိုတော့"

ဟု ပြောသည်။

အေးကျော်၊ မြသာနှင့် ကျော်ဦးသည် ငြိမ်သက်စွာ နားထောင် နေကြသည်။

"သူများပစ္စည်း ခိုးတဲ့ကိစ္စက အကျင့်ဖြစ်သွားရင် နောက် မင်းတို့ အတွက် မကောင်းဘူး။ ငါလည်း ကြက်သားစွပ်ပြုတ်သောက်မှ အားပြန် ရှိမှာ မဟုတ်ပါဘူး။ အခုတောင် နေတော်တော် ပြန်ကောင်းလာပြီ။ မင်းတို့ နောက် ဒါမျိုး လုပ်ဦးမလား"

"ကျွန်တော်တို့ မှားပါတယ် ဆရာ။ နောက် ဒီလိုမဖြစ်စေရပါဘူး"

ဟု အေးကျော်တို့ သုံးယောက် ဆရာလေးအား ပြိုင်တူ ကတိပေး လိုက်ကြလေသည်။ ကျော်ဦးက အရဲစွန့်၍ -

"မိသင်း အဖေကိုတော့ ပြန်မပြောပါနဲ့ ဆရာလေး။ နောက်ဆို သူ ကြက်ပျောက်တိုင်း ကျွန်တော်တို့ကို ထင်မှာ စိုးလို့ပါ"

ဟု ပြောသည်။ မြသာက -

"ကျွန်တော်တို့ မိဘတွေနဲ့လည်း မတိုင်ပါနဲ့၊ အဖေက အရိုက် ကြမ်းလို့ပါ"

ဟု မျက်နှာငယ်လေးနှင့် ပြောသည်။

"ဒါက ငါဆုံးဖြတ်ရမယ့် ကိစ္စပါကွာ။ မင်းတို့သာ အိပ်တော့"

ဟု ဆရာလေးက ခတ်ဆတ်ဆတ်လေသံဖြင့် ပြောသည်။

သူတို့သုံးယောက်သည် အိပ်ရာထဲသို့ ရောက်သော်လည်း တော်တော် နှင့်အိပ်မပျော်ဘဲ နက်ဖြန်ခါအရေးကို တွေးပူလျက် ရှိကြသည်။

တောရှုပ်စုံ၊

၂၀၂၀၊ မေလ။

✣

"အိမ်မှာ ဖုန်းဆိုလို့ မေမေ့ဖုန်းတစ်လုံးတည်းပဲ ရှိတာလေ။ အရေးအကြောင်းဆို မေမေ့ဆီ ဆက်လို့ရအောင် သမီး ဖုန်းနံပါတ်ကို အလွတ် ကျက်ထားတာပေါ့"

# နီလာနဲ့သီတာ



# နီလာနဲ့ သီတာ

(၁)

နီလာနှင့် သီတာ ညီအစ်မများ ဖြစ်ကြသည်။ နီလာက သတ္တမတန်းကျောင်းသူ ဖြစ်ပြီး သီတာက ပဥ္စမတန်းကျောင်းသူ ဖြစ်သည်။ နီလာက စာကြိုးစားသည်။ ကျောင်းချိန်နှင့် ကျူရှင်ချိန်များမှအပ တခြားအချိန်တိုင်းတွင် စာအုပ်နှင့်မျက်နှာ မခွာဘဲ အမြဲလိုလို စာကျက်နေတတ်သည်။ သို့မဟုတ် သင်္ချာပုစ္ဆာများကို တွက်နေတတ်သည်။ ထို့ကြောင့် အတန်းထဲတွင် နီလာသည် အမြဲလိုလို အဆင့်ကောင်းလေ့ ရှိသည်။

သီတာကတော့ နီလာ့လောက် စာမဖတ်ပေ။ သို့သော် သီတာက နီလာ့လို စာတစ်မျိုးတည်း မဟုတ်။ အပြင်စာ ဖြစ်သည့် ကာတွန်းများကိုလည်း ဖတ်သည်။ တခြား ဗဟုသုတ ရနိုင်သည့် စာအုပ်များကိုလည်း ဖတ်သည်။ သီတာက ရေကူးသင်တန်း တက်ချင်သည်ဟု ပူဆာပြန်သည်။ မေမေက-

"သမီး တစ်နှစ်လောက် စောင့်ပါဦး"

ဟု ပြောပြီး ချော့မော့ထားရသည်။

နီလာနှင့်သီတာတို့ မိသားစုသည် ရန်ကင်း တိုက်ခန်းတစ်ခန်းတွင် နေထိုင်သူများ ဖြစ်သည်။ ဖေဖေက သင်္ဘောအရာရှိ တစ်ယောက် ဖြစ်ပြီး လစာအထိုက်အလျောက် ကောင်းသည်။ မေမေကတော့ တခြားဘာအလုပ်မှ မလုပ်ဘဲ သမီးနှစ်ယောက်၏ ဝေယျာဝစ္စများနှင့်ပဲ အချိန်ကုန်သည်။ နီလာသည် အိမ်နီးနားချင်းများနှင့် မျက်မှန်းတန်းမိရုံသာ ရှိသည်။ ပင်ကိုဗီဇအရ

စကားနည်းသူ ဖြစ်ပြီး စကားပြောလျှင်သာ ခပ်တိုးတိုးသာ ပြောတတ်သူ ဖြစ်သည်။ သီတာကတော့ ထိုသို့ မဟုတ်။ အိမ်နီးနားချင်းများနှင့်ပါမက သူတို့တွေ မွေးထားသော ခွေးလေးတွေနှင့်ပါ သိကျွမ်းသူ ဖြစ်သည်။ တစ်ယောက်ယောက်ကိုလည်း သူ့ဘက်က စတင်၍ နှုတ်ဆက်ရမည်ကို ဝန်လေးသူတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် အနီးအနားပတ်ဝန်းကျင်ရှိ သူများက နီလာ့ထက်စာလျှင် သီတာ့ကို ပို၍ ခင်မင်ကြသည်။

(၂)

တစ်ခုသော တနင်္ဂနွေနေ့ ဖြစ်သည်။ နီတာသည် ဧည့်ခန်းထဲတွင် သင်္ချာတွက်နေသည်။ သီတာကတော့ အခန်းထဲတွင် ကာတွန်းစာအုပ်တစ်အုပ်ကို ဖတ်နေသည်။ မေမေက -

"ကဲ… သမီးတို့၊ မေမေ ဈေးဝယ်စရာရှိလို့ ခဏသွားလိုက်ဦးမယ်။ သိပ်မကြာပါဘူး။ နာရီဝက်လောက်ပဲ ကြာမယ်"

ဟု ပြောသည်။ အခန်းထဲရှိ သီတာက -

"ဟုတ်ကဲ့… မေမေ"

ဟု ပြန်ပြောသည်။ နီလာကတော့ ခေါင်းညိတ်ရုံမျှသာ ညိတ်ပြသဖြင့် မေမေ မမြင်လိုက်ပေ။

နီလာသည် သင်္ချာတစ်ပုဒ်ကို တွက်နေရာ အဖြေမရပေ။ ထို့ကြောင့် တွက်ရင်းတွက်ရင်း တစ်ယောက်တည်း စိတ်တိုလာသည်။ တွက်ပြီးသား အကြမ်းစာရွက်များကို ဆုတ်ဖြဲလိုက်ပြီး နောက်စာရွက် အသစ်များကို ယူကာ တွက်တော့သည်။ ထိုစဉ် နီလာ၏ နှာခေါင်းဝသို့ ညှော်နံ့ကို ရလိုက်သည်။ သို့သော် ထိုညှော်နံ့က ဘေးအိမ်က လာသည်ဟု ထင်ပြီး တွက်လက်စပုစ္ဆာကိုသာ ဆက်လက် တွက်နေမိသည်။ ထိုစဉ် အခန်းထဲမှ သီတာ ထွက်လာပြီး နီလာ့ကို မေးသည်။

"မမနီလာ ညှော်နံ့မရဘူးလား၊ ညီမလေး ညှော်နံ့ရသလိုပဲ"

နီလာသည် သူ သင်္ချာတွက်နေသည်ကို အနှောင့်အယှက် လာပေးသည်ဟု ထင်လိုက်သည်။ ဘာမှ ပြန်မပြောဘဲ ပုစ္ဆာထဲမှာသာ အာရုံဝင်စားနေမိသည်။ ညှော်နံ့ကတော့ တဖြည်းဖြည်း ပြင်းထန်လာသည်ဟု ထင်မိသည်။

သီတာသည် နီလာ့ကို ဘာမှ မပြောတော့ဘဲ မီးဖိုခန်းထဲသို့ ဝင်ကြည့်လိုက်သည်။ မီးဖိုခန်းထဲရှိ လျှပ်စစ်မီးဖိုပေါ်တွင် အိုးတစ်လုံး တင်ထားပြီး ထိုအိုးမှ မီးခိုးတွေ ထွက်နေသည်ကို တွေ့လိုက်ရ၏။

"မမ… ဒီမှာ ကြည့်ဦး။ မီးဖိုကနေ မီးခိုးတွေ ထွက်နေတာ"

ဟု သီတာက အော်ပြောသည်။

ထိုအခါကျမှ နီလာသည် မီးဖိုထဲသို့ ဝင်ကြည့်လိုက်သည်။ မီးဖိုပေါ် တင်ထားသော အိုးမှ အငွေ့များ ထွက်နေသည်ကို တွေ့လိုက်ရသောအခါ ဘာလုပ်ရမှန်း မသိဘဲ အပြင်ဘက်သို့ ပြန်ပြေးထွက်လာသည်။ သူတို့ တိုက်ခန်းကို တံခါးများ ပိတ်ထားသဖြင့် မီးခိုးငွေ့များက အပြင်ဘက်သို့ မရောက်သေးပေ။ ထို့ကြောင့် ပတ်ဝန်းကျင်ရှိ လူများက ညှော်နံ့ကို ရုတ်တရက် မရသေးပေ။

"မမ… မေမေ့ဆီ ဖုန်းဆက်ပါလား"

ဟု သီတာက ပြောသည်။

"ဖုန်းမှ မရှိတာ"

ဟု နီလာက ပြန်ပြောသည်။

သူတို့အိမ်တွင် လက်ကိုင်ဖုန်းက မေမေ့ဆီမှာပဲ ရှိသည်။ သမီး နှစ်ယောက်စလုံးကို ဖုန်းပေး မသုံးပေ။ သီတာသည် နီလာ့ကို ဘာမှမပြောတော့ဘဲ တိုက်ခန်းတံခါး ဖွင့်လိုက်ကာ အောက်ထပ်သို့ ပြေးဆင်းသွားသည်။ ထို့နောက် အောက်ထပ်ရှိ ဦးအောင်မြင့်ကို တွေ့သောအခါ -

"ဦးလေး၊ ဖုန်းခဏလောက် ငှားပါ၊ မေမေ့ဆီ ဆက်ချင်လို့ပါ"

ဟု သီတာက ပြောလိုက်သည်။

ဦးအောင်မြင့်က သူ့ဖုန်းကို သီတာ့ဆီသို့ ပေးလိုက်သည်။ သီတာသည် ဦးအောင်မြင့်၏ အနားမှ ပြေးထွက်လိုက်ပြီး မေမေ့၏ ဖုန်းကို ဆက်လိုက်သည်။ ကံကောင်း၍ မေမေက ဖုန်းချက်ချင်း ကိုင်သည်။

"မေမေ၊ သမီး သီတာ ဆက်တာပါ။ မီးဖိုပေါ်က အိုးက အငွေ့တွေ ထွက်နေတယ်။ ညှော်နံ့တွေလည်း ထွက်နေတယ်။ ဘယ်လို လုပ်ရမလဲ"

ဖုန်းဆက်သော သီတာ့၏အသံက တုန်ယင်နေသည်။ ထိုအခါကျမှ မေမေ သတိရသွားသည်။

"ဟုတ်ပါရဲ့၊ အမဲသားအိုးကို မီးဖိုပေါ်တင်ပြီး ခလုပ်မပိတ်မိလိုက်ဘူး။ သမီး မိန်းဆွတ်ချ်ကို သိတယ်မဟုတ်လား။ တိုင်ကပ်နာရီနားက ခလုတ်လေ။ အဲဒါကို အောက်ကို ဆွဲချလိုက်။ မေမေ ချက်ချင်း ပြန်လာခဲ့မယ်"

ထို့နောက် သီတာသည် ဦးအောင်မြင့်၏ ဖုန်းကိုပင် ပြန်မပေးနိုင်ဘဲ တိုက်ခန်းပေါ်သို့ အလျင်စလို ပြေးတက်သွားသည်။ အပေါ်ထပ်တွင် အခိုး အငွေ့များက ပိုများနေပြီ။ သီတာသည် သူ့အရပ်နှင့် မမီမကမ်း ဖြစ်နေသော မိန်းခလုတ်ကို ဆွဲချလိုက်သည်။ ကံအားလျော်စွာ ခလုတ်ပိတ်လို့ ရသွားသည်။

နီလာကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ဧည့်ခန်းထဲမှာ ငူငူကြီး ရပ်နေသည်။ သီတာသည် မိန်းခလုတ်ကို ချပြီးသည်နှင့် အောက်ထပ်သို့ ဆင်းကာ ဦးအောင်မြင့်၏ ဖုန်းကို ပြန်ပေးလိုက်သည်။



"ကျေးဇူးတင်ပါတယ် ဦး"

ဦးအောင်မြင့်က နှာခေါင်းရှုံ့လိုက်ရင်း -

"သမီး၊ နှာခေါင်းထဲမှာ ညှော်နံ့တွေ ရသလားလို့"

ဟု သီတာ့ကို မေးလိုက်သည်။

"ဟင်းအိုးတူးတာ နေမှာပေါ့ ဦးရယ်"

ဟု သီတာက ပြန်ပြောလိုက်သည်။

ထိုစဉ် မေမေသည် မြန်မြန် ပြန်ရောက်အောင် နီး စပ်ရာတက္ကစီတစ်စီးငှားပြီး ပြန်လာသည်ကို တွေ့လိုက်ရသည်။

မေမေက သီတာ့ကို သတိမထားနိုင်တော့ဘဲ

အိမ်ပေါ်သို့ အပြေးအလွှား တက်သွားသည်။ သီတာလည်း မေမေ့နောက်က ပြေးတက်သွားသည်။

မေမေသည် အိမ်သို့ ရောက်ရောက်ချင်း မီးဖိုခန်းထဲသို့ ဝင်ကာ မီးဖိုပေါ်ရှိ ဟင်းအိုးကို ကြည့်လိုက်သည်။ အဓိကခလုတ် ပိတ်လိုက်သဖြင့် မီးဖိုဆီသို့တော့ မီးမရောက်တော့။ မီးဖိုခန်းတစ်ခုလုံး မီးခိုးငွေ့၊ ညှော်နံ့တွေဖြင့် မွန်ထူနေသည်။ မီးဖိုပေါ် တင်ထားသော အမဲသားအိုးမှာ ရေတွေ ကုန်ပြီး ခန်းခြောက်သွားရာမှ တူးပြီး ညှော်နံ့တွေ ထွက်လာခြင်းပင် ဖြစ်သည်။ မေမေက ဟင်းအိုးကို လက်နှီးဖြင့် ကိုင်ကာ မီးဖိုပေါ်က ချလိုက်သည်။ အိုးထဲက အမဲသားများကတော့ စားမရတော့၊ တူးခြစ်ကုန်ပြီ။

မေမေသည် သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်သည်။

"တော်သေးတာပေါ့ သီတာရယ်။ သမီး ဖုန်းဆက်လို့။ နို့မို့ဆို မီးလောင်ပြီး မေမေ ထောင်ကျမှာ"

ဟု ပြောသည်။

ထိုအခါကျမှ နီလာလည်း မီးဖိုထဲ ဝင်လာသည်။ မေမေက နီလာ့ကို မေးသည်။

"သမီးက အကြီးပဲ။ တကယ်ဆို သမီးက မေမေ့ဆီ ဖုန်းဆက်ရမှာ၊ ဘာဖြစ်လို့ မဆက်တာလဲ"

"သမီးမှာ ဖုန်းမှ မရှိတာ။ နောက်ပြီး သမီးက မေမေ့ဖုန်းနံပါတ်ကိုလည်း မသိဘူး"

ဟု နီလာက ခပ်တိုးတိုးလေသံဖြင့် ပြန်ဖြေသည်။

"သီတာကကော မေမေ့ဖုန်းနံပါတ် ဘယ်လိုလုပ် သိတာလဲ"

ဟု မေမေက မေးသည်။

"အိမ်မှာ ဖုန်းဆိုလို့ မေမေ့ဖုန်းတစ်လုံးတည်းပဲ ရှိတာလေ။ အရေးအကြောင်းဆို မေမေ့ဆီ ဆက်လို့ရအောင် သမီး ဖုန်းနံပါတ်ကို အလွတ်ကျက်ထားတာပေါ့"

ဟု သီတာက သွက်လက်စွာ ပြန်ဖြေသည်။

ထိုစဉ် သူတို့တိုက်ခန်းရှေ့ လမ်းမပေါ်တွင် လူအများ ရုံးစုရုံးစု ဖြစ်နေကြသည်။ သူတို့အချင်းချင်း ပြောသံများကိုလည်း ကြားနေရသည်။

"ညှော်နံ့တွေ မွှန်နေတာပဲ။ ဘယ်အိမ် မီးလောင်လဲ မသိဘူး"

"ကိုယ့်ဘာသာကိုယ်များ ကျိတ်ပြီး မီးငြိမ်းနေကြလား မသိဘူး"

"ညှော်နံ့တွေ တဖြည်းဖြည်းတော့ လျော့သွားသလိုပဲ၊ မီးလောင်တယ် ဆိုလည်း ဘယ်အိမ်ကဆိုတာ သိမှာပါ။ ဒီနားမှာ လူမရှိတဲ့ အိမ်မှ မရှိတာ"

နီလာနှင့် သီတာတို့၏ တိုက်ခန်းမှာတော့ အနံ့တွေက မပျောက်သေးပေ။ မွှန်ထူနေတုန်းပဲ ဖြစ်သည်။ မေမေက အနံ့တွေ ပျောက်သွားအောင် အဲယားကွန်း ဖွင့်သည်။

သည်ကိစ္စနှင့် ပတ်သက်ပြီး မေမေက နီလာ့ကို အပြစ်မတင်သော်လည်း သီတာ့ကိုတော့ ချီးကျူးသည်။

"ငါ့သမီးလေး တော်လိုက်တာ။ သမီးကြောင့် မေမေ ဒုက္ခမရောက်တာ"

## (၃)

နောက်ဆယ်ရက်လောက် ကြာသောအခါ ဖေဖေ သင်္ဘောမှ ပြန်ဆင်းလာသည်။ မေမေက ထိုအကြောင်းကို ဖေဖေအား ပြန်ရှင်းပြသည်။ ဖေဖေသည် ထိုသတင်းကို ကြားကြားချင်း ရင်ဘတ်ကို လက်ဖြင့် ဖိလိုက်သည်။

"ကြည့်လည်း လုပ်ပါ အမေကြီးရာ။ သင်္ဘောက ပြန်ဆင်းလာတဲ့အခါ နေစရာ အိမ်မရှိတဲ့အပြင် ထောင်ထဲ ရောက်အောင်တော့ မပို့လိုက်ပါနဲ့"

"အဖေကြီးရေ၊ အဲဒီနေ့က ဟင်းချက်နေတုန်း မီးပျက်သွားလို့ ဟင်းအိုးကို မေ့သွားတာ။ တခြားဝယ်စရာတွေရှိလို့ ဆိုပြီး အိမ်ကို သူတို့ နှစ်ယောက်နဲ့ ထားခဲ့ပြီး အပြင်ခဏ ထွက်သွားတာ။ အဲဒီအချိန် မီးက ပြန်လာတော့ ဟင်းအိုးတူးပြီး ပြဿနာတွေ ဖြစ်ကုန်တာ"

"ဘာပဲပြောပြော အမေကြီးရယ်။ မီးကိုတော့ ဂရုစိုက်ပါကွာ။ နောက်တစ်ခါ ဒါမျိုး မဖြစ်ပါစေနဲ့တော့"

ဟု ဖေဖေက ပြောသည်။ ထို့နောက် ဖေဖေက နီလာ့ကို ပြောသည်။

"သမီး စာတော်တယ်၊ စာကြိုးစားတယ် ဆိုလို့ ဖေဖေ ဝမ်းသာပါတယ်။ သမီးအတွက် ဂုဏ်လည်း ယူပါတယ်။ ဒါပေမဲ့ စာချည်းတော်လို့ မပြီးဘူး။ ပတ်ဝန်းကျင်ကို သတိထားပြီး စူးစမ်းတတ်ဖို့လည်း လိုသေးတယ်။

နောက် သမီးအသက်ကြီးလို့ လုပ်ငန်းခွင်ဝင်တဲ့ အခါကျရင် ပိုပြီးတော့ သီလာလိမ့်မယ်''

ထိုစဉ် မေမေကလည်း ဝင်ပြောသည်။

''ဟုတ်တယ် သမီး။ ညီမလေး သီတာကို ကြည့်ပါလား။ သူ့ သမီးလောက် စာတော်တာ မဟုတ်ဘူး။ ဒါပေမဲ့ သူ ပါးရည်နပ်ရည် ရှိလို့ မေမေတို့ မိသားစုရေ၊ တစ်ရပ်ကွက်လုံးပါ ဒုက္ခမရောက်တာ''

''ဟုတ်ကဲ့ပါ… မေမေ''

ဟုပဲ နီလာ ပြန်ပြောလိုက်ရသည်။ နီလာ့စိတ်ထဲမှာတော့ တချို့ ကိစ္စတွေမှာ သီတာ့လောက် သူ ဖြတ်ထိုးဉာဏ် မကောင်းတာကို ဝန်ခံလိုက်ရသည်။

အလိမ္မာ ကလေးမဂ္ဂဇင်း၊

၂၀၂၀၊ ဇူလိုင်လ။

✣


"ခင်ဗျားရဲ့သား တော်တယ်ဗျာ။ ဒီအရွယ်လေးနဲ့
အိမ်ရဲ့ စီးပွားရေးကို ဝိုင်းကူဖော် ရနေပြီ။
ကဲ… သားလေး၊ ဦးလေးက ချစ်လို့ စတာ။ မငိုနဲ့နော်"
စားပွဲထိုးကလေး

## စားပွဲထိုးကလေး

(၁)

မြတ်ကိုသည် ပဉ္စမတန်း ဖြေဆိုပြီးသော ကျောင်းသားလေး တစ်ယောက် ဖြစ်သည်။ မြတ်ကိုတို့ မိသားစုသည် လက်ဖက်ရည်ဆိုင် ဖွင့်ထားသည်။ သူတို့အိမ်သည် မျက်နှာစာ လမ်းမတန်းတွင် ရှိသဖြင့် နေရာ ကောင်းလှသည်။ လက်ဖက်ရည်ဆိုင်ဟု ဆိုသော်လည်း လက်ဖက်ရည် တစ်မျိုးတည်း ရောင်းချခြင်း မဟုတ်။ လက်ဖက်ရည်နှင့် တွဲဖက်စားသုံးရသော ပလာတာ၊ အီကြာကွေး၊ နံပြား၊ စမူဆာ တို့အပြင် မုန့်ဟင်းခါး၊ ဆီချက် ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲများကိုပါ ရောင်းချသည်။

မြတ်ကိုတို့ ဆိုင်တွင် စားပွဲထိုးများ ငှားရမ်းထားသော်လည်း နွေရာသီ ကျောင်းပိတ်ရက်များနှင့် ကြုံကြိုက်လျှင် မြတ်ကိုသည် ဝင်ရောက်ပြီး စားပွဲထိုးပေးလေ့ ရှိသည်။

"ဦးလေး၊ ဘာစားမလဲ"

"အစ်ကိုကြီးတို့ ဘာမှာမလဲ"

"အန်တီတို့ ဘာမှာမလဲ"

ဟု တစ်ဝိုင်းပြီး တစ်ဝိုင်း သွားပြီး သွက်သွက်လက်လက် မေးမြန်း လေ့ရှိသည်။

မြတ်ကိုသည် လာရောက် စားသုံးသူများအား လိုက်လံ မေးမြန်း တတ်သည်။ ထို့နောက် လက်ဖက်ရည်ဖျော်ရာ၊ မုန့်လုပ်ရာ နေရာများသို့

သွားရောက် မှာပေးတတ်သည်။ တကယ်တမ်း လက်ဖက်ရည်ခွက်များ၊ မုန့်များ လာချတာကတော့ စားပွဲထိုးလေးတွေပဲ ဖြစ်သည်။ ဖေဖေကလည်း ကျောင်းပိတ်ရက်တွင် တစ်ဖက်တစ်လမ်းက ကူညီတတ်သော မြတ်ကို၏ အပြုအမူကို သဘောကျသည်။ မေမေကတော့ -

"သား အဲသလောက် စားပွဲထိုးချင်ရင် မေမေတို့ စားပွဲထိုး တစ်ယောက် လျှော့ပြီး ငှားလိုက်မယ်"

ဟု ပြောတတ်သည်။

(၂)

မြတ်ကိုသည် သူတို့ လက်ဖက်ရည်ဆိုင်သို့ လာရောက် စားသုံးသူများအနက် ဦးကျော်စိုး ဆိုသောလူကြီးကို ပို၍ သတိထားမိသည်။ ဦးကျော်စိုးသည် မြတ်ကိုတို့ ရပ်ကွက်ထဲကဖြစ်ပြီး ဖေဖေနှင့် သိကျွမ်းသည်။ သူ၏အိမ်နှင့် မြတ်ကိုတို့ ဆိုင်မှာ နည်းနည်းလေး လှမ်းသောကြောင့် သူလာလျှင် ကားဖြူလေး မောင်းပြီး လာလေ့ရှိသည်။ မနက် ရှစ်နာရီခွဲလောက် ဆိုလျှင် ဦးကျော်စိုး ရောက်လာနေကျဖြစ်သည်။ ဦးကျော်စိုးသည် ရောက်သည်နှင့် ရှမ်းခေါက်ဆွဲတစ်ပွဲ အရင်မှာသည်။ ရှမ်းခေါက်ဆွဲ ကုန်တော့မှ လက်ဖက်ရည် ချိုဆိမ့် တစ်ခွက် မှာသောက်သည်။

သည်နေ့လည်း ထုံးစံအတိုင်း ဆိုင်လူကျချိန်တွင် ဦးကျော်စိုး ရောက်လာသည်။ ဝိုင်းအလွတ် တစ်လုံးတွင် သူထိုင်လိုက်သည်နှင့် မြတ်ကို သည် သူ့အနားသို့ သွားလိုက်သည်။

"ဦးလေး ရှမ်းခေါက်ဆွဲပဲလား"

ဟု မေးလိုက်သည်။

"ဟုတ်တယ် သားလေး"

ဟု ဦးကျော်စိုးက ပြန်ပြောသည်။

ထို့နောက် ဦးကျော်စိုးသည် သူ့ဟန်းဖုန်းကို ထုတ်ယူပြီး ဖေ့ဘွတ်ခ် ကြည့်နေသည်။

မြတ်ကိုသည် ဦးကျော်စိုး ရှမ်းခေါက်ဆွဲ စားပြီးချိန်၌ စားပွဲထိုးလေး တစ်ယောက်ကို လက်ဖက်ရည်ချိုဆိမ့်တစ်ခွက် ပို့ပေးရန် ပြောလိုက်သည်။

စားပွဲထိုးလေးက လက်ဖက်ရည်ခွက်ကို ယူ၍ ဦးကျော်စိုး၏ ဝိုင်းသို့ သွားရောက် ချပေးရန် ဟန်ပြင်လိုက်သည်။ မြတ်ကိုသည် ရုတ်တရက် စိတ်ပြောင်းသွားသည်။ သူ့စိတ်ထဲတွင် ဦးကျော်စိုးကို ခင်မင်ရင်းနှီးစိတ် ပေါ်ပေါက်လာသည်။ ထို့ကြောင့် သူကိုယ်တိုင် လက်ဖက်ရည်ခွက်ကို ချပေးဖို့ စားပွဲထိုးလေးဆီက လက်ပြောင်းယူလိုက်သည်။

ဦးကျော်စိုးက မြတ်ကိုကို မြင်သောအခါ ပြုံးပြသည်။ မြတ်ကို လက်ဖက်ရည်ခွက် ချပေးသောအခါ သူက ခေါင်းခါယမ်းပြလိုက်သည်။

"ဦးလေးက ရှမ်းခေါက်ဆွဲပဲ မှာတာ သားရဲ့၊ လက်ဖက်ရည် မမှာပါဘူး"

ဦးကျော်စိုး ပြောလိုက်သည့် စကားကြောင့် မြတ်ကို အံ့အားသင့်သွားသည်။ ထို့ကြောင့် -

"ဦးလေး အရင်နေ့တွေတုန်းကဆို ရှမ်းခေါက်ဆွဲမှာပြီး လက်ဖက်ရည် မှာတာပါ။ ဒါကြောင့်မို့ ..."

ဟု ပြောပြီး မြတ်ကိုသည် ဘာဆက်ပြောရမှန်း မသိ ဖြစ်နေသည်။



“ဟုတ်တယ် သားရဲ့၊ အရင်နေ့တွေတုန်းက လက်ဖက်ရည် မှာတယ်။ ဒီနေ့မှ ဦးလေး လက်ဖက်ရည်မသောက်ချင်လို့။ သား ပြန်ယူသွားနော်”

ဦးကျော်စိုးက မြတ်ကိုကို ကြည့်ပြီး ရယ်နေသည်။

တခြားဝိုင်းက လူများကပါ ဝိုင်းအုံကြည့်နေကြသဖြင့် မြတ်ကိုသည် ငိုမဲ့မဲ့ ဖြစ်လာသည်။ လက်ဖက်ရည်ခွက်ကို ကြည့်ပြီး ပြန်ယူသွားဖို့ ဟန်ပြင်လိုက်စဉ် -

“ဟော့… ကိုကျော်စိုး၊ ကျွန်တော့်သားနဲ့ ဘာတွေ ပြောနေတာလဲဗျ” ဟု ပြောပြီး အနားသို့ ဖေဖေ ရောက်လာသည်။

ဖေဖေ ရောက်လာသဖြင့် မြတ်ကို ပျော်သွားသည်။

“ကျွန်တော် သက်သက်မဲ့ ခင်ဗျားသားကို စနေတာဗျ။ ကျွန်တော် အရင်တုန်းကဆို ရှမ်းခေါက်ဆွဲစားပြီးမှ လက်ဖက်ရည် မှာသောက်တာဗျ။ ဒီနေ့မှ လက်ဖက်ရည် မှာမလို့ရှိသေး၊ ခင်ဗျားသားက အလိုက်တသိ လာချပေးတာဗျ။ အဲဒီမှာတင် ကျွန်တော်လည်း သူ့ကို စချင်တာနဲ့၊ လက်ဖက်ရည် မမှာတော့ဘူးလို့ ပြောနေတာ”

ဦးကျော်စိုးက ဖေဖေ့ကို ရှင်းပြနေသည်။

ထို့နောက် ဦးကျော်စိုးက မြတ်ကို၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး-

“ခင်ဗျားရဲ့သား တော်တယ်ဗျာ။ ဒီအရွယ်လေးနဲ့ အိမ်ရဲ့ စီးပွားရေးကို ဝိုင်းကူဖော် ရနေပြီ။ ကဲ… သားလေး၊ ဦးလေးက ချစ်လို့ စတာ။ မငိုနဲ့နော်”

ဦးကျော်စိုးသည် လက်ဖက်ရည်ကို မော့သောက်လိုက်သည်။ ထို့နောက် ငွေရှင်းကာ ဖေဖေ့ကို နှုတ်ဆက်ပြီး ကားမောင်းကာ ပြန်ထွက်သွားသည်။ အဲသည်ကိစ္စနှင့် ပတ်သက်ပြီး ဖေဖေက ရှင်းပြသည်။

“ဦးကျော်စိုးက စီးပွားရေး လုပ်ငန်းရှင်ကြီး သားရဲ့၊ ဖေဖေတို့ဆိုင်က ရှမ်းခေါက်ဆွဲကို ကြိုက်လို့ နေ့တိုင်း လာအားပေးနေတာ။ သူက သားကို ချစ်လို့ စတယ်လို့ ပြောတာ။ တကယ်တော့ သားကို သူ သင်ခန်းစာ ပေးသွားတာ”

ဖေဖေ့စကားကြောင့် မြတ်ကို အံ့အားသင့်သွားသည်။

“ဘာသင်ခန်းစာ ပေးတာလဲ ဖေဖေ”

"သားက ဆိုင်ပိုင်ရှင်ရဲ့ သားဆိုပေမဲ့ လောလောဆယ် စားပွဲထိုး လုပ်နေတာလေ။ စားပွဲထိုး ဆိုတာ လာစားတဲ့သူ မှာတာကိုပဲ ယူပေးရတာ လေ။ သူတို့ပြောတဲ့စကားကို အရင်နားထောင်ရတယ်။ လက်ဖက်ရည် နေ့တိုင်း သောက်နေပေမဲ့ ကော်ဖီသောက်ချင်တဲ့ နေ့လည်း ရှိချင်ရှိဦးမှာပေါ့။ အဲဒီတော့ သူတို့ဘက်က မမှာမချင်း ကိုယ့်ဘက်က ဘာမှကြိုမလုပ်ရဘူး"

ဖေဖေ၏စကားကို မြတ်ကို ဆက်နားထောင်နေမိသည်။

"ဒါက လက်ဖက်ရည်တစ်ခွက်ပဲ ရှိသေးတယ်။ လက်ဖက်ရည် တစ်ခွက်ဖိုး မှားသွားတာက ပြဿနာ မရှိသေးဘူး။ တကယ်လို့များ သူ့ထက် ပိုပြီး တန်ဖိုးရှိတဲ့ ကြီးကြီးမားမားတွေ မှားသွားရင် ဘယ်လိုလုပ်မလဲ။ သားကို ဦးကျော်စိုးက လက်ဖက်ရည်တစ်ခွက်နဲ့ သင်ခန်းစာ ပေးသွားတာ။ သား ယူတတ်ရမယ်နော်"

ဟု ဖေဖေက ရှင်းပြသည်။

"သား နားလည်ပါပြီ ဖေဖေ၊ နောက်ဆို သား ဘာမှ ကြိုမလုပ် တော့ပါဘူး"

ဟု မြတ်ကိုက ပြောလိုက်သည်။

✣



မာလကာပင်စိုက်ပျိုးရေး

## မာလကာပင် စိုက်ပျိုးရေး

(၁)

ကျော်ဇင်တို့ ခြံထဲတွင် မာလကာပင်ကြီး တစ်ပင် ရှိသည်။ သို့သော်လည်း မာလကာပင်ကြီးသည် တစ်ပင်မှ နှစ်ကိုင်းခွဲဖြာသွားသဖြင့် အဝေးကနေ ကြည့်လျှင် နှစ်ပင်ဟုထင်ရသည်။ ကျော်ဇင်တို့ ဖေဖေသည် နွေရာသီကတည်းက သစ်ရွက်ခြောက်များကို မာလကာပင်ခြေရင်းတွင် စုပုံထားသည်။

ထို့နောက် မိုးတွင်းကာလ မိုးဖြိုင်ဖြိုင်ရွာသွန်းသော အချိန်တွင် သစ်ရွက်ခြောက်များက မြေဆွေး ဖြစ်သွားကာ သစ်ပင်ကို ပြန်၍ အကျိုးပြုသည်။

ဖေဖေက မာကလာပင်ကြီးကို ဓာတ်မြေသြဇာ မထည့်ဘဲ သဘာဝမြေသြဇာပဲ သုံးတတ်သည်။ ထို့ကြောင့် သီးချိန်တန်ပြီ ဆိုလျှင် ကျော်ဇင်တို့ မာလကာပင်ကြီးသည် အသီးတွေ ဝေဝေဆာဆာနှင့် ပြွတ်ခဲနေအောင် သီးတတ်သည်။

ကျော်ဇင်တို့ မာလကာပင်ကြီးသည် ဇွန်လလယ်လောက်ဆိုလျှင် အပွင့်များ စပွင့်သည်။ ထို့နောက် အပွင့်များ ကြွေသောအခါ အကင်းကျန်ခဲ့သည်။ ထိုအကင်းသည် တဖြည်းဖြည်း ကြီးလာသောအခါ အသီးအဖြစ်သို့ ရောက်ရှိသွားသည်။ မာလကာသီး အူဖြူသီးနှင့် အူနီသီးတို့ရှိသည့်အနက် ကျော်ဇင်တို့အိမ်က မာလကာပင်က အူဖြူသီး ဖြစ်သည်။

မာလကာသီးများ ပွချိန်သို့ ရောက်ပြီဆိုလျှင် ကျော်ဇင်သည် မာလကာပင်ပေါ်သို့ တက်၍ မှည့်နေသော အသီးများ၊ ပွနေပြီ ဖြစ်သည့် အသီးများကို လိုက်ရှာပြီး တစ်လုံးပြီး တစ်လုံး ခူးစားတတ်သည်။ တချို့ မာလကာသီးများမှာ အပြင်ပန်းက ကြည့်လျှင် မှည့်နေသည်ဟု ထင်ရသည်။ သို့သော် တကယ်တမ်း ခူးကြည့်သောအခါမှ လိပ်ပြာစုပ်ထားပြီးသားမှန်း သိရသည်။ လိပ်ပြာများက မာလကာသီး အမှည့်များ၏ အချိုရည်များကို စုပ်လေ့ရှိကြသည်။

ဩဂုတ်လ၏ တစ်ရက်တွင် ဖြစ်သည်။ ကျော်ဇင်သည် မာလကာပင်ပေါ်သို့ တက်၍ စောစောစီးစီး ပွတတ်သည့် မာလကာသီး တစ်လုံး တလေများ တွေ့မလားဟု လိုက်လံရှာဖွေနေသည်။ အဖေက အောက်ကနေ လှမ်းပြီး သတိပေးသည်။

"သား သတိနဲ့ တက်ဦးနော်။ ချော်ပြီး ပြုတ်ကျနေဦးမယ်။ ဒီအချိန်မှာ မာလကာသီးတွေ မပွသေးဘူး ထင်တယ်"

"ဟုတ်ကဲ့ ဖေဖေ၊ သား မြဲမြဲကိုင်ထားပါတယ်။ မပွသေးရင် သား မခူးပါဘူး"

ဟု ကျော်ဇင်က ပြန်ပြောလိုက်သည်။

ထိုစဉ် ကျော်ဇင်သည် မမျှော်လင့်ထားတာ တစ်ခုကို တွေ့လိုက်ရသည်။ မာလကာကိုင်း တစ်ကိုင်းပေါ်တွင် ရစ်ပတ်နေသည့် အဝတ်စုတ်ကို ဖောက်ထွင်းပြီး မာလကာအမြစ်ဖြူဖြူများ ထွက်ပေါ်နေခြင်း ဖြစ်သည်။ ထို အဝတ်စုတ်က ကျော်ဇင်နှင့် ညီမလေးဝေမာတို့ ဆော့ကစားရင်း မာလကာပင်ပေါ် တင်သွားခဲ့သည်။

ကျော်ဇင်သည် မာလကာပင်သို့ ရောက်သောအခါ ထိုအဝတ်စုတ်ကို အောက်သို့ ပစ်မချတော့ဘဲ အကိုင်းတစ်ကိုင်းတွင် ရစ်ပတ်ထားလိုက်မိသည်။

ကျော်ဇင်သည် ဖေဖေ့ကိုတွေ့လိုက်သဖြင့် မာလကာပင်ပေါ်က လှမ်းခေါ်လိုက်သည်။

"ဖေဖေရေ၊ ဖေဖေ..."

"သား ဘာဖြစ်လို့လဲ"

"ဒီမှာ ကြည့်စမ်းပါဦး ဖေဖေ၊ မာလကာကိုင်းကို ရစ်ပတ်နေတဲ့ အဝတ်စုတ်က အမြစ်ဖြူဖြူတွေ ထွက်နေတယ်"

ဖေဖေက မာလကာပင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

"ဪ... ဟုတ်ပါရဲ့။ မာလကာကိုင်းကို ပတ်နေတဲ့ အဝတ်စုတ်က ဒီနှစ်မှာ မိုးများတော့ ကိုင်းကူးသလို ဖြစ်ပြီးတော့ အမြစ်တွေ ထွက်လာတာ၊ ကဲ... သား အပင်ပေါ်ကဆင်းတော့။ အဖေ အပင်ပေါ် တက်မလို့၊ နှစ်ယောက် အလေးချိန်နဲ့ဆို ခံနိုင်မှာ မဟုတ်ဘူး"

ကျော်ဇင်သည် မာလကာပင်ပေါ်က ဆင်းလိုက်သည်။ ဖေဖေသည် ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်သည်။ ဓားမတိုတစ်ချောင်းကို ခါးမှာ ထိုးလိုက်ပြီး မာလကာပင်ပေါ်သို့ တက်လိုက်သည်။ အပင်ပေါ်သို့ ရောက်သောအခါ ထိုအမြစ်ဖြူများ ထွက်ပေါ်နေသော အကိုင်းကို ဓားဖြင့် ခုတ်ဖြတ်လိုက်သည်။ ခုတ်ဖြတ်ပြီးသော မာလကာကိုင်းကို မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် ဖေဖေ အပင်ပေါ်က ပြန်ဆင်းလာသည်။

"သားရေ၊ ဖေဖေတို့တော့ မာလကာပင် အသစ်တစ်ပင် ရပြီ။ နေရာရှာပြီး စိုက်ကြရအောင်"

ဖေဖေသည် နေရောင်ခြည် အလင်းရောင် ကောင်းမွန်စွာ ရရှိသော ခြံထဲကကုန်းမို့မို့တစ်နေရာကို ရွေးချယ်လိုက်သည်။ ထို့နောက် မြေကြီးတွင်း တူးကာ မာလကာပင်အသစ်တစ်ပင်ကို စိုက်ပျိုးလိုက်ကြသည်။ ဖေဖေက တခြားနေရာမှ မြေကြီးများကို တူး၍ အပင်သစ်၏ ခြေရင်းတွင် အုံပေးလိုက်သည်။ ကျော်ဇင်ကတော့ ဖေဖေလုပ်တာကို ဘေးကနေ ထိုင်၍ အစအဆုံး ကြည့်နေသည်။

"မိုးတွင်းဘက်မှာ မာလကာပင်ကို ကိုင်းကူးတဲ့အခါမှာ သူ့အပေါ်ယံ အသားကို ဓားနဲ့ခပ်ပါးပါး ခြစ်ရတယ်။ ပြီးရင် အဲဒီနေရာကို မြေကြီးနဲ့ ပတ်ရတယ်။ အပေါ်က အုန်းဆံခွံတွေ ထပ်ပတ်ပြီး ကြိုးနဲ့ စည်းရတယ်။ မိုးရွာတော့ မိုးရေတွေက မြေကြီးနဲ့ အကိုင်းကြားကို ဝင်တဲ့အခါမှာ အမြစ်တွေ ထွက်လာတာပဲ သားရဲ့"

ဟု ဖေဖေက ကျော်ဇင့်ကို ရှင်းပြသည်။

ကျော်ဇင်က သူသိချင်သော မေးခွန်းတစ်ခွန်း ဖေဖေ့ကို မေးလိုက်သည်။

"ဒါကျတော့ မြေကြီး မပါဘဲ ဘာဖြစ်လို့ အမြစ်တွေ ထွက်လာရတာလဲ ဖေဖေ"

"ဒါကတော့ သားရယ်၊ အဝတ်စုတ်က မိုးရေတွေနဲ့ထိပြီး ဆွေးမြည့်နေတော့ မြေကြီးသဘောမျိုး ဖြစ်သွားတာပေါ့"

ထို့နောက် ဖေဖေက ဆက်ပြောသည်။

"မာလကာပင်စိုက်တာ နည်းလမ်းနှစ်ခု ရှိတယ် သားရဲ့၊ တစ်နည်းက အခုလို ကိုင်းကူးပြီး စိုက်တာ။ နောက်တစ်နည်းက အစေ့ကနေ စိုက်တာ။ အစေ့ကစိုက်တာကတော့ မာလကာသီး အမှည့်တစ်လုံးလောက်ရရင် ဖေဖေ စိုက်ပြမယ်"

(၂)

စက်တင်ဘာလလယ်လောက်သို့ ရောက်သောအခါ ကျော်ဇင်တို့ခြံထဲရှိ မာလကာပင်အမြွှာညီနောင်တွင် မာလကာသီးများ ပြိုင်တူလိုလို ပွနေကြပြီ။

ကျော်ဇင်တို့ မာလကာပင်ပေါ်သို့ တက်၍ တစ်လုံးပြီး တစ်လုံး ခူးစားပြီး ဟန်ကျနေသည်။

တစ်နေ့တွင် ကျော်ဇင်သည် လိပ်ပြာစုပ်ထားပြီးသား မာလကာသီး အမှည့်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။ ကျော်ဇင်သည် ထိုအသီးကြီးကို ခူးကာ အပင်ပေါ်မှ ပြန်ဆင်းလိုက်သည်။ ထို့နောက် ဖေဖေ့ကို ပေးလိုက်သည်။ ကျော်ဇင်က -

"လိပ်ပြာစုပ်ပြီးသား ဆိုတော့ စားလို့တော့ မရတော့ဘူး။ ဒါပေမဲ့ အစေ့တွေက အပင်စိုက်လို့ရမယ် ထင်တယ် ဖေဖေ"

"ရတာပေါ့ သားရဲ့"

ဟု ဖေဖေက ပြန်ပြောလိုက်သည်။

ဖေဖေသည် လိပ်ပြာစုပ်ထားပြီးသား မာလကာသီးကြီးအထဲမှ အစေ့ကလေးများကို ထုတ်ယူလိုက်သည်။ ပြီးတော့ ပန်းအိုးအဟောင်းတစ်လုံးထဲမှာ ပစ်ထားလိုက်သည်။ မိုးမရွာသော နေ့များတွင် ဖေဖေက ရေ နည်းနည်းပါးပါး ဖျန်းပေးသည်။

နောင် ကျော်ဇင် သတိမထားမိလောက်သော အချိန်တွင် ပန်းအိုးထဲမှာ မာလကာပင်ကလေးများ ပေါက်လာတာကို တွေ့ရသည်။

ဖေဖေက သော်ဇင့်ကို ခေါ်ပြီး ပြသည်။

"တွေ့လား သား၊ ပန်းအိုးထဲမှာ မာလကာပင်လေးတွေ ပေါက်နေပြီ"

"ဟုတ်တယ်နော်… ဖေဖေ"

"လောလောဆယ်တော့ သူတို့ကို ဒီအတိုင်းပဲ ထားရဦးမှာပေါ့။ နောက် နည်းနည်းကြီးလာတော့မှ အပင်လေးတွေကို ခြံထဲမှာ နေရာခွဲပြီး ဖေဖေနဲ့ သားနဲ့ စိုက်ကြတာပေါ့"

"ဒါဆိုရင် ခြံထဲမှာ မာလကာပင်တွေ အများကြီး ဖြစ်လာတော့မှာပေါ့"

"ဒါပေါ့ သားရဲ့"

ကျော်ဇင်၏ မျက်လုံးထဲတွင် သူတို့ခြံကြီးထဲ၌ မာလကာပင်တွေ အများကြီး ဖြစ်လာပြီး မာလကာသီးများဖြင့် ပြွတ်သိပ်နေတော့မည်ကို ကြိုတင် မြင်ယောင်နေမိသည်။

✣



"စောင်းလျားသီး ခူးပေးတာက ဘိုးဘို။ ယိုထိုးပေးတာက ဘွားဘွား။
ရောင်းပေးရတာက ဒေါ်ပုချို၊ ပိုက်ဆံရတော့ သမီးကယူတယ်" ဟု ပြောသည်။ မိဝေက -
"မေမေကလည်း" ဟု ပြောပြီး မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

## စောင်းလျားသီးသို



# စောင်းလျားသီးယို

မိဝေတို့ ခြံကြီးထဲရှိ စောင်းလျားပင်သည် မိုးတွင်းဘက်သို့ ရောက်ပါက အများအပြား သီးတတ်သည်။ စောင်းလျားသီးတွင် အချဉ်သီး၊ အချိုသီး နှစ်မျိုးရှိသည့်အနက် မိဝေတို့ ခြံထဲက အပင်က အချဉ်ပင် ဖြစ်သည်။ စောင်းလျားအချိုသီး ဆိုလျှင် ရောင်းစားပါက ဝယ်သူတွေ ရှိသည်။ အချဉ်သီးကျတော့ ဝယ်စားမည့်သူမရှိပေ။ စောင်းလျားပင်ထက်တွင် ရင့်မှည့်နေသော စောင်းလျားသီးများမှာ ခူးမည့်သူ မရှိသဖြင့် အောက်သို့ ကြွေကျကြသည်။

စနေနေ့ ကျောင်းပိတ်ရက်တွင် ဖြစ်သည်။ မိဝေသည် ကြွေကျလာသော စောင်းလျားသီး အမှည့်တစ်လုံးကို ကောက်ယူလိုက်သည်။ ထို့နောက် ရေဖြင့် ဆေးကြောကာ စားလိုက်သည်။ စောင်းလျားသီး အချဉ်သီး ဖြစ်ပေမဲ့ ရင့်မှည့်သွားတော့ မချဉ်တော့ပေ။ သို့ဖြင့် မိဝေသည် စောင်းလျားသီး တစ်လုံးလုံး ကုန်အောင် စားလိုက်သည်။ ထိုစဉ် ဘိုးဘိုးကလည်း စောင်းလျားပင်အောက်သို့ ရောက်လာသည်။

“ဘိုးဘိုးကို သမီး တစ်ခုလောက် မေးချင်လို့၊ ဒီစောင်းလျားသီးတွေက ရောင်းလို့ မရဘူးလား။ သမီး မုန့်ဖိုးအပိုသုံးလို့ ရတာပေါ့”

ဘိုးဘိုးက ခေါင်းခါယမ်းပြလိုက်သည်။

“အချိုသီး ဆိုရင်တော့ ဟုတ်တာပေါ့ ငါ့မြေးရယ်။ အချဉ်သီးကျတော့ ဝယ်မစားကြဘူး။ နောက်ပြီး ‘စောင်းလျားသီး အခေါင်းနားနီး’ ဆိုတဲ့ စကားပုံကလည်း ရှိသေးတာကိုး”

“ဘာအစိမ့်ပွားယ်လည်း ဘိုးဘိုး”

“အခေါင်းနားနီး ဆိုတာ သေတာကို ပြောတာ သမီးရဲ့၊ ဖျားနေတဲ့ သူတွေ စောင်းလျားအချဉ်သီးစားရင် မေးစေ့ပြီး သေတတ်တယ်။ ဒါကြောင့် မို့လို့ ဖျားတဲ့သူတွေ မစားရဲကြဘူး။ ဒါပေမဲ့ စောင်းလျားသီး အချဉ်သီးကို ယိုထိုးပြီး စားရင်တော့ ရတယ်။ ဒါပေမဲ့ ဘိုးဘိုးတော့ မထိုးတတ်ဘူး”

မိဝေသည် စောင်းလျားသီး အချဉ်သီးကို ယိုထိုး၍ ရသည်ကို ဘိုးဘိုးဆီက သိလိုက်ရသည်။ မိဝေသည် အကြံတစ်ခုရသွားပြီး ဘွားဘွား ဆီသို့ သွားသည်။

“ဘွားဘွား၊ စောင်းလျားယိုထိုးရင် ဘယ်လိုထိုးရသလဲ”

ဟု မေးလိုက်သည်။

“စောင်းလျားသီးတွေကို အနေတော်လေးတွေ ဖြစ်အောင် လှီးရ တယ်။ ပြီးရင် ထုံးရည်နဲ့စိမ်ပြီး နေပူမှာ နည်းနည်းလှန်းရတယ်။ ပြီးရင် ထန်းလျက်ရည်ကျိုပြီး ယိုထိုးရုံပဲ”

ဟု ဘွားဘွားက ရှင်းပြလိုက်သည်။

မိဝေသည် ဘွားဘွားဆီက ယိုထိုးနည်း သိလိုက်ရသောအခါ -

“ကျေးဇူးတင်ပါတယ် ဘွားဘွား”

ဟု ပြောကာ အနားမှ ပြေးထွက်သွားသည်။

“ဩော်… ဒီကောင်မလေးနှယ်၊ ခက်ပါတယ်။ ဘာတွေများ ကြံစည်နေပါလိမ့်”

ဟု ဘွားဘွားက ရေရွတ်လိုက်လေသည်။

မိဝေသည် သူ စုထားသော ပိုက်ဆံများကို ယူပြီး မျက်စောင်းထိုး ဆိုင်က ဒေါ်ပုချို၏ ကုန်စုံဆိုင်သို့ သွားသည်။

“ကြီးကြီး၊ ထန်းလျက် ဘယ်လို ရောင်းသလဲ”

ဟု မေးလိုက်သည်။

ဒေါ်ပုချိုက ထန်းလျက် ရောင်းဈေးကို ပြောပြလိုက်သောအခါ မိဝေက ထန်းလျက်ငါးဆယ်သား ဝယ်လိုက်သည်။

“လူကြီးဝယ်နိုင်းတာ မဟုတ်လောက်ဘူး ထင်တယ်။ ဒီကောင် မလေး ထန်းလျက်တွေ ဒီလောက်စားရင် ရင်တွေ ကျပ်ကုန်တော့မှာပဲ”

"သမီးစားမလို့ မဟုတ်ပါဘူး ကြီးကြီးရဲ့၊ စောင်းလျားသီးယို ထိုးမလို့ပါ"

"ဘယ်သူ ထိုးမှာတုံး"

"သမီး ထိုးမှာပေါ့"

မိဝေ၏ စကားကြောင့် ဒေါ်ပုချို အံ့ဩသွားသည်။

"ဟုတ်မှလည်း လုပ်ပါ သမီးရယ်"

"ပြီးရင်သာ ကြီးကြီးဆိုင်မှာ လာတင်ထားမယ်။ ရောင်းပေးရမယ်နော်"

"အေးပါအေ၊ အေးပါ"

ဟု ဒေါ်ပုချိုက ပြောလိုက်သည်။

မိဝေသည် စောင်းလျားပင်အောက်သို့ သွားပြီး အပင်ကို လှုပ်လိုက်သည်။ သူ့အားဖြင့် အပင်ထက်က စောင်းလျားသီးများက မကြွေကျ။ ထို့ကြောင့် ဘိုးဘိုးကို ခေါ်ပြီး အကူအညီ တောင်းရသည်။ ဘိုးဘိုးက စောင်းလျားပင်ကို လှုပ်ပေးရုံသာမက စောင်းလျားသီးများကိုပါ တံချူဖြင့်



ခူးပေးသည်။ မိဝေသည် စောင်းလျားသီးများ ရရှိသောအခါ ယိုထိုး၍ ကောင်းသော အရွယ်အစား ဖြစ်အောင် ဓားဖြင့် လှီးသည်။ ထို့နောက် ဘိုးဘိုးကွမ်းစားသည့် ထုံးဘူးထဲမှ ထုံးနည်းနည်းယူကာ ထုံးရည်စိမ်ပြီး နေပူလှန်းတော့သည်။

"ဘွားဘွား၊ သမီး ထန်းလျက်တွေ ဝယ်လာပြီ၊ ထန်းလျက်ရည်ကျိုပြီး စောင်းလျားယို ထိုးတော့မလို့"

ဟု မိဝေက ဘွားဘွားကို ပြောလိုက်သည်။

မိဝေ၏ စကားကြောင့် ဘွားဘွား မျက်လုံးပြူးသွားသည်။

"ကြည့်လုပ်ပါဦး မိဝေရယ်။ ညည်းအဖေနဲ့ အမေ ရုံးသွားနေတုန်း မီးတွေလောင်ကုန်တော့မှ အကုန်ဒုက္ခဖြစ်ကုန်မယ်။ ဘွားဘွားပဲ ထန်းလျက်ရည် ကျိုပေးပါ့မယ်အေ"

ထို့နောက် ဘွားဘွား၏ အကူအညီဖြင့် မိဝေသည် စောင်းလျားယိုကို အောင်မြင်စွာ ထိုးနိုင်ခဲ့သည်။ မီးနားကပ်ရသဖြင့် ဘွားဘွားနဖူးမှာ ချွေးတွေရွှဲနစ်နေသည်။ ဘွားဘွားသည် စောင်းလျားယိုများ ရသောအခါ လင်ပန်းတစ်ခုထဲတွင် ထည့်ပြီး အအေးခံထားသည်။ ပလတ်စတစ်အိတ်ကလေးများ ဝယ်ပြီး စောင်းလျားသီးယိုများ ထည့်ကာ ဘွားဘွားက မီးဖြင့် အိတ်ကလေးများကို ပိတ်ပေးသည်။

"မိဝေရယ်၊ ညည်း စောင်းလျားသီးယို ထိုးတာ ငါကောင်းကောင်းမနေရပါလား"

"ကျေးဇူးတင်ပါတယ် ဘွားဘွားရဲ့"

စုစုပေါင်း အထုပ်သုံးဆယ်လောက် ရသည်။ မိဝေသည် စောင်းလျားသီးယို အိတ်ကလေးများ ရသောအခါ ဒေါ်ပုချို၏ အိမ်ဆိုင်ကလေးဆီသို့ ပြေးသွားသည်။

"ကြီးကြီးရေ၊ စောင်းလျားသီးယိုတွေ ရပြီ၊ ဈေးလာဝယ်တဲ့သူတွေကို ရောင်းပေးနော်"

"အေးပါ သမီးလေးရယ်"

ဈေးလာဝယ်သော သူများကို ဒေါ်ပုချိုက စောင်းလျားသီးယို ဝယ်စားရန် ပြောသည်။ ထို့ကြောင့် ဈေးလာဝယ်သူများသည် စောင်းလျားသီးယိုကို စားရခဲသောကြောင့် ဝယ်စားကြသည်။ မိဝေ၏ စောင်းလျားသီး

အထုပ်သုံးဆယ်မှာ နှစ်ရက်အတွင်း ကုန်သွားခဲ့သည်။ ဒေါ်ပုချိုက အထုပ်သုံးဆယ်ဖိုး ပိုက်ဆံရှင်းပေးသောအခါ မိဝေ အပျော်ကြီး ပျော်နေသည်။

"သမီး ထန်းလျက်ဖိုး ပြန်ရရဲ့လား"

"အများကြီး မြတ်တာပေါ့ ကြီးကြီးရဲ့"

"ဝမ်းသာပါတယ် အေ"

*

ထိုနေ့ ညနေဘက် ထမင်းဝိုင်းတွင် မိဝေအကြောင်းကိုပဲ လူကြီးတွေ ပြောဆိုဖြစ်တော့သည်။ မေမေက -

"စောင်းလျားသီး ခူးပေးတာက ဘိုးဘိုး၊ ယိုထိုးပေးတာက ဘွားဘွား။ ရောင်းပေးရတာက ဒေါ်ပုချို၊ ပိုက်ဆံရတော့ သမီးကယူတယ်"

ဟု ပြောသည်။ မိဝေက -

"မေမေကလည်း"

ဟု ပြောပြီး မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

ဘိုးဘိုးက -

"ငါ့မြေးက စီးပွားရေး အမြင်ရှိတယ်"

ဟု ချီးကျူးသည်။ ထိုအခါ ဘွားဘွားက -

"ရှင့်မြေးကို စီးပွားရေးအမြင် ရှိတယ်ဆိုပြီး မြှောက်မပေးနဲ့၊ တစ်ခြံလုံးမှာ ရှိတာတွေ ရှာကြံပြီး ရောင်းလိမ့်မယ်"

ဘွားဘွား၏ စကားကြောင့် မိဝေ အပါအဝင် တစ်မိသားစုလုံး ရယ်မောလိုက်ကြပါသည်။

မိဝေကတော့ စောင်းလျားသီးယို ရောင်းရငွေများကို သူ၏ စုဘူးထဲသို့ ထည့်နိုင်ပြီ ဖြစ်သဖြင့် အပျော်ကြီး ပျော်နေမိတော့သည်။

✣



ဘုရားပွဲက ဂျောက်ဂျက်ဝိုင်း

# ဘုရားပွဲက ဂျောက်ဂျက်ဝိုင်း

(၁)

ပေပင်ကုန်းရွာကလေးရှိ ရွာဦးစေတီတွင် ဘုရားပွဲ ကျင်းပတော့မှာ ဖြစ်သည်။ ဘုရားပွဲတွင် နာမည်ကြီး ဇာတ်အဖွဲ့လည်း ပါသည်။ ဘုရားပွဲတွင် ရောင်းချရန် ဆိုင်ခန်းတွေလည်း ဆောက်လုပ်ပြီးပြီ။ ထို့ကြောင့် ပေပင်ကုန်း ရွာရှိ ကလေးများ အလွန်ပျော်ရွှင်နေကြသည်။

သူတို့ရွာတွင် အခုလိုပွဲမျိုး မကြုံဖူးသေးသဖြင့် ပွဲစမည့် ရက်ကို မျှော်လင့်နေကြသည်။

ဇာတ်ပွဲက သုံးညတိတိ ကပြမှာ ဖြစ်သည်။ ဘုရားပွဲသည် ပထမဆုံးနေ့ကတည်းက လူစည်ကားလှသည်။ ဘေးရွာက လူတွေပါ ဆိုင်ကယ်တွေနှင့် ပွဲလာကြည့်ကြသည်။ ဆိုင်တွေကလည်း စုံလင်လှသည်။ စပို့ရှပ်၊ ဂျင်း ဘောင်းဘီ၊ အင်္ကျီ၊ လုံချည် စသော အဝတ်အထည် ရောင်းသော ဆိုင်တွေလည်း ပါသည်။ ဓား၊ ကတ်ကြေး၊ အိုးခွက်၊ ပန်းကန် ရောင်းသော ဆိုင်တွေလည်း ရှိသည်။ အကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်တွေ အပြင် ကောက်ညှင်းထုပ်၊ မုန့်ဖက်ထုပ်၊ ဆန္ဒွင်းမကင်း ရောင်းသော ဈေးသည်တွေလည်း ရှိသည်။

ထွန်းလင်းနှင့် ကျော်ကြီး တို့သည် ပဥ္စမတန်း ဖြေဆိုပြီးသော ကျောင်းသားလေးများ ဖြစ်ကြသည်။ သူတို့သည် ဘုရားပွဲ ကျင်းပမည် သိကတည်းက သုံးစွဲရန် မုန့်ဖိုးများကို စုဆောင်းထားကြသည်။ ထွန်းလင်းက

ခြောက်ထောင်ကျပ်၊ ကျော်ကြီးက ခုနစ်ထောင်ကျော်လောက် ရနေကြပြီ ဖြစ်သည်။

သူတို့နှစ်ယောက်သည် ပွဲဈေးသို့ လျှောက်ကြရင်း သူတို့သည် တက်တူးထိုးသည့် ဆိုင်ရှေ့သို့ ရောက်ရှိလာကြသည်။ ကျော်ကြီးက မေးလိုက်သည်။

"ထွန်းလင်းရေ၊ တို့တွေ တက်တူး ထိုးမလား"

"မထိုးချင်ပါဘူးကွာ၊ အသားနာပါတယ်။ နောက်ပြီး ထိုးပြီးရင် ဖျက်ရခက်တယ်ကွ"

ဟု ထွန်းလင်းက ပြန်ပြောသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ဘာမှ မဝယ်စားဘဲ ပွဲဈေးအနှံ့ လမ်းလျှောက်ကြသည်။ သူတို့သည် လျှောက်ရင်း လျှောက်ရင်းနှင့် ပွဲဈေး၏ အစွန်သို့ ရောက်လာကြသည်။ ထိုစဉ် ဘက်ထရီမီးချောင်းကလေး ထွန်းထားသော နေရာတွင် လူဆယ်ယောက်ခန့် ဝိုင်းအုံနေသည်ကို တွေ့လိုက်ရ၏။ ကျော်ကြီးက မြင်သောအခါ -

"ထွန်းလင်းရေ၊ ဘာများလဲ မသိဘူး၊ သွားကြည့်ရအောင်"

ဟု ပြောသည်။

"အေးကွ၊ ဘာလည်း မသိဘူး"

သူတို့သည် လူတွေ ဝိုင်းအုံနေသည့် အကြားမှ ကြည့်လိုက်ရသည်။ စက္ကူအချပ်ကြီး တစ်ရွက်ပေါ်တွင် အကောင်ခြောက်ကောင် ပုံများကို တွေ့ရသည်။ ကုန်းသတ္တဝါသုံးကောင်၊ ရေနေသတ္တဝါသုံးကောင် ဖြစ်သည်။ ကုန်းသတ္တဝါသုံးကောင်က ကျား၊ ဆင်နှင့် ကြက် တို့ဖြစ်သည်။ ရေနေသတ္တဝါသုံးကောင်က ငါး၊ လိပ်နှင့် ပုစွန်တို့ဖြစ်သည်။ အန်စာတုံးကလေး သုံးလုံး ရှိပြီး အန်စာတုံး၏ မျက်နှာပြင် ခြောက်ခုမှာ အရုပ်တစ်ကောင်ချင်းစီ၏ ပုံများ ပါသည်။ ထို့နောက် အန်စာတုံးများကို တောင်းသေးသေးလေးတစ်လုံး ထဲမှာ ထည့်၍ လှုပ်သည်။ ပြီးတော့ တောင်းကို စက္ကူချပ်ကြီးပေါ် ပြန်ချ လိုက်သည်။ ကြက်ထိုးသည့်သူ ဆိုလျှင် ကိုယ်ထိုးမည့် ပိုက်ဆံကို ကြက်ရုပ် ပေါ်သို့ ချရသည်။ ကျားထိုးမည့် သူက ကျားရုပ်ပေါ်၊ လိပ်ထိုးမည့် သူက လိပ်ရုပ်ပေါ် စသည်ဖြင့် ပိုက်ဆံကို တင်ရသည်။ တောင်းဖွင့်လိုက်၍ ကိုယ်

ထိုးသည့် အကောင်တစ်ကောင် ပေါ်လျှင် ထိုးထားသည့် ပိုက်ဆံ၏ တစ်ဆ ရသည်။ နှစ်ကောင်ပေါ်လျှင် နှစ်ဆ ရသည်။ သူတို့ ကြည့်သောဝိုင်းက ဂျောက်ဂျက်ဝိုင်းပင် ဖြစ်သည်။

ထွန်းလင်းနှင့် ကျော်ကြီးတို့သည် ဆယ့်ငါးမိနစ်မျှ ကြည့်လိုက်သော အခါ နည်းစနစ်များကို သိသွားသည်။ ဘေးမှနေ ကြည့်ရင်း ကြည့်ရင်းနှင့် ဘုရားပွဲကို သူတို့ မေ့လျော့သွားကြသည်။

"ညီလေးတို့ ကြည့်ရုံပဲလား၊ စမ်းထိုးကြည့်ပါလား၊ ပျော်ဖို့ ကောင်းတယ်ကွ"

ဟု ဒိုင်လုပ်သူက ပြောသည်။

ဒိုင်လုပ်သူက အသက်နှစ်ဆယ်ကျော်ကျော်ပဲ ရှိဦးမည်။

ထွန်းလင်းနှင့် ကျော်ကြီးတို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်ကြသည်။

"ကျော်ကြီး၊ စမ်းကြည့်မလားကွ"

ဟု ထွန်းလင်းက ပြောလိုက်သည်။

"အေး၊ မင်းအရင် စမ်းကြည့်ပါလား"

ဟု ကျော်ကြီးက ပြန်ပြောသည်။

ထွန်းလင်းသည် ဘောင်းဘီအိတ်ထဲက ငါးရာတန် တစ်ရွက်ကို ထုတ်လိုက်ပြီး -

"ဘာထိုးရင် ကောင်းမလဲ"

ဟု ကျော်ကြီးကို တိုးတိုးမေးသည်။ ကျော်ကြီးက -

"ငါကတော့ ကျား ထင်တာပဲ"

ဟု ပြန်ပြောသည်။

"အေး… ငါလည်း ကျားပဲ ကြိုက်တယ်"

ဟု ထွန်းလင်းက ပြန်ပြောလိုက်သည်။

ထွန်းလင်းသည် စက္ကူချပ်အပေါ်ရှိ ကျားရုပ်ပေါ်တွင် ငါးရာတန် တစ်ရွက်ကို ချလိုက်သည်။ တခြားသူများကလည်း သူတို့ နှစ်သက်သည့် အကောင်များကို ထိုးကြသည်။ ဒိုင်လုပ်သူက အန်စာတုံးများကို တောင်းထဲမှာ ခလောက်လိုက်ပြီး စက္ကူချပ်ပေါ်သို့ တောင်းကို မှောက်ချလိုက်သည်။

"ကဲ… ဖွင့်တော့မယ်နော်"

ဟု ပြောပြီး တောင်းကို လှန်လိုက်သည်။

ထွန်းလင်းသည် စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်သည်။ ထွက်ပေါ်လာသည့် အရုပ်များက ကျားနှစ်ကောင်နှင့် လိပ်တစ်ကောင် ဖြစ်သည်။

"ဟေး.."

ထွန်းလင်းသည် ကျားရုပ်နှစ်ရုပ် ကျသဖြင့် ပျော်ရွှင်သွားကာ အော်ဟစ်လိုက်သည်။ သူက ငါးရာ ထိုးထားသဖြင့် နောက်ထပ် တစ်ထောင် ရမှာ ဖြစ်သည်။ ထွန်းလင်းကို ကြည့်ပြီး ကျော်ကြီးသည်လည်း စိတ်ပါလာသည်။ နောက်တစ်လှည့်တွင် သူပါဝင်ထိုးဖို့ ဆုံးဖြတ်လိုက်သည်။ သည်တစ်ခါကျတော့ ထွန်းလင်းက ကြက်ထိုးပြီး ကျော်ကြီးက ပုစွန်ထိုးသည်။ ဒိုင်က အုပ်ဆောင်း ဖွင့်လိုက်ရာ ကြက်တစ်ကောင်၊ ငါးတစ်ကောင်နှင့် ပုစွန်တစ်ကောင်တို့ ဖြစ်သည်။ သူတို့ ပျော်ရွှင်သွားပြန်သည်။ တစ်ယောက်ကို ငါးရာ ထိုးသဖြင့် ထွန်းလင်းလည်း ငါးရာ၊ ကျော်ကြီးလည်း ငါးရာ ရသွားပြီ။ ဘေးနားရှိ တခြားသူတွေက သူတို့ကို ချီးကျူးသည်။

"ဒီကောင်လေးတွေ ဟုတ်လှချည်လားကွ၊ သူတို့ ထိုးတဲ့ အကောင် လိုက်ထိုးရမယ် ထင်တယ်"

သူတို့သည် နောက်ထပ် ဆယ့်ငါးမိနစ်ကြာမျှ ဆက်ကစားကြသည်။ ရှုံးတာလည်း ရှိသလို နိုင်တာလည်း ရှိသည်။ ထိုအချိန်တွင် ထွန်းလင်းက သုံးထောင်နိုင်ပြီး ကျော်ကြီးက နှစ်ထောင်နိုင်နေပြီ။ ထွန်းလင်းက ကျော်ကြီးကို ပြောလိုက်သည်။

"တို့တွေ နိုင်နေပြီပဲ၊ ပွဲဈေးထဲ ပြန်သွားကြအောင်"

"အေး… သွားမယ်လေ"

ဟု ကျော်ကြီးက ပြန်ပြောလိုက်သည်။

သူတို့နှစ်ယောက် ပိုက်ဆံတွေ ရသဖြင့် ပျော်ရွှင်နေကြသည်။ သူတို့သည် မုန့်ဟင်းခါးဆိုင် တစ်ဆိုင်သို့ဝင်၍ မုန့်ဟင်းခါး တစ်ယောက် တစ်ပွဲစီ စားလိုက်ကြသည်။ ကျော်ကြီးက -

"ပြီးရင် လက်ဖက်ရည် သောက်ကြမယ်"

ဟု ပြောသည်။

ထွန်းလင်းက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် လူကြီးစတိုင်ဖမ်း၍ လက်ဖက်ရည် သောက်ကြသည်။ မုန့်ဟင်းခါးဖိုးကို ကျော်ကြီးက ရှင်း၍ လက်ဖက်ရည်ဖိုးကို ထွန်းလင်းက ရှင်း၏။ ပွဲကိုတော့ သူတို့ မကြည့်ဖြစ်ပေ။ လက်ဖက်ရည်ဆိုင် ထိုင်အပြီးတွင် သူတို့သည် ကိုယ့်အိမ်ကိုယ် ပြန်ကြတော့သည်။

(၂)

နောက်တစ်နေ့ ပွဲဈေးတန်းသို့ ရောက်သောအခါ ထွန်းလင်းက ပြောသည်။

"တို့တွေ ဒီနေ့ ခေါက်ဆွဲကြော် စားရင် ကောင်းမယ်"

"ခေါက်ဆွဲကြော်ဆိုင်က အရက်သောက်တဲ့ သူတွေလည်း လာတယ်ကွ"

ဟု ကျော်ကြီးက ပြောသည်။

"ဒါဖြင့်လည်း တို့တွေ ခေါက်ဆွဲကြော် ဝယ်ပြီးတော့ တစ်နေရာမှာ စားတောပေါ့"

ဟု ထွန်းလင်းက ပြန်ပြောသည်။

သူတို့နှစ်ယောက်သည် ယောင်လည်ယောင်လည်နှင့် ဂျောက်ဂျက်ဝိုင်း လုပ်သော နေရာသို့ ပြန်ရောက်ရှိခဲ့ကြသည်။ ဂျောက်ဂျက်ဝိုင်းက မနေ့ညထက်စာလျှင် လူပို၍ စည်ကားသည်။

"ခေါက်ဆွဲကြော်ဖိုးကို ဂျောက်ဂျက်ထိုးပြီးတော့ ရှာမယ်"

ဟု ထွန်းလင်းက ပြောတော့ ကျော်ကြီးက လက်မထောင်ပြလိုက်သည်။

သည်ညမှာတော့ သူတို့ အဆင်မပြေလှပေ။ သူတို့ ထိုးသမျှ အကောင်တွေ လွဲချည်းနေသည်။ ဆယ်ကြိမ်လောက် အုပ်ဆောင်းဖွင့်အပြီးတွင် သူတို့ ထိုးသော အကောင်များက နှစ်ခါလောက်ပဲ ပေါ်သည်။

ကျော်ကြီးက ထွန်းလင်းကို တိုးတိုးပြောလိုက်သည်။

"တို့တွေ ရှုံးနေတယ်။ နားမလား"

"နားလို့ မဖြစ်သေးဘူးကွ။ အရင်းရအောင် ပြန်ယူရမယ်"

နောက်နှစ်ခါလောက် ကစားပြီးသောအခါ သူတို့ထိုးသည့် အကောင်များကလည်း ပေါ်မလာပေ။ တစ်ကောင်တည်းကို မထိုးဘဲ အကောင်ခွဲထိုးသော်လည်း အဆင်မပြေ။ ထွန်းလင်းက ကျော်ကြီးကို ပြောလိုက်သည်။

"မင်းရော ငါပါ ရှိတာ အကုန်ပေါင်းပြီး တစ်ကောင်တည်းကိုပဲ ထိုးမယ်ကွာ"

"အေး… ကောင်းတယ်ကွ၊ မင်း ဘာထိုးချင်သလဲ"

ဟု ကျော်ကြီးက ပြန်မေးလိုက်သည်။

ထွန်းလင်းက -

"လိပ်ထိုးမယ်"

"ကောင်းတာပေါ့ကွ"

ဟု ထွန်းလင်းက သဘောတူလိုက်သည်။

ထွန်းလင်းက တစ်ထောင့်ငါးရာ၊ ကျော်ကြီးက တစ်ထောင်ပေါင်းပြီး လိပ်ထိုးလိုက်သည်။ ဒါက သူတို့၏ နောက်ဆုံးလက်ကျန် ပိုက်ဆံ ဖြစ်သည်။ သူတို့သည် ရင်တမမဖြင့် ဒိုင်လုပ်သူ၏ အုပ်ဆောင်းအဖွင့်ကို စောင့်နေသည်။ အုပ်ဆောင်း ဖွင့်လိုက်သောအခါ တွေ့လိုက်ရသည်က လိပ်သုံးကောင် ဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်စလုံး -

"ဟေး…"

ဟု ပျော်ရွှင်စွာ အော်ဟစ်မိလိုက်သည်။

လိပ်သုံးကောင် ကျတာဆိုတော့ သုံးဆတောင် ရမှာ ဖြစ်သည်။

ထိုစဉ် အနားရှိ လူတစ်ယောက်က -

"ဟာ… ရဲတွေ လာပြီဟေ့၊ ပြေး… ပြေး"

ဟု အော်ဟစ်သတိပေးတော့သည်။

ထိုအခါ ဂျောက်ဂျက်ဝိုင်းရှိ လူတွေလည်း ခြေဦးတည့်ရာသို့ ပြေးကြသည်။ ပွဲဈေး လူအုပ်ထဲသို့ဝင်၍ ခြေရာဖျောက်ကြသည်။ ဒိုင်ကို အဓိက ဦးတည်၍ ဖမ်းသဖြင့် ဒိုင်လုပ်သူမှာ အဖမ်းခံလိုက်ရသည်။

ထွန်းလင်းနှင့် ကျော်ကြီးကတော့ သူများတွေလို ပွဲဈေးထဲသို့ မပြေးပေ။ လယ်ကွင်းများ ရှိရာဘက်သို့ ပြေးလွှားခဲ့ကြသည်။ သူတို့သည် *ကြောက်အားလန့်အားနှင့် ပြေးသဖြင့်* ဖိနပ်တွေပါ ပြုတ်ကုန်သည်။

ကျော်ကြီးက နောက်သို့ လှည့်ကြည့်လိုက်ရင်း -

''မပြေးနဲ့တော့၊ တို့နောက်မှာ ဘယ်သူမှ မပါတော့ဘူးကွ''

ဟု ပြောသည်။

''မောလိုက်တာကွာ''

ဟု ထွန်းလင်းက ပြောသည်။

သူတို့သည် လယ်ကန်သင်းရိုးတွင် ထိုင်ချလိုက်ကြသည်။ ကောင်းကင်သို့ ကြည့်လိုက်တော့ လမင်းကြီးက ထိန်ထိန်သာနေသည်။ သူတို့နှစ်ယောက်စလုံး ဘောင်းဘီအိတ်ထဲသို့ စမ်းကြည့်လိုက်တော့ နှစ်ရာတန် တစ်ရွက်စီသာ ထွက်လာသည်။

''မင်းမှာလည်း နှစ်ရာ၊ ငါ့မှာလည်း နှစ်ရာ၊ ခေါက်ဆွဲကြော် စားမရတော့ပါဘူးကွာ''

ဟု ထွန်းလင်းက ညည်းတွားလိုက်သည်။

ကျော်ကြီးက -

''မုန့်ဖက်ထုပ်လောက်တော့ ရပါသေးတယ် ကွာ''

ဟု ပြောသည်။

သူတို့သည် မုန့်ဖက်ထုပ် ဝယ်စားရန် လယ်ကန်သင်းရိုးဆီမှ ပွဲဈေးဆီသို့ လျှောက်လှမ်းလာခဲ့ကြသည်။ ကျော်ကြီး၏ ဖိနပ်က ပြတ်သွားသဖြင့် လမ်းလျှောက်ရတာ အဆင်မပြေ။

''တော်ပါပြီကွာ၊ ဒါကြောင့်မို့လို့ လောင်းကစား မလုပ်ဖို့ တို့ဆရာမတွေ ဆုံးမတာကိုး''

ဟု ထွန်းလင်းက ပြောတော့ -

''ငါတို့လည်း နိုင်ရော ရဲဖမ်းမှာစိုးလို့ ပြေးလိုက်ရတာ။ နောက်တစ်သက်လုံး လောင်းကစား မလုပ်တော့ဘူး''

ဟု ကျော်ကြီးက ပြန်ပြောလိုက်လေသည်။

✣



"သားရယ်၊ မင်းရတနာသေတ္တာ ဘယ်မှာရှိမှန်း မသိဘူး။
ကျောင်းပိတ်ရက်တွေမှာ အမေ့ကို ဈေးဝိုင်းပြီး
ရောင်းပေးတာကမှ အကျိုးရှိဦးမယ်"

# သန့်စင်နှင့် သဘော်ပျက်ကြီး

# သန့်စင်နှင့် သဘော်ပျက်ကြီး

သန့်စင်သည် ပဥ္စမတန်း စာမေးပွဲဖြေဆိုပြီး၍ အားလပ်နေသည်။ ထိုအချိန်ကို သူ စောင့်စား မျှော်လင့်နေသည်။ သန့်စင်၏ အဘ ဦးငွေလူသည် ပင်လယ်ကမ်းစပ်အနား ရွာတစ်ရွာရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ကပ္ပိယ လုပ်နေသည်။ ဦးငွေလူကို သန့်စင် ခင်သည်။ ဦးငွေလူက လူပျိုကြီး တစ်ယောက်ဖြစ်ပြီး ကျောင်းထိုင်ဆရာတော် ဦးဝါယမသည် သန့်စင်၏ အဘိုးလေး တော်စပ်သည်။ ဦးငွေလူသည် သန့်စင်အား ပုံပြင်များ၊ သူ ကြုံတွေ့ခဲ့ရသော ထူးဆန်းဖွယ် ကောင်းလှသည့် အဖြစ်အပျက်များကို ပြောပြ လေ့ရှိသည်။ ဦးငွေလူ ပြောပြသည့် ဇာတ်လမ်းများအနက် သန့်စင် အနှစ်သက်ဆုံးမှာ သဘော်ပျက်ကြီး အကြောင်းပင် ဖြစ်သည်။

ဦးငွေလူသည် စကားပြောတိုင်း ကွမ်းတမြုံ့မြုံ့ ဝါးလေ့ရှိသည်။ ရေနွေးကြမ်းအိုးကိုလည်း တစ်အိုးပြီးတစ်အိုး အမြဲကျိုသောက်တတ်သည်။

"လူလေးနယ့်၊ အင်္ဂလိပ်မင်းတွေ လက်ထက်ကပေါ့။ အဘတို့ရွာ ဘုရားမှာ သံတန်ဆောင်းကြီးဆိုတာ ရှိတယ်မဟုတ်လား"

ဟု ဦးငွေလူက အစချီလိုက်သည်။

"ဟုတ်တယ်လေ အဘ၊ ဘာဖြစ်လို့လဲ"

ဟု သန့်စင်က မေးလိုက်သည်။

"ပင်လယ်ကူး သဘော်ကြီးတစ်စီးဟာ အဲဒီသံတန်ဆောင်းကြီးမှာ ထွန်းထားတဲ့မီး မြင်တော့ မီးပြတိုက်ထင်ပြီး တိုးဝင်လာတာ။ ကမ်းကို

ဝင်တိုက်မိပြီး သင်္ဘောကြီး နောက်ပြန်အဆုတ်မှာ နှစ်ပိုင်းပြတ်ပြီး ပင်လယ် ကမ်းစပ်မှာ မြုပ်သွားတယ်။ ပင်လယ်အောက်ထဲကို ရောက်သွားတာပေါ့။ အဘ ကြားမိတာကတော့ အဲသည်သင်္ဘောကြီးဟာ ရတနာသေတ္တာတွေကို တင်လာတဲ့ သင်္ဘောကြီး တဲ့။ ရတနာသေတ္တာတစ်ခုသာ ရလိုက်ရင် တို့တွေ ချမ်းသာပြီကွ''

ထို့နောက် ဦးငွေလူက ဆက်ပြောသည်။

''အဲဒီသင်္ဘောကြီး မြုပ်ပြီးကတည်းက ဘုရားမီးလည်း အရင်လို အမြင့်ကြီး မထွန်းတော့ဘူး။ ပင်လယ်က သင်္ဘောတွေ မမြင်ရလောက်အောင် နှိမ့်ပြီးတော့ဘဲ ထွန်းတော့တာ ဒီနေ့အထိ ဆိုပါတော့ကွာ''

''အဘ ဒါဖြင့်ရင် အဲသည်သင်္ဘောပျက်ကြီးထဲက ရတနာတွေကို လူတွေက မတူးဘူးလား''

''တူးဖြစ်တာပေါ့။ အင်္ဂလိပ်ခေတ်ကဆိုတော့ နှစ်ပေါင်းတစ်ရာကျော် ကြာခဲ့ပြီကွဲ့။ တူးတဲ့ သူတွေလည်း တူးကြတယ်။ ဒါပေမဲ့ ရတနာသေတ္တာကို ရမိတယ်လို့ မကြားဖူးပါဘူး။ သင်္ဘောကိုယ်ထည်က သံအကျိုးအပဲ့တွေပဲ ရသွားကြတာ။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်တော့ နောက်ပိုင်းမှာ တူးမယ့် သူလည်း မရှိတော့ဘူး။ ဒါပေမဲ့ လူလေးရဲ့၊ တူးတာက မိုးကျသွားပြီဆိုရင် ပင်လယ်ရေတွေ တက်လာလို့ တူးမရတော့ဘူး။ မိုးကုန်တဲ့ ပွင့်လင်းရာသီ ရောက်မှပဲ ပြန်တူးလို့ ရတာ။ ဟိုတုန်းကတော့ ပင်လယ်ပြင်ကြီးပေါ့။ နောက်ပိုင်းကျတော့ ပင်လယ်ကမ်းစပ်မှာ တဖြည်းဖြည်းနဲ့ သောင်တွေ ထွန်းလာလို့ သင်္ဘောပျက်ကြီး နေရာလည်း ကုန်းပေါ် ရောက်သွားတယ်''

သန့်စင် စိတ်ဝင်စားသွားသည်။ ထို့ကြောင့် -

''ဒါဖြင့်ရင် အဘ၊ အခု အဲဒီသင်္ဘောပျက်ကြီးက ဘယ်နေရာကို ရောက်နေတာလဲ''

''တခြားဟုတ်ရီးလားကွာ၊ လောလောဆယ် အဘနေတဲ့ တဲကလေး နောက်ဘက်ပဲပေါ့''

''အဘကော မတူးဘူးလား''

''အရင်တုန်းကတော့ တူးကြည့်ဖူးတယ်။ ဒါပေမဲ့ အဆင်မပြေပါဘူး။ အဘလည်း နောက်တော့ မတူးဖြစ်တော့ပါဘူး။ ရတနာ ဆိုတာ ကိုယ်နဲ့

ထိုက်မှ ကိုယ်ရတာကွဲ့။ ဘယ်လောက်ပဲတူးတူး ကိုယ်နဲ့ မထိုက်ရင် မရတတ်ဘူး''

''ဒါဆိုရင် အဘ၊ သား တူးကြည့်ရင်ကော''

''ရချင် ရနိုင်တာပေါ့။ အဘနဲ့မထိုက်ပေမဲ့ လူလေးနဲ့ထိုက်ရင် ရနိုင်တာပေါ့''

ထို့နောက် ဦးငွေလူ ပြန်သွားသောအခါ သန့်စင်သည် စဉ်းစားတော့သည်။ သဘော်ပျက်ကြီးအထဲရှိ ရတနာသေတ္တာကို သူသာ ရရှိခဲ့လျှင် သူတို့မိသားစု ချမ်းသာပြီ ဖြစ်သည်။ သန့်စင်တို့မိသားစုမှာ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးသူများဖြစ်ပြီး မိသားစုဘဝ ပြောင်းလဲသွားနိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက် ရောက်လျှင် သန့်စင်သည် ထိုသဘော်ပျက်ကြီး ရှိနိုင်မည့်နေရာသို့ သွားကာ ရတနာသေတ္တာကို ရှာဖွေကြည့်ရန် ဆုံးဖြတ်ထားသည်။ သန့်စင်က သူ့အဖေ ကိုမောင်လှကို မေးကြည့်လိုက်၏။

''အဖေရေ၊ အဘဦးငွေလူ ပြောတာ ဟုတ်သလား၊ သဘော်ပျက်ကြီးထဲမှာ ရတနာသေတ္တာတွေ ရှိတယ်ဆိုတာ''

''သားကိုတော့ မင်းအဘက ဘာတွေ ပြောသွားပြန်ပြီတုန်း မသိဘူး။ ဘယ်သူမှလည်း အတိအကျ မသိကြပါဘူး သားရယ်။ နှစ်တွေပဲ သည်လောက်ကြာနေပြီပဲ။ အဖေတို့လည်း ဟိုတုန်းကတော့ သွားတူးဖူးတယ်။ အချိန်တွေကုန်ပြီး လူပင်ပန်းတာပဲ အဖတ်တင်ပါတယ်ကွာ။ သံကျိုး သံစတွေ နည်းနည်းပဲ ရတယ်။ ရောင်းစားရင်တောင် ဘယ်သူမှဝယ်မှာ မဟုတ်ဘူး''

ဟု ကိုမောင်လှက ရှင်းပြသည်။

(၂)

အခုတော့ သန့်စင် မျှော်လင့်နေသည့် နွေရာသီကျောင်းပိတ်ရက်သို့ ရောက်လာပြီ ဖြစ်သည်။ သန့်စင်သည် သဘော်ပျက်ကြီးဆီသို့သာ သွား၍ ရတနာရှာဖို့သာ စိတ်အားထက်သန်နေ၏။ တစ်ညတွင် သန့်စင်သည် အိပ်မက်တစ်ခုကို မက်သည်။ အိပ်မက်ထဲတွင် သန့်စင်သည် သဘော်ပျက်ကြီးထဲသို့ ရောက်သွားသည်။ သဘော်ပျက်ကြီးထဲတွင် အပေါ်ထပ်နှင့် အောက်ထပ်ကို ဆက်သွယ်သွားသော သဘော်လှေကားအတိုင်း သူဆင်းလာသည်။

ထို့နောက် သန့်စင်သည် သဘော်အောက်ထပ်တွင် သံသေတ္တာအကြီးကြီး တစ်လုံးကို သူ တွေ့လိုက်ရသည်။ ထိုသေတ္တာကြီးသည်ကား ရတနာသေတ္တာပဲ ဖြစ်ရမည်။ သန့်စင်သည် ထိုသံသေတ္တာကို ဖွင့်ကြည့်မည် အလုပ်တွင် အိပ်မက်ကနေ ဖျတ်ခနဲ လန့်နိုးသွားသည်။

"ဟာ… ဒါ ငါနဲ့ထိုက်တန်လို့ အိပ်မက်ပေးတာပဲ"

ဟု သန့်စင် အောက်မေ့လိုက်သည်။

အိပ်ရာထဲမှ ထွက်ကာ သောက်ရေအိုးစင်ဆီသို့ သွားပြီး ရေတစ်ခွက်ကို ခပ်သောက်လိုက်သည်။ ထို့နောက် သန့်စင် ပြန်အိပ်၍ မရတော့။ သူ့၏ မျက်စိထဲတွင် သဘော်ပျက်ကြီးထဲက ရတနာသေတ္တာကိုသာ မြင်ယောင်နေမိသည်။

နောက်တစ်နေ့တွင် သန့်စင်သည် သံတူးရွှင်း တစ်ချောင်းကို ယူလိုက်သည်။

"အဖေ၊ သား အဘဦးငွေလူဆီ သွားမလို့"

ဟု ခွင့်တောင်းလိုက်သည်။

"မင်း သဘော်ပျက်ကြီးကို တူးမလို့ မဟုတ်လား။ ဖြစ်မယ် မထင်ပါဘူးကွာ။ နွံဘက်ကြီး ပင်ပန်းပါတယ်"

ဟု အဖေက ပြောသည်။ အမေကတော့ -

"ဦးငွေလူကြီး ဘာတွေ လျှောက်ပြောပြန်ပြီတုန်း မသိဘူး။ သန့်စင်ကလည်း အဟုတ်ထင်၊ ခက်ပါသေးတယ်"

ဟု ရေရွတ်သည်။ အဖေကတော့ -

"သွားပါလေ့စေကွာ။ အသက်အန္တရာယ်တော့ မရှိပါဘူး။ အရင်တုန်းကသာ ပင်လယ်ဖြစ်ပေမဲ့ အခု ပင်လယ်ကောကုန်လို့ ကုန်းပေါ်ရောက်နေပါပြီ။ ပင်လယ်နဲ့လည်း အဝေးကြီးပါ"

ဟုပဲ ပြောသည်။

သန့်စင်သည် နေ့လယ်စာ ထမင်းစားပြီးသည်နှင့် သံတူးရွှင်း တစ်ချောင်း ကိုင်ကာ ဦးငွေလူ ရှိရာ တဲကလေးသို့ ထွက်လာခဲ့သည်။ ဦးငွေလူ၏ တဲကလေးက ရွာနှင့် နည်းနည်းလှမ်းပြီး သီးခြားရှိနေသော အိမ်ကလေး ဖြစ်သည်။ လမ်းမှာ နေကပူသဖြင့် အပူဒဏ် ခံနိုင်အောင်

နှီးဦးထုပ်ကြီး တစ်လုံးကိုလည်း ဆောင်းသည်။ မျက်နှာရော လက်တွေပါ စပ်သွေး သနပ်ခါးများကို ထူပိန်းနေအောင် လိမ်းကျံထားသည်။ သန့်စင်ကို မြင်သောအခါ ဦးငွေလူက ရယ်မောရင်း -

"လူလေးရာ၊ မင်းသနပ်ခါး လိမ်းတာလည်း တကယ့်ကို ပဲကြီး ဟင်းအိုးထဲ မှောက်ကျလာတဲ့ အတိုင်းပါလား"

"နေပူဒဏ် ခံနိုင်အောင် လိမ်းလာတာပါ အဘရာ"

ဟု သန့်စင် ပြန်ပြောလိုက်သည်။



ဦးငွေလှသည် သန့်စင်၏ လက်ထဲတွင် ကိုင်ဆောင်ထားသော သံတူးရွင်းကို ကြည့်လိုက်ရင်း -

"လူလေးက တကယ်တူးတော့မယ်ပေါ့။ အဘ ဖြစ်နိုင်ခြေရှိတဲ့ နေရာကို ခန့်မှန်းပြမယ်။ အဘ ထင်ထားတာတော့ အဘအိမ်ကလေးရဲ့ နောက်ဘက်က ကုက္ကိုပင်ကြီးအောက်လို့ ထင်တယ်။ အရင်တုန်းကတော့ အဲသည်နေရာ ပင်လယ်ပြင်ကြီးပေါ့"

သန့်စင်သည် ကုက္ကိုပင်ကြီးအောက်ကို ကြည့်လိုက်တော့ သူ ဝမ်းသာသွားသည်။ ကုက္ကိုပင်ကြီး၏ အောက်က အရိပ်ကောင်းပြီး တူးလို့ အဆင်ပြေမည်ဟု သူ ထင်လိုက်သည်။ သန့်စင်သည် သူ့၏သံတူးရွင်းဖြင့် တူးလိုက်၊ နွေရာသီဖြစ်သဖြင့် ချွေးတွေ ထွက်လာလိုက်၊ ဦးငွေလှ၏ အိမ်ကလေး အပေါ်သို့ ရေတက်သောက်လိုက်နှင့် ညနေဘက်သို့ ရောက်ရှိသွားသည်။

"အဆင်ပြေရဲ့လား လူလေး"

ဟု ဦးငွေလှက တောင်းရက်ရာမှ လှမ်းမေးသည်။

"ဒီနေ့တော့ မတွေ့သေးပါဘူး အဘရယ်"

ဟုသာ သန့်စင်သည် မောပှိုက်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

ထို့နောက် သန့်စင်သည် သံတူးရွင်းကို အိမ်သို့ ပြန်မသယ်တော့ဘဲ ဦးငွေလှ ဆီမှာသာ အပ်နှံထားလိုက်သည်။ နောက်တစ်နေ့လည်း ဆက်လက် တူးဦးမှာ ဖြစ်သည်။

သန့်စင်သည် အိမ်သို့ပြန်လာရာ အပြန်လမ်းတွင် သူငယ်ချင်းများ ဖြစ်သော ကျော်တိုး၊ မင်းထူး၊ ခင်မြင့်မော်တို့နှင့် တွေ့လိုက်ရ၏။ သူတို့၏ လက်ထဲတွင် စာအုပ်ကလေးတွေ ကိုယ်စီ ကိုင်ဆောင်ထားကြသည်။ သန့်စင် ကို မြင်တော့ ကျော်တိုးက ပြောသည်။

"ငါတို့ မင်းအိမ်ကို လာပြီး မင်းကို ရှာသေးတယ်ကွ၊ မင်း အဘ ဦးငွေလှဆီကို သွားတယ်ဆိုလို့"

"ဘာလုပ်မလို့လဲကွ"

ဟု သန့်စင်က ပြန်၍ မေးလိုက်သည်။

"ရွာဦးကျောင်းမှာ အာဂန္တုဦးဇင်းတစ်ပါး ရောက်နေတယ်ကွ။ သူက အင်္ဂလိပ်စာကျွမ်းတော့ ရွာထဲက ကလေးတွေ အင်္ဂလိပ်စာတွေကို

ညနေတိုင်း သင်ပေးမယ်ပြောလို့ မင်းကို ငါတို့နဲ့အတူ လိုက်တက်ဖို့ ခေါ်တာ''

ဟု မင်းထူးက ပြောသည်။ ထိုအခါ ခင်မြင့်မော်ကလည်း -

''ဟုတ်တယ် သန့်စင်ရဲ့၊ ဦးဇင်းက စာသင်တာ အရမ်းရှင်းတယ်။ တို့တွေ အခု စာသင်ပြီးလို့ ရွာဦးကျောင်းက ပြန်လာတာ။ နင် နက်ဖြန် တို့နဲ့ လိုက်တက်ပါလားဟာ''

''အေး၊ ငါ တက်ဖြစ်ရင် ရွာဦးကျောင်းကို တန်းလာခဲ့မယ်လေ''

ဟုသာ ပြောလိုက်သည်။

''မင်း တက်ဖြစ်အောင် တက်ကွာ၊ ဦးဇင်းက ပညာဒါနပြုတာကွ''

ဟု မင်းထူးက ပြောသည်။

ထို့နောက် သန့်စင်သည် သူတို့နှင့် လမ်းခွဲပြီး အိမ်ဘက်သို့ ပြန်လာခဲ့သည်။ သန့်စင်ကို တွေ့တော့ အဖေက -

''ဘယ့်နှယ်လဲ တူးဖော်ရေးသမားကြီး၊ ဘာတွေ တွေ့ခဲ့လဲ''

ဟု မေးသည်။

''ဘာမှ မတွေ့ပါဘူး အဖေရာ''

ဟုပဲ ပြန်ဖြေလိုက်သည်။

သန့်စင်သည် သံတူးရှင်းတစ်လက်ဖြင့် မြေကြီးများကို ဟိုနေရာ တူးဆွ၊ သည်နေရာ တူးဆွရင်း ရက်တွေသာ ကြာလာခဲ့သည်။ ရတနာ သေတ္တာ ဝေးစွ၊ သဘော်ကိုယ်ထည်က သံထည်အကျိုးအပဲ့မျှတောင် မတွေ့ပေ။

ထို့ကြောင့် ဟိုနေရာ သည်နေရာတူးနေမည့်အစား၊ တစ်နေရာ တည်းကိုပဲ ရွေးချယ်ကာ မြေကြီးကို ခပ်နက်နက် တူးဆွကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။ သကြိန်ရက်များ အတွင်းတွင်လည်း သူသည် တခြား သူငယ်ချင်းတွေလို မပျော်ရွှင်နိုင်ဘဲ ဦးငွေလူ၏ အိမ်ကလေး အနီးတွင်သာ အချိန်တွေ ကုန်ဆုံးစေခဲ့၏။ အမေက -

''သားရယ်၊ မင်းရတနာသေတ္တာ ဘယ်မှာရှိမှန်း မသိဘူး။ ကျောင်း ပိတ်ရက်တွေမှာ အမေ့ကို ဈေးဝိုင်းပြီး ရောင်းပေးတာကမှ အကျိုးရှိဦးမယ်''

ဟု ပြောသည်။ အဖေကတော့ -

"တူးပါစေဦးကွ၊ သူ့စိတ်တိုင်းကျ"

ဟု ပြောသည်။

တစ်နေ့တွင် သန့်စင်သည် အိပ်ရာက ထတော့ ကိုယ်လက်တွေ မအီမသာ ဖြစ်နေပြီး ကိုယ်တွေကလည်း ပူနေသည်။ အမေက သူ့နဖူးကို စမ်းကြည့်ပြီး -

"ဟာ... ဒီကောင်လေး ဖျားနေပြီ"

ဟု ဆိုကာ ဆိုင်တွင် ရောင်းသည့် ဘိုင်အိုဂျက်ဆစ် တစ်လုံးကို မုန့်တစ်ခုနှင့်အတူ တိုက်သည်။

"ဖျားမှာပေါ့၊ ဒီလောက် နွေဘက်ကြီးကို ပင်ပင်ပန်းပန်း မြေကြီးတွေ လျှောက်တူးတော့ အပူလျှပ်ပြီး ဖျားပြီပေါ့"

ဟု အမေက ပြောသည်။ အဖေက -

"တချို့ကိစ္စတွေက ကိုယ်တိုင်အသိတရား ရသွားမှ ပိုကောင်းတယ်။ ဒါကြောင့်မို့လို့ သူ့ကို လွှတ်ထားတာ။ အန္တရာယ်ဖြစ်လောက်တဲ့ ကိစ္စ မဟုတ်တာလည်း ပါတာပေါ့"

ထိုရက်များအတွင်း သန့်စင်သည် ညဘက် အိပ်မက်များကို ရံဖန် ရံခါ မြင်မက်တတ်သည်။ ရတနာသေတ္တာအထဲတွင် ပါသော ပစ္စည်းများက ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ စိန် အစရှိသော ပြိုးပြိုးပြက်ပြက် ရတနာများကို မျက်လုံးထဲတွင် မြင်ယောင်နေမိသည်။

သန့်စင် နေပြန်ကောင်းလာသော ရက်တွင်မူ မိုးက သဲကြီးမဲကြီး ရွာတော့သည်။ သည်နှစ်တွင် မိုးက ဆက်တိုက်ရွာပြီး မိုးအဝင်စောသွားသည်။ မိုးရွာသွန်းသည့်အတွက် ပင်လယ်ရေတွေ ဝင်လာပြီး ဦးငွေလူ၏ အိမ်ကလေး အနားမှာ ရေတွေ လွှမ်းနေပြီ။ သန့်စင်၏ ရတနာတူးဖော်ရေး လုပ်ငန်းသည် သည်နှစ်အဖို့ ဆက်လက်တူးဖော်၍ မရတော့။ ဦးငွေလူက သန့်စင်၏ သံတူးရွင်းကိုယူပြီး အိမ်သို့ ရောက်လာသည်။

"မင်း သံတူးရွင်း အဘ လာပေးတာဟေ့။ အဘအိမ်နားမှာ ပင်လယ်ရေတွေ တင်လာပြီကွ။ မင်း တူးလို့မရတော့ဘူး။ နောင်နှစ်ပေါ့ကွာ"

ဟု ပြောသည်။

"တော်ပါတော့ အဘရာ"

ဟုပဲ သန့်စင် ပြန်ပြောလိုက်သည်။

ဖျားပြီးသည့်နောက် ပါးစပ်တွေပျက်ပြီး ဘာကိုမှ စားချင်သောက်ချင်စိတ်မရှိ ဖြစ်နေသည်။ လောလောဆယ် သူ့စိတ်ထဲတွင် ရတနာသေတ္တာ မရှိတော့ဘဲ နေအမြန် ပြန်ကောင်းချင်နေသည်။

သန့်စင်၏ သူငယ်ချင်းများကလည်း ထိုသတင်းကြားတော့ သတင်းလာမေးကြသည်။ ကျော်တိုးက -

"မင်း နေကောင်းရင် ဦးဇင်းဆီမှာ အင်္ဂလိပ်စာ လိုက်တက်ပါကွာ၊ တို့တွေကို စကားပြောလည်း သင်ပေးတယ်ကွ"

ဟု ပြောသည်။

သို့ဖြင့် သန့်စင်သည် သူ ပြန်လည်နေကောင်းလာသောအခါ သူငယ်ချင်းများနှင့်အတူ ဦးဇင်းလေး၏ အင်္ဂလိပ်စာ ပညာဒါနသင်တန်းသို့ တက်ရောက်ခဲ့သည်။ ဦးပဥ္စင်းလေးသည် သက်တော်သုံးဆယ်ပင် ပြည့်သေးဟန် မတူပေ။ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် စကားများ ပြောကြရာတွင် သန့်စင်သည် ဘာမှ မပြောနိုင်မဆိုနိုင် ဖြစ်နေသည်။ ပြောခိုင်းသော စကားများမှာလည်း ခဲရာခဲဆစ် မဟုတ်ဘဲ နေ့စဉ်သုံး စကားများထဲမှ လွယ်ကူသော စကားများသာ ဖြစ်သည်။

ထိုအခါကျမှ သန့်စင်သည် နောင်တမရစဖူး ရလိုက်သည်။

"ငါသာ အစကတည်းက လိုက်တက်ခဲ့ရင် သူတို့လောက်တော့ ပြောနိုင်ဆိုနိုင် ဖြစ်နေပြီ။ သဘော်ာပျက်ကြီးက ရတနာသေတ္တာ သွားရှာတာ အချိန်တွေကုန်ပြီး နေမကောင်းတာပဲ အဖတ်တင်တယ်။ နောက်ဆို အဘငွေလူ ပြောတိုင်းလည်း ယုံလို့ မဖြစ်တော့ဘူး"

✣



"မင်းက လှေလှော်တာ ကျွမ်းလှချည်လား"
ဟု ဇော်ဇော်က အကြီးကောင်ကို ချီးကျူးလိုက်သည်။
"မင်းကလည်း ငါ့အဖေနဲ့ ငယ်ငယ်ကတည်းက
ချောင်းထဲမှာ လှေနဲ့ ပိုက်ချပြီး ငါးဖမ်းနေကျဟာကို"

# အတွေ့အကြုံ

# အတွေ့အကြုံ

နွေရာသီ ကျောင်းပိတ်ရက်အတွင်းတွင် ဇော်ဇော်သည် ဖေဖေ့၏ ဇာတိမြို့ဖြစ်သော တံတားမြို့သို့ အလည်ရောက်ရှိခဲ့သည်။ တံတားမြို့တွင် အနည်းဆုံး ဆယ်ရက်လောက် နေမည်ဟု ဖေဖေက ပြောသည်။ ဇော်ဇော်တို့-မိသားစုတွင် ဖေဖေ၊ မေမေနှင့် ဇော်ဇော်၊ စုစုပေါင်းသုံးယောက်ပဲ ရှိသည်။ တံတားမြို့တွင် ဇော်ဇော်၏ အဘွားအိမ်တွင် နေထိုင်ကြသည်။

အဘွား၏ ခြံကြီးသည် ပေကိုးဆယ်ကျော်၊ တစ်ရာနီးပါး ကျယ်ဝန်းသဖြင့် လွတ်လွတ်လပ်လပ် ဆော့ကစားလိုသော ဇော်ဇော့်အဖို့ အဆင်ပြေသွားသည်။

ဇော်ဇော်တို့အိမ်နှင့် မျက်စောင်းထိုးတွင် အကြီးကောင် ဆိုသော ကောင်လေးတစ်ယောက် ရှိသည်။ သူ့၏အဖေနှင့် အမေက ရွာအနောက်ဖျား ချောင်းစပ်တွင် တံငါအလုပ်ဖြင့် အသက်မွေးကြသူများ ဖြစ်သည်။ အကြီးကောင်က မိဘများနှင့် မနေဘဲ သူ့အဘိုးအိမ်သို့ လာနေခြင်း ဖြစ်သည်။ ဇော်ဇော်သည် တံတားမြို့တွင် နေစဉ်ကာလအတွင်း တခြားပေါင်းသင်းစရာ မရှိသဖြင့် အကြီးကောင်နှင့်ပဲ ပေါင်းသင်းဖြစ်သည်။

"မင်းအသက် ဘယ်နှနှစ်လဲ"

ဟု ဇော်ဇော်က မေးလိုက်သည်။

"ဆယ့်တစ်နှစ်"

ဟု အကြီးကောင်က ပြန်ပြောသည်။

"ဒါဆို ငါနဲ့ အသက်အတူတူပဲ၊ မင်းနဲ့ငါနဲ့ပဲ ပြောကြတာပေါ့၊ မင်း အတန်းကော ဘယ်နှတန်းရောက်ပြီလဲ"

"သုံးတန်း"

"ဟုတ်လား၊ ငါက ခြောက်တန်းတောင် ရောက်နေပြီ။ မင်း ဘာဖြစ်လို့ သုံးတန်းပဲ ရှိသေးတာလဲ"

"ကျောင်းထား နောက်ကျလို့ကွ"

ဟု အကြီးကောင်က ပြန်ဖြေသည်။

ဇော်ဇော်သည် အကြီးကောင်နှင့် ပေါင်းသင်းရာမှ အကြီးကောင်သည် ငှက်ပစ်ခြင်း၊ ငါးမျှားခြင်း စသော တံငါ မုဆိုးဆန်ဆန် ပြုမူတတ်သည်ကို တွေ့ရသည်။ ဇော်ဇော်ကတော့ လိုက်သာ ကြည့်သည်။ သူ လုပ်သလိုတော့ လိုက်မလုပ်။

ဇော်ဇော်တို့ အဘွား၏ အိမ်နောက်ဘေးရှိ ရေကန်ကြီးသည် ရေခန်းလုနီးပါး ဖြစ်နေပြီ။ ကန်ထဲတွင် ရေအိုင်ကလေးတွေပဲ သုံးအိုင်လောက် ရှိတော့သည်။ သို့သော် ရေတွေက သောက်မကောင်းအောင် နောက်ကျိနေပြီ။ ရေအခက်အခဲ ရှိသဖြင့် တခြားရေကန်များသို့ သွားရောက် ရေခပ်ကြရသည်။

အကြီးကောင်က -

"လာ… ဇော်ဇော်၊ တို့တွေ ကန်ကြီးထဲ သွားရအောင်"

ဟု အဖော်ဆွယ်သည်။

"ဘာသွားလုပ်မှာလဲကွ"

ဟု ဇော်ဇော်က ပြန်မေးသည်။

"ငါးသွားရှာမလို့ကွ"

ဇော်ဇော်သည် အိမ်ထဲသို့ဝင်ပြီး ဦးထုပ်ယူကာ ဆောင်းလိုက်သည်။ အကြီးကောင်ကတော့ ဆောင်းစရာ ဘာမှမပါပေ။

"သား ဘယ်သွားမလို့လဲ"

ဟု မေမေက လှမ်းမေးသည်။

"နောက်ဖေးက ကန်ကြီးထဲကိုပါ"

"ဩော်… ဒီကောင်လေးလည်း အပေါင်းအသင်း မင်နေပြန်ပါပြီ"

ကန်ကြီးထဲသို့ ရောက်သောအခါ အကြီးကောင်သည် ရွှံ့အိုင်တစ်အိုင် ထဲသို့ ဆင်းလိုက်သည်။ ထို့နောက် နွံထဲတွင် ရှိနေသော ငါးများကို လက် နှစ်ဖက်ဖြင့် လိုက်လံစမ်းသပ်လေသည်။ တစ်ခဏမျှကြာတော့ သူ့လက်ထဲမှာ ငါးခူတစ်ကောင် ရလာသည်။

"တွေ့လားကွ၊ ငါးတွေက အခုလို ရေခန်းတဲ့ အချိန်မျိုးဆို နွံထဲမှာ ရှိတတ်တယ်"

ဟု အကြီးကောင်က ဂုဏ်ယူဝံ့ကြွားသော လေသံဖြင့် ပြောသည်။

*

နောက်နေ့တွင် အကြီးကောင်သည် လက်ထဲမှာ ထမင်းစားပန်းကန်ပြား သံပန်းကန်အဟောင်း တစ်ချပ်ကို ကိုင်ထားသည်။

"ဇော်ဇော် ငါနဲ့ လိုက်ခဲ့ပါလား"

"ဘယ်လဲကွ"

"အိုးတိုက်ဖွဲပြာ သွားကျုံးမလို့၊ သိပ်မဝေးပါဘူး"

ဇော်ဇော်သည် အိမ်ပေါ်သို့ ကြည့်လိုက်တော့ မေမေ့ကို မတွေ့ရ။ ဖေဖေ့ကိုပဲ တွေ့လိုက်ရသည်။

"ဖေဖေ၊ သား အကြီးကောင်နဲ့ ခဏလိုက်သွားမယ်နော်"

"အေး… အေး သွား… သိပ်မကြာစေနဲ့၊ မင်းအမေ စိတ်ပူ လိမ့်မယ်"

ဇော်ဇော်သည် ဖေဖေ့ဆီက ခွင့်ပြုချက် ရသည်နှင့် အကြီးကောင် နှင့်အတူ လိုက်ပါခဲ့သည်။

အကြီးကောင်က ဇော်ဇော်ကို စပါးကျီ အဟောင်းကြီး တစ်ခုဘေးရှိ လမ်းကြားသို့ ခေါ်သွားသည်။ ဇော်ဇော်သည်လည်း ဘာမှ မမေးဘဲ အကြီးကောင် ခေါ်ရာနောက်သို့ လိုက်ပါခဲ့လေသည်။ ထို လမ်းကြားလေး အတိုင်း လျှောက်ရင်း ချောင်းကမ်းစပ်သို့ ရောက်လာခဲ့သည်။ ထိုတော့မှ ဇော်ဇော်က မေးလိုက်သည်။

"မင်း ဘယ်မှာ သွားကျုံးမှာလဲ"

"ဟိုဘက်ကမ်းမှာလေကွာ၊ ဆန်စက်ကြီး ရှိတယ်။ အဲဒီမှာ အိုးတိုက်ဖွဲပြာတွေ အများကြီး၊ ကျုံးချင်တဲ့သူ ကျုံးလို့ ရတယ်"

ဇော်ဇော် လှမ်းကြည့်လိုက်သောအခါ ဆန်စက်ကြီးကို လှမ်းမြင်ရသည်။

ဆန်စက်ကြီးဘေးမှာ ဖွဲပြာတွေ အများကြီး ပုံနေသည်ကိုလည်း တွေ့ရ၏။ ချောင်းအကျယ်ကတော့ ပေလေးဆယ်လောက် ရှိမည် ထင်သည်။

"မင်း ဘယ်လိုလုပ်ပြီး ယူမှာလဲ၊ ချောင်းခြားနေတာကို"

ဟု ဇော်ဇော်က ပြောလိုက်သည်။

"မင်းကလည်း ငါ ယူနေကျပါကွာ"

ဟု အကြီးကောင်က ပြန်ဖြေသည်။ အကြီးကောင်သည် ချောင်းကမ်းစပ်တွင် မှောက်ထားသော လှေတစ်စင်းကို ပြသည်။

"ဒီလှေလှော်ပြီး သွားယူမှာပေါ့ကွ"

"မင်းကလည်း သူများလှေကို ခွင့်မတောင်းဘဲနဲ့"

"တို့ဆီမှာက ပြဿနာ မရှိဘူးကွ၊ ယူသုံးပြီးရင် သူ့နေရာသူ ပြန်ထားရုံပဲ"

ဟု ပြောရင်း အကြီးကောင်က လှေကို ပက်လက်လှန်ကာ ရေချလိုက်သည်။ ထို့နောက် -

"မင်း ရေကူးတတ်လား"

ဟု သူက ဇော်ဇော့်ကို မေးလိုက်သည်။

"ရေကူးကန်မှာတော့ ကူးဖူးတာပေါ့ကွ"

ဟု ဇော်ဇော်က ပြန်ဖြေသည်။

"ဒါနဲ့ လှော်တက်မှ မရှိဘဲ မင်း ဘာနဲ့လှော်မှာလဲ"

ဟု တစ်လက်စတည်း ဇော်ဇော်က မေးလိုက်သည်။

အကြီးကောင်က သူ့ လက်ထဲတွင် ရှိသော ပန်းကန်ပြားအဟောင်းကို ပြသည်။ အကြီးကောင်သည် ထမင်းစားပန်းကန်ပြားကို လှော်တက်လို လှော်ခတ်ပြီး ဇော်ဇော့်ကို တစ်ဖက်ကမ်းသို့ တင်ဆောင်လှော်ခဲ့သည်။ တစ်ဖက်ကမ်းသို့ ရောက်တော့ -

"မင်း အရင်တက်"

ဟု ပြောလိုက်သည်။ ဇော်ဇော်သည် တစ်ဖက်ကမ်းသို့ သတိထားပြီး တက်လိုက်သည်။ အကြီးကောင်က လှေကို ကမ်းပေါ် တင်လိုက်သည်။

"ကမ်းပေါ် တင်ထားမှပါကွာ၊ ဒီအတိုင်းထားရင် မျောသွားမှာ"

ဟု သူက ပြောသည်။

အကြီးကောင်သည် ဆန်စက်ကြီး၏ဘေး ဖွဲပြာပုံကြီး ရှိရာသို့ ဇော်ဇော့်ကို ခေါ်ခဲ့သည်။ သူ၏ ပန်းကန်ပြားဖြင့် အိုးတိုက်ဖွဲပြာများကို ကျုံးပြီး အသင့်ယူလာသော အိတ်တစ်လုံးထဲသို့ ထည့်သည်။ အိတ်ပြည့်သော အခါ အကြီးကောင်က ပန်းကန်ပြားကို ဇော်ဇော့် ပေးလိုက်သည်။ လှေကို ရေထဲသို့ ချနေစဉ် အကြီးကောင်က -

"လှေကို မင်း ခဏထိန်းထားနော်၊ မျောသွားမှာစိုးလို့"

ဟု ပြောသဖြင့် ဇော်ဇော်သည် ပန်းကန်ပြားကို အသာချ၍ လှေကို ထိန်းထားလိုက်သည်။ ထို့နောက် အကြီးကောင်သည် ဖွဲပြာအိတ်ကို လှေထဲ ချလိုက်သည်။ ဇော်ဇော် ချထားသော ပန်းကန်ပြားကို ကောက်ယူလိုက်ပြီး-

"ကဲ... ဇော်ဇော် မင်း တက်တော့"

ဟု အကြီးကောင်က ပြောသည်။

'လှေအဆင်း မြင်းအတက်' ဆိုသော စကားပုံကို ဇော်ဇော် အမှတ်မထင် သတိရလိုက်သဖြင့် သတိကြီးစွာ ထားပြီး လှေပေါ်သို့ တက်လိုက်သည်။ အပြန်လမ်းတွင်လည်း အကြီးကောင်သည် သံပန်းကန်ပြားဖြင့် လှေကို ကျွမ်းကျင်စွာ အသုံးပြုပြီး လှော်ခတ်ခဲ့သည်။ မူလဘက်ကမ်းသို့ ဆိုက်ဆိုက် မြိုက်မြိုက် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ အကြီးကောင်က လှေကို မူလ နေရာမှာပဲ ပြန်လည်မှောက်ကာ ထားခဲ့သည်။

"မင်းက လှေလှော်တာ ကျွမ်းလှချည်လား"

ဟု ဇော်ဇော်က အကြီးကောင်ကို ချီးကျူးလိုက်သည်။

"မင်းကလည်း ငါ့အဖေနဲ့ ငယ်ငယ်ကတည်းက ချောင်းထဲမှာ လှေနဲ့ ပိုက်ချပြီး ငါးဖမ်းနေကျဟာကို"

ဟု အကြီးကောင်က ပြန်ပြောသည်။

အကြီးကောင်က အိုးတိုက်ဖွဲပြာ အိတ်ကို ထမ်း၊ ဇော်ဇော်က သံပန်းကန်ပြားကိုင်ကာ ပြန်လာခဲ့ကြသည်။

ထိုကိစ္စ မေမေ သိသွားတော့ ဇော်ဇော့်ကို အကြီးအကျယ်ဆူသည်။ အဓိကကတော့ ချောင်းကို အသွားအပြန် နှစ်ခေါက်တောင် ဖြတ်ကူးခြင်း

ကြောင့် ဖြစ်သည်။ အဘွားကလည်း နောက်ဆို အကြီးကောင်နှင့် မတွဲရဟု ပြောသည်။

ဇော်ဇော်က -

"မေမေကလည်း သား ရေကူးတတ်တာပဲ ဟာကို"

ဟု စောဒကတက်သည်။

သားအမိနှစ်ယောက် အချီအချ ပြောဆိုနေကြတာကို ကြားတော့ ဖေဖေက ဝင်ပြောသည်။

"သား ရေကူးတတ်တာ မှန်တယ်။ ဒါပေမဲ့ သား ကူးခဲ့တာက ရေကူးကန်မှာ ကူးခဲ့တာလေ၊ ရေကူးကန်က ရေငြိမ်၊ ချောင်းက ရေရှင်။ သဘာဝချင်း မတူတာတွေ ရှိတယ်။ ရေကူးကန်မှာ ရေနစ်ရင် သားကို ကယ်မဲ့သူက အဆင်သင့် ရှိတယ်လေ၊ ချောင်းထဲမှာ ရေနစ်ရင် ကူမဲ့သူက အဆင်သင့် ရှိချင်မှရှိမှာ။ အကြီးကောင် ရေကူးတတ်ပေမဲ့ သားနဲ့က အသက်ချင်း မတိမ်းမယိမ်း ဆိုတော့ သူ့ကိုယ်သူပဲ ကူးနိုင်မှာပေါ့။ သားကို ကယ်ဖို့ မလွယ်ဘူးလေ"

ဇော်ဇော် ပြန်မပြောဘဲ ဖေဖေ့စကားကို ဆက်နားထောင်နေသည်။ ဖေဖေက ဆက်ပြောသည်။

"အကြီးကောင်က ငယ်ငယ်ကလေးတည်းက မြစ်နား ချောင်းနား ကြီးလာတော့ ရေက သူ့အဖို့ အဆန်းတကြယ် မဟုတ်တော့ဘူးလေ၊ လူကြီး တစ်ယောက်ယောက် မပါဘဲ သား အဲဒီလိုနေရာမျိုးကို မသွားသင့်ဘူး"

"အကြီးကောင်က လှော်တက်နဲ့ လှော်တာ မဟုတ်ဘူး ဖေဖေ၊ သံပန်းကန်ပြား အဟောင်းနဲ့ လှော်သွားတာ"

ထိုအခါ ဖေဖေက ပြုံးလိုက်သည်။

"အဲဒါက သူ့ရဲ့ ကျွမ်းကျင်မှုပဲလေ၊ လှော်တက်ရှိမှ လှော်မယ် ဆိုတာမျိုး မဟုတ်ဘူး။ ကြုံရာနဲ့ အဆင်ပြေအောင် လုပ်သွားတာ။ သူ့ရဲ့ အတွေ့အကြုံပဲ။ သားက သူ့ထက် ပညာပိုတတ်တယ်။ ခေတ်မီတဲ့ အတွေ့ အကြုံတွေ သူ့ထက်ပိုရှိတယ် ဆိုပေမဲ့ တချို့နေရာတွေမှာ သူက သားထက် ပိုသာတယ်။ သား သူ့ဆီက အတွေ့အကြုံတွေ ယူသင့်တယ်။ ဒါပေမဲ့ သား မေမေက ခွင့်ပြုမှာ မဟုတ်တော့ဘူး"

ဖေဖေ့၏ စကားကြောင့် မေမေက ဖေဖေ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"အဖေကြီးနော်၊ ကျွန်မနဲ့ ဇော်ဇော့်ကို ရန်တိုက်မပေးနဲ့၊ ကျွန်မက ဇော်ဇော့်ကို တစ်ယောက်တည်း မွေးထားတာ၊ အတိမ်းအစောင်း တစ်ခုခု အဖြစ်မခံနိုင်ဘူး"

ဟု ပြောလိုက်သည်။

✣

"ဦးဆာမိကြီး ဒါကို ပဲလျှော်နဲ့ လဲမယ်လေ"

"အေးအေး... ကောင်းပြီ"

ဟု ဆိုကာ သူ့ဆိုင်းထမ်းထဲမှ ချိန်ခွင်ကို ထုတ်လိုက်သည်။

# ဒန်အိုးပေါက် ကြေးအိုးပေါက်သည်ကြီး



# ဒန်အိုးပေါက်၊ ကြေးအိုးပေါက်သည်ကြီး

"ဒန်အိုးပေါက်တွေ ဝယ်တယ်၊ ကြေးအိုးပေါက်တွေ ဝယ်တယ်။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်တွေ ပဲလှော်နဲ့ လဲတယ်"

ထိုအသံကို ပူပြင်းခြောက်သွေ့သော နွေရာသီ၏ နေ့လယ်ခင်းမှာ ကြားလိုက်ရသည်။ ထွန်းဇော်နှင့် လင်းကိုတို့သည် ထွန်းဇော်တို့ ခြံထဲရှိ အရိပ်ကောင်းသော ခရေပင်ကြီးအောက်တွင် ကျားရွှေ့တမ်း ဆော့ကစား နေကြသည်။ ခရေပင်ကြီးက လမ်းမနှင့် နီးသည်။ ထိုအသံကို ကြားလိုက် ရတော့ ထွန်းဇော်က -

"ဦးဆာမိကြီးတော့ လာပြီကွ၊ တို့တွေ ဒီလူကြီးကို ပညာပေး ရမယ်"

ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

ဟု လင်းကိုက ပြန်မေးလိုက်သည်။

"ဒီလူကြီးဆီမှာ တို့တွေ ကောက်ထားတဲ့ ပလတ်စတစ်တွေ လဲရင် ဘယ်တော့မှ ပဲလှော်များများ မပေးဘူး။ တွန့်တိုလိုက်တာလည်း လွန်ရော"

ဟု ထွန်းဇော်က ပြန်ပြောလိုက်သည်။

ဦးဆာမိသည် အိန္ဒိယလူမျိုးတစ်ယောက် ဖြစ်ပြီး ထွန်းဇော်တို့ ရပ်ကွက်ထဲသို့ တစ်ပတ်တစ်ခါလောက်တော့ ရောက်လာတတ်သည်။ သူသည် ပလတ်စတစ်အဟောင်းများကိုလည်း ဘိုကိတ်ပဲလှော်ဖြင့် လဲပေး

တတ်သည်။ သို့သော် ပလတ်စတစ် အပျော့သားကိုပဲ ယူသည်။ အကြွပ်သားကို မယူပေ။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်များကိုတော့ ပဲလှော်ဖြင့် လဲရာတွင် ချိန်ခွင်ဖြင့် ချိန်ပေးလေ့ရှိသည်။ ချိန်ခွင်တစ်ဖက်မှာ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်ကို ထည့်၊ နောက်တစ်ဖက်မှာ ပဲလှော်ထည့်ပြီး အလေးချိန် ညီတူညီမျှ လဲလှယ်ပေးသည်။

ထွန်းဇော်သည် သူ ပလတ်စတစ်များကို ပဲလှော်နှင့် လဲတုန်းက ဦးဆာမိကြီးက နည်းနည်းပေးသည်ဟု ထင်သဖြင့် မကျေမနပ် ဖြစ်နေသည်။ ဦးဆာမိကြီးသည် ရှေ့နောက် ဆိုင်းထမ်းကြီးနှစ်ခုကို ထမ်းရင်း သူတို့ရှေ့သို့ ရောက်လာသည်။ မျက်မှန်းတန်းမိနေကျ ဖြစ်သဖြင့် -

"ဟော့… ကောင်ကလေးတွေ ဘာမှ လဲစရာ မရှိဘူးလား"

ဟု လှမ်းမေးလိုက်သည်။ ဇော်ဇော်က -

"မရှိသေးဘူး။ ဦးဆာမိကြီး အပြန်ကို ဒီဘက်ကပဲ ပြန်မှာလား"

ဟု ပြောလိုက်သည်။

ဇော်ဇော်၏ စကားကြောင့် ဦးဆာမိကြီး ခဏစဉ်းစားလိုက်သည်။ ထို့နောက် -

"မင်းတို့ လဲမယ်ဆိုရင်တော့ ဒီကပဲ ပြန်လာမယ်လေ"

ဟု ပြောသည်။

"ပြန်လာခဲ့ ဦးဆာမိ။ ကျွန်တော့်မှာ လဲစရာတစ်ခု ရှိတယ်"

ဟု ဇော်ဇော်က ပြောတော့ ဦးဆာမိက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ရှေ့ဆက်သွားတော့သည်။

"ဒန်အိုးပေါက်တွေ ဝယ်တယ်၊ ကြေးအိုးပေါက်တွေ ဝယ်တယ်။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်တွေ ပဲလှော်နဲ့ လဲတယ်"

ဟု ဆက်လက်အော်သွားတော့သည်။

လင်းကိုက မေးလိုက်သည်။

"မင်းမှာ ဘာရှိလို့ လဲမှာလဲ ထွန်းဇော်"

"လာ… ငါပြမယ်"

ဟု ဆိုကာ ထွန်းဇော်သည် အိမ်နောက်နားသို့ ခေါ်သွားပြီး ဆီးအိုး အဟောင်းကြီး တစ်လုံးကို ပြလိုက်သည်။

ထို ဆီးအိုးအပောင်းကြီးက ဒန်ဖြင့် ပြုလုပ်ထားတာ ဖြစ်သည်။

"လဲလို့ ရတယ်လေကွာ၊ စောစောကတည်းက ဦးဆာမိကြီး ခဏ စောင့် ဆိုပြီး လဲရင် ရရက်သားနဲ့၊ မင်းက အပြန်မှ လဲမယ်လုပ်တယ်"

လင်းကို၏ စကားကြောင့် ထွန်းဇော်က ခပ်တိုးတိုး ပြန်ပြောသည်။

"ငါက ဒီအတိုင်း လဲမှာ မဟုတ်ဘူးကွ၊ ငါ့မှာ အကြံရှိတယ်"

ဟု ပြောကာ အုတ်နီခဲကျိုးတစ်ခုကို ရှာဖွေလိုက်သည်။ ထို့နောက် အုတ်နီခဲအကျိုးတစ်ခုကို ဆီးအိုးအပောင်းထဲသို့ ထည့်လိုက်သည်။

ထွန်းဇော်သည် တုတ်မာမာတစ်ချောင်းကို ယူကာ ဆီးအိုးကို ထုရိုက်တော့သည်။ အသံများ ထွက်ပေါ်လာသဖြင့် အိမ်ပေါ်က ထွန်းဇော်၏ အဘွား ဒေါ်နှင်းမေက လှမ်းမေးသည်။

"ဟဲ့… ကလေးတွေ တဒုန်းဒုန်းနဲ့ ဘာတွေထုနေတာလဲ၊ တကတဲ မှပဲ။ နေ့လယ် နေ့ခင်း အိပ်လို့တောင် မရဘူး"

"သားတို့ ဆော့နေတာပါ အဘွား"

ဟု ထွန်းဇော်က ပြန်ဖြေလိုက်သည်။

"ဆော့ချင်တာသာ ဆော့တော့၊ နေပူထဲ မထွက် ပြီးတာပဲ"

ဟု ဒေါ်နှင်းမေက ပြန်ပြောလိုက်သည်။

"ငါတစ်ယောက်တည်း ထုရတာ မောလာပြီ။ မင်းလည်း ကူထု ပေးဦး"

ဟု ထွန်းဇော်က လင်းကိုကို ပြောလိုက်သည်။

လင်းကိုသည် ထွန်းဇော်၏ လက်ထဲမှ တုတ်ကို ယူကာ ထို ဆီးအိုးအပောင်းကြီးကို ထုရိုက်တော့သည်။ ထိုကဲ့သို့ သူတစ်လှည့်၊ ကိုယ် တစ်လှည့် ထုရိုက်မှုကြောင့် နောက်ဆုံးတွင် ဆီးအိုးကြီးမှာ ပိန်လိမ်သွားသည့် ဘဝသို့ရောက်ရှိသွားသည်။ ဆီးအိုးထဲတွင် ထည့်ထားသော အုတ်နီခဲမှာလည်း ကြေမွကုန်သည်။ ဆီးအိုးထဲမှ ပြန်ခွာယူ၍ မရတော့သည့် အဖြစ်သို့ ရောက်ရှိ သွားတော့သည်။ သူတို့နှစ်ယောက်၏ နဖူးမှာလည်း ချွေးသီးချွေးပေါက်တွေ ကျပြီး အင်္ကျီတွေလည်း ချွေးတွေနှင့် ရွှဲနစ်ကုန်သည်။ ထိုအချိန်တွင် -

"ဒန်အိုးပေါက်တွေ ဝယ်တယ်၊ ကြေးအိုးပေါက်တွေ ဝယ်တယ်။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်တွေ ပဲလှော်နဲ့ လဲတယ်"

ဟူသော ဦးဆာမိကြီး၏ အသံကို ကြားလိုက်ရသည်။ ထွန်းဇော်က-

"လင်းကိုရေ၊ ဦးဆာမိကြီး ပြန်လာပြီကွ၊ လာ··· သွားလဲရအောင်"

ဟု ပြောသည်။

ထို့နောက် စောစောက သူတို့ ထုရိုက်ထားသော ဆီးအိုးအပေါင်းကြီးကို ထွန်းဇော်က ယူပြီး ခြံရှေ့ဘက် လမ်းမသို့ ထွက်လာခဲ့၏။ သူတို့ လမ်းမအရောက် ဦးဆာမိကြီးကို တန်းတွေ့လိုက်ရသည်။ ဦးဆာမိကြီးက သူ၏ ဆိုင်းထမ်းကြီးကို မြေကြီးပေါ်မှာ ချလိုက်သည်။

"မောလိုက်တာကွာ"

ဟု ပြောပြီး ထွန်းဇော်တို့ ခြံရှေ့ ခရေပင်ကြီး အရိပ်အောက်ရှိ ရေချမ်းစင်မှာ ရေတစ်ခွက် ခပ်သောက်လိုက်သည်။ ပုဆိုးကို ပြင်ဝတ်လိုက်ရင်း -

"ကောင်လေးတွေ၊ ဘာလဲမှာလဲကွ"

ဟု မေးသည်။ ဇော်ဇော်က သူ့လက်ထဲရှိ ဆီးအိုးအပိန်ကြီးကို ပြလိုက်သည်။

"ဦးဆာမိကြီး ဒါကို ပဲလှော်နဲ့ လဲမယ်လေ"

"အေးအေး··· ကောင်းပြီ"

ဟု ဆိုကာ သူ့ဆိုင်းထမ်းထဲမှ ချိန်ခွင်ကို ထုတ်လိုက်သည်။

ထို့နောက် ဆီးအိုးပေါင်းနှင့် ပဲလှော်ကို ချိန်ခွင်တစ်ဖက်တစ်ချက်စီမှာ ထည့်ချိန်လိုက်သည်။ ချိန်ခွင်လျှာက ဆီးအိုးဘက်သို့ ဖောက်ထိုးဆင်းသွားသည်။ ဦးဆာမိက သူ့ဆိုင်းထမ်းထဲမှ နောက်ထပ် ပဲလှော်များကို ထည့်ကာ ပြန်ချိန်လေသည်။ သို့သော်လည်း ချိန်ခင်လျှာက စောင်းနေဆဲပင် ဖြစ်သည်။ ဦးဆာမိ မျက်လုံးပြူးသွားသည်။

"ကောင်ကလေးတွေ မင်းတို့ဒန်အိုးက လေးလိုက်တာ၊ ဟုတ်ကောဟုတ်ရဲ့လား၊ ငါ့ပဲလှော်တွေ ကုန်တော့မယ်"

ထွန်းဇော်က -

"ဦးဆာမိ ကတိအတိုင်းပဲလေ။ အလေးချိန်တူတဲ့ ပဲလှော် ထည့်ပေးရမှာပဲလေ။ မပေးရင် ဦးဆာမိကြီး ကတိမတည်ဘူး ဆိုပြီး ရပ်ကွက်ထဲမှာ လျှောက်ပြောမှာ၊ ဒန်အိုးက ရှေးခေတ်ပစ္စည်း ဆိုတော့ လေးတာပေါ့ဗျ"

"လျှောက်တော့ မပြောပါနဲ့ကွာ၊ ငါနာမည် ပျက်နေပါ့မယ်"

ဟု ဆိုကာ ဦးဆာမိက ပဲလှော်များ ထပ်ထည့်ပေးပြန်သည်။ ဒါတောင် ချိန်ခွင်လျှာက မညီချင်သေး။

ဦးဆာမိ၏ မျက်လုံးကြီးမှာ ပြူးသည်ထက်ပြူးလာပြီ။ လင်းကိုက ဦးဆာမိကို သနားသဖြင့် ဝင်ပြောလိုက်သည်။

"ထွန်းဇော် ဒီလောက်ဆို တော်လိုက်တော့လေကွာ၊ ရလောက်ပါပြီ"

ထွန်းဇော်က -

"ရပါပြီ။ ထပ်မထည့်ပါနဲ့တော့"

ဟု ပြောလိုက်သည်။

ထိုအခါကျမှ ဦးဆာမိ အသက်ရှူချောင်သွားသည်။ ဦးဆာမိသည် ဒန်ဆီးအိုးအပေါင်းကြီးကို ဆိုင်းထမ်းထဲ ထည့်ကာ ဆက်လျှောက်သွားတော့သည်။

"ဒန်အိုးပေါက်တွေ ဝယ်တယ်၊ ကြေးအိုးပေါက်တွေ ဝယ်တယ်။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက်တွေ ပဲလှော်နဲ့ လဲတယ်"

ဦးဆာမိ တော်တော်ဝေးဝေးသို့ ရောက်တော့မှ ထွန်းဇော်နှင့် လင်းကိုတို့ ရယ်မောလိုက်ကြသည်။

ထွန်းဇော်က -

"ပဲလှော်တွေ အများကြီးရပြီကွ၊ ငါတို့ကို လူလည်ကျထားတဲ့ ဦးဆာမိကြီး ဒီတစ်ခါတော့ ခံလိုက်ရပြီ"

ဟု ပြောပြီး သဘောကျနေသည်။ လင်းကိုက -

"ငါ သူ့ကို ကြည့်ရင်း ကြည့်ရင်း သနားလာလို့နော်။ မင်းကို တော်တော့လို့ ဝင်ပြောလိုက်တာ"

ဟု ပြောသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ခရေပင်အောက်တွင် ထိုင်ကာ ဘိုကိတ်ပဲလှော်များကို အားပါးတရ စားကြသည်။ ပြီးတော့ သောက်ရေအိုးစင်က ရေတွေကို သောက်ကြသည်။

"ဟော့... ညီလေးတွေ ပဲလှော်တွေ များလှချည်လားကွ၊ ကိုကို့ကိုလည်း နည်းနည်းကျွေးပါဦး"

သူတို့ ကြည့်လိုက်တော့ ကိုကိုဝေယံကို တွေ့လိုက်ရသည်။ ကိုကိုဝေယံက ထွန်းဇော်၏ အစ်ကိုဝမ်းကွဲ၊ ဆယ်တန်း ဖြေဆိုထားသူ ဖြစ်သည်။

"ကျွေးမှာပေါ့ ကိုကိုဝေယံ"

ဟုပြောကာ ထွန်းဇော်က ပဲလှော်လက်တစ်ဆုပ်ကို ကမ်းပေးလိုက်သည်။

"ပဲလှော်တွေ အများကြီး ရတယ်နော်။ မင်းတို့ ဦးဆာမိကြီးဆီကလား"

ဟု ကိုကိုဝေယံက မေးသည်။

ထွန်းဇော်က သူတို့ ဦးဆာမိကြီးဆီက ပဲလှော်တွေ အများကြီးရအောင် ယူခဲ့ပုံကို ရှင်းပြလိုက်သည်။

"ဒီလူကြီး ကျွန်တော်တို့ကို နှပ်ချနေတာ ကြာပြီဗျ။ ဒီတစ်ချိမှ သူခံလိုက်ရတာ"

ဟု ပြောပြီး ထွန်းဇော် သဘောတွေ ကျနေသည်။

ကိုကိုဝေယံသည် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး ညီလေးတို့၊ နည်းနည်းမှားသွားပြီ။ ဦးဆာမိက နေပူထဲမှာ သူ့မိသားစုအတွက် ရှာရတာ။ ဘယ်လောက် သနားဖို့ ကောင်းသလဲ။ သူ့ကို အဲသလိုနည်းနဲ့တော့ ပြန်မလုပ်သင့်ဘူးလေကွာ။ သူ ပဲလှော်ပေးတာ နည်းတယ်ထင်ရင် မလဲနဲ့ပေါ့၊ အခုတော့…"

ဟု ပြောပြီး ကိုကိုဝေယံက စကားကို ရပ်ထားလိုက်သည်။

ထွန်းဇော်တို့နှစ်ယောက် ငြိမ်သက်သွားကြသည်။ တော်တော်လေး ကြာတော့မှ လင်းကိုက -

"အေးကွာ… ဦးဆာမိကြီး သနားပါတယ်"

ဟု ပြောသည်။

"ငါ ပဲလှော်တွေ ပြန်ပေးရင် ကောင်းမလား မသိဘူး"

ဟု ထွန်းဇော်က လင်းကိုနှင့် တိုင်ပင်လိုက်သည်။

ကိုကိုဝေယံက -

"ကိုကို အကြံတစ်ခု ပေးမယ်နော်။ ပဲလှော်တွေကို သူ့ပြန်မပေးနဲ့တော့။ သူ့ကိုလည်း ညီလေးတို့ ဒီလိုလုပ်တယ် ဆိုတာ မပြောနေနဲ့တော့။

ညီလေးတို့ အိမ်မှာရှိတဲ့ ဒန်အိုးပေါက် အဟောင်းတွေ၊ ကြေးအိုးပေါက် အဟောင်းတွေ ရှိခဲ့ရင် သူ့ကို အလကားပေးလိုက်၊ သူလည်း ညီလေးတို့ကို ကျေနပ်သွားလိမ့်မယ်"

ထွန်းဇော်နှင့် လင်းကိုတို့သည် ကိုကိုဝေယံ၏ စကားကို ခေါင်း ညိတ်၍သာ အဖြေပေးလိုက်ကြသည်။ ဦးဆာမိကြီးက သူတို့ရပ်ကွက်ထဲသို့ နေ့တိုင်း လာတတ်သည် မဟုတ်။ တစ်ပတ်ကို တစ်ရက်လောက်သာ လာ တတ်သည်။ နောက်တစ်ခါ ဦးဆာမိကြီးလာလျှင် ကောက်ပြီးသား ပလတ် စတစ်တွေကိုလည်း ပေးရမည်။ အသုံးမလိုတော့သည့် ဒန်အိုးပေါက် ကြေးအိုးပေါက်များ တွေ့လျှင်လည်း အလကားပေးဖို့ ဆုံးဖြတ်လိုက်ကြပြီ ဖြစ်သည်။

၁၉၈၈ ဝန်းကျင်က အဖြစ်အပျက် ဖြစ်ပါသည်။

✣

"ဒါဖြင့်ရင် သမီးအနားတစ်ဝိုက်မှာပဲ ရှာကြည့်ကြမယ်လေ၊
မုန့်စားဆင်းဖို့ ငါးမိနစ် လိုပါသေးတယ်၊ မတွေ့ရင် မုန့်စားကျောင်း ပေးမဆင်းဘူး။
ဒါနဲ့ သမီးရဲ့ နှစ်ရာတန်မှာ ထူးခြားတာ ဘာရှိသလဲ"
ထက်ထက်ဝေသည် ခဏစဉ်းစားလိုက်သည်။

# နှစ်ရာတန်လေးတစ်ရွက်



# နှစ်ရာတန်လေး တစ်ရွက်

ဇော်သက်သည် ပဉ္စမတန်းကျောင်းသားလေးတစ်ယောက် ဖြစ်သည်။ သူတို့အိမ်၏ စီးပွားရေးမှာ အဆင်မပြေလှပေ။ အဖေက နှစ်လုံးထိ ရောင်းချမှုနှင့် ထောင်ကျနေသည်။ အမေဖြစ်သူက ထိုင်းနယ်စပ်သို့ အလုပ်သွားလုပ်ပြီး အဆက်အသွယ် ပြတ်နေသည်။ ဇော်သက်ကို အမေ့ဘက်က အဘွားဒေါ်ရွှေက ပြုစုစောင့်ရှောက်ထားရသည်။ ဒေါ်ရွှေသည် ဗေဒင်ဆရာမကြီးတစ်ဦး ဖြစ်သည်။ ထို့ပြင် နတ်ကတော်လည်း လုပ်သည်။ ကျွဲပျောက်၊ နွားပျောက် ဟောသည်။ သို့သော်လည်း ပုံမှန်ဝင်ငွေ ရရှိသော အလုပ်မျိုး မဟုတ်သဖြင့် စားဖို့တောင် အနိုင်နိုင် ဖြစ်သည်။

ဒေါ်ရွှေသည် ဇော်သက်ကို ကျောင်းထားပေးနိုင်သည်။ ကျူရှင် ထားပေးဖို့ ဝေးစွ၊ မုန့်ဖိုးတောင် အနိုင်နိုင် ဖြစ်သည်။ မုန့်ဖိုးမပါဘဲ ကျောင်းသို့ လာရသည့် နေ့များသည် ဇော်သက်အဖို့ မထူးဆန်းတော့ပေ။ မုန့်စားကျောင်းဆင်းချိန် ဆယ့်ငါးမိနစ်သည် ဇော်သက်အတွက် စိတ်ညစ်ရသည့်အချိန် ဖြစ်သည်။ တခြား ဘဝတူ သူငယ်ချင်းများက မုန့်ဈေးတန်းသို့ ဆင်းကြသည်။ တချို့က မုန့်ဟင်းခါး၊ အသုပ်စုံလိုမျိုးတွေကို တစ်ထိုင်တည်း စားကြသည်။ တချို့ကတော့ ပေါင်မုန့်လို၊ ကိတ်မုန့်လို မုန့်တွေကို ဝယ်ယူလာကြပြီး အခန်းထဲသို့ ရောက်မှ စားကြသည်။

ဇော်သက်သည် နေ့တိုင်း မုန့်ဖိုးမရတာမျိုးတော့ မဟုတ်ပေ။ တစ်ပတ်လျှင် တစ်ခါလောက်တော့ ရတတ်သည်။ ထိုနေ့မျိုးတွင် သူသည်

သူငယ်ချင်းများနှင့် ပျော်ရွှင်စွာ မုန့်ဈေးတန်းသို့ လိုက်သွားတတ်သည်။ ထို့နောက် တစ်ရာတန်ပေါင်မုန့် တစ်ခုလောက် ဝယ်ကာ ပြန်လာလေ့ရှိသည်။ ဘာပဲပြောပြော တစ်ရာတန်ပေါင်မုန့် စားရသည် ဖြစ်စေ ဇော်သက် ပျော်ပါသည်။ မုန့်ဖိုးမရှိသော နေ့များတွင် ဇော်သက်သည် မုန့်ဈေးတန်းသို့ မလိုက်တော့ဘဲ အတန်းထဲမှာပဲ နေလေ့ရှိသည်။ ကျောင်းပြန်တက်ခါနီး အချိန်သို့ ရောက်မှသာ အိမ်သာသို့ တစ်ယောက်တည်း သွားလေ့ရှိသည်။

တစ်ရက်တွင် ဇော်သက်သည် ဗိုက်က တော်တော်ဆာနေသည်။ အိမ်မှာလည်း အဘွား အပြင်ထွက်သွားသဖြင့် ထမင်းကြမ်းခဲကိုသာ ဆီနှင့်လူးပြီး စားခဲ့ရသည်။ အချိန်ကလည်း မုန့်စားကျောင်းဆင်းဖို့ ဆယ်မိနစ်ပဲ လိုတော့သည်။ ဇော်သက်တို့ ရှေ့တန်းသည် မိန်းကလေးအတန်း ဖြစ်ပြီး သူဇာ၊ ရည်ရည်မိုးနှင့် ထက်ထက်ဝေတို့ ထိုင်ကြသည်။ ထက်ထက်ဝေ၏ အိတ်ထဲက နှစ်ရာတန်တစ်ရွက်မှာ အောက်သို့ ကျချင်ချင် အနေအထား ဖြစ်နေသည်။ သို့သော် ထက်ထက်ဝေက သတိမထားမိပေ။

ထိုစဉ် ဆရာမက တစ်ယောက်ချင်း စာမေးနေသည်။ ဆရာမက ဇော်သက်ကို စာမေးပြီးသွားသဖြင့် စိတ်အေးလက်အေး ဖြစ်နေသည်။

"ထက်ထက်ဝေ ထ…"

ဟု ဆရာမက ပြောသဖြင့် ထက်ထက်ဝေက မတ်တတ်ရပ်လိုက်သည်။ ထိုအခါ နှစ်ရာတန်ကို တိုက်ချမိသလိုဖြစ်ပြီး သမံတလင်းအပေါ်သို့ ကျသွားသည်။ အနားရှိ သူဇာနှင့် ရည်ရည်မိုးတို့ကလည်း သတိမထားမိကြပေ။ ဇော်သက်သည် ဗိုက်ဆာသဖြင့် ထိုနှစ်ရာတန်ကို လိုချင်သော စိတ်ဖြစ်ပေါ်လာသည်။ နှစ်ရာတန် ကျနေသော နေရာသည် သူ့၏ ခြေထောက်နှင့် ကုတ်ဆွဲလျှင် မိနိုင်လောက်သည်။ ထက်ထက်ဝေကလည်း မတ်တတ်ရပ်နေသဖြင့် ဆရာမ၏ မြင်ကွင်းကို ကွယ်ပေးသလိုဖြစ်နေသည်။ ဇော်သက်သည် ထိုအခွင့်အရေးကို အပိုင်အသုံးချလိုက်သည်။ အဘွားပြောသော 'ရေအဆုံး ကုန်းတစ်ဝက်' ဆိုသော စကားကိုလည်း သူ သတိရလိုက်သေးသည်။

သမံတလင်းပေါ်သို့ ကျနေသော နှစ်ရာတန်ကို ခြေထောက်ဖြင့် လှမ်းဖိလိုက်သည်။ ထို့နောက် သူ့ဘက်သို့ ရောက်အောင် တဖြည်းဖြည်း ပွတ်ဆွဲလိုက်သည်။ သူ့အောက်သို့ ရောက်သောအခါ ဘောလ်ပင်တစ်ချောင်းကို

တိုက်ချလိုက်သည်။ ထို့နောက် ဘောလ်ပင်ကောက်သလိုမျိုးဖြင့် ဘောလ်ပင်ရော နှစ်ရာတန်ပါရော၍ ကောက်လိုက်သည်။ နှစ်ရာတန် အလိပ်ကလေးက သူ့လက်သို့ ပါလာသည်။ ဇော်သက်၏ အပြုအမူကို အတူထိုင်နေသာ မင်းသိုက်နှင့် ကျော်မင်းတို့ပင် သတိမထားမိလိုက်ကြချေ။

ဇော်သက်သည် ထိုနှစ်ရာတန်ကလေးကို ကျစ်ကျစ်ပါအောင် လက်ထဲတွင် ဆုပ်ထားလိုက်၏။ မုန့်စားကျောင်း ဆင်းတော့မည့် ဆဲဆဲတွင် ဖြစ်သည်။ ထိုစဉ် ထက်ထက်ဝေသည် မတ်တတ်ထရပ်လိုက်သည်။

"ဆရာမ သမီးအိတ်ထဲက ပိုက်ဆံနှစ်ရာ ပျောက်သွားလို့"

ဟု ပြောပြီး တိုင်လိုက်သည်။

ထိုအခါ အနားရှိ မိန်းကလေးနှစ်ယောက်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ သူတို့၏ ပစ္စည်းများအကြား ရှာဖွေလိုက်ကြသည်။

"ဟဲ့... ထက်ထက် ငါတို့ မယူဘူးနော်"

ဟု သူဇာက အလန့်တကြား ပြောသည်။ ဆရာမက -

"သေချာ ပြန်ရှာကြည့်ပါဦး သမီး"

ဟု ပြောသည်။

"သေချာပါတယ် ဆရာမ၊ စောစောက သမီး စာမဆိုခင်တုန်းကတောင် ရှိသေးတယ်၊ စာဆိုပြီး ပြန်ထိုင်တော့မှ မရှိတော့တာ"

ဟု ထက်ထက်ဝေက ပြန်ပြောသည်။

"ဒါဖြင့်ရင် သမီးအနားတစ်ဝိုက်မှာပဲ ရှာကြည့်ကြမယ်လေ၊ မုန့်စားဆင်းဖို့ ငါးမိနစ် လိုပါသေးတယ်၊ မတွေ့ရင် မုန့်စားကျောင်း ပေးမဆင်းဘူး။ ဒါနဲ့ သမီးရဲ့ နှစ်ရာတန်မှာ ထူးခြားတာ ဘာရှိသလဲ"

ထက်ထက်ဝေသည် ခဏစဉ်းစားလိုက်သည်။

"ပိုက်ဆံထောင့်နားမှာ မင်စွန်းနေတယ် ဆရာမ"

"အေး... အဲဒါဆိုရင် ရှာကြည့်ကြမယ်"

ဟု ဆိုကာ ဆရာမသည် ရှေ့ဆုံးတန်းမှနေ၍ နောက်နားသို့ ဆင်းလာသည်။ ဇော်သက် ထိုင်နေတာကလည်း နောက်ဆုံးတန်းမှာ ဖြစ်သည်။ ဇော်သက်သည် ချွေးသီးချွေးပေါက်များ ကျနေရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ထိုစဉ် သူနှင့်ခပ်လှမ်းလှမ်း အခန်း၏ ထောင့်တွင်ရှိသော အမှိုက်ပုံးမှာ အဖုံးပွင့်နေသည်ကို တွေ့လိုက်ရသည်။

ဇော်သက်သည် အချိန်မဆွဲနိုင်တော့ဘဲ ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန် ချလိုက်ရ၏။ လက်ထဲရှိ နှစ်ရာတန်ကို ထိုအမှိုက်ပုံးထဲသို့ ပစ်လိုက်သည်။

ဇော်သက်၏ လှုပ်ရှားမှုသည် လျင်မြန်လှသဖြင့် ဘယ်သူကမှ သတိမထားလိုက်မိပေ။ နှစ်ရာတန်သည် အမှိုက်ပုံးထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတော့မှ ဇော်သက်သည် ဟင်းချနိုင်သည်။

သို့သော် ဘယ်သူမှ သတိမထားဘူးဟု ထင်မိပေမဲ့ ဆရာမသည် အမှိုက်ပုံးဆီသို့ ဦးတည်သွားတာကို တွေ့လိုက်ရ၏။ သူ၏ အပြုအမူကို ဆရာမ သိသွားပြီလားဟု ထင်ရင်း ရင်တွေ တထိတ်ထိတ် ခုန်လာသည်။ ဆရာမသည် အမှိုက်ပုံးထဲသို့ ကြည့်ရင်း -

"ဟာ… ဒီမှာ နှစ်ရာတန်တစ်ရွက်ပါလား၊ သမီးဟာလား လာကြည့်စမ်း"

ဟုပြောလိုက်သည်။

ထက်ထက်ဝေသည် အမှိုက်ပုံးအနားသို့ လျှောက်လာရင်း နှစ်ရာတန်ကို ယူပြီး ကြည့်လိုက်သည်။ ထိုနှစ်ရာတန်၏ အစွန်းတွင် မင်ပြာစွန်းနေတာကို တွေ့လိုက်ရသည်။

"ဟုတ်တယ် ဆရာမ၊ အဲဒါ သမီးနှစ်ရာတန်ပဲ"

ဟု ဝန်ခံလိုက်သည်။ ဆရာမက -

"သမီးနှစ်ရာတန်က စောစောကတည်းက ကျနေပါလိမ့်မယ်။ တံမြက်စည်းလှည်းတဲ့ သူတွေက လှည်းရင်းနဲ့ ရောက်သွားတာ နေမှာပေါ့"

ဟု ပြောသည်။ ထိုအခါ အိအိက ထ၍ ကန့်ကွက်သည်။

"တံမြက်စည်းက သမီးလှည်းတာ ဆရာမ၊ သမီးလှည်းတုန်းက နှစ်ရာတန် မတွေ့မိဘူး"

ထိုစဉ် မုန့်စားကျောင်းဆင်း ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ကျောင်းသူ၊ ကျောင်းသားတွေလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ဆရာမက -

"ကဲ… ထက်ထက်ဝေလည်း နှစ်ရာတန် ပြန်တွေ့ပြီပဲ၊ ထားလိုက်တော့၊ ကဲ… အားလုံး မတ်တတ်ရပ်၊ နှုတ်ဆက်မယ်"

ဟု ပြောရင်း အတန်းရှေ့သို့လျှောက်သွားလိုက်သည်။

အားလုံးက မတ်တတ်ရပ်၍ ဆရာမကို နှုတ်ဆက်လိုက်ကြသည်။ ဆရာမလည်း အတန်းဆင်းခွင့်ပေးလိုက်သည်။

ဇော်သက်သည် ဗိုက်ဆာနေသော်လည်း စောစောက ကိစ္စကြောင့် ဗိုက်ဆာတာ ပျောက်သွားသည်။ ထို့ကြောင့် ထိုင်လက်စ နေရာမှာပဲ ဆက်လက် ထိုင်နေမိသည်။



"သား… ဗိုက်ဆာနေသလား"

ဟူသော အသံကြားလိုက်ရသည်။

သူ ကြည့်လိုက်တော့ ဆရာမ ဖြစ်နေသည်။ သူ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေစဉ်တွင် ဆရာမက သူ့ရှေ့သို့ ထမင်းဘူးတစ်ဘူး ဖွင့်ပေးသည်။

"သား စားလိုက်တော့၊ ဆရာမ ဗိုက်ပြည့်နေလို့"

"အင်း… အဲ…"

ဟု ပြောနေစဉ်မှာပဲ ဆရာမက -

"သားကို ချစ်လို့ ကျွေးတာနော်၊ ဆရာမ ကျွေးတာ မစားရင် စိတ်ဆိုးမှာ၊ စားကို စားရမယ်"

ဟု ပြောသည်။

ဇော်သက်သည် ဟန်မဆောင်နိုင်တော့ဘဲ ဆရာမ၏ ထမင်းဘူးကို စားလိုက်တော့သည်။ ထမင်းနှင့် ငါးကြော် ဖြစ်သည်။ တစ်ခဏအတွင်းမှာပင် ဆရာမ ထမင်းဘူး ကုန်သွားသည်။ ဆရာမက -

"သား နောက် ဗိုက်ဆာရင်၊ ဆရာမကို ပွင့်ပွင့်လင်းလင်း ပြောနော်"

ဟု ပြောကာ ထမင်းဘူးကို ယူပြီး အတန်းထဲမှ ထွက်သွားသည်။

ထိုအချိန်တွင် အတန်းထဲရှိ တချို့သူတွေလည်း မုန့်ဈေးတန်းမှ ပြန်လာကြပြီ ဖြစ်သည်။

ဇော်သက်သည် ကျောင်းအိမ်သာသို့ သွားသည်။ ကျောင်းတက်ခါနီးသဖြင့် ကျောင်းအိမ်သာတွင် လူရှင်းနေသည်။

သူသည် အိမ်သာထဲသို့ ရောက်မှ စိတ်မထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

သူ ပိုက်ဆံ အမှိုက်ပုံးထဲသို့ ပစ်လိုက်သည်ကို ဆရာမ မြင်တွေ့သွားသည်။ သို့သော် ဆရာမသည် မသိချင်ယောင်ဆောင်ပြီး ပြဿနာကို ဖြေရှင်းသွားခဲ့သည်။ သူ ဗိုက်ဆာနေသည်ကို သိ၍ ဆရာမက သူ့ထမင်းဘူး လာကျွေးသည်။ အိမ်သာထဲတွင် ဇော်သက်သည် မျက်ရည်များကို သုတ်လိုက်သည်။

'သား နောက် ဘယ်လောက်ပဲ ဗိုက်ဆာ ဗိုက်ဆာ၊ ဒီလို မလုပ်တော့ပါဘူး ဆရာမ' ဟု စိတ်ထဲက ဆုံးဖြတ်လိုက်သည်။

*

နောက်တစ်ပတ်ခန့် ကြာသောအခါ ဇော်သက်၏ အဖေ ကိုကျော်တိုး ထောင်က လွတ်လာသည်။ သူသည် အရင်အလုပ်တွေ မလုပ်တော့ဘဲ မော်တော်ဆိုင်ကယ် ကယ်ရီဆွဲတော့သည်။ ထို့ကြောင့် ဝင်ငွေ အထိုက် အလျောက် ရလာပြီ ဖြစ်သဖြင့် ဇော်သက်လည်း မုန့်ဖိုးပုံမှန် ရတော့သည်။ မုန့်စားဆင်းချိန်များတွင် သူများနည်းတူ မုန့်ဈေးတန်းသို့ ရင်ပေါင်တန်းပြီး သွားနိုင်နေပြီ ဖြစ်သည်။ ထို့ကြောင့် မုန့်စားဆင်းချိန်များသည် ဇော်သက်အဖို့ အရင်တုန်းကလို စိတ်ညစ်စရာ မကောင်းတော့ပေ။

✣

"သမီး တစ်ခါမှ မွေးနေ့ပွဲ မလုပ်ဖူးလို့၊
ဒီနှစ် လုပ်ပေးပါလား ဖေဖေ"
ဟု ပြောပြီး မေမေ့ဘက်သို့ လှည့်လိုက်သည်။
"လုပ်ပေးပါနော် မေမေ"

# ဖူးဖူးရဲ့မွေးနေ့ပွဲ



# ဖူးဖူးရဲ့ မွေးနေ့ပွဲ

## (၁)

လာမည့် စက်တင်ဘာလ ၅ ရက်နေ့တွင် ဖူးဖူးသည် ဆယ်နှစ်ပြည့်တော့မည်။ မွေးနေ့ရောက်ဖို့ တစ်ပတ်ပဲ လိုတော့သည်။ ကျောင်းတွင် သူနှင့် တစ်တန်းတည်း ထိုင်ကြသော နီနီနှင့် ဇူးဇူးတို့က ဖူးဖူးထက် တစ်လကျော်စီ ကြီးသည်။ သူတို့နှစ်ယောက်၏ မွေးနေ့က ဆယ်ရက်လောက်ပဲ ကွာသည်။ နီနီနှင့် ဇူးဇူးတို့၏ မိဘများမှာ စီးပွားရေး ပြေလည်ကြသည်။ ထို့ကြောင့် သူတို့၏ မွေးနေ့ပွဲကို မိဘများက ခမ်းခမ်းနားနား ကျင်းပပေးသည်။ မိုးပျံပူဖောင်းတွေ လွှတ်ကြသည်။ မွေးနေ့ကိတ်မုန့်ကို ဓားဖြင့်လှီးပြီး ဖေ့ဘွတ်ခ်မှာ တင်ကြသည်။ ကျောင်းသို့ ဖုန်းကို ဖွက်ယူလာပြီး ထိုဓာတ်ပုံတွေကို သူတို့က ဖူးဖူးကို ပြကြသည်။

နီနီက -

"တွေ့လား ဖူးဖူး၊ ဇူးဇူးရဲ့ ပုံတွေထက်စာရင် ငါ့ပုံတွေကို ကြိုက်တဲ့သူက ပိုများတယ်။ လိုက်ခ်တွေ ပိုရတယ် သိလား"

ဟုကြွားသည်။

ထိုအခါ ဇူးဇူးက ပြန်ပြောသည်။

"မဟုတ်ဘူး ဖူးဖူး၊ သူ့အမေရဲ့ ဖေ့ဘွတ်ခ်သူငယ်ချင်းတွေက ငါ့အမေထက် ပိုများတယ်လေ၊ ဒါကြောင့်မို့လို့ သူက လိုက်ခ်ပိုရတာ"

ဖူးဖူးသည် သူတို့ပြောနေတာကို ကြည့်ပြီး အားကျမိသည်။

သူတို့ကို မိဘတွေက သိတတ်သည့် အရွယ်ကစပြီး မွေးနေ့ပွဲများ နှစ်တိုင်း ကျင်းပပေးသည်။ ဖူးဖူးသည် ဆယ်နှစ်ပြည့်တော့မည်အထိ မွေးနေ့ပွဲ တစ်ခါမှ မကျင်းပပေးဖြစ်ခဲ့။ မွေးနေ့သို့ရောက်တိုင်း မေမေက ပြောသည်။

"သမီး ဘုရားကို ရှိခိုး။ ပြီးရင် ဖေဖေနဲ့ မေမေတို့ကို ကန်တော့"

ဟုပဲ ပြောသည်။

ဖူးဖူးသည် သူငယ်ချင်းများကို ကြည့်ပြီး မွေးနေ့ပွဲ လုပ်ချင်စိတ် ပေါ်လာသည်။ ဖူးဖူး၏ ဖေဖေရော၊ မေမေပါ အစိုးရရုံးဝန်ထမ်းများ ဖြစ်ကြသည်။ ဖူးဖူးသည် ကျောင်းမှပြန်လာသောအခါ ထိုကိစ္စက ခေါင်းထဲဝင်လာသည်။ ညနေထမင်းစားဝိုင်းတွင် မိသားစုသုံးဦး ထမင်းလက်ဆုံစားနေတုန်း ဖူးဖူးက ပြောလိုက်သည်။

"ဖေကြီး..."

ဖေဖေက စားလက်စထမင်းလုတ်ကို ခဏချထားလိုက်သည်။

"ဘာပြောမလို့လဲ သမီး"

"ကျောင်းမှာ သမီး သူငယ်ချင်းတွေ မွေးနေ့ပွဲ လုပ်ကြတယ်။ ဓာတ်ပုံတွေ ရိုက်ပြီး ဖေ့ဘွတ်ခ်တင်ကြတယ်"

ဟု ပြောပြီး စကားကို ခဏရပ်ထားလိုက်သည်။

"ဆက်ပြောလေ သမီး"

"သမီး တစ်ခါမှ မွေးနေ့ပွဲ မလုပ်ဖူးလို့၊ ဒီနှစ် လုပ်ပေးပါလား ဖေဖေ"

ဟု ပြောပြီး မေမေ့ဘက်သို့ လှည့်လိုက်သည်။

"လုပ်ပေးပါနော် မေမေ"

ဖူးဖူးက ပြောတော့ ဖေဖေနှင့် မေမေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ထို့နောက် ဖေဖေက -

"ကဲ... သမီး ထမင်းဆက်စားလေ၊ ပြီးမှ သမီးမေမေနဲ့ ဖေဖေတို့ တိုင်ပင်ကြမယ်"

ဟု ပြောသည်။

"ဟေး... ဒါမှ တို့ဖေဖေ"

ဟု အော်လိုက်သည်။

ဖူးဖူးသည် ထမင်းကို ဆက်စားသော်လည်း ပျော်ရွှင်စိတ်ကြောင့် သိပ်မစားနိုင်တော့။

ထမင်းစားပြီးသောအခါ စာကြည့်စားပွဲတွင် ထိုင်၍ အိမ်စာများကို လုပ်သည်။ ထိုအချိန်တွင် ဖေဖေရော၊ မေမေရော ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်။

ခဏကြာတော့ ဖေဖေက လှမ်းပြောသည်။

"သမီး အိမ်စာတွေ လုပ်လို့ ပြီးပြီလား"

"ဟုတ်… ပြီးတော့မယ် ဖေဖေ"

"အေးအေး… ပြီးရင် ခဏလာဦးနော်"

ဖူးဖူးသည် အိမ်စာများ လုပ်ပြီးပြီးချင်းပဲ ဖေဖေနှင့် မေမေဆီသို့ သွားလိုက်သည်။ ဖေဖေက -

"မေမေ သမီးကို ရှင်းပြလိမ့်မယ် သမီး"

ဟုပြောသည်။

ဖူးဖူးသည် မေမေပြောမည့် စကားကို စိတ်လှုပ်ရှားစွာ နားထောင်နေမိသည်။ မေမေက -



"သမီးမွေးနေ့ပွဲကို လုပ်ပေးမယ် သမီး။ ဒါပေမဲ့ မေမေတို့ အိမ်မှာတော့ လုပ်လို့ အဆင်မပြေဘူး။ သမီးသူငယ်ချင်း အိမ်တွေက ခြံနဲ့ ဝင်းနဲ့ နေတာ။ မေမေတို့က အိမ်ငှားနေရတာ။ ဒီတော့ အိမ်မှာ မလုပ်ဘဲ ကျောင်းက သမီးသူငယ်ချင်းတွေကိုပဲ မုန့်တွေ ဝေပေးမလားလို့"

မေမေက ပြောတော့ ဖူးဖူး ခဏစဉ်းစားလိုက်သည်။ ဖူးဖူးတို့ မိသားစုက အိမ်ခန်းကလေးမှာ ငှားနေကြတာ ဖြစ်သည်။ သူငယ်ချင်းတွေ ရောက်လာလျှင် အိမ်ခန်းကလေးက ကျဉ်းတော့ သိပ်အဆင်ပြေမည် မထင်။ ထို့ကြောင့် -

"ဟုတ်တယ် မေမေ၊ ကျောင်းမှာ မုန့်ဝေတာက ပိုကောင်းတယ် မေမေ"

ဟု ပြောလိုက်သည်။

ဖူးဖူးသည် သူ့မွေးနေ့တွင် မုန့်ကျွေးမည့် အကြောင်းကို သူငယ်ချင်းများအား ကြိုတင်ပြောထားသည်။ နိုနိုက -

"ဘာကျွေးမှာလဲ ဖူးဖူး"

ဟု မေးသည်။

"မပြောတတ်သေးဘူး နိုနိုရဲ့"

ဟု ပြန်ဖြေလိုက်သည်။

ဖူးဖူး၏ မွေးနေ့သို့ ရောက်သောအခါ ကြက်ဆီထမင်း ကျွေးသည်။ ဖူးဖူးတို့အတန်းကို သင်သော ဆရာမများနှင့် အတန်းထဲရှိ ကျောင်းသူ၊ ကျောင်းသားများအကုန် တစ်ယောက် တစ်ထုပ် ကျွေးသည်။ ဖေဖေရော၊ မေမေပါ ဆရာမနှင့် စကားပြောဖြစ်ကြသည်။

"ဆရာမ... သမီး မလိမ္မာတာ ရှိလည်း ဆုံးမပါနော်"

ဟု မေမေက ပြောသည်။

"ဖူးဖူးက လိမ္မာပါတယ်"

ဟု ဆရာမက ပြန်ပြောသည်။

ဖေဖေရော၊ မေမေပါ ခွင့်နေ့ဝက်စီ ယူကြပြီး အငှားကားဖြင့် လာတာ ဖြစ်သည်။ ဖေဖေနှင့် မေမေ ကြက်ဆီထမင်းများကို သူငယ်ချင်းများအား ဝေနေသည်။ ဖူးဖူးက ဆရာမကို ခွင့်တောင်းလိုက်သည်။

"ဆရာမ၊ သမီး ဓာတ်ပုံရိုက်ချင်လို့ပါနော်"

"အေးအေး… သမီးရိုက်"

ဟု ဆရာမက ခွင့်ပေးသည်။

ဖူးဖူးက မေမေ၏ ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်သည်။ မေမေ့ဖုန်းကင်မရာက သိပ်မကောင်းသဖြင့် ပုံတွေက နည်းနည်းဝါးနေသည်ဟု ထင်ရသည်။ သူငယ်ချင်းတွေကတော့ -

"ဖူးဖူးရယ်၊ ငါတို့ နင့်မွေးနေ့မှန်း မသိလို့ပါ။ နောက်မှပဲ လက်ဆောင်တွေ ယူခဲ့မယ်နော်"

ဟု ဝိုင်းပြောကြသည်။

"ရပါတယ် ဟာ"

ဟုသာ ပြန်ပြောလိုက်ရ၏။

သူငယ်ချင်းတွေ ပေးမည့် လက်ဆောင်တွေကို ဖူးဖူး မျှော်တော့ မျှော်လင့်မိသည်။



(၂)

ညဘက်တွင် မိသားစုသုံးယောက် ဆုံသော အချိန်၌ -

"မေမေ ပုံတွေကို ဖဲ့ဘွတ်ခ် မတင်ဘူးလား"

ဟု ဖူးဖူးက မေးလိုက်သည်။

"မတင်တော့ပါဘူး သမီးရယ်၊ မေမေ့ဖုန်းက သိပ်မကောင်းတော့ ပုံတွေ နည်းနည်းဝါးနေတယ်လေ။ နောက်ပြီး မေမေ ဖဲ့ဘွတ်ခ်ထဲမှာလည်း သူငယ်ချင်း သိပ်မရှိတော့ ကြည့်မယ့်သူလည်း သိပ်ရှိမှာ မဟုတ်ပါဘူး"

မေမေ ပြောနေစဉ် ဖူးဖူးသည် မေမေ့၏ လည်ပင်းသို့ ကြည့်မိသွားသည်။ အရင်ဆွဲနေကျဆွဲကြိုး မဟုတ်တော့ဘဲ ဆွဲကြိုးမှာ နည်းနည်း သေးသွားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဖူးဖူး မေမေ့ကို မေးလိုက်သည်။

"ဟင်… မေမေ့ဆွဲကြိုးက အရင်ဆွဲကြိုး မဟုတ်တော့ပါလား။ သေးသွားတယ်နော် မေမေ၊ ဘာဖြစ်လို့လဲ"

မေမေက ဘာမှ ပြန်မဖြေဘဲ ဖေဖေ၏ မျက်နှာကို ကြည့်နေသည်။ ဖူးဖူးသည် အကင်းပါးသော ကလေးတစ်ယောက် ဖြစ်သဖြင့် တစ်ခုခုကို သူ ရိပ်မိလိုက်သည်။ ဖေဖေကပဲ ရှင်းပြသည်။

"သမီးရဲ့ မွေးနေ့မှာ ကြက်ဆီထမင်းကျွေးဖို့ ဖေဖေတို့မှာ ပိုက်ဆံ အပိုမရှိဘူး သမီးရဲ့။ သမီးမွေးနေ့ကို တစ်ခါမှလည်း မလုပ်ပေးဖြစ်တော့ လုပ်ပေးချင်တာနဲ့ မေမေက ဆွဲကြိုးသွားလဲလိုက်တာ။ ပိုလာတဲ့ ပိုက်ဆံနဲ့ သမီး လုပ်ပေးတာ သမီးရဲ့"

ထိုအခါကျမှ မေမေက -

"ဟုတ်တယ် သမီးရဲ့၊ သမီး စိတ်မကောင်း ဖြစ်မှာစိုးလို့ မေမေ ဘာမှ မပြောတာ။ မေ့ထားလိုက်ပါ သမီးရယ်၊ သမီးလေး ပျော်ရင် ပြီးတာပါပဲ"

ဖူးဖူးသည် အသက်ဆယ်နှစ်ပြည့်မှသာ မွေးနေ့ပွဲ စတင်ကျင်းပ ဖြစ်သဖြင့် ပျော်ရွှင်နေသည်။ သို့သော် မေမေ၏ လည်ပင်းမှ ဆွဲကြိုးလေး သေးသွားသည်ကို သိလိုက်ရတော့ စောစောက အပျော်တွေ ပျောက်ကွယ် သွားသည်။

မေမေ့ကို ကြည့်ရင်း ဖူးဖူး၏ မျက်လုံးများမှာ မျက်ရည်တွေ ဝိုင်းလာသည်။

"နောက်ဆို ဖူးဖူး မွေးနေ့ မလုပ်နိုင်းတော့ပါဘူး မေမေရယ်" ဟုသာ တိုးတိုးကလေး ရေရွတ်မိသည်။

✣



စိမ်းစားသီးသူခိုး



# စိမ်းစားသီး သူခိုး

(၁)

သက်ထားနှင့် သီဟသည် မောင်နှမများ ဖြစ်သည်။ သက်ထားက ခြောက်တန်း ဖြေထားပြီး သီဟက ငါးတန်း ဖြေထားသည်။

နွေရာသီ ကုန်ဆုံးခါနီးတွင် သက်ထားနှင့် သီဟတို့ ခြံထဲရှိ သရက်ပင်တွေသည် အသီးတွေ ဝေဆာနေကြသည်။ ထိုသရက်ပင်များကို ဆုံးသွားသော ဘိုးဘိုးက စိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။ အိမ်ရှေ့တွင် မန္တလေး ဥသျှစ်ပင်ကြီး ရှိသည်။ အိမ်အနောက်ဘက်မှာက မချစ်စု အမြွာနှစ်ပင် ရှိသည်။ အိမ်နောက်ဖေးမှာက စိမ်းစားပင် ရှိသည်။

မန္တလေး ဥသျှစ်ပင်သီးက မှည့်မှသာ စားလို့ ကောင်းသည်။ အစိမ်း ဆိုလျှင် တော်တော်လေး ချဉ်သည်။ မချစ်စုကတော့ အရသာကောင်းသော်လည်း ရှားပါးသည့်ထဲမှာ မပါ။

စိမ်းစားသရက်သီးသည် မှည့်လျှင်သာ အရသာ တစ်မျိုးပြောင်း သော်လည်း မှည့်ခါနီး ဆိုလျှင် စားလို့ ကောင်းသည်။ စိမ်းစားသီးပင်က ရပ်ကွက်ထဲတွင် သက်ထားတို့ ခြံထဲမှာသာ ရှိသည်။ ထို့ကြောင့် ပတ်ဝန်း ကျင်ရှိ လူများသည် သက်ထားတို့ ခြံထဲရှိ စိမ်းစား သရက်သီးကို စားချင် ကြသည်။

အခုလည်း စိမ်းစားသီးများ မှည့်တော့မည်။ အမှည့်ထိ မထားဘဲ ခူးမှသာ အဆင်ပြေသည်။ သို့သော်လည်း ဖေဖေနှင့် မေမေက အလုပ်ကိစ္စ

တစ်ခုဖြင့် ခရီးထွက်သွားကြသည်။ သူတို့ ပြန်ရောက်မှပဲ ခူးကြရမှာ ဖြစ်သည်။ အိမ်မှာ သက်ထားတို့ မောင်နှမနှင့် ဘွားဘွား ဒေါ်ညိုပဲ ကျန်ရစ်ခဲ့သည်။

"သီဟရေ… သီဟ"

ခြံရှေ့က ခေါ်သံ ကြားလိုက်ရသည်။ သက်ထား ကြည့်လိုက်သော အခါ သီဟ၏ သူငယ်ချင်း ထွန်းထွန်း ဖြစ်နေသည်။

"ဟာ… မောင်လေး သီဟ ရှိတယ်"

ဟု သက်ထားက ခေါ်လိုက်သည်။

ထွန်းထွန်း၏ အသံကို ကြားလိုက်ရသဖြင့် သီဟလည်း အိမ်ထဲက ထွက်လာသည်။ ထွန်းထွန်းက အိမ်ထဲသို့ မဝင်ဘဲ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်သည်။

"ငါ မင်းကို ပြောစရာတစ်ခု ရှိလို့ကွ"

ဟု ထွန်းထွန်းက ပြောသည်။

သီဟသည် ထွန်းထွန်း၏ စကားကြောင့် စိတ်ဝင်စားသွားသည်။ အနားက သက်ထားကလည်း နားထောင်နေသည်။

"ငါ အခုနက ဒေါ်တင်ရီရဲ့ ကုန်စုံဆိုင်မှာ ဈေးသွားဝယ်တုန်း ညောင်ပင်ကြီးအောက်မှာ ကိုမြင့်ကျော်တို့ တိုင်ပင်နေတာကို ကြားလိုက်ရတယ်ကွ။ မင်းတို့ ခြံထဲက စိမ်းစားသီး စားချင်လို့တဲ့။ သူ ညဘက် တိတ်တိတ်လေး ခိုးမယ်ဆိုပြီး သူ့သူငယ်ချင်းတစ်ယောက်ကို ပြောနေတာ ငါ ကြားလိုက်ရတယ်။ အဲဒါ မင်းတို့ကို သတင်းလာပေးတာ"

"ဟုတ်လား မောင်လေး"

ဟု သက်ထားက ဝင်မေးလိုက်သည်။

"ဟုတ်တယ် မမရေ၊ သား သေသေချာချာ ကြားခဲ့တာ"

"အေးအေး… မင်း လာပြောလို့ ငါတို့ သိရတာ"

ဟု သီဟက ပြောသည်။

"ဒါပဲနော်… ငါ ပြန်တော့မယ်။ အိမ်မှာ အမေ ခိုင်းတာတွေ လုပ်ရဦးမယ်"

ဟု ပြောကာ ထွန်းထွန်း ပြန်သွားသည်။

မြင့်ကျော်က သူတို့ရပ်ကွက်ထဲရှိ လူငယ်တစ်ယောက် ဖြစ်သည်။ ဆယ်တန်းနှစ်ခါကျဖြစ်ပြီး အရက်သောက်၊ ရန်ဖြစ်ပြီး မိဘများကလည်း မနိုင်သဖြင့် လွှတ်ထားရသည်။ အခု သူက သက်ထားတို့ ခြံထဲက စိမ်းစားသီးတွေကို သည်ညမှာ ခိုးတော့မည်ဟု သိလိုက်ရသည်။

ထွန်းထွန်း ပြန်သွားသောအခါ မောင်နှမနှစ်ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။

"ဘယ်လို လုပ်ကြမလဲ မမ"

"အေး… အဲဒီ ကိုမြင့်ကျော်က အိမ်မှာ ဖေဖေနဲ့ မေမေ မရှိမှန်း သိလို့ ဒီညမှာ ခိုးဖို့ကြံတာ ဖြစ်မယ်"

"သားတို့ ဘွားဘွားကို သွားပြောမလား"

"မပြောနဲ့ မောင်လေး၊ ဘွားဘွားမှာ ညဘက် အိပ်မပျော်တဲ့ ရောဂါရှိတယ်။ စိုးရိမ်ပြီး အိပ်မရဖြစ်လိမ့်မယ်၊ မမတို့ဘာသာ ဖြေရှင်းကြမယ်"

စိမ်းစားပင်သည် ခွဆုံအထိ သိပ်အမြင့်ကြီး မဟုတ်လှပေ။ စိမ်းစား-ပင်ပေါ်သို့ ဘယ်သူပဲတက်တက် ထိုခွဆုံကိုတော့ ခြေထောက် ချပြီး နင်းရမှာ ဖြစ်သည်။ သက်ထားသည် စိမ်းစားသရက်ပင်ကို ကြည့်ရင်း အကြံထုတ်နေသည်။ သီဟကလည်း သက်ထား ဘာပြောမလဲကို နားထောင်နေသည်။

"မောင်လေး၊ အိမ်ပေါ်ထပ်မှာ ထားတဲ့ သီတင်းကျွတ်တုန်းက မီးထွန်းတဲ့ ပလပ်ခေါင်းနဲ့ တွဲနေတဲ့ ဝါယာကြိုးခွေကို သိလား"

ဟု သက်ထားက မေးလိုက်သည်။ သီဟက -

"သိတယ် မမ"

ဟု ပြန်ဖြေသည်။

"လာ… တို့တွေ အိမ်ပေါ်ထပ်ကို တက်ကြမယ်"

ဟု ပြောကာ သက်ထားသည် သီဟကို အိမ်ပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားသည်။ သက်ထားတို့အိမ်က နှစ်ထပ်အိမ် ဖြစ်သည်။ ဘွားဘွားက အပေါ်ထပ်သို့ တက်ခဲသည်။ အိမ်အောက်ထပ်မှာပဲ အနေများသည်။ အိမ်ပေါ်ထပ်သို့ ရောက်သောအခါ ထိုဝါယာကြိုးကို ရှာဖွေလိုက်သည်။ ကြိုးစထိပ်တစ်ဖက်ရှိ ပလတ်စတစ်များ ဖုံးထားသည်ကို ဓားဖြင့် နွာလိုက်သည်။ အထဲက နန်းကြိုးမျှင်များ ထွက်ပေါ်လာသည်။ ထိုဝါယာကြိုးမျှင်များ ခပ်ရှည်

ရှည် ထွက်ပေါ်လာအောင် နှာပြီးနောက် ထိုကြိုးစကို သံဘူးလေး တစ်ဘူးတွင် ယာယီချည်လိုက်သည်။

သက်ထားသည် ထိုသံဘူးကလေးကို ပြတင်းပေါက်မှတစ်ဆင့် သရက်ပင်ခွဆုံသို့ ပစ်တင်လိုက်သည်။ ပြတင်းပေါက်နှင့် သရက်ပင်သည် ဆယ်ပေလောက်ပဲ ဝေးသဖြင့် သံဘူးကလေးသည် ခွဆုံပေါ်သို့ တန်းတန်းမတ်မတ် ရောက်သွားသည်။ သက်ထားသည် ပလပ်ခေါင်းရှိသည့် ကြိုးစကို အိမ်ပေါ်ထပ်ရှိ ပြတင်းပေါက်သံတိုင်မှာ ချည်ထားလိုက်သည်။ အိမ်ပြတင်းပေါက်နှင့် သရက်ပင်အကြား၌ ဝါယာကြိုးဖြင့် သွယ်တန်းလိုက်သလို ဖြစ်သွားသည်။

"လာ... မောင်လေး၊ တို့နှစ်ယောက် အောက်ပြန်ဆင်းမယ်"

သူတို့ အောက်ပြန်ဆင်းလာတာကို မြင်တော့ အဘွားက လှမ်းပြောသည်။

"ဒီမောင်နှမ တက်လိုက်၊ ဆင်းလိုက်နဲ့ ဘာတွေ လုပ်နေတာလဲ"



"သမီးတို့ ကစားနေကြတာပါ"

ဟု သက်ထားက ပြန်ဖြေလိုက်သည်။

ထို့နောက် သက်ထားနှင့် သီဟတို့သည် ရေစည်ပေါင်း အလွတ်တစ်ခုကို စိမ်းစားပင်အောက်သို့ ရောက်အောင် လှိမ့်၍ တွန်းကြသည်။ ဘွားဘွား မြင်တွေ့သွားသည်။

"ဒီမောင်နှမကလည်း ဒီလောက်ပူတဲ့ အိုက်တဲ့ အချိန်မှာ ကြံဖန်ဆော့ရတယ်လို့"

ဟု လှမ်းပြောသည်။

သရက်ပင်အောက်သို့ ရောက်သောအခါ ရေစည်ကို ပြောင်းပြန်ထောင်လိုက်ကြသည်။ သူတို့နှစ်ယောက် ထောင်သော်လည်း ကလေးတွေမို့ ခက်ခက်ခဲခဲ လုပ်လိုက်ရ၏။ ထို့နောက် သက်ထားသည် အုတ်ခဲများကို ခုကာ ရေစည်ပေါ်သို့ တက်လိုက်သည်။

"မောင်လေး... မမကို အိမ်ရှေ့က သွပ်ပြားအဟောင်းတစ်စ ယူပေးနော်"

ဟု သက်ထားက ခိုင်းလိုက်သည်။

သီဟက တစ်ပေပတ်လည်ခန့်ရှိသော အပေါက်များ ပါသည့် သွပ်ပြား အဟောင်းစတစ်စကို ယူလာသည်။ သက်ထားသည် စောစောက သူ ပစ်လိုက်သော သံဘူးကလေးမှ ဝါယာကြိုးစကို ပြန်ဖြေလိုက်သည်။ နန်းကြိုးမျှင်များကို သွပ်ပြားစအပေါက်များထဲ ထည့်ကာ ချည်ထားလိုက်သည်။ ထို့နောက် ဝါယာကြိုးဖြင့် ဆက်ထားသော သွပ်ပြားစကို သရက်ပင်ခွဆုံတွင် တင်ထားလိုက်သည်။

ဘယ်သူပဲဖြစ်ဖြစ် စိမ်းစားပင်ပေါ်သို့ တက်မည် ဆိုပါက ခွဆုံကို အရင်နင်းရမှာ ဖြစ်သည်။ ခွဆုံကို နင်းလိုက်သည်နှင့် သွပ်ပြားစကို သေချာပေါက် နင်းမိမှာဖြစ်သည်။ သက်ထားသည် သွပ်ပြားစကို ခွဆုံမှာ ချထားပြီးသော်လည်း စိတ်မချ ဖြစ်နေသည်။ မတော်တဆ ပြန်ပြုတ်ကျလျှင် သူ ပင်ပန်းတာ အလကားဖြစ်သွားမှာကို စိုးရိမ်သည်။ ထို့ကြောင့် သီဟကို ပလတ်စတစ်ကြိုးတွေ ယူခိုင်းပြီး သွပ်ပြားကို သရက်ပင်နှင့် ချည်လိုက်သည်။ မြဲမြဲမြံမြံမဟုတ်ပေမဲ့ ယာယီတော့ ခိုင်သွားပြီ။

ရေစည်ပေါ်မှ ပြန်ဆင်းလာတော့ သက်ထားသည် တော်တော် မောနေပြီ။ ခဏအမောဖြေပြီးနောက် မောင်နှမနှစ်ယောက်သည် ရေစည်ကို မူလနေရာသို့ ရောက်အောင် ပြန်ထားလိုက်ကြသည်။

"မမ ဘယ်လိုလုပ်မှာလဲ"

ဟု သီဟက မေးသည်။

"ညကျရင် သိရမှာပေါ့ မောင်လေးရယ်"

ဟု သက်ထားက ပြန်ဖြေသည်။

(၂)

ညဘက်သို့ ရောက်လာပြီ။ ညရှစ်နာရီလောက်ကတည်းက ဘုရား ရှိခိုးပြီးသောအခါ ဘွားဘွား အိပ်ရာဝင်သွားသည်။ အဘွားက အောက်ထပ်မှာ အိပ်ပြီး သူတို့မောင်နှမက အိမ်ပေါ်မှာ အိပ်သည်။ ဘွားဘွား အိပ်သွားသော အခါ သက်ထားနှင့် သီဟတို့သည် အိမ်ပေါ်ထပ်သို့ တိတ်တိတ်ကလေး တက်ခဲ့ကြသည်။

အပေါ်ထပ်သို့ ရောက်သောအခါ စိမ်းစားသရက်ပင်ကို မြင်နိုင် လောက်သည့် နေရာက ပြတင်းပေါက်ကို အသာကလေး ဖွင့်လိုက်သည်။ ကိုးနာရီအထိ မထူးခြားသေး။ သူတို့နှစ်ယောက် စိတ်ရှည်လက်ရှည် စောင့်စားနေကြသည်။

သူတို့ရပ်ကွက်ကလေးရှိ အိမ်များသည် အိမ်ဆက်ကျဲသောကြောင့် ကိုးနာရီကျော်လျှင် တိတ်ဆိတ်သွားပြီ။ သူတို့သည် မီးခလုတ်ကို ပိတ် လိုက်ပြီး မှောင်ထဲမှာ စောင့်နေကြသည်။

"မောင်လေး ဘယ်နှနာရီရှိပြီလဲ"

ဟု သက်ထားက မေးလိုက်သည်။

သီဟက သူ၏ ဓာတ်ခဲနာရီကလေးကို ခလုတ်နှိပ် ကြည့်လိုက်ရင်း-

"ကိုးနာရီခွဲ ကျော်သွားပြီ မမ"

သက်ထားသည် ပြတင်းပေါက်သံတိုင်တွင် ချည်ထားသော ပလပ် ခေါင်းပါသည့် ဝါယာကြိုးစကို ဖြုတ်လိုက်သည်။ ထို့နောက် မီးခလုတ်ရှိ ပလပ်ပေါက် တစ်ပေါက်မှာ ထိုးထားလိုက်သည်။

ထိုအခါကျမှ သီဟသည် သက်ထား၏ အကြံကို သိလိုက်သည်။ မီးပျက်လျှင် သူတို့ထောင်ချောက် ပျက်ပြားမှာကို စိုးရိမ်နေကြသည်။ မီးက မပျက်သဖြင့် တော်သေးသည်။

"မောင်လေး သူခိုး သရက်ပင်ပေါ် တက်တာနဲ့ မီးခလုတ်ကို ဖွင့်မယ်နော်"

"ဟုတ်ကဲ့… မမ"

သူတို့သည် အိပ်ချင်သော်လည်း မအိပ်ဘဲ သရက်သီးသူခိုးအလာကို စောင့်စားနေကြသည်။ ညဆယ့်တစ်နာရီ လူခြေတိတ်ချိန်သို့ ရောက်မှသာ ချွီးချွီးချွတ်ချွတ်အသံကို ကြားလိုက်ရသည်။ သက်ထားသည် ဟထားသော ပြတင်းပေါက်မှ အသံလာရာသို့ ကြည့်လိုက်သည်။ နောက်ဖေး ခြံစည်းရိုးရှိ ပုဏ္ဏရိက်ပင်များ အကြားက လူတစ်ယောက် ဝင်လာတာကို တွေ့လိုက် ရသည်။

"မောင်လေးရေ၊ လူတစ်ယောက်တော့ ဝင်လာပြီ"

"ဟုတ်လား မမ၊ ခလုတ်ဖွင့်လိုက်ရတော့မလား"

"နေဦး၊ သရက်ပင်ပေါ် စတက်မှဖွင့်"

ဟု သက်ထားက တီးတိုးပြောသည်။

ထိုသူသည် အရပ်ရှည်သည်။ ထွန်းထွန်း ပြောသွားသည့် ကိုမြင့်ကျော်ပင် ဖြစ်ဖို့များသည်ဟု သက်ထား ထင်လိုက်သည်။ ကိုမြင့်ကျော်သည် တဖြည်းဖြည်းနှင့် စိမ်းစားပင်အောက်သို့ ရောက်လာသည်။

သက်ထားက နှစ်ကိုယ်ကြား လေသံဖြင့် -

"ဖွင့်လိုက်တော့ မောင်လေး"

ဟု ပြောလိုက်သည်။ သီဟက မီးခလုတ်ကို ဖွင့်လိုက်သည်။

သူသည် သရက်ပင်ပေါ်သို့ ကျွမ်းကျင်စွာ တက်လိုက်သည်။ သရက်ပင်က နိမ့်သဖြင့် တက်ရတာ လွယ်သည်။ ထိုလူသည် သရက်ပင် ခွဆုံသို့ ခြေထောက်ချလိုက်သည်နှင့် 'အောင်မယ်လေးဗျ' ဟု ကျယ်လောင်စွာ အော်မိလိုက်သည်။ ထို့နောက် သရက်ပင်ပေါ်ကနေ မြေပြင်ပေါ်သို့ ပြုတ်ကျတော့သည်။ အပင်က နိမ့်သဖြင့် တော်သေးသည်။

ထိုအခါကျမှ သက်ထားက -

"သူခိုး… သူခိုး… သူခိုး"

ဟု ကျယ်လောင်စွာ အော်တော့သည်။ သီဟကပါ -

"သူခိုး… သူခိုး"

ဟု လိုက်အော်တော့သည်။

ထိုလူသည် လဲကျနေရာမှ လူးလဲထကာ နောက်ဖေးခြံပေါက်ကနေ ထွက်ပြေးတော့သည်။ သူတို့နှစ်ယောက် အော်သံများကြောင့် ဘွားဘွား နိုးလာသည်။

"အပေါ်ထပ်က ဘာဖြစ်တာလဲ"

ဟု မေးသည်။

"သမီးတို့ အိပ်မက်မက်ပြီး ယောင်အော်တာပါ အဘွား"

ဟု သက်ထားက ညာပြောလိုက်သည်။

(၃)

နောက်တစ်နေ့တွင် ဖေဖေနှင့် မေမေတို့ ခရီးက ပြန်ရောက်လာသောအခါ သက်ထားနှင့် သီဟသည် သူတို့ လုပ်ဆောင်မှုကို ဂုဏ်ယူဝင့်ကြွားစွာ ပြန်ပြောလိုက်သည်။

မေမေက ဘာမှမပြောခင် ဖေဖေက အရင်ပြောသည်။

"သမီးတို့ မောင်နှမ တော်ပါတယ်။ ဒါပေမဲ့ လုပ်ပုံ လွဲနေတယ်။ ဘွားဘွားကို အသိမပေးချင်လည်း ဘေးအိမ်က လူတွေကို ကြိုပြောထားရမှာပေါ့။ သူခိုးသူခိုးလို့ အော်တာ ဖေဖေလက်ခံတယ်။ ဒါပေမဲ့ ထောင်ချောက်ဆင်တာတော့ မဟုတ်သေးဘူး။ မောင်မြင့်ကျော်ခမျာ သရက်သီး မစားရဘဲ ဓာတ်လိုက်တာလည်း ခံလိုက်ရတယ်။ သစ်ပင်ပေါ်ကလည်း ပြုတ်ကျသေးတယ်။ အခန့်မသင့်ရင် ခြေကျိုးလက်ကျိုး ဖြစ်နိုင်တယ်။ နောက်တစ်ခါ ဒါမျိုး မဖြစ်စေတော့နဲ့"

ဟု ဆုံးမသည်။ မေမေက -

"လူကြီးတွေ ရှိရင်တော့ မြင့်ကျော် သရက်သီး လာမခိုးရဲပါဘူး။ အခုတော့ မြေးအဘွားတွေပဲ ရှိတယ် ဆိုပြီး အထင်သေးလိုက်တာ။ သူ ခံလိုက်ရပြီ"

ဟု ပြောသည်။

သက်ထားနှင့် သီဟတို့သည် ထွန်းထွန်းနှင့် တွေ့တော့ -

"သီဟ မင်းတို့အိမ်က သရက်ပင်မှာ သရဲရှိတယ်လို့ ပြောသံကြားတယ်။ ရပ်ကွက်ထဲမှာ ပြောနေကြတယ်။ ဟုတ်လား"

ဟု မေးသည်။

သီဟက ရှင်းပြမည် ဟန်ပြင်လိုက်သည်။ သက်ထားက သီဟကို မျက်နှာရိပ် မျက်နှာကဲ ပြလိုက်၏။

"မပြောတတ်ပါဘူး မောင်လေးရယ်။ အစ်မတို့ကိုတော့ မခြောက်ပါဘူး။ တခြားလူတွေ ဆိုရင်တော့ မပြောတတ်ဘူး"

ဟု ပြန်ပြောလိုက်သည်။

✣

"ဆရာမ ထဘီပျောက်ပြီ ဆိုတာနဲ့ ကျန်တဲ့သူတွေကို အောက်မှာ ထားပြီး သူတစ်ယောက်တည်းကိုပဲ သီးသန့် ခေါ်စစ်ပေါ့။ သမီးတို့လည်း မသိသလို လုပ်နေမယ်" ဟု ဝင်ပြောသည်။ ဆရာမသည် စဉ်းစားလိုက်သည်။

## မားကြီးပါတိတ် ပျောက်ဆုံးမှု



## စားကြီးပါတိတ် ပျောက်ဆုံးမှု

နှင်းအိသည် ဆဋ္ဌမတန်းကျောင်းသူလေးတစ်ယောက် ဖြစ်သည်။ နှင်းအိသည် သူတို့လမ်းထဲတွင် ရှိသော ပုံပမာ ကျူရှင်တွင် တက်ရောက်နေသည်။ ပုံပမာ ကျူရှင်ကို တည်ထောင်ထားသူက ဆရာမဒေါ်ငြိမ်းငြိမ်း ဖြစ်သည်။ ဆရာမ ဒေါ်ငြိမ်းငြိမ်းသည် အပျိုကြီးတစ်ယောက် ဖြစ်သည်။ အသပြာကျူရှင် မဟုတ်ဘဲ စေတနာကျူရှင်ဟု ပြော၍ ရသည်။ ကျူရှင်လခ သတ်မှတ်ထားသော်လည်း ပေးချင်သလောက် ပေးလည်း ရသည်။ မတတ်နိုင်သဖြင့် ဆင်းရဲချို့တဲ့သူများ လာတက်လည်း တက်ခွင့်ပြုသည်။ ထို့ကြောင့် နှင်းအိတို့ ကျူရှင်တွင် လူအယောက်သုံးဆယ် ဝန်းကျင်ရှိသည်။ ဘာသာစုံကျူရှင် ဖြစ်သော်လည်း အင်္ဂလိပ်စာနှင့် သင်္ချာကို ပို၍ ဦးစားပေးပြီး သင်သည်။

ဆရာမ၏ အိမ်သည် အောက်ထပ်တွင် ဟောလ်ခန်းပုံစံ ဆောက်လုပ်ထားသည်။ ထို့ကြောင့် နေရာကျယ်ပြီး စာသင်ရသည်မှာ အဆင်ပြေလှသည်။ နှင်းအိတို့၏ စာကျက်သံ၊ စာဆိုသံများကိုလည်း ကြားနေရသည်။ ကလေးများကိုလည်း ဆရာမက မိသားစုပုံစံ ဆက်ဆံသည်။ တစ်ခါတလေတွင် အုန်းနို့ခေါက်ဆွဲ ချက်ကျွေးသည်။ ကြာဆံချက် ချက်ကျွေးသည်။ အိမ်ပေါ်တွင် ဆရာမ၏ အဖေနှင့် အမေတို့ နေသည်။

စာသင်သည်မှာ အောက်ထပ် ဖြစ်သော်လည်း အပေါ်ထပ်တွင် ဆရာမ၏အဖေ ဘကြီးဖြိုးက မုန့်ရောင်းသည်။ ထို့ကြောင့် ကလေးများသည်

မုန့်စားချိန်ဆိုလျှင် အပြင်သို့ထွက်စရာ မလိုတော့ဘဲ အိမ်ပေါ်ထပ်သို့ တက်၍သာ မုန့်များ ဝယ်စားကြသည်။ မိသားစုပုံစံ ဖြစ်နေသောကြောင့် အားလပ်ချိန်တွင် အပေါ်ထပ်နှင့် အောက်ထပ် ဆင်းလိုက်၊ တက်လိုက် ပြုလုပ်နေကြသည်။

ကျူရှင်တွင် နှင်းအိနှင့်အဓိကခင်မင်သူက လွဲလွဲ ဖြစ်သည်။ သူတို့နှစ်ယောက်သည် ကျောင်းမှာလည်း တစ်ခန်းတည်း ဖြစ်သည်။ ကျူရှင်မှာလည်း ထပ်မံတွေ့ဆုံသဖြင့် ပိုမိုရင်းနှီးလာကြသည်။ ထို့ပြင် ကျူရှင်တွင်လည်း သူတို့နှစ်ယောက်သည် စာအတော်ဆုံး ဖြစ်သည်။ နှင်းအိက သင်္ချာတွင် ပိုတော်ပြီး လွဲလွဲက အင်္ဂလိပ်စာတွင် ပိုထူးချွန်သည်။ ကျန်သော ဘာသာရပ်များတွင်တော့ သူတစ်လှည့်၊ ကိုယ်တစ်လှည့် ဖြစ်သည်။

နှင်းအိနှင့် လွဲလွဲတို့သည် ပုပမာကျူရှင်နှင့် အိမ်နီးသည်။ ထို့ကြောင့် တခြားသူများ ကျူရှင်ပြန်သော်လည်း သူတို့သည် မပြန်သေးဘဲ ဆရာမအား တံမြက်စည်း ကူလှည်းပေးခြင်း၊ တခြားဗာဟီရ တောက်တိုမည်ရ အလုပ် များကို လုပ်ပေးတတ်ကြသည်။

တစ်နေ့တွင် ဆရာမ မျက်နှာပျက်နေသည်ကို သူတို့နှစ်ယောက် တွေ့လိုက်ရသည်။ နှင်းအိက မေးလိုက်သည်။

"ဆရာမ နေမကောင်းဘူးလား ဟင်"

ဆရာမက ခေါင်းခါယမ်းပြလိုက်သည်။

"နေကောင်းပါတယ် သမီးရယ်။ ဆရာမမှာ စိတ်ညစ်စရာနဲ့ ကြုံနေလို့ပါ"

ဆရာမ၏ စကားကို ကြားရသောအခါ လွဲလွဲက -

"သမီးတို့ကို ပြောပြလေ၊ သမီးတို့ ဝိုင်းစဉ်းစားပေးမှာပေါ့"

ဟုပြောသည်။

ဆရာမသည် စိတ်ညစ်နေရာမှ တစ်ချက်ပြုံးလိုက်သည်။

"လွဲလွဲက ကြီးကြီးကျယ်ကျယ်နဲ့ပါလား။ ဒီလို သမီးတို့ရဲ့၊ ဟိုတစ်နေ့က ဆရာမ ရေချိုးခန်းထဲမှာ ဗားကြီးပါတိတ် အသစ်တစ်ထည်ကို လှန်းထားတယ်။ အဲဒါ ပျောက်သွားလို့ အထားမှားတယ် ဆိုပြီး တစ်အိမ်လုံး ပြန်ရှာပြီးပြီ။ လုံးဝမတွေ့ဘူး"

ဆရာမက ရှင်းပြတော့ နှင်အိရော၊ လဲ့လဲ့ပါ ခေတ္တငြိမ်သက်သွားသည်။ ရေချိုးခန်းက အိမ်ပေါ်ထပ်မှာတစ်ခု၊ အိမ်အောက်ထပ်မှာ တစ်ခု ရှိတာ ဖြစ်သည်။

ဘယ်ရေချိုးခန်းမှာ ပျောက်သလဲ ဆိုသည်ကို ထပ်မေးဖို့ နှင်းအိ ဆုံးဖြတ်လိုက်သည်။

"ဆရာမ၊ အပေါ်ထပ် ရေချိုးခန်းလား၊ အောက်ထပ်ရေချိုးခန်း လား"

"အပေါ်ထပ်က ရေချိုးခန်းမှာ ပျောက်တာ။ သမီးတို့အဘွား ဆရာမရဲ့အမေကို မပြောရဲဘူး။ ပြောရင် ဆရာမကို ဆူလိမ့်မယ်။ သူက ကလေးတွေ အပေါ်ထပ်ကို တက်တာ သိပ်ကြိုက်တာ မဟုတ်ဘူးကွဲ့။ သမီးတို့ အဘကသာ ကလေးချစ်တတ်တာ"

"သမီးတို့ ကူပြီး စဉ်းစားပေးပါ့မယ်"

ဟု နှင်းအိက ကတိပေးလိုက်သည်။ လဲ့လဲ့ကတော့ -

"သမီးလည်း နှင်းအိနဲ့ အတူတူ စဉ်းစားမယ်နော်"

ဟုပြောတော့ ဆရာမက -

"ကျေးဇူးတင်ပါတယ် သမီးတို့ရယ်"

ဟု ပြန်ပြောသည်။

နှင်းအိနှင့် လဲ့လဲ့တို့မှာ တစ်လမ်းသာ ခြားသော လမ်းနီးနားချင်းများ ဖြစ်သည်။ ထိုနေ့ညနေတွင် လဲ့လဲ့သည် ခြံထဲတွင် ပန်းပင်များကို ရေလောင်း နေတုန်း နှင်းအိ ရောက်လာသည်။ လဲ့လဲ့က ပန်းပင်တွေ ရေလောင်းတာကို ရပ်လိုက်သည်။

"လာ… သူငယ်ချင်း"

ဟု ဖိတ်ခေါ်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် ခြံထဲရှိ ဒန်းကလေးပေါ်တွင် ထိုင်လိုက်ကြသည်။ နှင်းအိက -

"ငါ ကျူရှင်က ပြန်ကတည်းက ဆရာမ လုံချည်ပျောက်တဲ့ ကိစ္စကို စဉ်းစားနေတာ။ ငါ ဒီလိုတွေးမိလို့ နင့်ဆီ ချက်ချင်းထွက်လာတာ"

ဟု ပြောသည်။

နှင်းအိ၏ စကားကြောင့် လဲ့လဲ့ စိတ်ဝင်စားသွားသည်။

"ပြောစမ်းပါဦး၊ နင် တွေးထားတာ"

"ဒီလို သူငယ်ချင်းရဲ့ ရေချိုးခန်း အပေါ်ထပ်ကို မိန်းကလေးတွေပဲ တက်တာလေ၊ ယောကျ်ားလေးတွေ မတက်ရဘူးလေ။ ဒီတော့ တရားခံက မိန်းကလေးတွေထဲကပဲ ဖြစ်နိုင်တယ်"

"အင်း… နင် မှန်းတာ ဖြစ်လောက်တယ် ဟ"

ဟု လဲ့လဲ့က ထောက်ခံသည်။ နှင်းအိက -

"ငါ ဆက်ပြောမယ်။ တရားခံမိန်းကလေးဟာ ဆရာမရဲ့ ထဘီကို သူ့ထဘီအောက်မှာ ခံဝတ်သွားတာ မဖြစ်နိုင်ဘူးလား"

"ဟာ… ဟုတ်တာပေါ့၊ ဒါဆို တို့ကျူရှင်က ထဘီဝတ်တဲ့ မိန်းကလေးတွေကို စဉ်းစားရမယ်။ သူတို့ဖြစ်နိုင်ဖို့ များတယ်"

လဲ့လဲ့က ပြောတော့ နှင်းအိက -

"ဒါပဲလေ၊ ငါ တွေးမိတာက တို့အရွယ်မှာ ထဘီဝတ်တဲ့ ကောင်မလေးတွေ နည်းတယ်။ အေးအေးချိုသာ တစ်ခါတလေ ထဘီ ဝတ် တတ်တယ်။ နောက်ပြီး အေးအေးချိုက ခြောက်တန်းရှိသေး၊ အရပ်က ရှည်တော့ ထဘီအောက်မှာ ဝတ်သွားတာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အေးအေးချိုက ထဘီ အမြဲဝတ်တာ မဟုတ်ဘူး"

ဟု ပြန်ပြောသည်။

လဲ့လဲ့ကပါ နှင်းအိ စကားကို နားထောင်ရင်း -

"ဆရာမ ထဘီပျောက်တာ တစ်နေ့ကနော် နှင်းအိ။ တစ်နေ့က အေးအေးချို ဘာဝတ်လာလဲ၊ ငါ ပြန်စဉ်းစားလိုက်ဦးမယ်။ ဟာ… ဟုတ်ပြီ၊ သူ ကျောင်းစိမ်းလုံချည်နဲ့ပဲ ကျူရှင်ကို လာတာ"

ဟု ဝမ်းသာအားရ ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ချက်ချင်းပဲ စဉ်းစားမိသည့် ကိစ္စကို ဆရာမအိမ်သို့ သွားပြောလိုက်သည်။ ဆရာမ ဒေါ်ငြိမ်းငြိမ်းက သူတို့စကားကို နားထောင်သည်။ ထို့နောက် -

"သမီးတို့ ပြောတာ ဖြစ်နိုင်ခြေ များပါတယ်။ ဒါပေမဲ့ သူ့ကို ဘယ်လို စွပ်စွဲမလဲ"

နှင်းအိက ခေတ္တတွေးတောလိုက်သည်။

"ထောင်ဖမ်းမှ ရမှာပေါ့ ဆရာမ၊ သူ ထဘီဝတ်လာတဲ့ နေ့ကျရင် ဆရာမက ရေချိုးခန်းထဲမှာ နောက်ထဘီ အသစ်တစ်ထည်ကို လှန်းထားလေ။ ကျူရှင်ခဏနားတဲ့ အချိန်ကျရင် သူ အပေါ်ထပ်ကို တက်ရင် တက်မှာ။ ကျူရှင်ဆင်းခါနီး ထဘီပျောက်တော့မှ ဘယ်သူ့ကိုမှ ပေးမပြန်ဘဲ သူ့ကို အရင်ခေါ်စစ်မယ်လေ"

ဆရာမက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။

"နှင်းအိ ပေးတဲ့အကြံ ကောင်းပါတယ်။ ဒါပေမဲ့ သူ ခိုးတာ သေချာရင် အကုန်သိကုန်လို့ သူ အရှက်ရလိမ့်မယ်"

ဟု တွေးတွေးဆဆ ပြောသည်။ ထိုအခါ လဲ့လဲ့က -

"ဆရာမ ထဘီပျောက်ပြီ ဆိုတာနဲ့ ကျန်တဲ့သူတွေကို အောက်မှာ ထားပြီး သူတစ်ယောက်တည်းကိုပဲ သီးသန့် ခေါ်စစ်ပေါ့။ သမီးတို့လည်း မသိသလို လုပ်နေမယ်"



ဟု ဝင်ပြောသည်။ ဆရာမ သည် စဉ်းစားလိုက်သည်။

"အဲဒီကောင်မလေးက သူ့အိမ်က စီးပွားရေး သိပ်ပြေလည်ပုံ မရလို့ ကြံမိကြံရာ ကြံတာလည်း ဖြစ်နေနိုင်တယ်။ ဒါပေမဲ့ ဒီအရွယ်နဲ့ စာရိတ္တ ပျက်ရင်တော့ မကောင်းဘူး။ သမီးတို့ ပြောတဲ့အတိုင်း စမ်းတော့ ကြည့်မယ်လေ"

နောက်နှစ်ရက်ခန့် အကြာတွင် အေးအေးချိုသည် ကျူရှင်သို့ ထဘီ ဝတ်လာသည်ကို တွေ့လိုက်ရသည်။ နှင်းအိက ဆရာမဆီသို့ သွားပြီး တီးတိုး ပြောသည်။ ဆရာမ က -

"သူ ထဘီဝတ်တာ မြင်ကတည်းက ရေချိုးခန်းထဲမှာ ထဘီအသစ် တစ်ထည် လှန်းလိုက်ပြီ"

ဟု ခပ်တိုးတိုး ပြန်ပြောသည်။

ဆရာမသည် အရင်နေ့များဆို အားလပ်ချိန် ဆယ့်ငါးမိနစ်မျှသာ ပေးသော်လည်း ဒီနေ့တွင် နာရီဝက် ပေးသည်။ အထူးသဖြင့် ယောကျ်ားလေးများ ပျော်ရွှင်ကြသည်။ အိမ်ပေါ်ထပ်သို့ တက်သူကတက်၊ မုန့်ဝယ်စားသူက စားနှင့် လှေကားမှာ ရှုပ်ယှက်ခတ်နေသည်။ မုန့်စားဆင်းပြီး စာပြန်သင်ပြီး၍ နာရီဝက်ခန့်အကြာတွင် ဆရာမက နှင်းအိကို ခေါ်လိုက်သည်။

"သမီး၊ ရေချိုးခန်းထဲက ဆရာမ ကချင်လုံချည် အပြာရောင်ကို သွား ကြည့်စမ်း၊ မရှိတော့ဘူး ဆိုရင် ခေါင်းပဲခါပြ"

ဟု နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။

ထို့နောက် နှင်းအိသည် အပေါ်ထပ်သို့ တက်သွားသည်။

လဲ့လဲ့ကသာ နှင်းအိ၏ လုပ်ရပ်ကို ရိပ်မိသော်လည်း တခြားကလေးတွေကတော့ ဆရာမ နှင်းအိကို တစ်ခုခုခိုင်းသည်ဟု ထင်ကြသည်။ နှင်းအိသည် အောက်ထပ်သို့ ပြန်ဆင်းလာပြီး ဦးခေါင်းကို ခါယမ်းလိုက်သည်။

"မတွေ့ဘူး ဆရာမ"

ဆရာမသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် -

"ဆရာမ အပေါ်မှာ ကိစ္စတစ်ခုရှိလို့ အေးအေးချိုကို ခိုင်းစရာ တစ်ခု ရှိတယ်။ သူက အရပ်ရှည်တော့ သူနဲ့မှ အဆင်ပြေမှာ"

ဟု ပြောကာ အေးအေးချိုကို အပေါ်ထပ်သို့ ခေါ်သွားသည်။ တစ်ခဏမျှကြာတော့ ဆရာမရော၊ အေးအေးချိုပါ ပြန်ဆင်းလာသည်။ တခြားသူများက မရိပ်မိပေမဲ့ အေးအေးချို မျက်နှာပျက်နေသည်ကို နှင်းအိနှင့် လဲ့လဲ့တို့ သတိထားမိကြသည်။

ဆရာမသည် ပုံမှန်အတိုင်းပဲ စာဆက်သင်သည်။ နှင်းအိသည် အေးအေးချိုကို မသိမသာ အကဲခတ်လိုက်သောအခါ မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းနေတာကို တွေ့လိုက်ရသည်။ ကျူရှင်ဆင်းတော့ နှင်းအိနှင့် လဲ့လဲ့တို့ မပြန်သေးဘဲ ကျန်ခဲ့သည်။ ဆရာမက -

‘‘ဟုတ်တယ် သမီးတို့ရေ၊ သမီးတို့ ခန့်မှန်းတဲ့ အတိုင်းပဲ။ သူက ကျောင်းစိမ်းလုံချည်အောက်မှာ ကချင်လုံချည်ကို ထပ်ဝတ်လိုက်ပြီးပြီ။ သူ့ကို ရေချိုးခန်းထဲ သီးသန့်ခေါ်ပြီး စစ်တော့ သူ ဝန်ခံတယ်။ အရင်ပျောက်ခဲ့တဲ့ ဓားကြီးပါတိတ်လည်း သူယူတာပဲတဲ့။ သူတို့အဖေက နှစ်လုံးထိတွေ ထိုးပစ်လို့ သူတို့သားအမိ သုံးစရာမရှိလို့ ယူမိတာပါလို့ ဝန်ခံတယ်။ ဆရာမလည်း ကျူရှင်က မထုတ်ချင်ဘူးလေ။ နောက် မလုပ်နဲ့လို့ပဲ ပြော လိုက်တယ်’’

ဟု ရှင်းပြသည်။

ဆရာမက ကျူရှင်မထုတ်သော်လည်း အေးအေးချိုသည် နောက်နေ့မှ စ၍ လာမတက်တော့ပေ။ သူ့ပြစ်မှုအတွက် သူ ရှက်သွားပုံ ရသည်။ သို့သော် လည်း သည်ကိစ္စကို ဆရာမ၊ နှင်းအိနှင့် လဲ့လဲ့တို့သုံးဦးသာ သိသည်။ တခြားကျောင်းသူ၊ ကျောင်းသားများကိုလည်း အသိမပေးပေ။ နှင်းအိနှင့် လဲ့လဲ့တို့သည် သူငယ်ချင်းတစ်ယောက် သူ့အပြစ်နှင့်သူ ကျူရှင်က ထွက် သွားသဖြင့် စိတ်မကောင်း ဖြစ်မိသည်။ သို့သော်လည်း သူတို့တွေးတော လိုက်သော စိတ်ကူး မှန်ကန်သွားသဖြင့် ကျေနပ်ပျော်ရွှင်မိကြသည်။

✣



မြကြာဖြူပုံဆိုး ပျောက်ဆုံးမှု

## မြကြာဖြူပုဆိုး ပျောက်ဆုံးမှု

နှင်းအိတို့၏ ပုံပမာ ကျူရှင်သည် သည်နှစ်လည်း လာရောက်တက်သည့် ကလေးတွေ တော်တော်များသည်။ လဲ့လဲ့သည်လည်း ပုံပမာတွင် ပြန်တက်သဖြင့် သူငယ်ချင်းနှစ်ယောက် အတွဲမပျက်ခဲ့ပေ။ မနှစ်တုန်းက နှင်းအိတို့ ခြောက်တန်းတွင် ကျောင်းသားသုံးဆယ် လောက်သာ ရသည်။ ယခုနှစ် ခုနစ်တန်းတွင် အယောက်ငါးဆယ်နီးပါး တိုးလာသဖြင့် ပို၍ စည်ကားလာခဲ့သည်။

မနှစ်တုန်းက နှင်းအိနှင့် လဲ့လဲ့တို့ ဓားကြီးပါတိတ်ထဘီ ပျောက်ဆုံးမှုကို ဖော်ထုတ်ပေးခဲ့သည်။ သို့သော် တခြား ဘယ်သူမှမသိဘဲ သူတို့နှစ်ယောက်နှင့် ဆရာမပဲ သိကြသည်။ ဆရာမ ဒေါ်ငြိမ်းငြိမ်းက -

"ဒီနှစ် ဒီကျူရှင်မှာ တစ်ခုခုပျောက်ရင် သမီးတို့နှစ်ယောက်ကို အားကိုးမယ်နော်"

ဟု ပြောသည်။

*

နှင်းအိတို့လမ်းတွင် တန်ဆောင်တိုင်ပွဲတော်အပြီးမှာ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပသည်။ ကျင်းပသည့် အိမ်က ချမ်းသာသော သူဌေးအိမ် ဖြစ်သည်။ လမ်းထဲတွင်လည်း နိဗ္ဗာန်ဈေးတိုးသူများ ဆူညံနေသည့်အတွက် စာကောင်းကောင်း သင်၍ မရပေ။

ထို့ကြောင့် ဆရာမက -

"သားတို့ သမီးတို့၊ ဆရာမတို့ လမ်းထဲမှာ ဒီနေ့ နိဗ္ဗာန်ဈေး လုပ်တယ်။ လောလောဆယ်တော့ စာသင်လို့ရမှာ မဟုတ်ဘူး။ နိဗ္ဗာန်ဈေး တိုးပြီးတော့မှပဲ စာသင်ကြမယ်"

"ဟေး..."

ဟု အော်ကာ ကလေးများ ပျော်ရွှင်သွားကြသည်။

ထို့နောက် နှင်းအိတို့ အပါအဝင် အကုန်လုံးနီးပါး နိဗ္ဗာန်ဈေး ထွက်၍ တိုးကြသည်။ ဆရာမက အတန်းထဲတွင် ထိုင်နေပြီး နိဗ္ဗာန်ဈေး တိုးရာမှ ရလာသော ပစ္စည်းများကို စာရင်းမှတ်သည်။ အများစု ပေါက်တာ ကတော့ ကော်ဖီမစ်ထုပ်တွေ၊ ဆပ်ပြာခဲတွေ၊ ခေါက်ဆွဲခြောက်ထုပ်တွေပဲ ဖြစ်သည်။ နှင်းအိနှင့် လဲ့လဲ့လည်း ခေါက်ဆွဲခြောက် တစ်ထုပ်စီသာ ပေါက်ကြသည်။ ပေါက်ပြီးသော သူတွေက ပစ္စည်းတွေကို ဆရာမရှေ့မှာ လာထားသည်။ ဆရာမက နာမည်နှင့် စာရင်းတွဲ၍ မှတ်သားထားသည်။ ကျောင်းသား၊ ကျောင်းသူများ ဝင်လိုက်၊ ထွက်လိုက်နှင့် အလုပ်ရှုပ်နေကြသည်။ နှစ်နာရီခန့် နိဗ္ဗာန်ဈေး တိုးပြီးသောအခါ ပြီးဆုံးသွားသည်။

ဆရာမရှေ့ ခုံတန်းများအပေါ်တွင်တော့ ကလေးများ တိုးရာမှ ရလာသော ပစ္စည်းများ အလျှံပယ်ပင် ဖြစ်နေသည်။ ထိုအထဲတွင် မြကြာဖြူ ပုဆိုးတစ်ထည်ကို တွေ့လိုက်ရသည်။ မြကြာဖြူပုဆိုးသည် အပြာရောင် အကွက်စိပ် ဖြစ်ပြီး အဆင်လှသည်။ တခြားပစ္စည်းများနှင့်စာလျှင် မြကြာဖြူ ပုဆိုးက နိဗ္ဗာန်ဈေး တိုးရာမှရသော ပစ္စည်းများအနက် အဖိုးအတန်ဆုံး ဖြစ်နေသည်။ ဆရာမသည် စောစောက သူကိုယ်တိုင် စာရင်းမှတ်ထားသော် လည်း တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်နေသောကြောင့် မြကြာဖြူပုဆိုးကို သတိမထားမိပေ။

"ဟယ်... ဒီပုဆိုးလေးက အဆင်လှလိုက်တာ၊ ဘယ်သူပေါက် တာလဲ"

ဟု ဆရာမက မေးလိုက်သည်။

ထိုအခါ ချယ်ရီသင်း ဆိုသော မိန်းကလေးက လက်ပိုက်ပြီး မတ်တတ်ရပ်လိုက်သည်။

"သမီး ပေါက်တာပါ ဆရာမ"

"ဩော်… အေးအေး၊ သမီး ကံကောင်းလိုက်တာ"

ဟု ဆရာမက ပြန်ပြောလိုက်သည်။ ထို့နောက် ဆရာမက -

"ဒီနေ့တော့ အချိန်လည်း နည်းသွားပြီ။ ဆရာမ စာမသင်ဖြစ်တော့ဘူး။ စာကျက်ပြီး ဆရာမဆီမှာ လာဆိုရမယ်။ တစ်ယောက်ချင်းဆိုရင် ပြီးမှာ မဟုတ်လို့ နှစ်ယောက်တစ်ဖွဲ့ လာဆိုကြနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

ထိုစဉ် ချယ်ရီသင်းသည် သူ့ နိဗ္ဗာန်ဈေးပေါက်ထားသော မြကြာဖြူပုဆိုးကို ကျောပိုးအိတ်ထဲသို့ ဖစ်ဖွင့်ပြီး ထည့်လိုက်သည်ကို နှင်းအိ တွေ့လိုက်ရသည်။ လဲ့လဲ့ကလည်း မြင်သွားသဖြင့် -

"ပုဆိုးလေးက ချစ်စရာလေးနော်၊ သူ့အဖေကို သူပြန်ပြီး ကန်တော့လို့ ရပြီ။ ချယ်ရီသင်း ကံကောင်းလိုက်တာ"

ဟု ပြောသည်။

ထို့နောက် ကျောင်းသူ၊ ကျောင်းသားများသည် ဆရာမ ကျက်ခိုင်းသော အထွေထွေသိပ္ပံမှတ်စုများကို ကျက်ကြသည်။ ဆရာမဆီတွင် စာမအံမိ အချင်းချင်း ဆိုကြည့်ကြသည်။ နှင်းအိက လဲ့လဲ့ကို မေးလိုက်သည်။

"လဲ့လဲ့ … နင်ရပြီလား"

"ရတော့ ရနေပြီဟ၊ ဆရာမက စာဆိုရင်း နည်းနည်းထစ်သွားရင် ပြန်ကျက်ခိုင်းတတ်တယ်။ နောက်တစ်ခေါက်လောက် ထပ်နွှေးလိုက်ဦးမယ်။ ပြီးတော့မှ နင်နဲ့ငါနဲ့ တူတူသွားဆိုမယ်"

"အေးအေး"

နှင်းအိသည် သူက မထစ်မငေါ့ရနေပြီ ဖြစ်သည်။ သို့သော် သူနှင့် တွဲဆိုမည့် လဲ့လဲ့က ထပ်ကျက်ချင်သေးသဖြင့် ခဏစောင့်နေလိုက်သည်။ ဆရာမဆီတွင် နှစ်ယောက်တစ်တွဲ စာအံပြီးသော သူများသည် အသီးသီး ပြန်ခွင့်ရပြီ ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားငါးဆယ် ကျူရှင်သည် တဖြည်းဖြည်းနှင့် အယောက်နှစ်ဆယ်လောက်သာ ကျန်တော့သည်။ နှင်းအိတို့သည် ကျူရှင်လွှတ်ပေမဲ့ တံမြက်စည်း ကူလှည်းပေး၊ အမှိုက်ကူကောက်ပေး နေကျ ဖြစ်သည်။ တခြားသူများကဲ့သို့ ကျူရှင်လွှတ်သည်နှင့် ပြန်ဖို့ စိတ်မကူးပေ။

"မထူးတော့ပါဘူး လဲ့လဲ့ရယ်၊ တို့တွေ နောက်ဆုံးမှပဲ ဆိုတော့ မယ်နော်"

ဟု နှင်းအိက ပြောတော့ လဲ့လဲ့က ခေါင်းညိတ်ပြသည်။

နောက်ဆုံးတွင် လူတွေ တဖြည်းဖြည်းနည်းသွားပြီ။ မြကြာဖြူပုဆိုး မဲပေါက်ထားသော ချယ်ရီသင်းသည်လည်း စာအံပြီးပြီ ဖြစ်သည်။ သို့သော် သူက အိမ်နည်းနည်းလှမ်းသဖြင့် သူ့အဖေက စက်ဘီးဖြင့် လာကြိုတတ်သည်။

ထို့ကြောင့် ချယ်ရီသင်းသည် ကျူရှင်အဝတွင် သူ့အဖေ လာအကြိုကို စောင့်စားနေသည်။ ထိုအချိန်တွင် နှင်းအိနှင့် လဲ့လဲ့တို့သည်လည်း ဆရာမ ရှေ့မှာ စာအံနေကြသည်။

ထိုစဉ် -

"ဟီး... ဟီး"

ဟု အော်ငိုသံကို ကြားလိုက်ရသည်။

နှင်းအိတို့သည် ထိုငိုသံကြောင့် စာအံတာ ရုတ်တရက် ရပ်တန့်သွားကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

ချယ်ရီသင်းသည် သူ့အဖေကို ဖက်ပြီး ငိုနေတာကို တွေ့လိုက်ရသည်။ ဆရာမက -

"သမီးတို့ ပြီးမှ ဆက်ဆို။ ဘာဖြစ်လို့လည်း မသိဘူး။ ဆရာမ သွားကြည့်လိုက်ဦးမယ်"

ဟု ပြောပြီး ကျူရှင်အပေါက်ဝသို့ သွားသည်။

စပ်စုတတ်သော နှင်းအိနှင့် လဲ့လဲ့တို့သည်လည်း ဆရာမနောက်က လိုက်ပါခဲ့သည်။

"ဘာဖြစ်လို့ ငိုတာလဲ သမီး"

ဟု ဆရာမက မေးလိုက်သည်။

ချယ်ရီသင်း၏ အဖေကတော့ သူ့သမီး ရုတ်တရက် ငိုနေတာကို ကြည့်ပြီး နားမလည် ဖြစ်နေပုံရသည်။

"ဆရာမ၊ သမီးရဲ့ မြကြာဖြူပုဆိုး မရှိတော့ဘူး"

ဟု ပြောပြီး ထပ်ငိုပြန်သည်။ ဆရာမက -

"သမီး မငိုနဲ့၊ ဆရာမကို ရှင်းပြ၊ ဘယ်လို ဖြစ်တာလဲ"

"သမီး မြကြာဖြူပုဆိုးကို ကျောပိုးအိတ်ထဲမှာ ထည့်ထားတာ။ အခု အဖေလာကြိုတော့ အဖေ့ကို ပြမယ်ဆိုပြီး အိတ်ထဲက ထုတ်လိုက်တော့ ပုဆိုးမရှိတော့ဘူး"

ဟု ချယ်ရီသင်းက ရှင်းပြသည်။ နှင်းအိက ဝင်ပြောလိုက်သည်။

"ဟုတ်တယ် ဆရာမ၊ သူ အဲဒီပုဆိုးကို ကျောပိုးအိတ်ထဲ ထည့်လိုက်တာ သမီး တွေ့လိုက်တယ်"

ဆရာမက ချယ်ရီသင်း၏ အဖေကို ခဏထိုင်နိုင်းလိုက်သည်။

"ခဏလေးနော်၊ ကျွန်မ ကျူရှင်မှာ ပျောက်တာ ကျွန်မမှာ တာဝန်ရှိလို့ပါ"

"ဟုတ်ကဲ့၊ ရပါတယ် ဆရာမ"

ဟု ချယ်ရီသင်း၏ အဖေက ပြန်ပြောသည်။ ထိုစဉ် လဲ့လဲ့က ဝင်မေးလိုက်သည်။

"ချယ်ရီသင်း၊ ဆရာမဆီမှာ စာသွားဆိုပြီးလို့ အပြန်မှာ နင် စာအုပ်ကို ကျောပိုးအိတ်ထဲ ထည့်တယ် မဟုတ်လား၊ အဲဒီအချိန်မှာ ပုဆိုး ရှိသေးလား"

လဲ့လဲ့၏ မေးခွန်းကြောင့် ချယ်ရီသင်းသည် ရုတ်တရက် အငိုတိတ်သွားသည်။ ခဏ စဉ်းစားလိုက်ပြီးတော့မှ -

"မဟုတ်ဘူး။ ငါက ဆရာမဆီ စာမဆိုခင်ကတည်းက စာအုပ်တွေကို ကျောပိုးအိတ်ထဲ ကြိုထည့်ပြီးသား။ ဆရာမဆီက စာဆိုပြီးတော့ ကျောပိုးအိတ်ကို မဖွင့်ဖြစ်တော့ဘူး။ အခု အဖေလာတော့မှ ဖွင့်ဖြစ်တာ"

ဟု ပြန်ဖြေသည်။ နှင်းအိက ဝင်မေးလိုက်ပြန်သည်။

"ဒါဆိုရင် သူငယ်ချင်း၊ နင် မှတ်စုစာအုပ်တွေ ကျောပိုးအိတ်ထဲ ထည့်တုန်းကကော ပုဆိုးရှိသေးလား"

ချယ်ရီသင်း စဉ်းစားလိုက်သည်။

"အေး… အေး၊ ရှိသေးတယ်"

"ဒါဆိုရင် နင်ပြန်လို့ရပြီ သူငယ်ချင်း၊ ဦးလေး… သမီး သူငယ်ချင်းကို ဂရုစိုက်ပြီး ခေါ်သွားပါနော်။ နက်ဖြန်ခါ နင့်ပုဆိုး ရစေရမယ်"

ဟု နှင်းအိက ပိုင်နိုင်သော လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်လို့လား ဟယ်.."

ဟု ချယ်ရီသင်းက မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် မေးသည်။

"ငါ့ကို စိတ်ချပါဟာ"

ဟု နှင်းအိက ပြန်ပြောလိုက်သည်။

ထို့နောက် ချယ်ရီသင်းတို့ သားအဖသည် ဆရာမကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။ သူတို့သားအဖ ပြန်သွားသောအခါ ဆရာမက -

"နှင်းအိ၊ နင် ဟုတ်ကော ဟုတ်လို့လားဟယ်၊ နက်ဖြန်ခါ ရအောင် ဘယ်လို လုပ်မှာလဲ၊ နင့်ပိုက်ဆံစိုက်ပြီး အဆင်တူတဲ့ တစ်ထည် သွားဝယ်ပေးမလို့လား"

ဟု ပြောသည်။

"ဆရာမ သမီးကို ယုံပါ။ လဲ့လဲ့ မေးလိုက်တဲ့ မေးခွန်းတစ်ခွန်းကြောင့် သမီး စဉ်းစားလို့ ရသွားတာ၊ ချယ်ရီသင်းက စာအုပ်တွေကို ကျောပိုးအိတ်ထဲကို ထည့်နေတဲ့ အချိန်မှာ ပုဆိုးရှိသေးတယ်လို့ သူပြောတယ်။ ဒါဆိုရင် ချယ်ရီသင်း ဆရာမဆီမှာ စာဆိုနေတဲ့ အချိန်မှာ သူ့ကျောပိုးအိတ်ထဲက နှိုက်လိုက်တာပဲ ဖြစ်ရမယ်"

နှင်းအိ၏ စကားကို ကြားရတော့ ဆရာမ ပြုံးသွားသည်။ နှင်းအိက ဆက်ပြောသည်။

"တော်လိုက်တဲ့ တပည့်၊ ဆက်ပြောပါဦး"

"သူနဲ့ ဝေးဝေးထိုင်တဲ့ သူကတော့ ကျောပိုးအိတ်ထဲကို လာယူမှာ မဟုတ်ဘူး၊ အနီးအနားကပဲ ဖြစ်ရမယ် ဆရာမ"

ထိုအခါ လဲ့လဲ့က ဝင်ပြောသည်။

"ချယ်ရီသင်းတို့က သုံးယောက်တစ်တန်း ထိုင်တာလေ။ ချယ်ရီသင်း အနားမှာ ထိုင်တာက ဖူးဖူးနဲ့ ပြည့်ပြည့်ပဲ ထိုင်တာ။ ဒါပေမဲ့ ဖူးဖူးက ချယ်ရီသင်းနဲ့ ဆရာမဆီမှာ စာအတူတူဆိုတော့ မဖြစ်နိုင်ဘူး။ ဒါဆိုရင်..."

"ဟုတ်တယ် သူငယ်ချင်း၊ ပြည့်ပြည့် ဖြစ်ဖို့ များတယ်"

ဟု နှင်းအိက ပြောသည်။

ထို့နောက် နှင်းအိက ဆရာမကို ခွင့်တောင်းလိုက်သည်။

"ဆရာမ၊ သမီးတို့ ပြည့်ပြည့်အိမ်ကို လိုက်သွားမယ်၊ မကြာပါဘူး"

"ပြဿနာတက်အောင်တော့ မလုပ်နဲ့နော်၊ ဆရာမ သမီးတို့ကို ယုံလိုက်မယ်"

နှင်းအိသည် အိမ်သို့ခဏပြန်ပြီး သူ၏ လက်စွဲတော် မိန်းမစီးစက်ဘီး လေးကို ယူလိုက်သည်။ မေမေက လှမ်းမေးသည်။

"ဟဲ့… သမီး ဘယ်သွားမလို့လဲ"

"သူငယ်ချင်းတစ်ယောက် အိမ်ပါ မေမေ၊ မကြာပါဘူး"

ထို့နောက် နှင်းအိသည် လှဲ့လှဲ့ကို စက်ဘီးပေါ်တွင် တင်နင်းကာ ပြည့်ပြည့်တို့အိမ်သို့ ထွက်ခဲ့ကြသည်။ ပြည့်ပြည့်တို့ အိမ်ရှေ့သို့ ရောက်သော အခါ စက်ဘီးကို ရပ်လိုက်ကြသည်။ ထို့နောက် ခြံတွင်းသို့ ဝင်ပြီး အိမ်ဝသို့ ရောက်သောအခါ -

"ပြည့်ပြည့်ရေ… ပြည့်ပြည့်"

ဟု ခေါ်လိုက်သည်။

"ပြည့်ပြည့် မရှိဘူးကွဲ့၊ သမီးတို့ ဘာကိစ္စရှိလို့လဲ"

ဟူသော အသံကို ကြားလိုက်ရသည်။

သူတို့ ကြည့်လိုက်တော့ အိမ်ဦးခန်း ဘုရားစင်အောက်မှာ ဖျာ တစ်ချပ်အပေါ်တွင် လဲလျောင်းနေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ လှဲ့လှဲ့က မေးလိုက်သည်။

"ဦးက ပြည့်ပြည့် အဖေလား"

"ဟုတ်တယ်။ သမီးတို့က သူ့သူငယ်ချင်းတွေလား"

"ဟုတ်ပါတယ် ဦး"

ဟု နှင်းအိက ပြန်ဖြေလိုက်သည်။

"ပြည့်ပြည့် သူ့အမေနဲ့ အခုလေးတင် ဈေးရောင်း ထွက်သွားတယ်။ ကျူရှင်က ပြန်ရောက်ရောက်ချင်းပဲ၊ ဦးက လေဖြတ်ထားလို့ မထနိုင်ဘူး ကလေးတို့ရဲ့"

ထိုစဉ် နှင်းအိသည် ပြည့်ပြည့်အဖေ ဘေးတွင် မြကြာဖြူပုဆိုးကို တွေ့လိုက်ရသည်။ စောစောက ချယ်ရီသင်း ပျောက်ဆုံးသွားသော နီဗွာန်

ချေး ပေါက်ထားသည့် ပုဆိုးပင် ဖြစ်သည်။ နှင်းအိသည် သွက်လက်ချက်ချာစွာ ရှင်းပြလိုက်သည်။

“ပြည့်ပြည့် ပုဆိုးချင်း မှားယူသွားလို့ ဦး၊ သူက သူများပုဆိုးကို ယူသွားတာ။ သူ့ နိမ့်ွာနံချေးပေါက်တဲ့ ပုဆိုးက ဆရာမဆီမှာ သိမ်းထားတယ်”

ထိုစဉ် လှဲ့လှဲ့ကလည်း -

“ဟုတ်တယ်ဦး၊ ဆရာမက ပြည့်ပြည့် မှားယူသွားတဲ့ ပုဆိုးကို သမီးတို့ကို ယူခိုင်းလိုက်လို့”

ဟု ဝင်ပြောသည်။

“ဟုတ်လား၊ အဲဒါဆိုလည်း ယူသွားလေ သမီးတို့”

ဟု ပြည့်ပြည့်၏ အဖေက ပြန်ပြောသည်။

လှဲ့လှဲ့တို့ နှစ်ယောက်သည် မြကြာဖြူပုဆိုးကို အောင်မြင်စွာ ယူဆောင်လာနိုင်ခဲ့သည်။ ဆရာမအိမ်သို့ ရောက်တော့ အကျိုးအကြောင်းကို ရှင်းပြလိုက်သည်။

“သမီးတို့ ပုဆိုးပြန်ရဖို့ ပြည့်ပြည့်အဖေကို လိမ်ခဲ့ရတာပေါ့”

“အမှန်အတိုင်း ပြောရင် သူ့အဖေ စိတ်မကောင်းဖြစ်မှာ စိုးလို့ပါ ဆရာမ”

ဟု နှင်းအိက ပြန်ဖြေလိုက်သည်။

“စိတ်မကောင်းပါဘူးကွယ်၊ သူလည်း အဖေကို ချစ်တဲ့ စိတ်ကြောင့် ပုဆိုးယူမိသွားတာ၊ ဆရာမ စိုက်ပြီး အသစ်တစ်ထည် ဝယ်ပေးလိုက်ပါ့မယ်။ သူ မဲပေါက်တဲ့ ပုဆိုးကို လာပေးတယ် ဆိုပြီးတော့။ နို့မို့ဆို သူရှက်ပြီး နက်ဖြန်ခါ ကျောင်းလာမတက်မှာ စိုးရတယ်”

ဆရာမသည် သဘောထားကြီးသူ ဖြစ်သည်။ စတိုးဆိုင်တစ်ဆိုင်မှ တခြားတံဆိပ် ပုဆိုးတစ်ထည်ကို ဝယ်လိုက်သည်။ ထို့နောက် ဆရာမနှင့် အတူ နှင်းအိရော၊ လှဲ့လှဲ့ပါ ပြည့်ပြည့်အိမ်သို့ ဆိုက်ကားနှစ်စီး ငှားပြီး သွားခဲ့ကြသည်။ ပြည့်ပြည့်က အမေနှင့်အတူ ဈေးလိုက်ရောင်းရာမှ ပြန် မလာသေးပေ။

“ပြည့်ပြည့်တို့အဖေက လေဖြတ်ထားလို့ အလုပ်မလုပ်နိုင်ရှာဘူး။ ပြည့်ပြည့် သနားပါတယ်နော်”

ဟု ဆရာမက ရေရွတ်သည်။

နောက်တစ်နေ့တွင် ပြည့်ပြည့် ကျူရှင်သို့ လာတက်သည်။ ဆရာမက သူ့ကို သီးသန့်ခေါ်မေးတော့ ပြည့်ပြည့် ချုံးပွဲချငိုသည်။ သူ့အဖေ ပုဆိုးဝတ်စရာ နည်းနေသဖြင့် ကြံမိကြံရာ ကြံခဲ့ပါသည်ဟု ဝန်ခံခဲ့သည်။ ဆရာမက ကျူရှင်ဆက်တက်ဖို့၊ နောင် ဘယ်တော့မှ ဒီလိုမလုပ်ဖို့ ဆုံးမတော့ ပြည့်ပြည့်က -

"ဟုတ်ကဲ့၊ သမီး နားလည်ပါပြီ ဆရာမ"

ဟု ပြန်ပြောသည်။

ချယ်ရီသင်းသည်လည်း ပုဆိုးပြန်ရသဖြင့် ပျော်နေသည်။ ချယ်ရီသင်းက -

"ဆရာမ၊ ပုဆိုးက ဘယ်လို ပြန်ရတာလဲ"

ဟုမေးသည်။ ဆရာမက ခပ်ဆတ်ဆတ် လေသံဖြင့် -

"ဘယ်လိုပဲရရ၊ ပြန်ရ ပြီးတာပဲ မဟုတ်လား"

ဟု ပြောသဖြင့် ချယ်ရီသင်းလည်း ဆက်မမေးရဲတော့ပေ။

နှင်းအိနှင့် လဲ့လဲ့တို့ကတော့ မြကြာဖြူပုဆိုး ပျောက်ဆုံးမှုကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သဖြင့် ပျော်နေကြသည်။

✣




စုံထောက်ကလေးနှစ်ယောက်နှင့်
ရေမြောင်းထဲက အထုပ်တစ်ထုပ်



## စုံထောက်ကလေးနှစ်ယောက်နှင့် ရေမြောင်းထဲက အထုပ်တစ်ထုပ်

မင်းခန့်နှင့် ကောင်းနိုင်တို့သည် ဆင်မတန်း ကျောင်းသားလေးများ ဖြစ်ကြသည်။ သီတင်းကျွတ် ကျောင်းပိတ်ရက်များအတွင်း ကျောင်းလည်း မရှိ၊ ကျူရှင်လည်း မရှိသဖြင့် သူတို့ ပျော်ရွှင်နေကြသည်။ သူတို့သည် စုံထောက်ဇာတ်လမ်းများ၊ စုံထောက်ကာတွန်းများကို အလွန်နှစ်သက်ကြသည်။ သူတို့သည် ရှစ်လွှာအထိရှိသော ကန်ထရိုက်တိုက်ကြီး တစ်လုံးတွင် နေထိုင်ကြသည်။ မင်းခန့်က လေးလွှာမှာ ဖြစ်ပြီး ကောင်းနိုင်က ခြောက်လွှာမှာ ဖြစ်သည်။

သူတို့တိုက်ရှေ့ကလမ်းသည် ကတ္တရာမခင်းရသေးသော မြေနီလမ်း ကလေး ဖြစ်သည်။ မြေနီလမ်းကလေးသည် ကားများ အသွားအလာ များသဖြင့် ချိုင့်များ ဖြစ်ပေါ်နေသည်။ အောက်တိုဘာလတွင်းသို့ ရောက်ရှိ လာသော်လည်း မိုးက မကုန်သေးသဖြင့် ချိုင့်ထဲမှာ ရေတွေ ရှိနေတတ် သည်။

တစ်ခုသော မနက်ခင်းတွင် မင်းခန့်နှင့် ကောင်းနိုင်တို့သည် တိုက်အောက်ထပ်သို့ ဆင်းပြီး လမ်းလျှောက်လာသည်။ သူတို့တိုက်ကြီးနှင့် ခပ်လှမ်းလှမ်းတွင် ရှိသော လက်ဖက်ရည်ဆိုင်ကြီးသို့ မုန့်များ သွားဝယ်ရန် အောက်သို့ ဆင်းရာမှ လှေကားထစ်တွင် တွေ့ဆုံကြခြင်း ဖြစ်သည်။ မင်းခန့်က မေးလိုက်သည်။

"မင်း ဘာဝယ်မှာလဲ"

"ပဲပလာတာ ဝယ်မှာ၊ မင်းကော"

ဟု ကောင်းနိုင်က ပြန်မေးတော့ -

"ငါကတော့ အီကြာကွေးပဲ ဝယ်မှာ"

ဟု မင်းခန့်က ပြန်ဖြေသည်။

သူတို့နှစ်ယောက်သည် အိမ်အတွက် ဝယ်ခြင်းမျိုး မဟုတ်။ သူတို့စားဖို့အတွက်ပဲ သူတို့ဝယ်ခြင်းမျိုး ဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက် ဆုံမိသောအခါ မုန့်များကို အိမ်သို့ ပြန်မသယ်တော့ဘဲ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ လူကြီးလူကောင်းဟန်ဖြင့် စားသောက်ကြတော့သည်။ ရေနွေးကြမ်းကလည်း ပူနေသဖြင့် တဖူးဖူးမှုတ်သောက်နေကြသည်။ မုန့်များ ကုန်သောအခါ သူတို့သည် ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

ရာသီဥတုကလည်း မိုးမရွာ၊ နေမပူဘဲ အုံ့ပျပျမှိုင်းမှိုင်း ဖြစ်သည်။ သူတို့သည် တိုက်ခန်းပေါ်သို့ မတက်သေးဘဲ ဟိုသည် လျှောက်သွားရင်း ရေမြောင်းဘေးသို့ ရောက်လာကြသည်။ ရေမြောင်းဘေးတွင် ပလတ်စတစ်ဘူးခွံများကို လိုက်လံစုဆောင်းတတ်သည့် ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကောင်လေးက သူတို့နှစ်ယောက်ထက် အသက်တစ်နှစ်၊ နှစ်နှစ်ခန့် ငယ်မည် ထင်သည်။

ထိုကောင်လေး နေသည့်နေရာကို သူတို့ အတိအကျ မသိ။ သို့သော်လည်း သူတို့ရပ်ကွက်ထဲသို့ ခဏခဏ လာတတ်သဖြင့် သူတို့နှင့် မျက်မှန်းတန်းနေသည်။ ထိုကောင်လေး၏ မျက်နှာမှာ ရှုံ့မဲ့နေပြီး ငိုတော့မလို ဖြစ်နေသည်။

"မင်းခန့်ရေ၊ ပလပ်စတစ်ကောက်တဲ့ ကောင်လေး ရှုံ့မဲ့နေပါလား ကွ"

ဟု ကောင်းနိုင်က ပြောလိုက်သည်။

"အေး… ဘာဖြစ်နေလို့လဲ မသိဘူး၊ ငါ မေးကြည့်လိုက်ဦးမယ်"

ဟု ပြောပြီး မင်းခန့်သည် ကောင်လေး၏ အနားသို့ သွားလိုက်သည်။ ကောင်းနိုင်က နောက်က လိုက်ပါလာသည်။

"ညီလေး၊ မင်း ဘာဖြစ်လို့လဲ"

ဟု မင်းခန့် မေးလိုက်သည်။

"ဒီရေမြောင်းထဲက အထုပ်တစ်ထုပ် ကောက်ရတယ်။ အထဲမှာ ပလတ်စတစ်ဘူးတွေ ပါမယ်ထင်ပြီး ကျွန်တော် နှိုက်လိုက်တာ၊ အထဲမှာ အိုးတွေပါပြီး ထည့်ထားတယ်"

ကောင်လေး၏ စကားကို ကြားလိုက်ရတော့ သူတို့နှစ်ယောက် အံ့သြသွားကြသည်။ သူတို့လမ်းထဲတွင် နေသူများသည် သည်လိုအမှု အကျင့်မျိုး မရှိ။ ဘယ်သူကများ မစင်စွန့်ပြီး လာပစ်သွားပါလိမ့်ဟု တွေးမိကြသည်။

ကောင်းနိုင်က မေးလိုက်သည်။

"မင်း အဲဒီအထုပ်ကြီးကော"

"ကျွန်တော် အမှိုက်ပုံ သွားပစ်လိုက်ပြီ၊ လက်တွေလည်း မြောင်းထဲက ရေတွေနဲ့ ဆေးလိုက်ရတယ်"

ဟု ကောင်လေးက ငိုမဲ့မဲ့ဖြင့် ပြန်ပြောသည်။ မင်းခန့်က -

"အေး အေး… ညီလေး၊ မင်းအလုပ် ဆက်လုပ်လိုက်ဦး၊ အစ်ကိုကြီးတို့ တရားခံပေါ်အောင် ရှာမယ်"

ဟု လူကြီးလေသံဖြင့် ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ကောင်လေးအနားက ထွက်ခွာခဲ့ကြသည်။

"ဘယ်သူ့လက်ချက် ဖြစ်နိုင်လဲကွ"

ဟု မင်းခန့်က ပြောတော့ -

"အပြင်ကများ လာပစ်သလား ဟင်"

ဟု ကောင်းနိုင်က ပြန်ပြောသည်။

သူတို့နှစ်ယောက်သည် သူတို့နေထိုင်သော တိုက်ကြီး၏ ရှေ့သို့ ပြန်ရောက်လာသောအခါတွင် ထူးခြားမှုတစ်ခုကို တွေ့လိုက်ရသည်။ မြေနီလမ်းကလေး အထဲတွင်ရှိသော ရေအိုင်လေးများအထဲသို့ အဆောက်အအုံ တစ်ခုကို ဖြိုချလာရာမှ ရရှိသည့် အုတ်ခဲကျိုးများ၊ အင်္ဂတေစများကို ဖို့ထားသောကြောင့်ပင် ဖြစ်သည်။ ကောင်းနိုင်က -

"မင်းခန့်ရေ၊ စောစောတုန်းက အဲဒီအုတ်ခဲကျိုးတွေ မရှိပါဘူး"

ဟုပြောတော့ -

"ဟုတ်တယ်ကွ၊ အခုလေးမှ ရောက်လာတာ၊ ခဏနေဦး… အပေါ် မတက်နဲ့ဦးကွ"

သူတို့နှစ်ယောက်သည် တိုက်လှေကားအပေါ်သို့ မတက်သေးဘဲ တိုက်ရှေ့ ကေရာဖ်ပင်ကြီး၏ အောက်တွင် ရပ်နေကြသည်။ ထိုစဉ် ပိန်အိတ် တစ်ထုပ်ကို ကိုင်လာသော လူကြီးတစ်ယောက်သည် တိုက်လှေကားပေါ်မှ ဆင်းလာသည်။ မင်းခန့်တို့သည် ထိုလူကြီး၏ အပြုအမူကို သေချာစွာ ကြည့်ရှုကြသည်။ ထိုလူကြီးသည် သူ့လက်ထဲရှိ ပိန်အိတ်ထဲမှ အုတ်ခဲကျိုး များကို ထုတ်သည်။ ထို့နောက် လမ်းမပေါ်ရှိ ချိုင့်ဖြစ်နေသေးသော နေရာ များကို လိုက်ဖြည့်သည်။ ကောင်းနိုင်က -

"ငါ သွားမေးလိုက်ဦးမယ်"

ဟု ပြောပြီး ထိုလူကြီး၏ အနားသို့ သွားလိုက်သည်။

"ဦးလေး၊ အဲဒီ အုတ်ခဲကျိုးတွေက ဘယ်က ဟာတွေလဲ"

ထိုသဘောကောင်းဟန်တူသော လူကြီးက ကောင်းနိုင်ကို တစ်ချက် ပြုံးပြလိုက်သည်။ ထို့နောက် -



"ခုနစ်လွှာ ဘယ်ဘက်အခြမ်း တိုက်ခန်းကလေ၊ ရှီးရှီးအိမ်သာက ဘိုထိုင်အိမ်သာ ပြောင်းလုပ်တာ။ အဲဒါ မလိုတဲ့ အင်္ဂတေတွေ ဖဲ့လိုက်ရလို့ ထွက်လာတာတွေကို လမ်းလာခင်းတာ ငါ့တူရဲ့"

ဟု ရှင်းပြသည်။

ထိုအချိန်တွင် မင်းခန့်လည်း အနားသို့ ရောက်လာသည်။

"မနေ့က တဒုန်းဒုန်းအသံတွေ ကြားတာ ခုနစ်လွှာကလား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်။ မနေ့က စပြီးပြီးတော့ ပြန်လုပ်တာ။ ဘိုထိုင်အိမ်သာက ချက်ချင်းသွားလို့ မရသေးဘူး၊ နေ့ခင်းလောက်မှ ရမှာ"

ထိုလူကြီးသည် အပေါ်သို့ ပြန်တက်သွားသည်။ မင်းခန့်သည် တစ်ချက် စဉ်းစားလိုက်သည်။

"ကောင်းနိုင်ရေ၊ ဒီလို မဖြစ်နိုင်ဘူးလား"

"ဘာလဲကွ"

မင်းခန့်က တီးတိုးလေသံဖြင့် ပြောလိုက်သည်။



“ခုနစ်လွှာမှာ နေတာက သတင်းထောက် လူပျိုကြီးကွ၊ တို့အဖေနဲ့ သိတယ်။ သူတစ်ယောက်တည်း နေတာ။ သည်လိုကော မဖြစ်နိုင်ဘူးလား၊ သူ့ဘိုထိုင်အိမ်သာ တက်မရတော့ မနက်စောစော အီးပါချင်တဲ့အခါ အထုပ်နဲ့ ထည့်ပြီး ရေမြောင်းထဲကို အစောကြီး သွားပစ်တာ ဖြစ်နိုင်တယ်”

ကောင်းနိုင်က မင်းခန့်၏ ပခုံးကို ပုတ်လိုက်ရင်း ပြောသည်။

“မင်းပြောတာ ဖြစ်ဖို့ များတယ်၊ ဟော… ဟိုမှာ မင်းပြောတဲ့ ခုနစ်လွှာက လူကြီး ဆင်းလာပြီ။ သူ့နောက်မှာ စောစောက အုတ်ခဲကျိုးတွေကို ချိုင့်တွေထဲ ထည့်တဲ့ လူကြီး ပါတယ်။ သူတို့ဘိုထိုင်အိမ်သာ ပြီးပြီနဲ့တူတယ်”

တိုက်အောက်သို့ ရောက်သောအခါ သတင်းထောက် လူကြီးနှင့် အုတ်ခဲကျိုး ပစ်သော လူကြီးတို့ လမ်းခွဲသွားကြသည်။ သတင်းထောက် လူကြီးသည် စွပ်ကျယ်နှင့် ဘောင်းဘီတို ဝတ်ထားသဖြင့် အနီးအနား သွားတာပဲ ဖြစ်ရမည်ဟု သူတို့ တွက်လိုက်သည်။ ထို့ကြောင့် သတင်းထောက် လူကြီး၏နောက်သို့ သူတို့သည် မလှမ်းမကမ်းမှ နောက်ယောင်ခံ လိုက်သွားခဲ့ကြသည်။ သူတို့နှစ်ဦး မှန်းသွားဝယ်ခဲ့သော လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားပြီး စားပွဲတစ်ခုံတွင် ဝင်ထိုင်သည်ကို တွေ့လိုက်ရသည်။

မင်းခန့်က ကောင်းနိုင်ထက်စာလျှင် လူကြီးနှင့် မျက်မှန်းတန်းမိပြီး သိနေသောကြောင့် သူ့အနားသို့ သွားလိုက်သည်။ ကောင်းနိုင်ကတော့ ခပ်လှမ်းလှမ်းက ရပ်နေသည်။

“ဦးလေး…”

ဟု မင်းခန့်က ခေါ်လိုက်တော့ လူကြီးက ကြည့်သည်။

“ဩော်… ကိုကျော်မင်းရဲ့ သားပါလားကွ၊ ငါ့တူ လက်ဖက်ရည် သောက်ပါလား”

“မသောက်တော့ဘူး ဦးလေး၊ ဦးလေးကို မနက်အစောကြီး အထုပ် တစ်ထုပ်ဆွဲပြီး တွေ့လိုက်သလိုပဲ။ ဦးလေး ရေမြောင်းထဲကို ဘာတွေ ပစ်တာလဲ မသိဘူး။ ပလတ်စတစ်ကောက်တဲ့ ကောင်လေး ကောက်ရသွားတယ်”

မင်းခန့်၏ စကားဆုံးဆုံးချင်း သူသည် ပါးစပ်ကို လက်ညှိုးဖြင့် တေ့ပြီး တိတ်တိတ်နေရန် အချက်ပြသည်။

"ငါ့တူရယ်၊ ဦးလေး မနက်အစောကြီး အိမ်က ဘိုထိုင်အိမ်သာ ပြောင်းလိုက်လို့ အဲဒီလိုလုပ်လိုက်ရတာပါ။ ဘယ်သူမှ လျှောက်မပြောနဲ့နော်၊ လက်ဖက်ရည်သောက်၊ မုန့်တွေပါ စား၊ မင်းသူငယ်ချင်းလည်း ခေါ်လိုက်ဦး"

ထို့နောက် မင်းခန့်နှင့် ကောင်းနိုင်တို့သည် တစ်ယောက်ကို လက်ဖက်ရည်တစ်ခွက်စီနှင့် အီကြာကွေးတစ်ချောင်းစီ ထပ်မံ စားလိုက်ကြသည်။

"ငါ့တူတို့ ဘယ်သူ့မှ မပြောနဲ့နော်"

"စိတ်ချပါ ဦးလေးရဲ့၊ မပြောပါဘူး"

ဟု သူတို့နှစ်ယောက်က ကတိပေးလိုက်သည်။

မင်းခန့်နှင့် ကောင်းနိုင်တို့သည် စားပြီး သောက်ပြီးသောအခါ ထိုလူကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် ကောင်းနိုင်က-

"တွေ့လား၊ ငါ အုတ်ခဲကျိုးတွေကနေ စဉ်းစားမိလို့ ဒီအမှုပေါ်တာ" -

ဟု ပြောတော့ မင်းခန့်က -

"ငါဝိုင်းပြီး စဉ်းစားတာလည်း ပါပါတယ်ကွာ"

ဟု ပြန်ပြောသည်။

သူတို့နှစ်ဦးသည် အမှုတစ်ခုအတွက် ထောက်လှမ်းခအဖြစ် လက်ဖက်ရည်တစ်ခွက်စီနှင့် အီကြာကွေးတစ်ချောင်းစီတော့ စားလိုက်ရပြီးပြီ ဖြစ်သည်။

✣

"ဦးမြသာကြီး ပစ်တဲ့မြား စုံစမ်းမယ့် ကိစ္စ
လျှောက်မပြောနဲ့နော်။ တို့အိမ်က လူကြီးတွေ စိုးရိမ်ပြီး
တို့ကို တားရင် တရားခံအစစ် ဖော်လို့ မရဘဲ ဖြစ်နေမယ်"

# စုံထောက်ကလေးသုံးယောက်





# စုံထောက်ကလေး သုံးယောက်

## (၁)

နိုင်ကြီး၊ သောင်းထွေးနှင့် ကိုထူးတို့သည် တံတားကျေးရွာတွင် နေထိုင်ကြသော ကလေးများ ဖြစ်သည်။ သူတို့သည် သတ္တမတန်း စာမေးပွဲ ဖြေဆိုပြီးသဖြင့် နွေရာသီ ကျောင်းပိတ်ရက်အတွင်းတွင် အားလပ်နေကြသည်။ သုံးယောက်စလုံးကလည်း စာဖတ်ဝါသနာပါသော ကလေးများ ဖြစ်သဖြင့် အားလပ်ချိန်များတွင် ဘကြီးဖြိုးအိမ်သို့ သွားပြီး စာဖတ်လေ့ ရှိသည်။ ဘကြီးဖြိုး၏ထံတွင် အနှစ်နှစ်အလလ စုဆောင်းထားသော ရွှေသွေး၊ စာစောင်များ၊ တေဇစာအုပ်များ ရှိသည်။ ထို့ပြင် တခြားကောင်းနိုးရာရာ စာအုပ်တွေလည်း ဘကြီးဖြိုးထံတွင် ရှိသေးသည်။ သူတို့ ဖတ်သင့်သော စာအုပ်များကို ဘကြီးဖြိုးက လမ်းညွှန်ပြသပေးလေ့ ရှိသည်။

သူတို့သုံးယောက်စလုံး အထူး နှစ်သက်မိသည်ကတော့ ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာကြီး ဒဂုန်ရွှေမျှားတို့၏ စုံထောက်ဝတ္ထုစာအုပ်များပင် ဖြစ်သည်။

တစ်နေ့တွင် ကိုထူးက -

"တို့လည်း စုံထောက်ဝတ္ထုတွေ ဖတ်ထားတော့ အမှုတစ်ခုလောက် လိုက်ချင်တယ်ကွာ"

ကိုထူး၏ စကားကို သောင်းထွေးက ထောက်ခံလိုက်သည်။

"အေးကွာ၊ အဲသည်တော့မှ တို့အရည်အချင်းကို ပြလို့ရမှာ"

နိုင်ကြီးကတော့ သူတို့နှစ်ယောက်၏ စကားကို ဘာမှ ပြန်မပြောဘဲ ပြုံးရုံမျှသာ ပြုံးနေသည်။

(၂)

တစ်ရက်တွင် သူတို့ ဘကြီးဖြိုးတို့ အိမ်တွင် စာဖတ်နေတုန်း သတင်းတစ်ခုကို ကြားလိုက်ရသည်။

"ရွာအရှေ့ဖျားက ဦးမြသာကြီး မြားမှန်လို့ တဲ့။ အခု ဦးမြသာကြီး တစ်ယောက် ရွာက ကျန်းမာရေးမှူး ဆရာလေးရဲ့ ဆေးခန်းကို ရောက်နေတယ် တဲ့"

ထိုသတင်းကို ကြားကြားချင်း ဦးစွာ အံ့အားသင့်သွားသူက ဘကြီးဖြိုးပင် ဖြစ်သည်။

"ဟေ၊ ဘယ်လို ဖြစ်ရတာလဲကွ၊ ကိုမြသာက ငါ့မိတ်ဆွေကြီး၊ မြားမှန်ရအောင်လို့လည်း တို့ရွာမှာ မုဆိုးမှ မရှိတာ"

ထိုသို့ဖြင့် ဘကြီးဖြိုးနှင့်အတူ သူတို့သုံးယောက်သား ကျေးလက်ဆေးပေးခန်းသို့ ရောက်ရှိခဲ့ကြသည်။ ဆေးခန်းသို့ သူတို့ ရောက်သောအခါ ဦးမြသာကြီး၏ လက်မောင်းကို ပတ်တီးစည်းလျက်သား အနေအထားဖြင့် တွေ့လိုက်ရသည်။ ဦးမြသာနှင့်အတူ သူ့တူဝမ်းကွဲ စန်းဝင်းကိုပါ တွေ့လိုက်ရသည်။

"ဘယ်လို ဖြစ်ရတာလဲ ကိုမြသာရာ"

ဟု ဘကြီးဖြိုးက ရောက်ရောက်ချင်း မေးလိုက်သည်။

ဦးမြသာက မျက်နှာကို ရှုံ့မဲ့နေရင်းမှ -

"မပြောတတ်ပါဘူးဗျာ၊ ကျုပ်ကို မလိုတဲ့သူတွေ ချောင်းပစ်တာ နေမှာပေါ့"

စန်းဝင်းကလည်း ဘကြီးဖြိုးကို ရှင်းပြသည်။ နိုင်ကြီးတို့သုံးယောက်လည်း စိတ်ပါဝင်စားစွာ နားထောင်နေမိကြသည်။

"ဒီလို ဘကြီးဖြိုးရ၊ နေ့လယ်ခင်းဆိုရင် ဦးကြီးက ထမင်းစားပြီးရင် တန်းအိပ်တာ မဟုတ်ဘူး။ ဦးကြီးက အုန်းလက်တွေကို တံမြက်စည်းလုပ်ဖို့ အရွက်တွေ ဘာတွေ သင်တယ်။ ခါတိုင်းလည်း အမြဲလိုလို သင်နေကျပဲလေ။

ဒါပေမဲ့ ဒီနေ့နေ့လယ်မှာ ကျွန်တော်ကပါ ဦးကြီးနဲ့အတူတူ အုန်းလက်တွေ ကူသင်ပေးနေတာ။ အဲဒီအချိန်မှာပဲ မြားတစ်စင်းက လေခွင်းပြီး ဦးကြီးကို ပစ်သွားတာ။ ကျွန်တော်လည်း ချက်ချင်းဆိုသလို အိမ်ခြံပတ်ပတ်ပတ်လည်ကို ပြေးကြည့်တယ်။ ဘာမှ မတွေ့ဘူးဗျ။ ပတ်ဝန်းကျင်က ငြိမ်သက်နေတာပဲ၊ ထူးတော့ ထူးတယ်ဗျ''

ဦးမြသာကလည်း -

''ဒီလိုဗျ၊ ကျုပ်က အုန်းလက်တွေ သင်ဖို့ ခေါင်းငုံ့နေလို့။ နည်းနည်းလေးသာ ခေါင်းမော့လိုက်ရင် လက်မောင်းကို မဟုတ်ဘဲ ကျုပ်ခေါင်းကိုတောင် မှန်နိုင်တယ်။ လက်မောင်း မြားမှန်တာလောက်နဲ့ ကျုပ် မမှုပါဘူး။ ဒါပေမဲ့ ကျုပ် စိုးရိမ်တာက မြားမှာ အဆိပ်ပါမှာကိုပဲ၊ ဒါကြောင့် မို့လို့ ဆရာလေး ဆေးခန်း ရောက်လာတာ''

ဟု ပြောသည်။

ကျန်းမာရေးမှူး ဆရာလေးကိုသန့်စင်က ဦးမြသာ အပစ်ခံလိုက်ရသော မြားကို ကိုင်ကြည့်လိုက်ရင်း -

''မြားထိပ်မှာကတော့ အဆိပ်မပါပါဘူး။ ဒါနဲ့ ဦးလေး ဒီကိစ္စကို ရဲစခန်းတိုင်ချင်သေးလား''

ဟု မေးလိုက်သည်။

ဦးမြသာက ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

''မတိုင်တော့ပါဘူး ဆရာလေးရာ၊ ရဲကိုတိုင်ရင် အမှုက စစ်လား ဆေးလားနဲ့ ပိုပြီး ကြီးကျယ်သွားလိမ့်မယ်။ ရှိပါစေတော့ဗျာ''

ဟု ပြောသည်။ ထိုစဉ် နိုင်ကြီးက ဦးမြသာ အပစ်ခံရသော မြားကို ယူကြည့်လိုက်စဉ် စန်းဝင်းက -

''ဟာ… ကလေးတွေကလည်း၊ မင်းတို့နဲ့ ဘာဆိုင်လို့လဲ''

ဟု ပြောတော့ ဦးမြသာက ထိုသို့ မပြောရန် လက်ကာပြလိုက်သည်။ ဘကြီးဖြိုးကလည်း -

''သူတို့က စုံထောက်ဝတ္ထုတွေ ဖတ်ထားတာကွ၊ ဘယ်သူ မြား ပစ်တယ် ဆိုတာကို ဖော်လို့ ရချင်ရမှာ''

ဟု ပြောသည်။

ဦးမြသာက သူတို့သုံးယောက်ဘက်သို့ လှည့်လိုက်ပြီး -

"မင်းတို့ပဲ မြားပစ်တရားခံကို ရှာပေးပါကွာ၊ တရားခံသိရရင် ခြံထဲက သစ်သီးတွေ မင်းတို့ကို လက်ဆောင်ပေးမယ်"

ဟု ပြောသည်။

"စိတ်ချပါ ဘကြီး၊ ကျွန်တော်တို့ မြားပစ်တဲ့သူကို ဖော်ထုတ်ပေးပါမယ်"

ဟု သုံးယောက်သား သံပြိုင်ပြောလိုက်ကြသည်။

ဘကြီးဖြိုးနှင့် ကျန်းမာရေးမှူး ကိုသန့်စင်က ပြုံးနေပေမဲ့ စန်းဝင်းကတော့ သူတို့ကို အထင်သေးသော အကြည့်ဖြင့် ကြည့်နေသည်။

(၃)

ဦးမြသာ၏ ခြံသည် ရွာအစွန်တွင် တည်ရှိသည်။ ခြံကြီးသည် စတုရန်းပေ နှစ်ရာကျော်ခန့် ကျယ်ဝန်းပြီး ခြံထဲတွင် သီးနှံပင်များ စုံစုံလင်လင် စိုက်ပျိုးထားသည်။ သရက်ပင်၊ မရန်းပင်၊ အုန်းပင်၊ သကြားသီးပင် အစရှိသော အပင်ကြီးများ ရှိသည်။ ခြံစည်းရိုးတွင်ကား ဝါးရုံပင်များ တန်းစီစိုက်ပျိုးထားသည်။ ခြံထဲတွင် ရေကန်တစ်ကန် တူးဖော်ထားသည့်အပြင် အပင်များ ရေလောင်းရာတွင် အဆင်ပြေစေရန် ရိုးအသေးစားကလေးကိုပါ ဖော်ထားသည်။ အဝေးက ကြည့်လိုက်လျှင် ဦးမြသာ၏ ခြံသည် အုံ့အုံ့ဆိုင်းဆိုင်းနှင့် မှိုင်းမှိုင်းညို့ညို့ ဖြစ်နေသည်။ ဦးမြသာသည် သီးနှံများ စိုက်ပျိုးရောင်းချခြင်းဖြင့် အသက်မွေးသူ တစ်ယောက်လည်း ဖြစ်သည်။ အိမ်ထောင်မရှိသော လူပျိုကြီးတစ်ယောက် ဖြစ်သည်။ ခြံစိုက်ပျိုးရာတွင် သူတစ်ယောက်တည်း အဆင်မပြေသဖြင့် တူဝမ်းကွဲဖြစ်သူ စန်းဝင်းကိုပါ ခေါ်ယူထားရသည်။

ဦးမြသာကို ပစ်သောမြား ဘယ်က လာသည်ကို စုံစမ်းရန် သူငယ်ချင်းသုံးယောက် လူစုဖြစ်ကြသည်။ နေကလည်း ပူသဖြင့် သုံးယောက်သား ဦးထုပ်ကိုယ်စီဖြင့် ဖြစ်သည်။ ကိုထူးက စတင်ပြောသည်။

"ဦးမြသာကြီး ပစ်တဲ့မြား စုံစမ်းမယ့် ကိစ္စ လျှောက်မပြောနဲ့နော်။ တို့အိမ်က လူကြီးတွေ စိုးရိမ်ပြီး တို့ကို တားရင် တရားခံအစစ် ဖော်လို့မရဘဲ ဖြစ်နေမယ်"

သောင်းထွေးက -

"ငါနဲ့ နိုင်ကြီး မပြောဘဲ၊ မင်းသာ လျှောက်မပြောနဲ့"

"အေးပါကွာ"

ဟု ကိုထူးက ပြန်ပြောသည်။

ဦးမြသာ၏ ခြံက ရွာအစွန်တွင် ရှိသဖြင့် သူတို့သုံးဦးသားသည် ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ သူတို့သည် လမ်းလျှောက်လာရင်း အရိပ်ကောင်းသော ရွာထိပ်ညောင်ပင်ကြီး၏ အောက်တွင် ကာလသားတစ်သိုက် လူစုလူဝေး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ အနီးကပ် လေ့လာလိုက်တော့မှ ပိုက်ဆံကြေး ကျားရွှေ့နေကြသည်ကို တွေ့လိုက်ရသည်။ ထိုကျားဝိုင်းတွင် ဦးမြသာ၏တူ စန်းဝင်းကိုပါ တွေ့လိုက်ရသည်။ ထို့နောက် သူတို့သည် ဦးမြသာ၏ခြံသို့ ရောက်ရှိခဲ့ကြသည်။ ခြံရှေ့သို့ ရောက်သောအခါ သံပြိုင်ခေါ်လိုက်ကြသည်။

"ဗျို့ အဘရေ၊ အဘ"

ထိုအခါ ဦးမြသာ ထွက်လာပြီး ခြံတံခါး လာဖွင့်ပေးသည်။

"ကြိုဆိုပါတယ် စုံထောက်ကလေးတွေ"

ဟု ပြောသည်။

ထို့နောက် ဦးမြသာသည် သူတို့အား ဘူးစင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် နေရာထိုင်ခင်း ပေးလိုက်သည်။

"အဘ မြားမှန်တာ ဒီကွပ်ပျစ်ပေါ်မှာလား"

ဟု ကိုထူးက စတင်မေးလိုက်သည်။

ဦးမြသာက ခေါင်းညိတ်ပြလိုက်သည်။

နိုင်ကြီးက -

"အဘက နေ့တိုင်း ဒီကွပ်ပျစ်အပေါ်မှာ အုန်းလက်တွေကို တံမြက်စည်း ချွာနေကျလား"

"အုန်းလက်ချွာချင် ချွာ၊ မချွာရင် နီးဖြာချင် ဖြာ၊ တစ်ခုမဟုတ် တစ်ခုခုတော့ လုပ်တတ်တယ်"

ဟု ဦးမြသာက ပြန်ဖြေသည်။

သောင်းထွေးက -

"အဘာ ဒီကွပ်ပျစ်အပေါ်မှာ ထိုင်ရင် ဘယ်လောက် ကြာတတ်လဲ"

ဟု မေးသည်။

သောင်းထွေး၏ မေးခွန်းကို ကိုထွေးရော၊ နိုင်ကြီးကပါ သဘောကျသွားသည်။

"အဘက တစ်ခါထိုင်ရင် သုံးနာရီလောက်တော့ ကြာတတ်တယ်ကွဲ့။ နောက်ပြီး အဘက စောစောအိပ်ပြီး စောစောထတတ်တဲ့ လူစားမျိုး၊ နေ့လယ်နေ့ခင်း တစ်ရေးတစ်မော မအိပ်တတ်ဘူးကွဲ့"

သောင်းထွေးက ဦးခေါင်းတစ်ချက် ညိတ်လိုက်သည်။

နိုင်ကြီးက -

"အဘက ကွပ်ပျစ်ပေါ်မှာ အလုပ်လုပ်ရင် တစ်ယောက်တည်းလား။ ကိုစန်းဝင်းရော ဝိုင်းကူတာလား"

"အမြဲလိုလို အဘတစ်ယောက်တည်းပါကွာ၊ စန်းဝင်းက မနေ့ကမှ ရောက်လာပြီး ကူလုပ်ပေးတာပါ။ နေ့ခင်းဘက်ဆို အဘ သူ့ကို မခိုင်းပါဘူး။ ရွာထဲ ထွက်ခွင့် ပေးထားတာ"

ထို့နောက် သူတို့သုံးယောက်သည် ဦးမြသာ ခြံကြီးကို လှည့်လည်ကြည့်ကြသည်။ ခြံကြီးထဲတွင် နှစ်ရှည်ခံပင်ကြီးများအပြင် ရာသီအလိုက် သီးနှံပင်များပါ စုံစုံလင်လင် စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ခြံအနှံ့ စေ့စေ့စပ်စပ် သူတို့ ကြည့်ရှုပြီးသောအခါ ဦးမြသာက မေးသည်။

"စုံထောက်ကလေးတွေ ဘာတွေ့သလဲကွ"

"လောလောဆယ်တော့ မတွေ့သေးဘူး အဘ၊ နောက် တစ်ရက် နှစ်ရက်အတွင်း အဖြေပေးနိုင်မှာပါ"

ဟု နိုင်ကြီးက ပြောလိုက်သည်။

"ကောင်းပါပြီဗျား"

ထို့နောက် သူတို့သုံးယောက်သည် ဦးမြသာခြံမှ နှုတ်ဆက်ပြန်လာကြသည်။ လမ်းတွင် ကိုထူးက -

"ငါကတော့ ကိုစန်းဝင်းကို သိပ်ပြီး မသင်္ကာဘူး။ အရင်နေ့တွေတုန်းက ဦးမြသာ အနားမှာ မရှိဘဲ၊ မြေးပစ်ခံရတဲ့ နေ့မှ အနားမှာ ရှိတယ်ဆိုတာ တိုက်ဆိုင်မှုတစ်ခု ဖြစ်နေမလား မသိဘူး"

ဟု ပြောသည်။ နိုင်ကြီးက -

“မင်း တွေးတာ ဟုတ်လောက်တယ်ကွ၊ ကိုစန်းဝင်းက ဦးမြသာ ရှေ့မှာ ရှိနေတယ်ဆိုတော့ မြားပစ်တာ သူပါလို့ လုံးဝစွပ်စွဲလို့ မရဘူး မဟုတ်လား။ ငါ့အထင်တော့ ဒီကိစ္စ သူက အဓိကနေရာက ပါလိမ့်မယ်”

ဟု ပြောသည်။

(၄)

နောက်တစ်နေ့ နေ့လယ်တွင် သူတို့သုံးယောက်သား ဘကြီးဖြိုး အိမ်သို့ သွားခဲ့ကြသည်။ ရောက်ရောက်ချင်း ဘကြီးဖြိုးက ဆီးမေးသည်။

“မင်းတို့အမှု မပေါ်သေးဘူးလားကွဲ့”

“အချိန်တန်တော့ ပေါ်မှာပေါ့ အဘရယ်။ ကျွန်တော်တို့ အကြံဉာဏ်တွေ ရရအောင် ဘကြီးဖြိုးဆီက စာအုပ်တွေ အရင်လာ ဖတ်တာပါ”

ဟု ကိုထူးက ပြောလိုက်သည်။

ထို့နောက် ကိုထူးသည် စာအုပ်များကို မွှေနှောက် ဖတ်ရှုနေတော့ သည်။ သောင်းထွေးနှင့် နိုင်ကြီးကတော့ ဘကြီးဖြိုးကို မေးခွန်းတွေ ထုတ်နေသည်။

“ဘကြီးဖြိုး၊ လေးမှာတပ်တဲ့ ကြိုးက သားရေကြိုးလား၊ ရိုးရိုး ကြိုးလား”

ဟု နိုင်ကြီးက မေးသည်။

“ရိုးရိုးကြိုးကွဲ့၊ ကိုင်းတံက ဝါးကို လုပ်ထားတော့ ကိုင်းဆွဲအားနဲ့ မြားက ပြေးတာပေါ့”

ဟု ဘကြီးဖြိုးက ရှင်းပြသည်။

ထို့နောက် သူတို့သုံးယောက်သား စုံထောက်နှင့်ဆိုင်သော စာအုပ် များကို ရှာကြံ ဖတ်ရှုကြသည်။ ကိုထူးက မင်းပူးဆရာတော် ဦးဩဘာသ ရေးသားသော မဟောသဓ ဇာတ်တော်ကြီးကို ဖတ်နေရာမှ လက်ဖျောက် တစ်ချက်ကို တီးလိုက်သည်။ ပတ္တမြားပြဿနာ စီရင်ခန်းတွင် ကြိုးပြတ်နေ သည့် ပတ္တမြားလည်ဆွဲ အပေါက်ထဲသို့ ပုရွက်ဆိတ်များ၏ အကူအညီဖြင့်

ကြိုးထည့်ခြင်း ဖြစ်သည်။ ကြိုးစတစ်စကို အချိုးရည်သုတ်၍ အဝတွင် တော့ထားသည်။ ပုရွက်ဆိတ်များက တစ်ဖက်အပေါက်က ပေါ်လာပြီး ကြိုးကို တွင်းထဲသို့ ဆွဲယူတော့ ကြိုးတပ်ပြီးသား ဖြစ်သွားသည့် အကြောင်းပင် ဖြစ်သည်။

"ငါ စဉ်းစားလို့ ရသွားပြီကွ"

"ဘယ်သူလဲ၊ တရားခံကိုလား"

ဟု သောင်းထွေးနှင့် နိုင်ကြီးတို့က သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ဒါပေါ့ကွ၊ လာ… ဦးမြသာကြီး ခြံကို ချက်ချင်းသွားမယ်"

ဟု ဆိုကာ ဘကြီးဖြိုး၏ အိမ်ပေါ်မှ ပြေးဆင်းလိုက်သည်။ ထိုအခါ နိုင်ကြီးနှင့် သောင်းထွေးတို့ကပါ ဖတ်လက်စ စာအုပ်များကို ပစ်ထား လိုက်ပြီး ကိုထူးနောက်သို့ ပြေးလိုက်သွားသည်။

"တော်တော်ခက်တဲ့ ကလေးတွေ၊ ဖတ်ပြီးသား စာအုပ်တွေကိုတောင် ပြန်မစီကြပါလား"

ဟု ဆိုကာ သူတို့သုံးယောက် ဖတ်ခဲ့သော စာအုပ်များကို သိမ်းဆည်းလိုက်သည်။

(၅)

ဦးမြသာအိမ်သို့ အသွားတွင် သုံးယောက်သား တက်ကြွနေကြ သည်။

"မင်းကလည်း ငါတို့ကို ရှင်းပြဦးလေကွာ"

ဟု နိုင်ကြီးက ကိုထူးအား မေးလိုက်သည်။

"မလောနဲ့ သူငယ်ချင်း၊ ဟိုရောက်မှ ငါပြမယ်၊ လောလောဆယ် မှန် မမှန် မပြောနိုင်သေးလို့"

ဟု ကိုထူးက ပြောသည်။

သို့ဖြင့် ဦးမြသာ၏ ခြံထဲသို့ သူတို့ ရောက်ရှိသွားကြသည်။ ကိုထူးက -

"အဘရေ၊ မြားမှန်တဲ့ နေ့က ထိုင်တဲ့နေရာအတိုင်း ကွပ်ပျစ်ပေါ်မှာ ထိုင်ပြပါလား"

ဦးမြသာက ကိုထူး၏ စကားကို နားထောင်ကာ ကွပ်ပျစ်ပေါ်တွင် အနောက်ဘက်ကို မျက်နှာမူပြီး ထိုင်လိုက်သည်။ သောင်းထွေးနှင့် နိုင်ကြီး တို့ကပါ ကိုထူး၏ အပြုအမူကို တအံ့တသြ ဖြစ်နေကြသည်။ ကိုထူးက သူတို့နှစ်ယောက်ကို မေးလိုက်သည်။

"ဒီအချိန်မှာ မြားက ဘယ်ဘက်က လာနိုင်တာလဲ"

"အရှေ့ဘက်က လာနိုင်တာပေါ့ကွ"

ဟု နိုင်ကြီးက ဖြေလိုက်သည်။

"လာ… တို့တွေ အရှေ့ဘက် ခြံစပ်ကို သွားမယ်"

ဟု ကိုထူးက လောဆော်လိုက်သည်။

ထို့နောက် ခြံအစပ်သို့ သူတို့ ရောက်ရှိသောအခါ ကိုထူးက -

"မင်းတို့နှစ်ယောက် ခြံစပ်က ဝါးပင်တွေမှာ ဘာထူးခြားမှု ရှိသလဲ သေသေချာချာ ရှာစမ်းကွာ"

သူငယ်ချင်းသုံးယောက်သည် အရှေ့ဘက်ခြံစပ်ရှိ ဝါးယားရုံများကို ဂရုတစိုက် ရှာဖွေကြသည်။ တစ်ခဏမျှကြာလျှင် သောင်းထွေးက -

"တွေ့ပြီ ကိုထူးရေ"

ဟု အော်ပြောလိုက်သည်။

သောင်းထွေးပြသော အရာကား လေးကိုင်းပုံစံ ဖြစ်နေသော ဝါးပင် တစ်ပင်နှင့် လေးကြိုးသဖွယ် ဖြစ်နေသော ပြတ်နေသော ကြိုးတစ်ချောင်းပင် ဖြစ်သည်။

"အောင်မယ်လေး၊ နာလိုက်တာဗျ၊ ပုရွက်ဆိတ်တွေ၊ ပုရွက်ဆိတ် တွေ"

ဟု သောင်းထွေးက အော်သည်။

သောင်းထွေး တက်နင်းထားသည့် နေရာတွင် ပုရွက်ဆိတ်အုံ ဖြစ်သဖြင့် ပုရွက်ဆိတ်များက သောင်းထွေး၏ ခြေထောက်ကို ဝိုင်းအုံကိုက်ခဲ ကြခြင်းပင် ဖြစ်သည်။ ကိုထူးက လက်ဖျောက်တစ်ချက်ကို တီးလိုက်သည်။

"တရားခံတွေ အထဲမှာ ပုရွက်ဆိတ်လည်း ပါတယ်ကွ"

"ဟင်… ဘယ်လို…"

ဟု နိုင်ကြီးက မေးသည်။

သောင်းထွေးကတော့ ပြန်မမေးနိုင်ဘဲ ပုရွက်ဆိတ်နီများ ကိုက်ခဲခံရသဖြင့် ရှုံ့မဲ့နေသည်။

"ငါ ရှင်းပြမယ် သူငယ်ချင်း၊ တရားခံက ကိုစန်းဝင်း ဖြစ်ဖို့ သေချာသလောက်ပဲ၊ လေးကိုင်းပုံစံ ဖြစ်နေတဲ့ ဝါးပင်ကို ကြိုးနဲ့ ချည်ပြီး မြားတပ်၊ လေးနဲ့မြားလို ဖြစ်အောင် လုပ်ထားတာ။ မြားကြိုးကို အချိုရည်တွေ သုတ်ထားတော့ ပုရွက်ဆိတ်တွေက ကိုက်တာပေါ့။ ပုရွက်ဆိတ် အကိုက်ကြိုးကပြတ်ပြီး မြားက ဦးမြသာကို သွားမှန်တာပေါ့"

"တော်လိုက်တဲ့ ငါ့သူငယ်ချင်းရာ၊ တကယ့် ဦးစံရှားပဲ"

ဟု နိုင်ကြီးက ကိုထူးကို ချီးကျူးသည်။ သောင်းထွေးက ဝင်ပြောလိုက်သည်။

"ဒီလိုဆို နောက်တစ်ဆင့် ကျန်သေးတယ်ကွ၊ ဒီဝါးရုံကို ပုရွက်ဆိတ်အုံ ဖြစ်အောင် လုပ်တာ ကိုစန်းဝင်း ဟုတ် မဟုတ်ဆိုတာ"

ထို့နောက် သူတို့သုံးယောက်သည် ရွာထိပ်က ကုန်စုံဆိုင်လေးသို့ သွားကာ ထန်းလျက် သွားဝယ်ကြသည်။ ဆိုင်လေးက များများစားစား တင်လေ့တင်ထ မရှိ။ ဆိုင်ရှင် အဒေါ်ကြီးက -

"ထန်းလျက်ခဲ ကုန်နေတယ်ကွဲ့၊ ဝယ်ထားရဦးမယ်"

ဟု ပြောသည်။ သောင်းထွေးက -

"အဒေါ်ကြီး ထန်းလျက်ခဲက ရောင်းကောင်းလှချည်လား"

"ဒီလိုပါပဲ ကလေးတို့ရယ်။ စန်းဝင်းတစ်ယောက် ဘာစိတ်ကူးပေါက်တုန်း မသိပါဘူး။ တစ်နေ့ကို ထန်းလျက်ခဲ တစ်ရာဖိုး ငါးရက်လောက် ဝယ်တယ်။ အခု သူ မဝယ်တာတောင် နှစ်ရက်လောက် ရှိသွားပြီ"

ဟု အဒေါ်ကြီးက ရှင်းပြသည်။ ကိုထူးက -

"သေချာပြီကွ"

ဟု ပြောသည်။

ထို့နောက် သူတို့သည် ဦးမြသာ ခြံထဲသို့ ပြန်လာခဲ့ကြသည်။ ကြိုးတန်းလန်း ဖြစ်နေသည့် ဝါးပင်ကိုလည်း ဦးမြသာကို ပြလိုက်သည်။

"တရားခံပေါ်ပြီ အဘရေ၊ တရားခံက ဘေးလူ မဟုတ်ဘူး၊ ကိုစန်းဝင်းပဲ။ သူက ထန်းလျက်ခဲတွေ ဝယ်ဝယ်ပြီး ဝါးရုံထဲမှာ ထားတော့

ပုရွက်ဆိတ်အုံ ဖြစ်သွားတာပေါ့။ ဝါးရုံအောက်မှာ ပုရွက်ဆိတ်အုံ ဖြစ်တော့မှ သူက လေးနဲ့မြားဖြစ်အောင် ထောင်ချောက်ဆင်ပြီး မြားကိုလည်း ထန်းလျက်ရည်တွေ သုတ်ထားလိုက်တာဗျ။ ပုရွက်ဆိတ်တွေက ကိုက်အဖြတ်မှာ ကြိုးပြတ်ပြီး အဘကို လာမှန်တာ။ အဲသည်အချိန် အနားမှာ သူရှိနေလို့ သူ့ကို စွပ်စွဲလို့လည်း မရဘူးလေ၊ အဘက တစ်နေရာတည်းမှာ သုံးနာရီလောက် ကြာကြာထိုင်တတ်တော့ သူက သုံးနာရီအတွင်းမှာ ကြိုးပြတ်အောင် စီစဉ်သွားတာ။ သူ အနားမှာရှိတဲ့ အချက်က သူ့ကို တရားခံလို့ စွပ်စွဲမရသလို သူ့အစီအစဉ် အောင်မြင်၊ မအောင်မြင်ကိုလည်း သူ သိရတယ်လေ၊ နောက်ပြီး သူက အဘအနားမှာ ရှိတယ်ဆိုပေမဲ့ မြားမှန်လောက်တဲ့ နေရာမှာ ထိုင်နေတာမှ မဟုတ်တာ"

ကိုထူး၏ ရှင်းပြချက်ကို ဦးမြသာ လက်ခံသွားသည်။

ဦးမြသာက စန်းဝင်း သူ့အပေါ်တွင် မကျေနပ်သည့် အချက်ကို ရှင်းပြသည်။ စန်းဝင်းက ပိုက်ဆံကြေး ကျားကစားရာတွင် ရှုံးသဖြင့် ငွေလိုနေသည်။ ထို့ကြောင့် ရိုးကလေးထဲတွင် လက်ကျန်ရှိနေသည့် ငါးကလေးများကို ပေါင်းသတ်ဆေးတွေ ချပြီး ဖမ်းသည်။ ထို့နောက် ထိုငါးများကို ရွာထဲ လိုက်ရောင်းသည်။ ဦးမြသာ သိသောအခါ ရေတွေ အဆိပ်သင့်မည်စိုးသဖြင့် ဒေါသထွက်ပြီး လက်သီးဖြင့် ထိုးကြိတ်လိုက်သည့် အကြောင်းကို သူတို့သုံးယောက်အား ရှင်းပြသည်။

ထို့နောက် ဦးမြသာသည် စန်းဝင်းကို ခေါ်လိုက်ပြီး အဖြစ်မှန်ကို မေးမြန်းသောအခါ စန်းဝင်းက ဝန်ခံသည်။ ဦးမြသာ သူ့ကို လက်သီးနှင့် ထိုးသည့်အတွက် မကျေမနပ် ဖြစ်သဖြင့် သူ လုပ်ခဲ့သည်ဟု ဝန်ခံသည်။ ဦးမြသာက စန်းဝင်းကို ချက်ချင်း အလုပ်ထုတ်ပစ်လိုက်သည်။ ထို့နောက် စုံထောက်ကလေး သုံးယောက်အား ခြံထွက် သစ်သီးဝလံများကို ပေးလိုက်သဖြင့် သူတို့သုံးယောက်သား ပျော်ရွှင်စွာ ပြန်လာခဲ့ကြသည်။

**တောရေှပ်စုံ၊**

**၂၀၂၀၊ ဇန်နဝါရီလ။**

✣

"သားတို့ ဘာလုပ်မလို့လဲ"

"သားတို့ ပိုက်ကျော်ခြင်း ခတ်မလို့ပါ"

ဟု ကျော်လွင်က ပြန်ဖြေလိုက်သည်။

# ပိုက်ကျော်ခြင်းခတ်ပွဲ



## ပိုက်ကျော်ခြင်းခတ်ပွဲ

မိုးကုန်သည့် ရာသီသို့ ရောက်ရှိပြီ ဖြစ်သည်။ သို့သော် အဘွားလေး ဒေါ်နှင်းတို့ ခြံထဲရှိ မြက်ပင်များကတော့ အစိုဓာတ်ဖြင့် ဆက်လက်ရှင်သန်နေသည်။ ထိုခြံဝင်းသည် ဒေါ်နှင်း ပိုင်သော်လည်း ခြံထဲမှာ အိမ်မဆောက်ရသေးပေ။ ဒေါ်နှင်းက ထိုမြေကွက်လပ်နှင့် မျက်နှာချင်းဆိုင် အိမ်ကြီးတွင် နေသည်။

ထို့ကြောင့် ဒေါ်နှင်း၏ ခြံသည် ရပ်ကွက်ထဲရှိ ကလေးများအဖို့ ကစားစရာကွင်းတစ်ခု ဖြစ်ခဲ့သည်။ သို့သော်လည်း ထိုမြေကွက်သည် ဆယ့်ငါးပေလောက်ပဲ ကျယ်ဝန်းသဖြင့် ဘောလုံးကန်ရသည်မှာ အဆင်မပြေလှပေ။

မျိုးဝင်း၊ ကျော်ဖြိုး၊ သန့်ဇော်၊ ထွန်းဇော်၊ ကျော်လွင်နှင့် မင်းမင်းအောင်တို့သည် ထိုရပ်ကွက်တွင် နေထိုင်ကြသော ကလေးများ ဖြစ်ကြသည်။ ထို့ပြင် သူတို့ခြောက်ယောက်သည် ကျောင်းမှာလည်း တစ်ကျောင်းတည်း၊ တစ်ခန်းတည်း နေကြသော ကလေးများ ဖြစ်သည်။ သူတို့အားလုံး ဆဋ္ဌမတန်းကျောင်းသားလေးများ ဖြစ်ကြသည်။ တစ်နေ့တွင် ကျောင်းအပြန်၌ မျိုးဝင်းက ပြောသည်။

"တို့တွေ ပိုက်ကျော်ခြင်း ခတ်ကြရင် ကောင်းမယ်"

"အေး… ဟုတ်တယ်ကွ"

ဟု ကျော်လွင်က သဘောတူသည်။

ကျန်သော ကလေးလေးယောက်ကပါ သဘောတူကြသည်။ ထို့ကြောင့် ကျောင်းပိတ်ရက် စနေနေ့သို့ ရောက်သောအခါ ထိုမြေကွက်လပ်ကို ရှင်းလင်းကြသည်။ သူတို့အိမ်တွင် ရှိသော ပေါက်ပြား၊ ပေါက်တူး၊ မြက်ခုတ်ဓားများဖြင့် သန့်ရှင်းရေး လုပ်ကြသည်။ သူတို့ကို လှမ်းမြင်ရသော အဘွားဒေါ်နှင်းက ပြောသည်။

"ကလေးတွေ သတိလည်း ထားဦးနော်၊ အောက်က မြွေပါး ကင်းပါး ကြောက်ရတယ်"

"ဟုတ်ကဲ့ပါ အဘွား"

သူတို့ခြောက်ယောက်စလုံးသည် တက်ညီလက်ညီ ရှင်းလင်းလိုက်သောအခါ မကြာမီအချိန်အတွင်းတွင် ခြံရှင်းပြီးသား ဖြစ်သွားသည်။ ထိုအချိန်တွင် နေကလည်း နည်းနည်းပူလာပြီ။ ထို့ကြောင့် သူတို့သည် နားလိုက်ကြပြီး ညနေ နေစောင်းတော့မှ ပိုက်ကျော်ခြင်း ကွင်းဖောက်ကြမည် ဖြစ်သည်။ မျိုးဝင်းတို့ ခြံထဲတွင် ဝါးရုံများ ရှိသဖြင့် မျိုးဝင်း၏ဦးလေး ဦးကျော်စိုးက ဝါးနှစ်လုံး ခုတ်ပေးသည်။ ထို့နောက် ကျင်းနှစ်ကျင်း တူးပြီး ဝါးတိုင်နှစ်လုံး စိုက်ပေးသွားသည်။

"ကဲ... ကျန်တာ မင်းတို့ ဆက်လုပ်ကြ"

ဟု ဦးကျော်စိုးက ပြောသည်။

"ကျေးဇူးပါ ဦးလေး"

ဟု ကလေးများက ပြန်ပြောကြသည်။ သန့်ဇော်က -

"တို့တွေ ပိုက်ကျော်ခြင်း ခတ်တာကတော့ ဟုတ်ပါပြီ၊ ပိုက်မှ မရှိတာ"

ဟု ပြောသည်။

"ဟုတ်တယ်နော်၊ တို့ခြောက်ယောက် စုထားတဲ့ ပိုက်ဆံကလည်း ပိုက်ဝယ်လို့ မလောက်ဘူး။ ခြင်းလုံးတစ်လုံးစာပဲ ရှိတယ်"

ဟု ထွန်းဇော်က ပြောလိုက်သည်။

မျိုးဝင်းက ခဏစဉ်းစားလိုက်သည်။ ထို့နောက် -

"ဒါက လွယ်ပါတယ်ကွာ။ နောက်ကျမှ ပိုက်ဝယ်ဖို့ ပိုက်ဆံစုတာပေါ့။ အခုလောလောဆယ် ကြိုးတစ်ချောင်းတားပြီး ခတ်ကြတာပေါ့"

ဟု အကြံပေးသည်။

"အေး… မင်းပြောတာ ကောင်းတယ်ကွ"

ဟု ဆိုကာ သူတို့ အားလုံးက သဘောတူကြသည်။

သူတို့သည် ဝါယာကြိုး အပေါင်းများကို မင်းမင်းအောင်၏ အိမ်မှ ရသည်။ ထိုဝါယာကြိုးများဖြင့် ဟိုဘက်တိုင်နှင့် သည်ဘက်တိုင်အကြားမှာ ဆက်သွယ်ထားလိုက်ကြသည်။

သူတို့သည် 'လမင်း' စတိုးသို့ သွားကာ ခြင်းလုံးတစ်လုံးကို ဝယ်လိုက်ကြသည်။ ဆိုင်ရှင် ဦးလေးကြီးက မေးသည်။

"သားတို့ ဘာလုပ်မလို့လဲ"

"သားတို့ ပိုက်ကျော်ခြင်း ခတ်မလို့ပါ"

ဟု ကျော်လွင်က ပြန်ဖြေလိုက်သည်။

"ဦးလေး ဆိုင်မှာတော့ ကြိမ်ခြင်းလုံးတွေ မရှိဘူး။ ဖိုင်ဘာခြင်းလုံးတွေပဲ ရှိတယ်"

ဟု ဦးလေးကြီးက ရှင်းပြသည်။

"ရပါတယ် ဦး"

ဟု မျိုးဝင်းက ပြန်ပြောလိုက်သည်။

သို့ဖြင့် သူတို့သည် ဖိုက်ဘာခြင်းလုံး တစ်လုံးကို ဝယ်ယူကာ ပြန်လာခဲ့ကြသည်။

ထို့နောက် သူတို့ခြောက်ယောက်သည် ပိုက်ကျော်ခြင်း ကွင်းသို့ ပြန်လာခဲ့ကြသည်။ သုံးယောက် တစ်ဖွဲ့စီခွဲပြီး ခတ်လိုက်ကြသည်။ မျိုးဝင်း၊ ထွန်းဇော်နှင့် မင်းမင်းအောင်တို့က တစ်ဖွဲ့ဖြစ်ပြီး ကျော်ဖြိုး၊ ကျော်လွင်နှင့် သန့်ဇော်တို့က တစ်ဖွဲ့ ဖြစ်သည်။ ကျန်သော ငါးယောက်က အရင်ကတည်းက ခြင်းလုံးခတ်ဖူးသည်။ မင်းမင်းအောင်ကတော့ သူတို့နှင့်ယှဉ်လိုက်လျှင် လူကောင် နည်းနည်းသေးသည့်အပြင် ခြင်းလုံးခတ်ဖူးသည့် အတွေ့အကြုံက မရှိပေ။

ထို့ကြောင့် သူ့ဆီသို့လာသော ခြင်းများကို ခြေထောက်နှင့်လည်း မခတ်နိုင်၊ ခေါင်းနှင့်လည်း မတိုက်တတ် ဖြစ်နေသည်။ မင်းမင်းအောင်ဆီသို့ ခြင်းလုံးရောက်လျှင် တလွဲတွေချည်းပဲ ဖြစ်ကုန်သည်။

သူတို့ခြောက်ယောက်သည် လူအသီးသီး ပြန့်ခွဲ၍ ခတ်သော်လည်း မင်းမင်းအောင် ပါသည့်ဘက် အမြဲတမ်း ရှုံးသည်။ တစ်ဖက်အသင်းကလည်း အမှတ်လိုချင်တိုင်း မင်းမင်းအောင်ဆီသို့သာ ခြင်းလုံးကို ပို့သည်။

"မင်းကွာ၊ ဘာမှလည်း မခတ်တတ်ပါလား"

ဟု သူငယ်ချင်းတွေက ဝိုင်းဝန်း အပြစ်တင်ကြသည်။

ညနေ မိုးချုပ်၍ ခြင်းကွင်းမှ ပြန်လာသောအခါ မင်းမင်းအောင်သည် ညဘက် စာကိုတောင် ဖြောင့်အောင် မကျက်နိုင် ဖြစ်နေသည်။ နောက်တစ်နေ့ သူငယ်ချင်းတွေ ခြင်းခတ်သောအခါ သူ မသွားဘဲ နေလိုက်သည်။ ထွန်းဇော်နှင့် ကျော်လွင်တို့က သူ့ကို လာခေါ်ကြသည်။

"ငါ ဒီနေ့ နေသိပ်မကောင်းလို့ကွ"

ဟု ပြန်ပြောလိုက်သည်။

"အေး၊ အဲဒါဆို နောက်နေ့မှ လာခတ်ပေါ့ကွာ"

ထွန်းဇော်နှင့် ကျော်လွင်တို့ ပြန်သွားကြသည်။

(၂)

မင်းမင်းအောင်သည် ခြင်းမခတ်တတ်၍ စိတ်ညစ်စွာ မှိုင်တွေနေမိသည်။

"ဟော့… ငါ့တူ ဘာတွေ လုပ်နေသလဲ"

ဟု အသံကြားလိုက်ရသည်။

ကြည့်လိုက်တော့ ဘကြီးဦးခင်မောင် ဖြစ်နေသည်။ မင်းမင်းအောင် အမေ၏ အစ်ကိုအကြီးဆုံး ဖြစ်သည်။ ဘကြီးသည် ရွာကနေ ဆိုင်ကယ်နှင့် လာတာ ဖြစ်သည်။

"ဟာ… ဘကြီးပါလား"

"အေး… ငါ့တူရဲ့၊ မင်းတို့ဆီ မရောက်တာ ကြာလို့ ဘကြီး လှည့်လာတာ၊ မင်း ဘာတွေ စိတ်ညစ်နေတာလဲ"

မင်းမင်းအောင်က သူ ခြင်းမခတ်တတ်သဖြင့် စိတ်ညစ်နေသည့် အကြောင်းကို ပြောပြလိုက်သည်။ ဘကြီးက မင်းမင်းအောင် ပြောတာကို နားထောင်သည်။

"ငါ့တူ၊ အခု သီတင်းကျွတ် ကျောင်းပိတ်ရက် မဟုတ်လား။ ကျောင်းမဖွင့်သေးပါဘူး။ ဘကြီးနဲ့ ရွာကို လိုက်ခဲ့။ ဘကြီး ခြင်းခတ်တာ သင်ပေးမယ်"

"ဟာ… ကောင်းတာပေါ့ ဘကြီး"

ဟု မင်းမင်းအောင်က အားရဝမ်းသာ ပြန်ပြောလိုက်သည်။

ထို့နောက် မင်းမင်းအောင်သည် ဘကြီးနှင့် ရွာလိုက်ဖို့ ဖေဖေနှင့် မေမေ့ဆီမှာ ခွင့်တောင်းလိုက်သည်။ ဘကြီးကလည်း ကူပြောပေးသည်။

ဖေဖေက -

"အေး… ကျောင်းမဖွင့်ခင် ပြန်လာပို့ အစ်ကိုကြီး"

ဟု ဘကြီးကို ပြောသည်။

"အေးပါကွာ၊ စိတ်မပူပါနဲ့"

ဟု ဘကြီးက ပြန်ပြောသည်။

ထို့ကြောင့် ဘကြီး အပြန်တွင် မင်းမင်းအောင်သည် ဘကြီး၏ ဆိုင်ကယ်နောက်မှ လိုက်ခဲ့သည်။ မင်းမင်းအောင်တို့ မြို့ကလေးနှင့် ဘကြီးတို့ ရွာက သိပ်မဝေးပေ။ ဆိုင်ကယ်နှင့်ဆို နာရီဝက်သာသာ စီးလျှင် ရောက်သည်။ ဘကြီးက ထိုနေ့ ညနေပိုင်းတွင် မင်းမင်းအောင်ကို ခြင်းခတ် နည်းများကို သင်ကြားပြသပေးသည်။

"ဘကြီးလည်း ခြင်းခတ်တာ ဝါသနာပါတယ်။ ငယ်ငယ်တုန်းကဆို ခြင်းခတ်တာ ဝါသနာပါလွန်းလို့ အရိုက်တောင် ခံရတယ်"

ဟု ပြောပြသည်။

"ဘကြီးက ဝိုင်းခြင်းသမားကွ။ မင်းတို့လို ပိုက်ကျော်ခြင်းခတ်တာ မဟုတ်ဘူး။ ဒါပေမဲ့ ဝိုင်းခြင်းပဲ ခတ်ခတ်၊ ပိုက်ကျော်ခြင်းပဲ ခတ်ခတ်၊ အခြေခံကို ပိုင်အောင် အရင်ကျင့်ရတယ်ကွ ငါ့တူရ၊ အခြေခံ မပိုင်ရင် ခြင်းခတ်ရတာ အဆင်မပြေဘူး"

"အခြေခံက ဘာလဲ ဘကြီး"

ဟု မင်းမင်းအောင်က ပြန်မေးလိုက်သည်။

"အခြေခံဆိုတာ ခြေဖျားနဲ့ ခြေခွင်ကို ပြောတာ။ ခြင်းလုံးအစ ခြေဖျားက ဆိုတဲ့ စကားတောင် ရှိသေးတယ်။ ပိုက်ကျော်ခြင်းမှာက ခြေခွင်၊

ခြေဖျား၊ ဒူးလောက် ခတ်တတ်ရင် ရပါတယ်။ ဝိုင်းခြင်းမှာသာ ဖနောင့်တွေ ဖဝါးတွေ လိုတာ"

"ဟုတ်ကဲ့ ဘကြီး"

ထို့နောက် ဘကြီးသည် မင်းမင်းအောင်ကို အခြေခံခြေဖျားခတ်နည်းမှ စတင်သင်ပေးသည်။ လေ့ကျင့်ခန်းအနေဖြင့် ခြင်း တော့ ခိုင်းသည်။ ပထမတော့ တစ်ချက်၊ နှစ်ချက်တောင် မနည်းတော့ရသည်။ ဘကြီးက ပြသပေးသဖြင့် တဖြည်းဖြည်းနှင့် ခြင်းတော့တာ လေးငါး ခြောက်ခါလောက်အထိ တော့နိုင်လာသည်။ နောက်ရက်တော့ ဘကြီးက ခြေခွင်ဖြင့်ခတ်နည်းကို သင်ပေးသည်။ ခြေခွင်က ခြေဖျားလောက် ခတ်ရတာမခက်ဟု သူထင်သည်။ နောက်တော့ ဒူးဖြင့် ခတ်နည်းကို သင်ပေးသည်။

ဘကြီးသည် မင်းမင်းအောင်ကို ခြေခွင်အနေအထား မှန်ကန်စေရန် ခြင်းလုံးကို ကြိုးနှင့်ချည်ပြီး ခတ်ခိုင်းသည်။ လေးရက်မြောက်သော နေ့တွင် ခြေခွင်အနေအထားက တော်တော်လေး မှန်လာသည်။ ခြေဖျားနှင့် ခြင်းတော့ ရာတွင်လည်း ဆယ်ချက်တော့ အထိတော့ တော်တော်လေး တော့နိုင်လာသည်။

"ငါ့တူ မင်းခြေခွင် ခြေဖျား ဒူး တော်တော်လေး ရလာပြီပဲ၊ မဆိုးပါဘူး။ မင်းမှာ ပါရမီပါ ပါတယ်ကွ"

ဟု ဘကြီးက ပြောသည်။

ဘကြီး၏ ပြောစကားကြောင့် မင်းမင်းအောင် ပျော်ရွှင်သွားသည်။

"ဟုတ်လား ဘကြီး"

"မင်း ဒီအတိုင်း ဆက်ကျင့်ရင် ကျွမ်းသွားမှာပါ။ ပိုက်ကျော်ခြင်း ခတ်လို့ ရလောက်ပြီကွ"

ငါးရက်မြောက်သော နေ့တွင် ဘကြီးက မင်းမင်းအောင်ကို ပြန်ပို့သည်။ မေမေက မင်းမင်းအောင်ကို မြင်တော့ -

"ဘယ်လောက်များ ဆော့ထားလဲ မသိဘူး။ အသားတွေ မည်းသွားလိုက်တာ"

ဟု ပြောသည်။

"ငါ သူ့ကို ခြင်းခတ် သင်ပေးနေတာ"

ဟု ဘကြီးက မေမေ့ကို ပြောသည်။

(၃)

ညနေဘက်သို့ ရောက်သောအခါ မင်းမင်းအောင်သည် ပိုက်ကျော်ခြင်း ကွင်းဘက်သို့ ထွက်ခဲ့သည်။ သူငယ်ချင်းများက နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ ခတ်နေကြသည်။ သူ့ကို မြင်တော့ ဝမ်းသာအားရ ဝိုင်းအော်ကြသည်။ အရင်တုန်းကလို ဝါယာကြိုးကို သွယ်တန်းထားခြင်းမျိုး မဟုတ်ဘဲ နိုင်လွန်ပိုက်နှင့် ဖြစ်နေသည်။ မျိုးဝင်း၏ အဖေက ဝယ်ပေးထားတာဟု သိရသည်။

"မင်း ရွာသွားနေလို့ ဆို၊ မင်း မရှိတော့ သတိရလိုက်တာကွာ"

ဟု ပြောကြသည်။

ထို့နောက် မင်းမင်းအောင်သည် နှစ်ယောက်တည်းရှိသော အသင်းဘက်မှ ဝင်ကစားသည်။ သူက နောက်ထိန်းနေရာက ကစားသည်။ တစ်ဖက်မှ ပို့လာသော ခြင်းများကို သူသည် ခြေခွင်မှန်မှန်ဖြင့် ပြန်ပို့နိုင်သည်။ ကိုယ့်လူတွေ ဆီသို့လည်း ပို့ပေးနိုင်သည်။ လွဲချော်မှုများရှိပေမဲ့ အများကြီးတော့ တိုးတက်လာသည်။ သူ့ခြင်းခတ်ပုံကို မြင်ရတော့ သူငယ်ချင်းတွေ အံ့သြကုန်ကြသည်။

"မင်း တယ်ဟုတ်ပါလားကွ၊ ခြေခွင် တော်တော်မှန်လာတယ်"

ဟု ကျော်လွင်က ပြောသည်။ ထွန်းဇော်က -

"ဒီကောင် ရွာသွားပြီး ခြင်းခတ်တာ ကျိတ်ကျင့်လာတာဖြစ်မှာ"

ဟု ပြောသည်။

"ဒီလိုပဲပေါ့ကွာ"

ဟု မင်းမင်းအောင် ပြန်ပြောလိုက်သည်။

မင်းမင်းအောင်သည် ပိုက်ကျော်ခြင်း ခတ်ရာတွင် သူ့ကိုယ်သူ ယုံကြည်မှု နည်းနည်းရသွားသည်။ သည်တစ်ခါ ဋ္ဌေကျောင်းပိတ်လျှင် သူ မခတ်တတ်သေးသော ဖဝါးခတ်နည်း၊ ဖနောင့်ခတ်နည်းများနှင့် ခြင်းအလှခတ်နည်းတွေကိုပါ သင်ယူရန် ဆုံးဖြတ်ထားပြီ ဖြစ်သည်။

❖


"ဒီလိုဖြစ်နိုင်တယ်ကွ၊ လူတစ်ယောက်က ညောင်ပင်ပေါ်ကို တက်ပြီး
စက်ဘီးအလာမှာ အပေါ်မှနေ ကြိုးစကို ချလိုက်ရင် သရဲခြောက်တယ်
ထင်မှာပဲ" ဟု ပြောသည်။ အောင်ရွှေက -
ညောင်ပင်ပေါ်က သရဲ

## ညောင်ပင်ပေါ်က သရဲ

(၁)

အောင်ထွေးသည် ဆဋ္ဌမတန်းကျောင်းသားလေး တစ်ယောက် ဖြစ်သည်။ သူသည် လယ်တဲမှနေ၍ ကျောင်းလာတက်ရသည်။ သူ၏ လယ်တဲသည် ရွာဦးဘုန်းကြီးကျောင်း ဘေးမှနေ၍ ဆက်သွားရသည်။ ကျောင်းက ရွာအလယ်မှာ ရှိသဖြင့် သူ့လယ်တဲမှ ခြေကျင်သွားလျှင် နာရီဝက်ကျော်ကျော် ကြာသည်။ ထို့ကြောင့် သူ့အဖေက အောင်ထွေးကို စက်ဘီးလေးတစ်စီး ဝယ်ပေးထားသည်။

ရွာလမ်းမသည် ကတ္တရာလမ်းမ မဟုတ်ဘဲ မြေသား လမ်းမ ဖြစ်သည်။ မိုးတွင်းဘက်ဆိုလျှင် စက်ဘီးနင်းရတာ နည်းနည်းခက်ခဲသည်။ မြေသားများ၏ အလယ်တွင် ခင်းထားသည့် အုတ်ခဲကလေးများ၏အပေါ်တွင် စက်ဘီးနင်းရသည်။

အောင်ထွေးတို့ ကျောင်းသည် ရွာကျောင်းဟု ဆိုသော်လည်း အထက်တန်းကျောင်း ဖြစ်သည်။ မူလတန်းက မနက်ပိုင်း တက်ရပြီး အလယ်တန်းနှင့် အထက်တန်းက ညနေပိုင်း တက်ရသည်။ အောင်ထွေးတို့၏ ကျောင်းချိန်သည် နေ့ခင်းဆယ့်နှစ်နာရီမှ ညနေ လေးနာရီ ဆယ့်ငါးမိနစ်အထိ ဖြစ်သည်။

သည်ကာလသည် ရာသီဥတုကလည်း မိုးအကုန် ဆောင်းအကူး ဖြစ်သဖြင့် မိုးချုပ်တာ စောလာသည်။ အတန်းပိုင်ဆရာ ဦးစိုးလွင်က -

"အောင်ထွေးရေ၊ ဆရာတို့ကျောင်းစာကြည့်တိုက်ထဲမှာ စာအုပ်တွေ နည်းနည်းရှင်းစရာရှိလို့ မင်း နောက်ကျမှ ပြန်လို့ရလား"

ဟု မေးသည်။

"ရပါတယ် ဆရာ"

ဟု အောင်ထွေးက ပြန်ဖြေလိုက်သည်။

"အေး... အဲဒါဆို ဆရာ ဇော်ထိုက်ကို ပြောလိုက်မယ်။ သူက အိမ်နီးလို့ အဆင်ပြေတယ်"

ဟု ဦးစိုးလွင်က ပြောသည်။

ဆရာဦးစိုးလွင်သည် သူတို့၏ အတန်းပိုင်ဆရာလည်း ဖြစ်သလို မြန်မာစာပြဆရာ တစ်ယောက်လည်း ဖြစ်သည်။ ထို့ပြင် ကျောင်းစာကြည့် တိုက်၏ တာဝန်ခံဆရာလည်း ဖြစ်သည်။ ထို့နောက် ဆရာဦးစိုးလွင်နှင့်အတူ အောင်ထွေးနှင့် ဇော်ထိုက်တို့သည် စာကြည့်တိုက်ထဲတွင် စာအုပ်များကို အမျိုးအစားခွဲ၍ စနစ်တကျ ပြန်စီကြသည်။ အလှူရှင်များက လှူသဖြင့် စာအုပ်တွေ တော်တော်များနေသည်။ အားလပ်ချိန်တွင် စာကြည့်တိုက်သို့ လာဖတ်သော ကျောင်းသားများကလည်း စာအုပ်များကို အဆင်ပြေသလို ပြန်ထားကြသည်။ ထို့ကြောင့် စာအုပ်တွေ အကုန်ရောကုန်သဖြင့် ပြန်ပြီး သတ်သတ်မှတ်မှတ် စီရခြင်းပင် ဖြစ်သည်။

အောင်ထွေးတို့သည် စာအုပ်များကို ညနေလေးနာရီခွဲလောက်ကနေ စတင်စီကြရာ ငါးနာရီခွဲခါနီးရောက်မှ ပြီးသွားသည်။ ကျောင်းပြင်သို့ ရောက်သောအခါ တော်တော်လေး မှောင်နေပြီ ဖြစ်သည်။ ဆရာဦးစိုးလွင်က မေးသည်။

"ဆရာ မင်းတို့ကို လိုက်ပို့ရဦးမလား"

"ရပါတယ် ဆရာ"

ဟု သူတို့ ပြန်ပြောလိုက်ကြသည်။

ဇော်ထိုက်၏အိမ်က ကျောင်းနှင့် မျက်စောင်းထိုးအိမ် ဖြစ်သည်။ ဇော်ထိုက်က အောင်ထွေးကို သတိပေးသည်။

"နည်းနည်းမှောင်နေပြီနော်။ သတိထားပြီး စက်ဘီးစီးဦး"

"အေးပါကွ"

အောင်ထွေးသည် ရှာလမ်းမတစ်လျှောက် စက်ဘီးနင်းလာခဲ့သည်။ လမ်းမတစ်လျှောက်တွင် သည်ကနေ့မှ လူသွားလူလာ ပြတ်လတ်နေသည်။ အောင်ထွေးသည် စက်ဘီးနင်းနေရင်း စက်ဘီးက ချိန်းကျသည်။ ထို့ကြောင့် သူသည် စက်ဘီးကို ဒေါက်ထောက်ရပ်လိုက်ပြီး ချိန်းကြိုးကို ပြန်တင်လိုက်သည်။ ပတ်ဝန်းကျင်က အလင်းရောင် သိပ်မရှိတော့သဖြင့် ချိန်းပြန်တပ်ရာတွင် ခါတိုင်းထက် ပိုကြာသွားသည်။ ချိန်းကြိုး ပြန်တပ်ပြီးသောအခါ မှောင်မည်းသွားပြီ ဖြစ်သည်။

ထို့ကြောင့် အောင်ထွေးသည် စက်ဘီးကို ဂရုတစိုက် စီးလာခဲ့သည်။ ဘုန်းကြီးကျောင်းအလွန် ညောင်ပင်ကြီးအောက်သို့ ရောက်သောအခါ သူသည် ကြောက်ရွံ့မိသည်။ ညောင်ပင်ကြီး၏ မြစ်ပျဉ်းများပင် သူ့ကို ခြောက်လှန့်နေသည်ဟု ထင်ရသည်။ ထိုစဉ် ညောင်ပင်ကြီးအပေါ်မှ မြစ်ပျဉ်းတစ်ခုသည် သူ့မျက်နှာကို လာထိသည်။

"အမယ်လေးဗျ"

ဟု အောင်ထွေးသည် အော်ဟစ်လိုက်ပြီး စက်ဘီးမှောက်သွားသည်။ ထို့နောက် စက်ဘီးကို ထားခဲ့ကာ သူ့၏ လယ်တဲသို့သာ တန်းနေအောင် ပြန်ပြေးတော့သည်။ သူသည် လယ်တဲသို့ ပြန်ရောက်သောအခါ ကိုမြစိန်နှင့် မခင်လှ နှစ်ယောက်စလုံးက စိတ်ပူပြီး စောင့်နေကြသည်။ သူ ပုံမှန်ချိန် ပြန်မရောက်၍ ဖြစ်သည်။ လယ်တဲပေါ်သို့ အတင်းပြေးတက်သဖြင့် ကိုမြစိန်က-

"သား ဘာဖြစ်တာလဲ"

ဟု မေးလိုက်သည်။

အောင်ထွေးသည် တော်တော်နှင့် ပြန်မပြောနိုင်။ အမောဆို့နေသည်။ နောက်တော့မှ သူ ကြုံခဲ့ရသည်ကို ပြန်ရှင်းပြလိုက်သည်။

"သားရယ် သရဲခြောက်တယ် မကြားမိပါဘူး၊ သားကျန်ခဲ့တဲ့ စက်ဘီး ပြန်သွားယူမှပါ။ နို့မို့ဆို သူများ ယူသွားမှာ"

ထို့နောက် ကိုမြစိန်သည် လက်နှိပ်ဓာတ်မီးတစ်လက်ကို ယူ၍ ညောင်ပင်ကြီးအောက်သို့ သွားကြည့်သည်။ သွားကြည့်တော့ ညောင်ပင်အောက်မှာ ဘာမှ မတွေ့ရပေ။ အောင်ထွေး ကျန်ခဲ့သည့် စက်ဘီးကိုလည်း

မတွေ့ရတော့။ ကိုမြစိန်သည် အနီးအနားတစ်ဝိုက် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး ရှာဖွေရာ ဘာမှထူးခြားတာ မတွေ့ရပေ။ ထို့ကြောင့် ကိုမြစိန် သည် လယ်တဲသို့သာ ပြန်လာသည်။

"သားရေ၊ သားရဲ့စက်ဘီး မတွေ့တော့ဘူးကွ"

ထိုအခါ အောင်ထွေးသည် အော်ဟစ်ငိုယိုတော့သည်။ ထို့ကြောင့် ကိုမြစိန်ရော မခင်လှပါ အောင်ထွေးကို ချော့ရတော့သည်။ နောက်တစ်နေ့ ကျောင်းသွားသောအခါ အောင်ထွေးသည် ခြေကျင်သွားရတော့သည်။ သူသည် ညောင်ပင်ကြီးအောက်သို့ အရောက်တွင် မျက်စိကို စုံမှိတ်ပြီးသာ ပြေးတော့သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဆရာဦးစိုးလွင်သည် စိတ်မကောင်း ဖြစ်နေသည်။

သူ စာကြည့်တိုက်ရှိ စာအုပ်များ ရှင်းလင်းသဖြင့် အောင်ထွေး ကျောင်းပြန်နောက်ကျရသည်ကို ဆရာက ယူဆသည်။ ထို့ကြောင့် အောင်ထွေးက ဆရာ့ကို ပြောလိုက်သည်။

"ဆရာခိုင်းလို့ မဟုတ်ပါဘူး။ သားရဲ့ စက်ဘီး ချိန်းကျတာလည်း ပါပါတယ်"

"အေးပါ သားရယ်၊ ဆရာခိုင်းလို့ နောက်ကျသွားတာလည်း ပါ ပါတယ်"

နောက်တစ်ပတ်ခန့် အကြာတွင် ညဘက် မှောင်မည်းနေသည့်အချိန် စပါးပွဲစားတစ်ယောက်သည် အောင်ထွေးကဲ့သို့ သရဲခြောက်ခံရပြန်သည်။ လူစုပြီး ပြန်ရှာတော့ စက်ဘီးမရှိတော့ပေ။ ထူးဆန်းသည်က စက်ဘီးမပါဘဲ လမ်းလျှောက်သည့် သူကို သရဲမခြောက်ပေ။ တိုက်ဆိုင်မှုတစ်ခုကတော့ ခြောက်သည့် သရဲက စက်ဘီးစီးသူကိုမှ ရွေးခြောက်ခြင်း ဖြစ်သည်။

ကျောင်းမုန့်စားဆင်းချိန်တွင် အောင်ထွေး၏ သူငယ်ချင်းများ ဖြစ်ကြသော ဇော်ထိုက်နှင့် ထူးမောင်တို့က ထိုအကြောင်းကို ပြောကြသည်။ ဇော်ထိုက်က ပြောသည်။

"ငါကတော့ သရဲခြောက်တာ ထူးဆန်းတယ်၊ စက်ဘီးစီးတဲ့ သူကိုပဲ ခြောက်ရတယ်လို့"

ထူးမောင်က -

"ဟုတ်တယ်။ တို့တွေ ကျောင်းပိတ်ရက်တစ်ရက်ကျရင် အောင်ထွေး သရဲခြောက်ခံရတဲ့ ညောင်ပင်ကြီးနားကို သွားကြည့်ကြရအောင်"

ဟု ပြောသည်။

အောင်ထွေးသည် အခုတော့ ကြောက်စိတ်ပြေသွားပြီ ဖြစ်သည်။

"မင်းတို့နှစ်ယောက် လာမယ်ဆိုရင် ငါလည်း မကြောက်တော့ဘူး ကွ"

ဟု ပြောသည်။

"ဒါဆိုရင် တို့တွေ စနေနေ့ မင်းဆီ လာခဲ့မယ်"

ဟု ဇော်ထိုက်က ပြောသည်။



(၂)

စနေနေ့သို့ ရောက်သောအခါ ဇော်ထိုက်နှင့် ထူးမောင်တို့သည် စက်ဘီးကိုယ်စီနင်းပြီး အောင်ထွေး၏ လယ်တဲသို့ လာခဲ့ကြသည်။ ထို့နောက် သူတို့သည် စက်ဘီးများကို အောင်ထွေး၏ လယ်တဲမှာ ထားလိုက်ကြသည်။ သူငယ်ချင်းသုံးယောက် ညောင်ပင်ကြီး ရှိရာသို့ ထွက်လာခဲ့ကြသည်။ အချိန်က ညနေသုံးနာရီလောက်ပဲ ရှိသဖြင့် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မြင်ရသည်။

ညောင်ပင်ကြီး အောက်သို့ ရောက်သောအခါ ထူးမောင်က သူ့ ဘောင်းဘီအိတ်ထဲက မှန်ပြောင်းကို ထုတ်လိုက်သည်။

"ဟာ… မှန်ပြောင်းပါလားကွ"

ဟု အောင်ထွေးက ပြောလိုက်သည်။

"ဟုတ်တယ်၊ ရန်ကုန်က ငါ့ဦးလေး လက်ဆောင်ပေးတာ"

ဟု ထူးမောင်က ပြန်ပြောသည်။ ထို့နောက် ထူးမောင်သည် ညောင်ပင်ကြီးပေါ်သို့ မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။

"ဟာ…"

"ဘာလဲကွ"

ဟု ဇော်ထိုက်က မေးသည်။

ထူးမောင်က မှန်ပြောင်းကို ဇော်ထိုက်ဆီသို့ ပေးသည်။ ဇော်ထိုက် ကြည့်သောအခါ -

"ဟာ… ကြိုးတစ်ချောင်းပါလား"

ဟု ပြောသည်။

အောင်ထွေးသည် မှန်ပြောင်းကို ယူကြည့်လိုက်ရာ ကြိုးတစ်ချောင်း သည် ညောင်ပင်ပေါ်ရှိ ကိုင်းတစ်ကိုင်းတွင် ချည်ထားသည်ကို တွေ့လိုက် ရသည်။ ထူးမောင်က -

"ဒီလိုဖြစ်နိုင်တယ်ကွ၊ လူတစ်ယောက်က ညောင်ပင်ပေါ်ကို တက်ပြီး စက်ဘီးအလာမှာ အပေါ်မှနေ ကြိုးစကို ချလိုက်ရင် သရဲခြောက် တယ် ထင်မှာပဲ"

ဟု ပြောသည်။ အောင်ထွေးက -

"ဟာ… ဟုတ်တာပေါ့၊ မင်းပြောတာ ဖြစ်နိုင်တယ်။ ညဘက် မှောင်နေတော့ အဲဒီကြိုးကိုပဲ ဧည့်သည်ဆောင်ဝင်ကြီး လှုပ်လာတယ်လို့ ငါထင်လိုက်တာပဲ ဖြစ်ရမယ်"

ဟု ပြောသည်။

ထို့နောက် သူတို့သည် ဧည့်သည်ဆောင်ပင်၏ အောက်ခြေသို့ လှည့်ပတ်ကြည့်ကြသည်။ ဧည့်သည်ဆောင်ပင်ကြီး၏ နောက်ဘက်တွင် လူသွားလမ်းတစ်ခုရှိသဖြင့် မြက်ပင်များ လဲနေသည်ကို တွေ့ရသည်။ ထိုလမ်းသည် ဧည့်သည်ဆောင်ပင်နောက်ဘက်က လျှိုမြောင်လေးတစ်ခုထဲသို့ ညွှန်ပြနေသည်။ လျှိုမြောင်သည် သိပ်မကြီးပေမဲ့ ချုံနွယ်ပိတ်ပေါင်းထူသဖြင့် အထဲသို့ ဆင်းလျှင် မြွေပါး ကင်းပါး အန္တရာယ်များလှသည်။

ဇော်ထိုက်က စဉ်းစားသည်။

"ငါ့အထင်ပြောရရင် လျှိုမြောင်ထဲမှာ စက်ဘီးခိုးတဲ့သူ ရှိလိမ့်မယ်ကွ၊ ညမှ ဧည့်သည်ဆောင်ပင်ပေါ်ကို တက်ပြီး သရဲခြောက်တာ နေမှာ"

ထူးမောင်က -

"အောင်ထွေး၊ ဒီကိစ္စ တို့တွေ လူကြီးတွေကို အသိမပေးနဲ့၊ တို့ဘာသာ စုံစမ်းမယ်"

ဟု ပြောသည်။

ထို့နောက် သူတို့သည် အောင်ထွေး၏ လယ်တဲသို့ ပြန်ကာ ဆက်လက်တိုင်ပင်ကြသည်။ အောင်ထွေး၏ မိဘများက သူတို့ကို ကန်စွန်းဥပြုတ်များနှင့် အာတာလွတ်ဥများ ကျွေးသည်။ သူတို့သည် ရေနွေးကြမ်းတွေလည်း သောက်ကြသေးသည်။

ညနေငါးနာရီ ကျော်သောအခါ မှောင်စပြုလာပြီ။ ကိုမြစိန်က -

"မင်းတို့ ပြန်ကြတော့လေ၊ မင်းတို့အိမ်က စိတ်ပူနေလိမ့်မယ်"

ဟု ပြောသည်။

"ဟုတ်ကဲ့ ဦးလေး"

ဟု ထူးမောင်က ပြန်ပြောလိုက်သည်။

ထို့နောက် ဇော်ထိုက်နှင့် ထူးမောင်တို့ အပြန်တွင် အောင်ထွေးသည် လိုက်ပို့သည့် ပုံစံမျိုးဖြင့် လူကြီးများအလစ်တွင် ထူးမောင်၏ စက်ဘီးနောက်မှ

ကပ်လိုက်ပါခဲ့သည်။ ညောင်ပင်ကြီးနားသို့ ရောက်ခါနီးတွင် အောင်ထွေးနှင့် ထူးမောင်တို့ စီးသည့် စက်ဘီးက အရင်သွားသည်။ ဇော်ထိုက်က နောက် ခပ်လှမ်းလှမ်းက စီးလာခဲ့သည်။

"အောင်ထွေး သတိထားနော်"

ဟု ထူးမောင်က ပြောသည်။

"အေးပါကွ"

သူတို့ ခန့်မှန်းထားသည့်အတိုင်းပင် ဖြစ်သည်။ ညောင်ပင်ကြီးအောက် အရောက်တွင် ညောင်ပင်ပေါ်မှ ကြိုးတစ်ချောင်းက တွဲလျားကျလာသည်။ ထိုကြိုးက စက်ဘီးနင်းနေသော ထူးမောင်၏ မျက်နှာကို လာထိသည်။ သည်တစ်ခါတော့ ထိုကြိုးကို ညောင်မြစ် မဟုတ်မှန်း အောင်ထွေး သိသွားပြီ။

ထိုကြိုးကျလာသည်နှင့် ထူးမောင်သည် သတိရှိစွာ စက်ဘီးကို ရပ်လိုက်သည်။ နောက်က ထိုင်လိုက်လာသော အောင်ထွေးက စက်ဘီးပေါ်က ခုန်ဆင်းကာ ကြိုးကို ကိုင်လိုက်သည်။ ထို့နောက် ထူးမောင်ကပါ စက်ဘီး ပေါ်က ချက်ချင်းဆင်းလိုက်ပြီး အောင်ထွေးနှင့်အတူ ကြိုးကို ဆွဲတော့သည်။

"အောင်မလေးဗျ"

ဟု အသံနှင့်အတူ လူတစ်ယောက် ညောင်ပင်ပေါ်က ပြုတ်ကျလာ သည်။ သူ ပြုတ်ကျလာသည့် နေရာမှာ မြက်တောထဲ ဖြစ်သဖြင့် အကျ သက်သာသွားသည်။ နောက်က လိုက်လာသော ဇော်ထိုက်ကပါ ရောက်လာပြီ။ အောင်ထွေးက လက်နှိပ်ဓာတ်မီးဖြင့် ကြည့်လိုက်ရာ ထိုသူသည် ရွာဦးကျောင်း က ကပ္ပိယကြီး ဖြစ်နေသည်ကို တွေ့ရသည်။ ကပ္ပိယကြီးသည် နာကျင်လွန်း သဖြင့် မထနိုင်ဘဲ မျက်နှာရှုံ့မဲ့နေ၏။

ထိုစဉ် ဇော်ထိုက်တို့ ပြန်ရောက်ချိန်တန်ပြီး ရောက်မလာသဖြင့် သူတို့နှစ်ယောက်၏ အဖေတွေလည်း ညောင်ပင်၏အောက်ကို ရောက်လာ ကြသည်။ အောင်ထွေး၏ အဖေ ကိုမြစိန်လည်း အောင်ထွေး ပျောက်သွားသဖြင့် လိုက်ရှာရာမှ ညောင်ပင်အောက်သို့ ရောက်လာသည်။

ကပ္ပိယကြီးက သူ့ကို ရဲလက် မအပ်ပါနှင့်ဟု သူတို့အဖေတွေကို တောင်းပန်သည်။ နေ့ခင်းဘက် ဆရာတော်မသိအောင် ကျောင်းပြင်ခိုးထွက်ပြီး ဖဲရိုက်ရာမှ ဖဲရှုံးသဖြင့် ကြံမိကြံရာကြံသည်ကို ရှင်းပြသည်။ လျှို့မြောင်ထဲမှာ

သူဝှက်ထားသော စက်ဘီးနှစ်စီးကိုလည်း ထုတ်ပေးသည်။ သူသည် ညောင်ပင်ပေါ်သို့ တက်ကာ ပုန်းနေသည်။ စက်ဘီးစီးသူ လာတော့မှ အပေါ်က ကြိုးစကိုကိုင်ကာ ခြောက်လှန့်ခြင်း ဖြစ်သည်။ အောင်ထွေးနှင့် ထူးမောင်တို့က ကြိုးစကို ဆောင့်ဆွဲသဖြင့် မထင်မှတ်ဘဲ သူပါ ပြုတ်ကျ လာခြင်းပင် ဖြစ်သည်။

ထိုကိစ္စကို ကျောင်းထိုင်ဆရာတော်က သိသောအခါ ကပ္ပိယကြီးကို ကျောင်းမှ နှင်ထုတ်လိုက်သည်။ ညောင်ပင်ပေါ်က သရဲဟန်ဆောင် ခြောက် နေသည့် စက်ဘီးသူခိုးကို ဖော်ထုတ်ပေးလိုက်နိုင်သဖြင့် သူငယ်ချင်း သုံးယောက်လုံး ပျော်ရွှင်ကြသည်။ အောင်ထွေးသည်လည်း ပျောက်ဆုံးသွား သော သူ့စက်ဘီးကို ပြန်လည်ရရှိသွားသည်။ စက်ဘီးပျောက်ဆုံးသွားသော ဆန်ကုန်သည်ကြီးလည်း သူ့စက်ဘီး ပြန်ရသဖြင့် အောင်ထွေးတို့ သုံးယောက် ကို မုန့်များ ဝယ်ကျွေးသည်။

✣



ဝရန်တာက စိုက်ခင်းကလေး

# ဝရန်တာက စိုက်ခင်းကလေး

(၁)

စန္ဒာသည် ပဉ္စမတန်းကျောင်းသူလေး တစ်ယောက် ဖြစ်သည်။ စန္ဒာတို့ မိသားစုသည် ကန်ထရိုက်တိုက်ကြီးတစ်ခု၏ လေးလွှာတွင် နေထိုင်ကြသည်။

စန္ဒာသည် ပန်းပင်လေးများထက်စာလျှင် သီးနှံပင်များ စိုက်ပျိုးရသည်ကို ပိုနှစ်သက်သည်။ သို့သော် သူနေသည်က တိုက်ခန်း ဖြစ်နေသဖြင့် စိုက်ပျိုးစရာ မြေကြီး မရှိ။ ထို့ကြောင့် စန္ဒာသည် ဖေဖေ့ကို ပြောသည်။

"ဖေဖေရေ၊ သမီးတို့ တိုက်ခန်းမှာ မနေဘဲနဲ့ စုစုတို့လို အိမ်နဲ့ခြံဝယ်ပြီး နေရင် မကောင်းဘူးလားလို့၊ အပင်တွေ စိုက်လို့ရတာပေါ့"

ဖေဖေက ရယ်မောရင်း -

"သမီးရယ်၊ ဖေဖေတို့ ဒီတိုက်ခန်းလေး ရအောင်တောင် မနည်းရှာဖွေထားရတာ"

ဟု ပြန်ပြောသည်။

ထိုစဉ် မေမေ အနားသို့ ရောက်လာသည်။

"ဒီသားအဖနှစ်ယောက် ဘာတွေ ပြောနေကြတာလဲ"

ဟု မေမေက မေးသည်။

ဖေဖေက စန္ဒာ ဖြစ်စေချင်သော ဆန္ဒကို မေမေ့ကို ပြောပြလိုက်သည်။

"ဒီပတ်ဝန်းကျင်မှာတော့ ဝယ်ဖို့ မလွယ်ဘူး သမီးရဲ့၊ မေမေတို့ တိုက်ခန်း ရောင်းပြီး တခြားနေရာမှာ ဝယ်ရင်လည်း သွားရေးလာရေးက ဒီလောက်အဆင်ပြေမှာ မဟုတ်ဘူး"

ဟု မေမေက ရှင်းပြသည်။

စန္ဒာ၏ ဖေဖေက ရုံးဝန်ထမ်းတစ်ယောက် ဖြစ်ပြီး မေမေက ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ စန္ဒာက မေမေ လက်ရှိသင်နေသော ကျောင်းမှာ လိုက်၍တက်သည်။ စန္ဒာတို့ လက်ရှိတိုက်ခန်းသည် ဖေဖေရုံးတက် ရတာလည်း အဆင်ပြေသည်။ မေမေနှင့် စန္ဒာတို့ ကျောင်းတက်ရတာလည်း အဆင်ပြေသည်။

ထိုစဉ် ဖေဖေသည် တစ်ခုခုကို စဉ်းစားနေသည်။ ပြီးတော့ -

"သမီးက ပန်းပင်စိုက်ချင်တာလား"

ဟု မေးသည်။

စန္ဒာက ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်ဘူး ဖေဖေ၊ သမီးက စားပင်လေးတွေ စိုက်ချင်တာ"

"အေးအေး··· ဟုတ်ပြီ၊ ဖေဖေ အဆင်ပြေအောင် လုပ်ပေးမယ်"

ဟု ဖေဖေက ပြန်ပြောသည်။

"ကျေးဇူးတင်ပါတယ် ဖေဖေ"

ဟု စန္ဒာက ပြန်ပြောလိုက်သည်။

(၂)

တနင်္ဂနွေနေ့သို့ ရောက်သောအခါ ဖေဖေသည် ပန်းအိုးအသစ် နှစ်လုံးကို ဝယ်လာသည်။ မေမေက ထိုပန်းအိုးများကို ကြည့်ပြီး -

"အဖေကြီးက သမီးပြောတဲ့အတိုင်း လျှောက်လုပ်တော့တာပဲ။ မြေကြီးက ဘယ်က ရမှာလဲ"

ဟု ရေရွတ်သည်။

ထိုအခါ ဖေဖေက ပြန်ပြောသည်။

"အမေကြီးကလည်း မြေကြီးဖို့က လွယ်ပါတယ်။ သမီးအဘွား ခြံထဲက သွားယူပြီး ပီနန်အိတ်နဲ့ ထည့်လာမှာပေါ့"

"လုပ်ကြပေါ့ ဒီသားအဖတွေ၊ မြောက်ဒဂုံက မြေကြီးကို သယ်မယ်ဆိုတော့ တက္ကစီခက ကုန်ဦးမယ်"

ဟု မေမေက ညည်းညူလိုက်သည်။

"သမီး စိတ်ချမ်းသာဖို့က အဓိကပါ အမေကြီးရယ်"

ဟု ဖေဖေက ပြောသည်။

ထို့နောက် ဖေဖေသည် စန္ဒာ၏ ဘွားဘွားရှိရာ မြောက်ဒဂုံသို့ ဝိုင်ဘီအက်စ်စီး၍ သွားသည်။ ဖေဖေ၏ မေမေ၊ စန္ဒာ၏ ဘွားဘွားက မြောက်ဒဂုံ တွင် ပေလေးဆယ်၊ ပေခြောက်ဆယ်ခြံနှင့် နေသည်။ ဖေဖေသည် ဘွားဘွား ခြံထဲက မြေကြီးများကို တူးဆွပြီး ပီနန်အိတ်နှင့်ထည့်ကာ တက္ကစီစီး၍ ပြန်ခဲ့သည်။

ဖေဖေသည် မြေကြီးများ ထည့်ထားသော ပီနန်အိတ်ကို သယ်၍ ငါးလွှာတိုက်ခန်းသို့ တက်လာခဲ့သည်။ အပေါ်ထပ်သို့ ရောက်တော့ ဖေဖေ မောနေသည်။ ပီနန်အိတ်ကို ဝရန်တာတွင် ထားလိုက်သည်။ ထို့နောက် ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။

"သမီးရေ၊ ဖေဖေ့ကို ရေခဲသေတ္တာထဲက ရေတစ်ဘူးလောက် ယူခဲ့စမ်းပါ"

"ဟုတ်ကဲ့ ဖေဖေ"

ဟု ပြောပြီး ရေခဲသေတ္တာထဲက ရေတစ်ဘူးကို ယူပေးလိုက်သည်။ ဖေဖေသည် ရေဘူးကို သည်အတိုင်းမော့ သောက်လိုက်သည်။ ရေကျန်နေသေးသော ပုလင်းကို စန္ဒာက ရေခဲသေတ္တာထဲသို့ ပြန်ထည့်ထားလိုက်သည်။

ဖေဖေသည် ခဏအနားယူပြီးနောက် ပီနန်အိတ်ထဲက မြေကြီးများကို ပန်းအိုးနှစ်အိုးထဲသို့ ခွဲ၍ ထည့်သည်။

"သမီးရေ၊ နောက်ဖေးမီးဖိုချောင်ထဲက ငရုတ်သီးတစ်တောင့်လောက်နဲ့ ခရမ်းချဉ်သီးတစ်လုံးလောက်ကို သွားယူခဲ့"

"ဟုတ်ကဲ့ဖေဖေ"

ဖေဖေက စန္ဒာယူခဲ့သော ငရုပ်သီးအထဲမှ အစေ့လေးတွေကို ထုတ်လိုက်သည်။ ခရမ်းချဉ်သီးထဲမှလည်း အစေ့လေးများကို ထုတ်လိုက်သည်။

"ကဲ… သမီး မေမေ့ကို ငရုတ်သီးရော၊ ခရမ်းချဉ်သီးရော ပြန်သွားပေးလိုက်၊ ဟင်းချက်လို့ ရသေးတယ်"

ဟု ဖေဖေက ပြောသည်။

စန္ဒာ ဝရန်တာသို့ ပြန်ရောက်လာသောအခါ ဖေဖေသည် ငရုတ်စေ့ကလေးများကို ပန်းအိုးတစ်လုံးထဲမှာ ထည့်သည်။ နောက် ပန်းအိုးထဲမှာ ခရမ်းချဉ်သီးစေ့ကလေးများကိုထည့်သည်။ ဖေဖေက စန္ဒာ့ကို ရေတစ်ဖလား ခပ်ခိုင်းသည်။ မေမေက လှမ်းသတိပေးသည်။

"ကြည့်လုပ်ကြဦးနော်၊ ပန်းအိုးထဲ ရေလောင်းတာလည်း ကြည့်လောင်း။ ရေတွေ အောက်ကိုကျလို့ အောက်ကအခန်းတွေနဲ့ ပြဿနာ တက်မယ်"

"အေးပါကွ။ အောက်ကို ရေမကျအောင် လောင်းပါ့မယ်"

ဟု ဖေဖေက ပြန်ပြောသည်။

ဖေဖေသည် ညနေ ရုံးမှပြန်လာတိုင်း ထိုပန်းအိုးကလေးနှစ်အိုးကို ရေဖျန်းပေးသည်။

စန္ဒာ သတိမထားမိလိုက်သော အချိန်တွင် ပန်းအိုးနှစ်အိုး စလုံးထဲ၌ အပင်လေးတွေ ပေါက်လာပြီ။

"သမီး အပင်လေးတွေ တွေ့လား"

ဟု ဖေဖေက မေးသည်။

"တွေ့တယ် ဖေဖေ"

အပင်ကလေးများသည် တဖြည်းဖြည်းကြီးလာသည်။ ဖေဖေက -

"ဒါတွေကို ဒီအတိုင်းထားလို့ မရဘူး သမီးရဲ့၊ ပန်းအိုးလေးက ကျဉ်းကျဉ်းလေး၊ အပင်တွေက များရင် ကျပ်ညှပ်ပြီး ဖြစ်ထွန်းမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လို ပြန်လုပ်ရမလဲ ဖေဖေ"

ဟု စန္ဒာက မေးလိုက်သည်။

"အဲဒီအပင်ကလေးတွေအထဲက အသန်ဆုံးအပင် လေးငါးပင်ကိုပဲ စိုက်မယ်။ ကျန်တဲ့အပင်တွေတော့ နုတ်ပြီး လွှင့်ပစ်ရမှာပဲ"

"ဖေဖေရယ်၊ နှမြောစရာ"

"မတတ်နိုင်ဘူးလေ သမီးရဲ့။ ဖေဖေတို့မှာ နေရာမှ မရှိတာ"

ဖေဖေသည် အသန်စွမ်းဆုံး ငရုတ်ပင်ငါးပင်နှင့် ခရမ်းချဉ်ပင် ငါးပင်ကို ရွေးကာ ပန်းအိုးတစ်အိုးစီထဲတွင် ပြန်လည်စိုက်ပျိုးလိုက်သည်။ ကျန်သော အပင်ကလေးများကို နုတ်လိုက်ပြီး စန္ဒာ့အား အမှိုက်ပုံးထဲသို့ လွှင့်ပစ်ခိုင်းသည်။

"ကဲ··· သမီး၊ ဖေဖေ့တာဝန်ပြီးပြီ။ သမီးတာဝန်က အပင်လေး တွေကို ရေမှန်မှန်လောင်းဖို့ပဲ"

"ဟုတ်ကဲ့ ဖေဖေ"

"အများကြီး မလောင်းနဲ့နော်။ ရေတွေ အောက်ဘက်ကို မကျစေနဲ့"

ဟု ဖေဖေက သတိပေးသည်။ ထို့နောက် ဖေဖေသည် ပန်းအိုး နှစ်လုံးစလုံးကို နေရောင်ခြည် ရနိုင်သည့်နေရာမှာ ထားလိုက်သည်။

နှစ်လခွဲခန့်ကြာသောအခါ ခရမ်းချဉ်ပင်ကလေးများသည် အဝါပွင့် ကလေးများ ပွင့်လာကြသည်။ နောက်တော့ ငရုတ်ပင်ကလေးများသည် အပွင့်များ ပွင့်လာသည်။ ငရုတ်ပွင့်ကလေးတွေက အဖြူကလေးတွေ ဖြစ်သည်။ ထိုအပွင့်ကလေးများသည် တဖြည်းဖြည်း အသီးကလေးတွေ ဖြစ်လာသည်။

"ဖေဖေ ကြည့်စမ်းပါဦး၊ အသီးကလေးတွေ သီးလာပြီနော်"

ဟု စန္ဒာက ပြောလိုက်သည်။

"ဟုတ်တယ်သမီးရဲ့၊ ငရုတ်သီးရော၊ ခရမ်းချဉ်သီးရော နှစ်မျိုး စလုံးက အစိမ်းခူးလို့ မရဘူး။ မှည့်မှ ခူးရတာ"

"ဒါဆိုရင် အသီးတွေ မှည့်ပြီးရင် အပင်တွေကကော ဖေဖေ"

"အပင်တွေ သေမှာပေါ့ သမီးရဲ့၊ ဒါပေမဲ့ ဖေဖေတို့ နောက် အသစ် ပြန်စိုက်ကြတာပေါ့"

ဟု ဖေဖေက ပြောသည်။

စန္ဒာကတော့ ငရုတ်သီးကလေးတွေ၊ ခရမ်းချဉ်သီးကလေးတွေ အပင်များထက်မှာ သီးနေတာကို ကြည့်ပြီး ပီတိတွေ ဖြစ်နေသည်။ စန္ဒာတို့ တိုက်ခန်းသို့ အလည်လာသော သူများကလည်း ငရုတ်ပင်၊ ခရမ်းချဉ်ပင် ကလေးများကို ကြည့်သွားကြသည်။ သီးနှံပင်များ စိုက်ချင်နေသော စန္ဒာ ကတော့ ဖေဖေ့၏ အကူအညီဖြင့် တစ်နိုင်တစ်ပိုင် ဝရန်တာစိုက်ခင်းကလေး စိုက်ပျိုးနိုင်သဖြင့် ပျော်ရွှင်နေမိတော့သည်။

"သား... မေမေရဲ့လက်ကို ကိုင်ထားနော်၊ ရေစီးက သန်တယ်"

ဟု မေမေက သတိပေးသည်။ မေမေနှင့် ဝေယံသည် မော်တော်ထဲသို့ ရောက်သောအခါ စက်ခန်း ဘေးတွင် ရှိသော တန်းလျားပေါ်တွင် ထိုင်လိုက်ကြသည်။

## ခရီးသွားခြင်း အတွေ့အကြုံ



# ခရီးသွားခြင်း အတွေ့အကြုံ

(၁)

ဝေယံသည် ပဥ္စမတန်းကျောင်းသားလေး တစ်ယောက် ဖြစ်သည်။ ဝေယံသည် သီတင်းကျွတ် ကျောင်းပိတ်ရက်အတွင်း ဖေဖေ တာဝန်ကျသည့် မေတ္တာရွာကလေးသို့ အလည်လိုက်ခဲ့သည်။ ဖေဖေသည် မေတ္တာရွာကလေးတွင် အလယ်တန်းကျောင်းအုပ်ဆရာကြီး ဖြစ်သည်။ သို့သော် ဝေယံသည် ဖေဖေ့ ရွာကျောင်းမှာ လိုက်မတက်ပေ။ မြို့ပေါ်ရှိ အိမ်နားက ကျောင်းမှာပဲ တက်သည်။

ဖေဖေ တာဝန်ကျသော မေတ္တာရွာကလေးသည် မြို့ကလေးတစ်မြို့မှ မော်တော်နှစ်နာရီခွဲကျော်ကျော်၊ သုံးနာရီခန့် စီးရသည်။ ဝေယံအဖို့ မော်တော် စီးရသော အတွေ့အကြုံက ပထမဦးဆုံးအကြိမ် ဖြစ်သည်။ မော်တော်ထဲသို့ ဆင်းရာတွင် ကုန်းပေါင်ပေါ် မလျှောက်တတ်ဖြစ်နေသဖြင့် ဖေဖေ၏လက်ကို ကိုင်၍ ဆင်းရသည်။

"သား… ဖေဖေရဲ့လက်ကို ကိုင်ထားနော်၊ ရေစီးက သန်တယ်"

ဟု ဖေဖေက သတိပေးသည်။

ဖေဖေနှင့် ဝေယံသည် မော်တော်ထဲသို့ ရောက်သောအခါ စက်ခန်းဘေးတွင် ရှိသော တန်းလျားပေါ်တွင် ထိုင်လိုက်ကြသည်။ မော်တော်ထဲတွင် တွေ့သမျှလူတိုင်းက ဖေဖေ့ကို နှုတ်ဆက်ကြသည်။

"ဆရာကြီး နေကောင်းလား"

"ကောင်းပါတယ်ဗျာ"

ထိုစဉ် အင်္ကျီခပ်နွမ်းနွမ်း ဝတ်ထားသော လူတစ်ယောက်က ဖေဖေ့၏အနားသို့ ရောက်လာသည်။ ဝါးခမောက်ကြီး တစ်လုံးကိုလည်း ဆောင်းထားသေးသည်။ သူက ဖေဖေ့ထက်တော့ အငယ်ငယ်ပုံရသည်။

"ဆရာကြီး၊ ဒါ ဆရာကြီးရဲ့ သားလား"

ဟု ဝေယံ့ကို မေးငေါ့ရင်း မေးသည်။

"ဟာ... ဆရာဦးကျော်ငွေးပါလား၊ ဒါ ကျွန်တော့်သားပါ"

ဖေဖေက ဝေယံ့ကို ထိုသူနှင့် မိတ်ဆက်ပေးသည်။

"သား... ဒီကဆရာက ဆရာဦးကျော်ငွေး တဲ့။ ဖေဖေတို့ ကျောင်းက ဆရာ၊ လေးတန်း သင်တာ"

"ဟုတ်ကဲ့"

ဟု ပြောပြီး ဝေယံ ခေါင်းညိတ်ပြလိုက်သည်။

ဝေယံ၏ စိတ်ထဲတွင် တစ်မျိုးခံစားရသည်။ ဦးကျော်ငွေး ဆိုသော ကျောင်းဆရာသည် ဝေယံ မြင်ဖူးသော မြို့ကျောင်းက ဆရာတွေလို သားသား နားနား မရှိ။ ထို့ကြောင့် လူချမ်းသာတစ်ယောက်တော့ မဟုတ်နိုင်ဟု ဝေယံ ထင်လိုက်သည်။ ထိုစဉ် -

"ဆရာက ဘာလာလုပ်တာလဲဗျ"

ဟု ဖေဖေက မေးလိုက်သည်။

"ကျွန်တော် ဈေးလာတင်တာ။ ပစ္စည်းတွေက မော်တော်ဝမ်းထဲမှာ ထည့်ပြီးပြီ။ အိမ်မှာက အမေက အိမ်ဆိုင်လေး ဖွင့်ထားလို့ လိုအပ်တာတွေကို လာဝယ်ရတာ"

ဟု ဦးကျော်ငွေးက ဖေဖေ့ကို ရှင်းပြသည်။

မော်တော်ထဲသို့ ခရီးသည်တွေလည်း တဖြည်းဖြည်း ဆင်းလာကြပြီ။ မော်တော်မထွက်ခင် စောင့်ရတာ ဝေယံ ပျင်းလာသည်။ ထို့ကြောင့် ဖေဖေ့ကို မေးလိုက်သည်။

"ဖေဖေ၊ မော်တော် မထွက်သေးဘူးလား"

"ထွက်လို့မရသေးဘူး သားရဲ့၊ ရေမတက်သေးဘူး"

ဟု ဖေဖေက ပြောသည်။

ဆရာဦးကျော်ဌေးကလည်း ဝင်ရှင်းပြသည်။

"ရေဆန်မှာထွက်ရင် ဆီပိုကုန်တယ် သားလေးရဲ့၊ ရေစုန်မှာထွက်မှ အဆင်ပြေတာ"

"ဟုတ်ကဲ့"

ဟု ဝေယံ ပြန်ပြောလိုက်သည်။

ကမ်းနားတွင် ဝေယံတို့ မော်တော်တစ်စီးသာမကပဲ တခြားရွာသို့ သွားသော မော်တော်လေးတွေလည်း ရှိသည်။ ဝေယံ ရေတွက်ကြည့်လိုက်တော့ စုစုပေါင်း လေးစီး ရှိသည်။ ထိုမော်တော်လေးများပေါ်သို့လာပြီး ဈေးရောင်းသော ဈေးသည်တွေ ရှိသည်။ ပြောင်းဖူးပြုတ်သည်၊ မုန့်ဖက်ထုပ်သည်၊ အသုပ်စုံသည်လေးများကိုလည်း တွေ့ရသည်။ ဖေဖေက ဝေယံ့ကို မေးသည်။

"သား ဘာစားချင်သလဲ"

ဝေယံ ခေါင်းခါယမ်းပြလိုက်သည်။

"မစားချင်ပါဘူး ဖေဖေ"

ထိုစဉ် ပြောင်းဖူးပြုတ်ရောင်းသော မိန်းကလေးတစ်ယောက်သည် မော်တော်တစ်စီးနှင့်တစ်စီး အကူးတွင် ခြေချော်ပြီး ရေထဲသို့ ပြုတ်ကျသွားသည်။

"ဟာ… ပြောင်းဖူးရောင်းတဲ့ ကောင်မလေး ရေထဲ ပြုတ်ကျတယ်ဟေ့"

ဟု လူတစ်ယောက်က အော်ပြောလိုက်သည်။

မော်တော်တွေအပေါ်ရှိ လူတွေအကုန်လုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ပြောင်းဖူးသည်မလေးက ရေမနစ်သေးဘဲ ရေထဲမှာ ရုန်းကန်ကူးခပ်နေသည်။ သို့သော် ရေစီးက သယ်ဆောင်သွားသဖြင့် မော်တော်နှင့် ခပ်လှမ်းလှမ်းသို့ ရောက်နေပြီ။

ထိုစဉ် ဆရာဦးကျော်ဌေးသည် ဝါးခမောက်ကို ချွတ်လိုက်သည်။ သူသည် ခါးတောင်းကို ချက်ချင်းကျိုက်လိုက်ကာ ရေထဲသို့ ခုန်ဆင်းလိုက်သည်။ ထို့နောက် ပြောင်းဖူးသည်မလေး ရှိရာသို့ ကူးခတ်သွားပြီး သူ့ကို မော်တော်ရှိရာသို့ ကယ်တင်လာသည်။

မော်တော်ထိပ်ပိုင်းတွင် ထိုင်နေသော လူကြီးတစ်ယောက်က ပြောသံကို ဝေယံ ကြားရသည်။

"ပြောင်းဖူးသည်မတွေ ရေထဲကျတာတောင် နည်းသေးတယ်။ ဒီလောက် မျက်စိနောက်လောက်အောင် ဈေးရောင်းနေတာ"

ဦးကျော်ငွေးနှင့် ပြောင်းဖူးသည်မလေးတို့ မော်တော်ပေါ်သို့ ရောက်တော့ နှစ်ယောက်စလုံး တော်တော်မောပန်းနေကြပြီ။ နှစ်ယောက်စလုံး တော်တော်နှင့် စကားမပြောနိုင်ကြပေ။

ဝေယံ ကြည့်လိုက်တော့ ပြောင်းဖူးသည်မလေး၏ လင်ဗန်းကတော့ ရေထဲမှာ နစ်သွားပြီး ပြောင်းဖူးပြုတ်ကလေးတွေက ရေထဲတွင် ပေါ်နေသည်။ ပြောင်းဖူးသည်မလေးသည် သတိဝင်လာသောအခါ ချက်ချင်းငိုလိုက်သည်။

"ဟဲ့… ကောင်မလေး မငိုနဲ့တော့လေ၊ ညည်း မသေတော့ဘူး"

ဟု ဆေးပေါ့လိပ်ဖွာနေသော အဒေါ်ကြီးတစ်ယောက်က လှမ်းပြောသည်။ ထိုအခါ ပြောင်းဖူးသည်မလေးက -

"မဟုတ်ဘူး အဒေါ်ကြီးရဲ့၊ ပြောင်းဖူးတွေ မရှိတော့ဘူးလေ။ အိမ်ရောက်ရင် အမေက ရိုက်မှာ"

ဟု ပြောပြီး တရှုပ်ရှုပ်ငိုနေသည်။

ပြောင်းဖူးသည်မလေးကို သနားသဖြင့် အနီးနားရှိ လူတွေက တတ်နိုင်သလောက် ဝိုင်းဝန်းပေးကမ်းကြသည်။ ဖေဖေကလည်း ငါးရာတန် တစ်ရွက် ပေးသည်။

"ကျေးဇူးတင်ပါတယ် ဦးဦးတို့၊ ဒေါ်ဒေါ်တို့ရယ်"

ဟု ပြောပြီး ပြောင်းဖူးသည်မလေးသည် ကမ်းပေါ်သို့ တက်သွားသည်။

ဆရာဦးကျော်ငွေးကို ကြည့်လိုက်တော့ သူ့တစ်ကိုယ်လုံးမှာ ချောင်းရေတွေဖြင့် စိုရွှဲနေသည်။ ဖေဖေက -

"ဆရာ အဝတ်အစားတွေ လဲလိုက်ပါလား၊ ကျွန်တော့်မှာ အပို ပါတယ်"

ဟု ပြောသည်။

ဦးကျော်ငွေးက လက်ကာပြသည်။

"ရတယ် ဆရာကြီး၊ ကျွန်တော်တို့က တောသားပဲ၊ လယ်တောင်ထွန်လာတာ။ ကိုယ်ငွေ့နဲ့ ခြောက်သွားမှာ"

(၂)

ထိုကိစ္စနှင့် ပတ်သက်ပြီး ဖေဖေက ဝေယံ့ကို ပြောသည်။

"သား ယူတတ်မယ်ဆို သင်ခန်းစာတွေ အများကြီးနော်"

"ဘာတွေလဲ ဖေဖေ"

ဟု ဝေယံ ပြန်မေးလိုက်သည်။

"ဖေဖေက ကျောင်းအုပ်ဆရာကြီး၊ ဦးကျော်ဌေးက ဖေဖေ့လက်အောက်က ဆရာလေ။ ဒါပေမဲ့ အခုလို ပြောင်းဖူးသည်မလေး ရေနစ်တော့ ကျောင်းအုပ်ကြီးဖေဖေက ရေမကူးတတ်တော့ ဘာမှ မတတ်နိုင်ဘူးလေ။ ယောက်ျားဆိုတာ ဘက်စုံတော်ဖို့လည်း လိုသေးတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေက ဆက်ပြောသည်။

"ဒါတွင် မကသေးဘူး သားရဲ့၊ ပြောင်းဖူးသည်မလေးကို ဝိုင်းပြီးတော့ တတ်နိုင်သလောက် ပိုက်ဆံတွေ ပေးကြတယ်လေ"

"ဟုတ်တယ်နော် ဖေဖေ"

"အေး၊ အဲဒါ ဖေဖေတို့လူမျိုးရဲ့ ချစ်စရာကောင်းတဲ့ စရိုက်ပဲသား၊ သား တကယ်လို့များ ခရီးသွားခြင်း အတွေ့အကြုံဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံးတစ်ပုဒ် ရေးကြည့်ရင် ရနိုင်မလား"

ဟု ဖေဖေက မေးသည်။

ဝေယံ ခေါင်းညိတ်ပြလိုက်သည်။

"ဖြစ်အောင်သာရေး သား၊ စာစီစာကုံးရေးတာ ကောင်းရင် ဖေဖေ အင်္ကျီအသစ်တစ်ထည် ဝယ်ပေးမယ်"

ဟု ဖေဖေက ပြောသည်။

"ဟုတ်ကဲ့၊ သား ကြိုးစားရေးပါ့မယ် ဖေဖေ"

ဟု ဝေယံ ကတိပေးလိုက်သည်။

✣



ဟဲ့… မြေးလေး၊ ခဏနေဦး" ဟု ပြောသော ဘွားဘွား၏ အသံကို
သူ ကြားလိုက်ရသည်။
ဆောင်းညချမ်းမှာ...

## ဆောင်းညချမ်းမှာ ...

ကျော်ရဲလင်းသည် ပထမတန်းတက်နေသော ကျောင်းသားလေး တစ်ယောက် ဖြစ်သည်။ သူသည် ရုပ်ရည်ကြည့်ကောင်းသော ကလေး တစ်ယောက် ဖြစ်ပြီး နှုတ်ကလည်း ချိုသဖြင့် လူချစ်လူခင် များသည်။ သူတို့ကျောင်းချိန်က မနက်ကိုးနာရီမှ ညနေသုံးနာရီအထိ ဖြစ်သည်။ သူသည် အစိုးရကျောင်းတွင် မတက်ဘဲ ကိုယ်ပိုင်ကျောင်းတစ်ကျောင်းတွင် တက်သည်။ ကျောင်းပို့ ကျောင်းကြိုကို အိမ်က လုပ်မပေးနိုင်သဖြင့် ဖယ်ရီ စီးရသည်။

ကျော်ရဲလင်းတို့ အိမ်သည် မြောက်ဒဂုံတွင် ရှိသည်။ သူတို့အိမ်က တစ်ထပ်တိုက်ကလေး ဖြစ်ပြီး ပေလေးဆယ်၊ ခြောက်ဆယ်ခြံဝင်းထဲမှာ ဆောက် လုပ်ထားသည်။ ခြံရှေ့တွင်လည်း ဘိုးဘိုးဦးစိန်ထွန်းက အပင်မျိုးစုံကို စိုက်ပျိုးထားသည်။ ထို့ကြောင့် အိမ်ရှေ့လမ်းမပေါ်ကနေ အိမ်ထဲသို့ ကြည့်လျှင် သဲသဲကွဲကွဲ မမြင်ရပေ။

ကျော်ရဲလင်း၏ ဖေဖေသည် နိုင်ငံခြားသင်္ဘော လိုက်နေသည်။ မေမေက လျှပ်စစ်ဌာနက အကြီးတန်းအင်ဂျင်နီယာ တစ်ယောက် ဖြစ်သည်။ မေမေ ရုံးမှအိမ်သို့ ပြန်ရောက်ချိန်သည် ပုံမှန်ခြောက်နာရီခွဲခန့် ဖြစ်သည်။ ကျော်ရဲလင်းသည် များသောအားဖြင့် ဘိုးဘိုး၊ ဘွားဘွား၏ လက်ပေါ်မှာပဲ နေရတာက များသည်။

ဆောင်းရာသီ၏ ညနေစောင်းတစ်ခုတွင် ဖြစ်သည်။ နေစောစော ဝင်သွားသဖြင့် ကျော်ရဲလင်းတို့ ရပ်ကွက်ကလေးသည် မှောင်နေသည်။

လမ်းမီးတိုင်၏ မီးအလင်းရောင် ရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် သဲသဲကွဲကွဲမြင်ရဖို့ မလွယ်ပေ။ ထိုအချိန်တွင် ဘွားဘွားက ကျော်ရဲလင်းကို ညစာကျွေးဖို့ ပြင်ဆင်နေသည်။ ဟင်းကတော့ ကျော်ရဲလင်း ကြိုက်သော ဝက်အူချောင်းကြော်လည်း ပါသည်။

ထိုအခိုက် ဘိုးဘိုးက မီးဖိုချောင်ထဲသို့ ဝင်လာပြီး ပြောသည်။

"သားလေးရေ၊ ဒီနေ့ မင်းအမေ အလုပ်က နောက်ကျမယ်တဲ့။ အချိန်ပို ဆင်းရမယ်။ ညရှစ်နာရီကျော်မှ ရောက်မယ်တဲ့"

"သူ စောစောလာလည်း ကျွန်မမြေးလေးကို ကျွန်မပဲ ထမင်း ကျွေးနေကျပါ"

ဟု ဘွားဘွားက ဘိုးဘိုးကို ပြန်ပြောသည်။

ကျော်ရဲလင်းသည် ညနေစာစားပြီးသောအခါ မေမေပြန်အလာကို စောင့်နေသည်။ ဘိုးဘိုးက သူ့အခန်းထဲတွင် တရားစာအုပ် တစ်အုပ်ကို ဖတ်နေသည်။ ဘွားဘွားက မီးဖိုချောင်ထဲတွင် မေမေပြန်လာလျှင် ချဉ်ရည် ဟင်းတွေ အေးနေမည်ကို စိုးရိမ်သဖြင့် ပြန်နွှေးနေသည်။ ထိုစဉ် -

"သားလေးရေ၊ သားအမေကြီး လာပြီလေ၊ သားအမေကြီးကို လာကြိုပါဦး"

ကျော်ရဲလင်းသည် အသံကြားသဖြင့် လမ်းမသို့ ကြည့်လိုက်သည်။ ခြံပေါက်ဝတွင် မိန်းမကြီးတစ်ယောက်ကို သူ တွေ့လိုက်ရသည်။ ထို့ကြောင့် ဘယ်သူမှန်းသိရအောင် သူသည် ခြံပေါက်ဝဆီသို့ ပြေးသွားလိုက်သည်။

"သားလေးရေ၊ အမေကြီးဆီကို လာလေ"

ဟု ထိုမိန်းမကြီးက ထပ်ပြောသည်။

"ဟဲ့… မြေးလေး၊ ခဏနေဦး"

ဟု ပြောသော ဘွားဘွား၏ အသံကို သူ ကြားလိုက်ရသည်။

ဘွားဘွား၏အသံကို ကြားရသဖြင့် ကျော်ရဲလင်း၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

ဘွားဘွားသည် တောင်ဝှေးတစ်ချောင်းနှင့် ကျော်ရဲလင်း၏ အနားသို့ ရောက်လာသည်။ ထို့နောက် ဘွားဘွားက ခြံဝသို့ သွားသည်။ ကျော်ရဲလင်းက ဘွားဘွားနောက်က လိုက်ပါလာသည်။

ကျော်ရဲလင်းတို့ အိမ်ရှေ့ခြံတံခါးသည် သော့ခတ်မထားပေ။ ဂျလက် ထိုးထားရုံ အဆင့်ပဲ ရှိသည်။ ထိုမိန်းမကြီးက ခြံပေါက်ဝမှာ ရပ်နေဆဲ ဖြစ်သည်။ ဘွားဘွားက သူ့ကို မေးလိုက်သည်။

"ရှင် ဘယ်သူ့ကို လာရှာတာလဲ"

"ကျွန်မမြေးလေးကို လာရှာတာ၊ ကျွန်မမြေးလေးက ဒီအိမ်မှာ နေတာ"

ဟု ထိုမိန်းမကြီးက ပြန်ပြောသည်။

"ရှင့်မြေး နာမည်က ဘယ်သူလဲ"

ဟု ဘွားဘွားက မေးလိုက်သည်။

ထိုစဉ် ဘွားဘွားသည် မလှမ်းမကမ်းတွင် ရပ်ထားသော ဆိုင်ကယ် တစ်စီးကိုပါ တွေ့လိုက်ရသည်။ ဆိုင်ကယ်ပေါ်တွင် လူတစ်ယောက်ကိုလည်း တွေ့လိုက်ရ၏။ ကျော်ရဲလင်းက ဘွားဘွား၏ နောက်မှာနေရင်း ထိုမိန်းမကြီးကို ကြည့်နေသည်။

"ကျွန်မမြေးက ဘိုဘိုပါ"

ဟု ထိုမိန်းမကြီးက ပြန်ဖြေသည်။

"ကျွန်မမြေး နာမည်က ကျော်ရဲလင်း၊ ရှင် အိမ်မှားနေပြီ၊ တခြားကို သွားရှာ"

ဘွားဘွားက လက်ထဲရှိ တောင်ဝှေးကို ကျစ်ကျစ်ပါအောင် ဆုပ် ထားရင်း ပြောလိုက်သည်။

"ဒါဖြင့်လည်း ကျွန်မ အိမ်မှားလို့ပါ"

ဟု မိန်းမကြီးက ပြန်ပြောသည်။

ထို့နောက် သူသည် လမ်းအတိုင်း ဆက်လျှောက်သွားသည်။ ဘွားဘွားသည် မသင်္ကာသဖြင့် အိမ်ထဲသို့ မဝင်သေးဘဲ လမ်းမပေါ်သို့ ထွက်ကြည့်လိုက်သည်။ စောစောက ရပ်ထားသော ဆိုင်ကယ်သည်လည်း မိန်းမကြီး လမ်းလျှောက်ရာနောက်သို့ ခပ်ဖြည်းဖြည်း စီးနင်းသွားသည်ကို တွေ့လိုက်ရ၏။ ကြည့်ရင်းကြည့်ရင်း မိန်းမကြီးရော၊ ဆိုင်ကယ်သမားပါ ဘွားဘွား၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ဘွားဘွားက ကျော်ရဲလင်းကို ပွေ့ဖက်လိုက်သည်။

"တော်သေးတာပေါ့ မြေးလေးရယ်၊ ဘွားဘွား အသိမြန်ပေလို့"

"သားက ဘယ်သူလဲဆိုပြီး သွားကြည့်မလို့ ဘွားဘွား"

ဟု ကျော်ရဲလင်းက ပြန်ပြောသည်။

ထို့နောက် မေမေ ရုံးမှပြန်လာသောအခါ ဘွားဘွားက ထိုအကြောင်းကို ပြန်ပြောပြသည်။ မေမေသည် ရင်တွေတုန်ပြီး ထမင်းတောင် ကောင်းကောင်းမစားနိုင်တော့။ အဖြစ်အပျက်ကို အစအဆုံး နားထောင်နေသော ဘိုးဘိုးက -

"ကလေးသူခိုး ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ရိုးရိုးသားသား အိမ်မှားတာလည်း ဖြစ်နိုင်တာပဲ"

ဟု ပြောသည်။ ဘွားဘွားက -

"သူများကို စွပ်စွဲတာတော့ မဟုတ်ဘူး။ နောက်က ဆိုင်ကယ်သမားက ကပ်ပါနေတာကတော့ မသင်္ကာစရာပဲ။ နောက်ပြီး ကျုပ် သတိထားမိတဲ့အချက် ရှိသေးတယ်။ အဘွားကြီး မျက်စိမှုန်နေပေမဲ့ ဒီလောက်တော့ မြင်သေးတယ်။ အဲဒီမိန်းမ သိပ်အသက်ကြီးသေးတာ မဟုတ်ဘူး။ အလွန်ဆုံးရှိလှ အသက်လေးဆယ်ပဲ။ ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ် မရှိဘူး"

ဟု ပြန်ပြောသည်။

ဘွားဘွားက ဆက်ပြောသည်။

"ကျော်ရဲလင်းသာ ခြံပြင်ထွက်တာနဲ့ ဆိုင်ကယ်ပေါ် တင်ပြေးပြီဆိုပါတော့။ ဒီရပ်ကွက်မှာ ထွက်ပေါက်တွေက အများကြီး။ ဘယ်လိုမှ လိုက်ရှာလို့ ရမှာ မဟုတ်တော့ဘူး"

"ဟုတ်တယ် မေမေ၊ သူတို့ဟာ ကလေးသူခိုး ဟုတ်ဟုတ် မဟုတ်ဟုတ်။ ကိုယ့်ဘက်ကတော့ သတိဝီရိယ ထားရမယ်။ သူတို့ကို စွပ်စွဲတာတော့ မဟုတ်ဘူး။ ဖြစ်သွားပြီဟော့ဆို ဘာမှ မတတ်နိုင်တော့ဘူး"

ဟု မေမေက ထောက်ခံသည်။

"သူတို့ ဒီအိမ်မှာ သားရှိမှန်း သိလို့နဲ့ တူတယ်"

ဟု ကျော်ရဲလင်းက ပြောသည်။

"အေးပေါ့သားရယ်။ သူတို့သာ ကလေးသူခိုးမှန်ရင် ဘယ်အိမ်မှာ ကလေးရှိတယ် ဆိုတာ ကြိုလေ့လာထားပုံရတယ် သားရဲ့"

ဟု မေမေက ပြောသည်။

ဘွားဘွားက သူ၏ တောင်ဝှေးကို ယူလိုက်သည်။

"ကျုပ်ရှိနေတုန်း ကျုပ်မြေးသာ ထိကြည့်လို့ကတော့ ကျုပ်ရဲ့ တောင်ဝှေးသိုင်းနဲ့ တွေ့သွားမယ်"

ဟု ပြောသည်။ ဘိုးဘိုးက ဘွားဘွားကို ကြည့်ပြီး အနားက ထွက်သွားတော့သည်။ မေမေက ဘွားဘွားကို ကြည့်ပြီး ပြုံးလိုက်သည်။

"သား၊ နောက် လမ်းမက အသံတွေ ကြားရင် လူကြီးကို အသိမပေးဘဲ မသွားနဲ့နော်။ မင်းကို မေမေက တစ်ယောက်တည်း မွေးထားတာ။ မင်းသာ ပျောက်ရင် မေမေ ရင်ကျိုးရမှာ"

ဟု မေမေက ပြောသည်။

"ဟုတ်ကဲ့ပါ မေမေ၊ သား နောက်ဆို အိမ်ရှေ့က အသံကြားတိုင်း အရင်မထွက်တော့ပါဘူး"

ဟု ကျော်ရဲလင်းက ပြန်ပြောလိုက်သည်။

ထို့နောက် မေမေသည် စောစောက အဖြစ်အပျက်မျိုးကို ကြိုတင်သတိပြုမိကြစေရန် သူ၏ဖုန်းဘွတ်ခ် စာမျက်နှာတွင် ရေးတင်လိုက်သည်။

"ညည်းကလည်း လူသိအောင် လုပ်နေပြန်ပါပြီ"

ဟု ဘွားဘွားက ပြောသည်။

"သမီးက ကြီးကျယ်အောင် လုပ်တာ မဟုတ်ပါဘူး မေမေရယ်။ သူတို့ကိုလည်း အတိအကျ မစွပ်စွဲပါဘူး။ ကလေးအမေတွေ သတိထားနိုင်အောင်လို့ပါ"

ဟု မေမေက ဘွားဘွားကို ပြန်ပြောလိုက်ပါသည်။ ။

**နိုင်မြင့်**

✣